
စိတ်ကူးချိုချိုအနုပညာ

# မန်းမော်တင်အောင်

# ဘုန်းမောင့်တစ်ယောက်ထဲရယ်



မန်းမော်တင်အောင်ရာပြည့်အမှတ်တရ

ဆဋ္ဌမအကြိမ်

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဘုန်းမောင့်တစ်ယောက်ထဲရယ်

## ဗန်းမော်တင်အောင်

ရာပြည့် ရန်ကုန်တက္ကသိုလ်အမှတ်တရနှင့်
ဆရာကြီးဗန်းမော်တင်အောင်၏ ရာပြည့်နှစ်
အထူးအစီအစဉ်ဖြင့် ထုတ်ဝေသည်။

ဆဋ္ဌမအကြိမ်၊ ၂၀၂၀

ဘုန်းမောင့်တစ်ယောက်ထဲရယ်၊ ဟန်းမော်တင်အောင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၈၆++ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဧပြီလ၊ ဆဋ္ဌမအကြိမ်၊ အုပ်ရေ ၅၀၀
၂၀၁၂၊ လင်းယုန်စာပေ(ကသာ)၏ ပဉ္စမအကြိမ်မှ၊
[ပထမအကြိမ်-၁၉၄၇၊ ဒုတိယအကြိမ်-၁၉၄၈(လင်းယုန်စာပေ)၊
စတုတ္ထအကြိမ်-၁၉၆၁(စာပန်းချီ)]

ရောင်းဈေး ၃ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

သို့...

ကျွန်ုပ်တို့၏ ဖခင်လည်း ဖခင်၊ ဆရာလည်း ဆရာ ဖြစ်ခဲ့သော ဆရာဦးနေ(သံတွဲ) အား အစဉ်ပဲ အမှတ်ရစေအံ့ သောငှာ ဤစာအုပ်ကို ရေးသည်။

**စာရေးသူ**

*

**ကျေးဇူးပြု၍**

ဤစာအုပ်ကို စတင်မဖတ်မီ စာရေးသူ၏ ဝန်ခံချက်ကို ပထမ ကြိုးစား၍ ဖတ်ဖို့ကိုတော့ အထူးပဲ တိုက်တွန်းချင်ပါ သည်။

**လင်းယုန်**

## ဂျာနယ်ကျော် ဦးချစ်မောင်ဇနီး၏ နိဒါန်း

ဤဝတ္ထု၏ စာမျက်နှာတွင် ကျွန်မ ဘာကြောင့် ဝင်ရောက်၍ ရေးရသည်ကို စာဖတ်ပရိသတ်အား ပထမ ရှင်းလင်းဖော်ပြရလိမ့်မည်။

ဤဝတ္ထု၏ နိဒါန်းကို စာရေးဆရာ ဗန်းမော်တင်အောင်မူလရည် ရွယ်ရင်းရှိသည်မှာ ကျွန်မ၏ ခင်ပွန်းသည် ဂျာနယ်ကျော် ဦးချစ်မောင်ရေးရန် မှန်းထား၍ ထားလေသည်။ ဤဝတ္ထုကြီး ပြီးဆုံးသွားသည့်အခါ၌ ဦးချစ်မောင် ကွယ်လွန်သွားပြီဖြစ်သည့်အတွက် ဦးချစ်မောင် ကိုယ်စား ဦးချစ်မောင်ဇနီးအဖြစ်ဖြင့် ကျွန်မအား နိဒါန်းရေးပေးရန် လာရောက်ပြောလာလေသည်။

ဦးချစ်မောင်ဇနီးအဖြစ်နှင့် နိဒါန်းရေးပေးရန် ဆိုသောအခါ၌ မြန်မာနိုင်ငံတွင် ကျော်ကြားထင်ရှားသွားသော စာရေးဆရာ၊ အယ်ဒီတာ၊ စာပေ ဗိသုကာဆရာကြီး၏

လက်ရာ နိဒါန်းမျိုးကဲ့သို့ မည်သည့်နည်းနှင့်မျှ တူညီစံမီအောင် လက်စွမ်းမထက်နိုင်သောကြောင့် ထိုပုဂ္ဂိုလ်ကြီး ဝင်ရောက်ရေးသားရန် လျာထားသော နိဒါန်းကွက်လပ် စာမျက်နှာလွတ်ပေါ်တွင် မင်စက် မင်ကြောင်းများနှင့်သာလျှင် ဖြည့်စွက်ရေးသားလိုက်ရသည်ဖြစ်၍ နိဒါန်းရေးသည်ဟု မှတ်ဖို့ရာမဟုတ်ဘဲ ကျွန်မအမြင်ကို ကျွန်မ ရေးသားဖော်ပြသွားသည်သာ ဖြစ်ပေသည်။

ဤဝတ္ထုကြီးကို အစ၊ အလယ်၊ အဆုံး သုံးပိုင်းပိုင်း၍ တစ်ပိုင်းစီ ဖတ်ကြည့်သည့်အခါ၌ ဝတ္ထုတစ်ပုဒ် ထိုင်ဖတ်နေရသလို မခံစားရဘဲ ဆေးရောင်စုံနုနုဖြင့် ခြယ်လှယ်ဆွဲထားသော ရေဆေးပန်းချီကားကြီး တစ်ကားကို ထိုင်ကြည့်နေရသကဲ့သို့ ဖြစ်နေလေသည်။

ဘယ်အမျိုးအစား ပန်းချီကားမျိုးမဆို တတ်သိနားလည် ကျွမ်းကျင်သည့်သူပင်ဖြစ်စေ၊ မတတ်သိ မကျွမ်းကျင်သည့်သူပင်ဖြစ်စေ မိမိတို့ ကြည့်ရသည့်ကားကို လိုသည်၊ ပိုသည်၊ လှသည်၊ ဆိုးသည်၊ နုသည်၊ ကြမ်းသည်၊ သဘာဝကျသည်၊ မကျသည်၊ အဓိပ္ပာယ်ရှိသည်၊ မရှိသည်များကို ဆိုပြောခွင့်ပေးရစမြဲ ဖြစ်ရကား "ဘုန်းမောင့်တစ်ယောက်ထဲရယ်" ခေါ်သော ဤကားကြီးကို အနုစိတ်၍ ကြည့်လိုက်ရသော ကျွန်မအတွက်မှာမူ အပို၊ အလို ဟူ၍မရှိဘဲ ပကတိသဘာဝ ကျ၍ ဆိုလိုချင်သည့် အဓိပ္ပာယ်တွေကို ရုပ်လုံးပေါ်အောင် သရုပ်ဖော်သွားသည့်နေရာတွင် ကားကြီးတစ်ကားလုံး နင့်နေအောင် ဖွဲ့နွဲ့လျက် မှုန်းထားနိုင်သောကြောင့် ဗန်းမော်တင်အောင်၏ လက်စွမ်းထက်လှသည့် အလှဆုံးကားကြီး တစ်ကားဟု

ဆိုရမည် ဖြစ်လေသည်။

တစ်ပိုဒ်ပြီးတစ်ပိုဒ် တစိမ့်စိမ့် စိုက်၍ကြည့်နေစဉ် ကျွန်မမြင်ရ၊ ထင်ရသလို ရေဆေးနှင့် အနုအလှမဆွဲဘဲ ဤဇာတ်လမ်းကြီးအတိုင်းကို ဝါကျအထားအသို၊ စကားဆက်၊ စကားစပ်၊ စကားလုံးအသုံးအနှုန်းတို့၌ ပြတ်ပြတ်သားသား ပေါ်ပေါ်ထင်ထင် ရင့်ရင့်ကျက်ကျက် တင်းတင်းမာမာ ခံ့ခံ့ညားညားကြီးဖြစ်လေအောင် ဆီဆေးနှင့်သာ အတုံးလိုက်အတစ်လိုက် ပုံမှန်းပြီး ဇန်းမော်တင်အောင် အခံ့ဆွဲလိုက်မည်ဖြစ်ပါက ဤကားကြီး တစ်ကားလုံးမှာ ယခုလိုမျက်စိထဲတွင်ပေါ်လွင်ရုံမကဘဲ ကျွန်မအသည်းထဲ ဖျောက်ဖျက်၍ မရအောင် စွဲနေလေမည်ဟု အာရုံပြောင်းသွားမိလေသည်။

ဤသို့ မိမိမြင်ရသည့်အဖြစ်မှ တစ်ဆင့်တက်၍ နိဒါန်းအဖြစ်သို့ ရောက်အောင် ရေးသားပေးဖို့ကိုမူ ကျွန်မခင်ပွန်းသည်အတွက် ရည်စူးထားသောနေရာတွင် ကွက်လပ်ဖြစ်မနေစေရန် သူဖြည့်မည့် စကားတွေ အစားတုံးတစ်ခု ဝင်၍ထားပေးသည်ထက် ပိုမို၍ မဝံ့စားသောကြောင့် ဦးချစ်မောင်သာရှိခဲ့လျှင် ဤနေရာ၌ မည်ကဲ့သို့ နိဒါန်းမျိုးရေးပြလိမ့်မည်ကို စာဖတ်ပရိသတ်ကြီးများ မိမိဘာသာ ခန့်မှန်းကြည့်ကြပြီးလျှင် ဝတ္ထုကောင်းတစ်ပုဒ်အတွက် နိဒါန်းကောင်းတစ်ခုကို တမ်းတမျှော်မှန်း တောင့်တကြဖို့ရန် သွားလေသူအတွက်နေရာစားချန်၍ ထားသည် ဖြစ်ပါသတည်း။

**ဦးချစ်မောင်ဇနီး**
**ဂျာနယ်ကျော်**

❑

## စာရေးသူ၏ ဝန်ခံချက်

History ဆိုသောစကားတစ်လုံးကို မြန်မာလို 'ရာဇဝင်' ဟူ၍ ပြန်လျှင်တော့ကာ သေသေချာချာ အဓိပ္ပာယ် ပြည့်စုံနိုင်လိမ့်မည်တော့ မထင်ချေ။ ရာဇဝင်ဆိုသော စကားသည် မြန်မာ့အဓိပ္ပာယ်နှင့်သော် 'မင်းတို့၏အဆက်အနွယ်' လောက်သာပဲ ညွှန်ပြထားလေသည်။

History is the Science of Human Affairs ဟူ၍ History ဆိုသော စကားကို ဖော်ပြရှင်းလင်းထားပြီးဖြစ်လေရာ ရာဇဝင်ဟူ၍ မြန်မာ့အဘိဓာန် မရှိသေးသည့်အတွက် ဤဝန်ခံချက်တွင် သုံးစွဲသွားရသောအခါ 'လူ့အကြောင်းကိစ္စများကို လေ့လာသိမြင်ခြင်း' ဟူ၍သာပဲ ယူဆထားစေချင်ပါသည်။

Natural Science ခေါ် သဘာဝကို လေ့လာသိမြင်ခြင်း

ကြောင့် လူတို့သည် Nature (သဘာဝ) နှင့် God (ဘုရား) တို့ကို အဓိပ္ပာယ် ပြန်နိုင်သလောက် ပြန်နိုင်ခဲ့ကြလေသည်။ သဘာဝ၏ အစုအဝေး ဖြစ်ကြသော ရေ၊ မြေ၊ လေ၊ မီး၊ အပူ၊ အအေးတို့ကို နှိမ်နင်းအောင်မြင်ကာ ခိုင်းစေနိုင်ကြသည်။ လူတို့သည် လေဟုန်တွင် ထင်သလိုပဲ သွားလာနိုင်ခဲ့ကြကာ သမုဒ္ဒရာကိုလည်း အုပ်စိုးနိုင်ခဲ့ကြလေသည်။

ကျွန်ုပ်တို့သည်လည်းပဲ ရာဇဝင် သို့မဟုတ် လူ့အကြောင်းကိစ္စများကို သဘာဝအားဖြင့် လေ့လာသိမြင်ခဲ့သလို လေ့လာသိမြင်နိုင်ရန်တော့ ကေန္တ အကျိုးများစွာ ဖြစ်ထွန်းနိုင်ပေလိမ့်မည်ကို သံသယဖြစ်နေစရာ မလိုတော့ချေ။

တစ်ခုတော့ရှိသည်။ သည်လို လေ့လာသောအခါ Pseudo History ခေါ် လုပ်ကြံ၊ တုပထားသော ရာဇဝင်များကိုတော့ သတိနှင့် ဖတ်ရှု လေ့လာဖို့ လိုအပ်လေသည်။ ကြံစည်ထားသော အတုအပသည် အတုသာပဲ ဖြစ်သည်။ အမှန်တော့ကာ မဖြစ်နိုင်။ အတုအပကို အမှန်ထင်၍ လေ့လာလျှင် ကျွန်ုပ်တို့ သိမြင်သမျှသည် အမှားများသာပဲ ဖြစ်ပေတော့မည်။ သည်ဟာကြောင့်လည်းပဲ အမှားနှင့် အမှန်ကို ကျွန်ုပ်တို့သည် ခွဲခြားလေ့လာတတ်ဖို့ အင်မတန်မှ အရေးကြီးလေသည်။

လွန်လေပြီးသော အချိန်များ၌ လူတွေ အဘယ်ကဲ့သို့ လုပ်ကိုင်နေထိုင် စားသောက်ခဲ့ကြသည်၊ အဘယ်ကဲ့သို့ ကြံစည်တွေးဆ ယုံကြည်ခဲ့ကြသည်၊ အဘယ်ကြောင့်၊ သည်လို လုပ်ကိုင်နေထိုင်စားသောက်ခဲ့ ကြရသည် စသည်များကို တဖြည်းဖြည်း လေ့လာခြင်းဖြင့် ယခု လူတွေသည်ဟာ

ကြောင့် သည်လို လုပ်ကိုင်နေထိုင် စားသောက်နေကြရသည်ကို၊ ကြံစည်တွေးဆ ယုံကြည်နေကြသည်ကို သိမြင်နိုင်လေသည်။ သည်လို သိမြင်လေ့လာတော့မှသာပဲ ရှေ့ကို ဘယ်လို လုပ်ကိုင်ကြံစည် ရင်တော့ကာ ဘယ်ပုံ ဘယ်နည်း ဖြစ်လာနိုင်သားပဲဟူ၍ သိမြင်နိုင်ပေလိမ့်မည်။

ပစ္စုပ္ပန်သည် အတိတ်မှ ဆင်းသက်လာ၍ ပစ္စုပ္ပန်သည် အနာဂတ်နှင့် ဆက်စပ်နေလေသည်။

သည်ရွယ်ချက်တစ်ခုလည်းပဲ ဤစာအုပ်ရေးရာတွင် ပါဝင်ခဲ့လေသည်။

ဤစာအုပ်ကို ဝတ္ထုသက်သက် တစ်ခုတည်းသဘောနှင့် ဖတ်မည် ဆိုရင်တော့ကာ စာဖတ်သူမှာ အမှန်ပဲ ပျင်းရိခြောက်ကပ်နေခြင်းကို ပထမဦးဆုံး ရင်ဆိုင်ရပေလိမ့်မည်။ သည်ဟာကိုလည်း စာရေးသူသည် အနည်းဆုံးဖြစ်အောင်တော့ကာ ကြိုးစားထားပါသည်။ သို့ရာတွင် စာဖတ်သူက ပျင်းရိခြင်းကို နည်းနည်းကလေးမှ ရင်မဆိုင်ချင်ဘဲ ဝတ္ထုသက်သက်ကိုသာ တစိမ့်စိမ့် ဖတ်သွားချင်ရင်တော့ကာ ဤစာအုပ်၏–

ပထမပိုင်း (သူပုန်ကျောင်းသား)

နှင့်

ဒုတိယပိုင်း (ဒီမိုး ဒီလေ ဒီလူတွေနဲ့)

အခန်းများကို ချန်လှပ် ကျော်လွှန်၍

တတိယပိုင်း (အဆုံးစီရင်ပါပေ့ါကွယ်)

အခန်းမှ စတင်၍ ဖတ်ဖို့သာပဲ အကြံပေးရပေတော့မည်။ ရိုးသားသော အမှန်ကို ဝန်ခံရလျှင်တော့ကာ စာရေးဝါသနာ

ပါသော လူငယ်တစ်ဦးသည် သူ သိရှိမှတ်သား နားလည်ထားခဲ့သော အကြောင်းများကို သူ သဘောထားခဲ့ပုံ၊ ယူဆခဲ့ပုံတို့ကို သူရေးတတ်သလို ကြိုးစား၍ ရေးစမ်းလိုက်ခြင်းသာပဲ ဖြစ်လေသည်။

**တင်အောင်**

❑

## ကိုဘုန်းနိုင်နှင့် ကျွန်တော်တို့တစ်တွေ

ကိုဘုန်းနိုင်ဆိုသည်မှာ ဗန်းမော်တင်အောင်၏ ပထမဆုံး ဝတ္ထုရှည် ဖြစ်သည့် **ဘုန်းမောင့်တစ်ယောက်ထဲရယ်** မှ ဇာတ်ဆောင်တစ်ယောက် ဖြစ်သည်။ ၁၉၄၇ ခုနောက်ပိုင်းတွင် သူ့ဝတ္ထုထွက်လာသည်။ ဘုန်းမောင့်တစ်ယောက်တည်းရယ်ကို ရေးသားရန် စိတ်ကူးရသည်မှာ ဒုတိယကမ္ဘာစစ်ကြီးပြီးစကဖြစ်ပြီး ၁၉၄၇ ခု နှစ်လယ်ပိုင်းလောက်တွင်မှ ရေးခဲ့သည်။ အကြောင်းအမျိုးမျိုးကြောင့် နှစ်ကုန်လောက်မှ ထုတ်ဝေ ဖြစ်သည်ဟု စာရေးသူက ဝတ္ထုပုံနှိပ်ခြင်း ၁၉၆၁ တွင် ဖော်ပြထားသည်။ **ဤဝတ္ထုကို ရေးသည့်အချိန်တွင် ဗန်းမော်တင်အောင်၏ အသက် မှာ ၂၅ နှစ်ရှိနေပြီ။** ဝတ္ထုကို သုံးပိုင်းခွဲထားသည်။ ဝတ္ထုသက်သက်ပဲ ဖတ်ချင်သည်ဆိုလျှင်မူ ပထမပိုင်း (သူပုန်ကျောင်းသား) နှင့် ဒုတိယပိုင်း (ဒီမိုး

ဒီလေ ဒီလူတွေနဲ့) အခန်းများကို ကျော်သွားပြီး တတိယပိုင်း (အဆုံးစီရင်ပါပေါ့ကွယ်) မှစ၍ ဖတ်ရန်ကိုလည်း စာရေးသူက အကြံပေးထားသည်။

ဘုန်းမောင့်တစ်ယောက်တည်းရယ် ဝတ္ထုထွက်လာချိန်တွင် မြန်မာလူထုသည် လုံးဝလွတ်လပ်ရေးအတွက် တက်တက်ကြွကြွ တိုက်ပွဲဆင်နွှဲနေကြသည်။

စစ်ပြီးလျှင် ဘုရင်ခံ ဒေါ်မန်စမစ်နှင့်အတူ စက္ကူဖြူစာတမ်းပါလာသည်။ စက္ကူဖြူစာတမ်းအရ ဘုရင်ခံတွင် အာဏာကုန်ရှိသည်။ ဘုရင်ခံက ကိုယ်ပိုင်အာဏာဖြင့် သုံးနှစ်အုပ်ချုပ်မည်။ အင်္ဂလိပ်ခေနရှင်များ ပြန်လာပြီး မြန်မာပြည်စီးပွားရေးကို ဆင်းမလားတွင် ရေးဆွဲခဲ့သည့် စီမံ ကိန်းများ၊ ပရောဂျက်များအရ ထင်သလို ခြယ်လှယ်မည်။ ပြီးတော့မှ ကိုယ်ပိုင်အုပ်ချုပ်ရေးအဆင့်လောက်ပေးမည်။ ဤသည်ကို မြန်မာလူထုက မကျေနပ်၊ ကန့်ကွက်သည်။ လုံးဝလွတ်လပ်ရေးကို တောင်းဆို သည်။

စစ်ပြီးစတွင် တော်လှန်ရေးအရှိန်ဖြင့် လူငယ်များ တက်ကြွနေကြသည်။ **အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း** ရှေ့ဆောင်မှုအောက်တွင် မကြံ့စဖူးပင် အမျိုးသားညီညွတ်ရေးသည် ထိပ်ဆုံးသို့ ရောက်လာသည်။

၁၉၄၅၊ ဩဂုတ်လ ၁၉ တွင် ကျင်းပသော နေသူရိန်အစည်းအဝေးကြီးက လုံးဝလွတ်လပ်ရေးကို တောင်းဆိုသည်။ ၁၉၄၆ ခု၊ ဇန်နဝါရီ လတွင် ဖဆပလ ပြည်လုံးကျွတ်ညီလာခံကြီးကို ရွှေတိဂုံအလယ်ပစ္စယာ၌ ကျင်းပသည်။

လွတ်လပ်ရေးရန်ပုံငွေ၊ ဖဆပလရန်ပုံငွေအတွက် အမျိုးသမီးများက ကိုယ်တွင် အမြတ်တနိုးဝတ်ဆင်ထားသည့် ရွှေ၊ ငွေ၊ ရတနာများကို ချွတ်ပြီး လှူကြသည်။

၁၉၄၅ ခု၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းခဲ့သော ပြည်သူ့ရဲဘော်တပ်ဖွဲ့သည် နေ့ချင်းညချင်းပင် ကြီးထွားလာသည့် နိုင်ငံရေး အင်အားသစ်တစ်ခု ဖြစ်လာသည်။

ဖဆပလ၏ တပ်တစ်တပ် ဖြစ်လာသည်။ ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို စစ်တပ်ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းသည်။ စစ်ရေးလေ့ကျင့်ခန်းများပြု လုပ်သည်။ ကန္ဒီစာချုပ်အရ အသစ်ဖွဲ့စည်းမည့် ဗမာ့တပ်မတော်သို့ မဝင်ရသည့် မျိုးချစ်ဗမာ့တပ်မတော်ထွက် လူငယ်များ ပြည်သူ့ရဲဘော် တပ်ဖွဲ့တွင် အင်အားစုကြသည်။ တစ်ပြည်လုံးတွင် တပ်ဖွဲ့ဝင် တစ်သိန်းကျော်ရှိလာသည်။ ဤအင်အားသည် လွတ်လပ်ရေးအတွက် တိုက်ရဦးမည်ဆိုလျှင် အသုံးဝင်မည့်အင်အားဖြစ်သည်။ ဘုရင်ခံက ပြည်သူ့ ရဲဘော်အဖွဲ့ကို ဖျက်ရန် ကြိုးစားသည်။ ယူနီဖောင်းမဝတ်ရ၊ စစ်လေ့ကျင့်ခန်း မလုပ်ရဟု အမိန့်ထုတ်သည်။

၁၉၄၆ ခု၊ မေလတွင် အင်းစိန်ခရိုင်၊ ထန်းတစ်ပင်မြို့၌ ပြည်သူ့ရဲဘော်၊ ဖဆပလနှင့် လယ်သမားများ စည်းဝေးဆန္ဒပြကြသည်။ စီတန်း လမ်းလျှောက်ရာတွင် အာဏာပိုင်တို့က ပစ်ခတ်သဖြင့် လယ်သမားကြီးလေးဦး သေနတ်မှန် သေဆုံးခဲ့ကြသည်။ လူထုသည် အုံကြွလာသည်။ ဘုရင်ခံအစိုးရက အဖမ်းအဆီးများ ပြုလုပ်သည်။ ဖဆပလအဖွဲ့ဝင်များကို သူခိုးဓားပြများ၊ ဆူပူသောင်းကျန်းသူများ၊ ရာဇဝတ်ကောင်

များအဖြစ် ရုံးတင်တရားစွဲကာ ထောင်ချသည်။ ရန်ကုန်လူထုသည် ထန်းတစ်ပင် မြို့သို့ ဘတ်စ်ကားများဖြင့် ချီတက်ကာ ဆန္ဒပြကြသည်။

ထိုအချိန်တွင် ရန်ကုန်တက္ကသိုလ်ကို ပြန်လည်ဖွင့်လှစ်သည်။ ကျွန် တော်တို့သည် ၁၉၄၆၊ မတ်လတွင် ဆယ်တန်းစာမေးပွဲ ဖြေဆိုအောင်မြင်ပြီး အောက်တိုဘာလတွင် တက္ကသိုလ်သို့ ရောက်လာကြသည်။ တက္ကသိုလ်တွင် သမဂ္ဂများ ပြန်လည်ဖွဲ့စည်းသည်။ တက်ကြွသော လူငယ်ကျောင်းသား များသည် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် ဖဆပလအဖွဲ့ကို ထောက်ခံကြသည်။ လွတ်လပ်ရေးတိုက်ပွဲတွင် တစ်တပ်တစ်အား ပါဝင်ရန် စိတ်အားထက်သန်ကြသည်။

၁၉၄၆၊ နှစ်လယ်တွင် ဘုရင်ခံ ဒေါမန်စမစ်ကို ဘိလပ်က ပြန်ခေါ်သည်။ သူနှင့် မြန်မာပြည်သူတို့ အစေးမကပ်။ သူက ဗိုလ်ချုပ်အောင် ဆန်းကို လူသတ်မှုဖြင့် တရားစွဲရန် ကြံစည်သည်။ ထိုအခါ မြန်မာပြည် သူတို့ ဆူပူထကြွကြလိမ့်မည်။ သူ့နောက်တွင် တက်ကြွသောလူထု၊ လွတ်လပ်ရေးကို မရ အရတိုက်ယူမည့် လူထုကြီးရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းလျှင် ဗမာ့တပ်မတော်တွင်ရှိနေသော ဗမာ့မျိုးချစ်တပ်မတော်မှ အရာရှိများ၊ ရဲဘော်များက တိုက်ကြလိမ့်မည်။

သို့ဖြစ်ရာ မြန်မာပြည်ပေါ်လစီအသစ်ကို အကောင်အထည်ဖော်နိုင်ရန် လေဘာအစိုးရခေါင်းဆောင် အက်တလီက ဆာဟူးဘတ်ရန့်ကို မြန်မာပြည် ဘုရင်ခံသစ်အဖြစ် ခန့်လိုက်သည်။

ဘုရင်ခံသစ်ကို မြန်မာလူထုက လူထုဆန္ဒပြပွဲများ၊ သပိတ်များဖြင့် ကြိုဆိုကြသည်။ သပိတ်များ တစ်ခုပြီးတစ်ခု မှောက်ကြသည်။ စာတိုက်အလုပ်သမားသပိတ်၊ မီးရထား အလုပ်သမားသပိတ်၊ စာရေးဝန်ထမ်းသပိတ်များ ပေါ်လာသည်။ ပုလိပ်အဖွဲ့ကပင် သပိတ်မှောက်သည်။

ဘုရင်ခံသစ်သည် ဖဆပလအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ဆွေးနွေးကာ ဘုရင်ခံ၏ အမှုဆောင်ကောင်စီဟောင်းကို ဖျက်သိမ်းပြီး ကောင်စီသစ်ဖွဲ့လျှင် ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်သည်။ အင်္ဂလိပ်များ မပါသော ဘုရင်ခံ၏ ကောင်စီတွင် ဗိုလ်ချုပ်အောင်ဆန်း ဒုတိယ ဥက္ကဋ္ဌ ဖြစ်လာသည်။ ဝန်ကြီးအဖွဲ့တွင် ဝန်ကြီးချုပ်က ခေါင်းဆောင်သည့်လုပ်ထုံးကို ကျင့်သုံးပါစေမည်ဟု ဘုရင်ခံက သဘောတူသည်။

၁၉၄၇၊ နှစ်ဦးတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာအစိုးရ ကိုယ်စားလှယ်အဖွဲ့အား လန်ဒန်သို့ လာရောက်ဆွေးနွေးရန် ဖိတ်ခေါ်သည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ဘိလပ်သွားချိန်တွင် လုံးဝလွတ်လပ်ရေးကို ထောက်ခံသောအားဖြင့် ကျွန်တော်တို့ကျောင်းသားများ သပိတ်မှောက်ကြသည်။ တက္ကသိုလ်ကျောင်းသားသမဂ္ဂ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂတို့က သပိတ်များကို ဦးဆောင်သည်။

၁၉၄၇၊ နွေ ကျောင်းပိတ်ရက်တွင် ကျွန်တော်သည် အိမ်သို့မပြန်။ ကိုကြည်လင် (ကွယ်လွန်သူ စာရေးဆရာ မောင်ကြည်လင်) နှင့်အတူ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူ၊ မအူပင်နှင့် ဘိုကလေးမြို့များသို့ သပိတ်စည်းရုံးရေး ဆင်း

သည်။

ကိုကြည်လင်သည် မူလက ပခုက္ကူ ကွန်မြူနစ်ပါတီတွင် တက်ကြွစွာ ဆောင်ရွက်ခဲ့သူဖြစ်သည်။ ကွန်မြူနစ်ပါတီ ကွဲသည်တွင် တက္ကသိုလ် သို့ ရောက်လာသူဖြစ်သည်။

ကျွန်တော်လည်း ပခုက္ကူ ပြည်သူ့ရဲဘော်တပ်ဖွဲ့တွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်နေရာမှ နိုင်ငံရေးအကွဲအပြဲများ ဖဆပလမှ (သူငယ်ချင်းများ ပါဝင်သည့်) ကွန်မြူနစ်ပါတီတို့ ထွက်သွားချိန်၌ စိတ်ပျက်ကာ တက္ကသိုလ်သို့ ရောက်လာသူဖြစ်သည်။ သူငယ်ချင်းများ အားလုံးလိုလို တက္ကသိုလ်ကျောင်းတက်ကြရန် ရန်ကုန်သို့ ဆင်းကြသည်။ ပြည်သူ့ရဲဘော် ပထမညီလာခံသို့တက်ရန် ဖွန်လဆန်းလောက်တွင် ရန်ကုန်သို့ ကျွန်တော် ဆင်းလာခဲ့သည်။ ညီလာခံအပြီး တက္ကသိုလ် နယ်မြေသို့ သွားရောက်လည်ပတ်သည်တွင် ကျောင်းနေရန် စိတ်ပါလာသည်။ သို့နှင့် မိဘများကို ပူဆာကာ တက္ကသိုလ်သို့ ရောက်လာခြင်း ဖြစ်သည်။ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်စလုံး ဆယ်တန်းအောင်ကြသဖြင့် နှစ်ယောက်အတွက် ကျောင်းစရိတ် ထောက်ပံ့ရမည်မှာ အတန်ငယ်ခက်ခဲသည်။ သို့ရာတွင် တို့ဖြစ်သလိုစားမည်ဟုဆိုကာ နှစ်ယောက်စလုံးကို တက္ကသိုလ်သို့ပို့သည်။

ကျွန်တော်ကား ကျောင်းသားသပိတ်အရေးတော်ပုံဒီရေကိုစီးကာ တက်ကြွနေသည်။ ကျောင်းသားညီလာခံကိုယ်စားလှယ်များနှင့်အတူ အတွင်းဝန်ရုံးသို့ သွားရောက်ဆန္ဒပြရာ၌ ပါဝင်ခဲ့သည်။ သပိတ်လှန်ပြီး ဇာတိသို့ ပြန်လာသည့်အခါတွင်မူ မြိုင်၊ မြစ်ခြေတို့၌ ဖဆပလအဖွဲ့ဝင် လူငယ်

များကို စစ်သင်တန်း ပေးသည်။ ဖဆပလမှ ကိုကျော်ရှိန် (နောင်တွင် ဆိုရှယ်နီ၊ ကွယ်လွန်) က လွတ်လပ် ရေးတိုက်ပွဲ အတွက် အသင့်ပြင်ကြရာတွင် လက်နက်ကိုင်တိုက်ပွဲ ဆင်နွဲ တန် ဆင်နွဲရမည်။ ထို့ကြောင့် လက်နက် ကိုင်တော်လှန်ရေး အတွက် ကြိုတင်ပြင်ဆင်ခြင်းဖြစ်သည်ဟု ကျွန်တော့်ကို စည်းရုံးသည်။

ဗိုလ်ချုပ်အောင်ဆန်းက ဘိလပ်သွားခါနီးတွင် 'တစ်နှစ် အတွင်း လွတ်လပ်ရေးရအောင် ကြိုးစားမယ်၊ မရရင် ချမယ်' ဟူသော မိန့်ခွန်းက ကျွန်တော်တို့ကို တပ်လှန့်နှိုးဆော် လိုက် ခြင်းဖြစ်သည်ဟု ယုံကြည် သည်။

ဘိလပ်သို့အသွား အိန္ဒိယသို့ ဗိုလ်ချုပ်ဝင်ကာ ပန်ဒစ်နေ ရူးနှင့် ဆွေးနွေးသည်။ သတင်းစာဆရာများက 'မြန်မာ့လွတ် လပ်ရေး ကြိုးပမ်းမှုတွင် အနုနည်းသုံးမလား၊ အကြမ်းနည်း သုံးမလား' ဟု မေးသည်တွင် ဗိုလ်ချုပ်က 'အခြေအနေအရ ပေါ့၊ ကျွန်တော်တို့ကတော့ လက်မနှေးပါဘူး' ဟု ဖြေသည်။

လန်ဒန်မှ ဗိုလ်ချုပ်အောင်ဆန်း ပြန်လာသည့်အခါ တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပြီး လွတ်လပ်သော မြန်မာပြည်၏ အခြေခံဥပဒေ ရေးဆွဲရန် သဘောတူခဲ့သည်။ ၁၉၄၇ ခု၊ ဖေဖော်ဝါရီလတွင် တိုင်းရင်းသားညီညွတ်ရေး ဥမကွဲသိုက်မပျက် ပြည်ထောင်စုတွင် ပါဝင်ရန် ပင်လုံ ညီလာခံ ကျင်းပသည်။ ထို့နောက် ဧပြီလတွင် ရွေးကောက်ပွဲ ကျင်းပသည်။ ဖဆပလ အပြတ်အသတ်နိုင်သည်။ သို့သော် ဇူလိုင် ၁၉ တွင်မူ ဗိုလ်ချုပ်နှင့် အာဇာနည်များ လုပ်ကြံခံရပြီး ရေတိမ်နစ်ခဲ့ကြရလေသည်။

လွတ်လပ်ရေးတိုက်ပွဲတွင် အဖျက်အန္တရာယ်ကားမသေး။ ကျွန်တော် တို့မှာ တက္ကသိုလ်ကျောင်းသားဘဝတွင် စာကို ဖြောင့်ဖြောင့် မသင်နိုင်။ အာရုံက လွတ်လပ်ရေးတိုက်ပွဲဆီ ရောက်နေသည်။ ညီညွတ်ရေးသည် အဓိကဖြစ်သည်။ ဗိုလ်ချုပ်က ဇူလိုင် ၁၃ မြို့တော်ခန်းမမှ နောက်ဆုံး မှာကြားခဲ့သည့် မိန့်ခွန်းတွင် 'မြန်မာပြည်မှာ လူမျိုးအချင်းချင်း မကွဲဖို့၊ လူငယ်ပိုင်းဖြစ်သော လက်ဝဲသမားအချင်းချင်း မကွဲဖို့ သတိပေးလိုတယ်' ဟု ညီညွတ်ရေး အရေးကြီးကြောင်း ပြောခဲ့သည်။

**ဤသည်မှာ ဗန်းမော်တင်အောင်၏ 'ဘုန်းမောင်တစ်ယောက်ထဲရယ်' ဝတ္ထုထွက်သည့်အချိန်က မြန်မာပြည်၏အခြေအနေ ဖြစ်သည်။ ဤသမိုင်းကို တင်ပြရသည်မှာ ဘုန်းမောင်တစ်ယောက်ထဲရယ် ဇာတ်လမ်းနှင့် ဆက်စပ်နေသောကြောင့် ဖြစ်သည်။**

သူ့ဝတ္ထုဇာတ်လမ်းမှာ ဤသို့ဖြစ်သည်။

ကိုဘုန်းနိုင်သည် ၁၉၃၅ ခုတွင် ဆယ်တန်းစာမေးပွဲအောင်ကာ တက္ကသိုလ်သို့ ရောက်လာသည်။ သူ့မိဘများမှာ ဆင်းရဲသည်။ အဖေက ကျောင်းဆရာ၊ အမေက ဈေးရောင်းပြီး ဝင်ငွေဖြည့်ကာ သားကို တက္ကသိုလ်သို့ပို့သည်။ တက္ကသိုလ်တွင် ခမ်းနားထည်ဝါသော အဆောင် အယောင်နှင့်နေရပြီး အရာရှိအရာခံ သားသမီးများ၊ သူဌေးသားသမီးများနှင့် ပေါင်းသင်းရသည့်အခါ ကိုဘုန်းနိုင်သည် အခြေခံဘဝကို မေ့လျော့စပြုလာသည်။ ဘဝင်မြင့်သည့်ရောဂါ ရလာသည်။ သို့သော် ပထမနှစ်တွင် တွေဝေခဲ့ပြီး ဒုတိယနှစ်တွင်မူ ကျွန်

ပညာရေးစနစ်ဆိုးကြီးကို ၁၉၃၆ ကျောင်းသားသပိတ်က မျက်နှာဖုံး ခွာချလိုက်သည်။ ကိုဘုန်းနိုင်သည် ထိုသပိတ်ကြောင့် ယစ်မူးသာယာနေရာမှ လန့်နိုးလာသည်။ ကိုဘုန်းနိုင်သည် ကျွန်ပညာကို တိုက်ဖျက်ကာ အမျိုးသားတက္ကသိုလ်ကြီးတစ်ခု တည်ဆောက်အစားထိုးလိုသော သူပုန်ကျောင်းသားဖြစ်မှန်းမသိ ဖြစ်လာသည်။ ဝိဇ္ဇာနောက်ဆုံးနှစ်ဖြေမည့် ၁၉၃၈ တွင် ထောင့်သုံးရာပြည့် အရေးတော်ပုံတိုက်ပွဲသို့ ကိုဘုန်းနိုင် ခြေစုံပစ်ဝင်လိုက်သည်။ သပိတ်တိုက်ပွဲတွင် ဗိုလ်အောင်ကျော်နှင့် မန္တလေးမှ အာဇာနည် ၁၇ ဦး ကျဆုံးခဲ့သည်။ သို့သော် နောက်ဆုံး သပိတ်လှန်လိုက်သည့်အခါ ကိုဘုန်းနိုင်မှာ နေမကောင်းဖြစ်ကာ အိပ်ရာထဲ၌ ဗုန်းဗုန်းလဲလေတော့သည်။ သူက သပိတ်မလှန်ရေးဘက်မှဖြစ်ပြီး ကျွန်ပညာကို မယူတော့ပါဆိုကာ ကျောင်းသို့ ပြန်မသွားခဲ့။

တက္ကသိုလ်တွင် ကိုဘုန်းနိုင်သည် စက်ရှင်မင်းကြီးသမီး မရင်မေ နှင့် ခင်မင်ရင်းနှီးခဲ့သည်။ မင်းကြီးသမီး မရင်မေက ကိုဘုန်းနိုင်အား စာမေးပွဲ ဖြေစေချင်သည်။ သူက မဖြေ။ မရင်မေကို ကိုဘုန်းနိုင်က ရှောင်သည်။ မရင်မေကို သူ့အဖေ သဘောတူသည့် သစ်တောဝန် ထောက်ကလေး ကိုမျိုးလွင်နှင့် ရစေချင်သည်။ မရင်မေကမူ ကိုဘုန်းနိုင်ကို မျှော်လင့်သည်။ ထို့ကြောင့် အဆုတ်ရောဂါရပြီး အိပ်ရာထဲလဲနေသည့် ကိုဘုန်းနိုင်ကို ကူညီသည်။ မိတ္ထီလာကို အပန်းဖြေဆေးကုသွားရန် စီစဉ်ပေးသည်။ ထိုအချိန်တွင် ကိုဘုန်းနိုင်အဖေ ကွယ်လွန်သည်။ ကိုဘုန်းနိုင်ကား အလံမလှဲဘဲ အငတ်ငတ်အပြတ်ပြတ်နှင့် သတင်းစာ ဆရာလုပ်ရန် စောင့်စားရင်း

တို့ဗမာသခင်များနှင့် ပေါင်းသင်းနေထိုင်သည်။ ဆိုရှယ်လစ်ဝါဒကို လေ့လာသည်။ သူ့အိပ်ခန်းငယ်လေးတွင် ဗုဒ္ဓ၏ပုံတော်နှင့်ခရစ်တော်ပုံတို့ကို ချိတ်ဆွဲထားသည်။ ဆိုကရေးတီးနှင့် ကားလ်မာ့က်စ်တို့၏ စာများကို နှစ်ခြိုက်လေ့လာသည်။

မရင်မေက ကိုဘုန်းနိုင်ကို မျှော်လင့်ကာ ရေလာမြောင်းပေးစကား ဆိုသော်လည်း မနေရှင်သမီးပျိုနှင့် သူပုန်ကျောင်းသားတို့ နီးစပ်နိုင်ရန် အကြောင်းမမြင်ဟုဆိုကာ ရှောင်သည်။

နောက်ဆုံးတွင် မရင်မေက အဖေသဘောတူသည့်ကိုမျိုးလွင်နှင့် လက်ထပ်ရန် ခေါင်းညိတ်လိုက်သည်။

ထိုအချိန်တွင် ကမ္ဘာစစ်မီးသည် မြန်မာပြည်သို့ ကူးစက်လာသည်။ ဂျပန်တို့ မြန်မာပြည်သို့ ဦးတည်ချီတက်လာကြပြီ။

ကိုဘုန်းနိုင်သည် အနုပညာသမား ဖြစ်သည်။ ကဗျာဆန်သည်။ နွဲ့နှောင်းသည်။ တယောလေးကို ရင်မှာပိုက်ပြီး လရောင်ကိုကြည့်ကာ မရင်မေကို လွမ်းတတ်သည်။ ဂီတကိုလည်း သူချစ်သည်။ စာကိုလည်း သဲသဲမဲမဲ ဖတ်သည်။ မြန်မာ့ဂန္ထဝင် ကိုးခန်းပျို့၊ ဘူရိဒတ်လင်္ကာကြီး၊ ပါရမီတော်ခန်းပျို့တို့ကို အာဂုံဆောင်နိုင်အောင် ကြိုးစားသည်။ ပြီးတော့တော်လ်စတွိုင်၊ ပလေတို၊ အရစ္စတိုတယ်၊ ရှိတ်စပီးယားတို့၏စာများကိုလည်း နှစ်သက်သည်။ တစ်ချိန်တည်းမှာပင် သူသည် အလံမလှဲသော တော်လှန်ရေးသမားတစ်ယောက် ဖြစ်လေသည်။

စစ်ကြီးဖြစ်လာသည့်အခါ သစ်တောဝန်ထောက် ကိုမျိုးလွင်သည် အင်္ဂလိပ်စစ်တပ်သို့ဝင်ပြီး အိန္ဒိယပြည်သို့ သွားရ

သည်။ ပြန်လာလျှင် မရင်မေနှင့် လက်ထပ်မည်။ မရင်မေနှင့် သူ့အဖေ စစ်ကိုင်းပြေးရာ တရုတ်စစ်သားများက သူ့အဖေကို ဖမ်းပြီး ပစ္စည်းများ လုယူသွားသဖြင့် ပစ္စည်းဆုံး ခိုကိုးရာမဲ့ဖြစ်ကာ မရင်မေ ဒုက္ခရောက်သည်။ ဂျပန်များ ဝင်လာသည့်အခါ မရင်မေမှာ အဒေါ်ဝမ်းကွဲရှိရာ မေမြို့သို့ သွားရောက် ခိုလှုံသည်ဟု ကိုဘုန်းနိုင်က သတင်းရသည်။

ဂျပန်များ အင်ဖာမှ ဆုတ်ပြေးချိန်တွင် ကိုဘုန်းနိုင်တို့သည် ဂျပန်တော်လှန်ရေးအတွက် စည်းရုံးရေးလုပ်ငန်းများ လုပ်ကြသည်။ ဂျပန်ကို တိုက်ထုတ်ပြီးနောက် အင်္ဂလိပ်ဝင်လာလျှင်လည်း လွတ်လပ်ရေးကို အသာတကြည် ပေးမည်မဟုတ်၊ အင်္ဂလိပ်ကို လက်နက်ကိုင် တော်လှန်ရမည်ဟု ကိုဘုန်းနိုင် ယုံကြည်သည်။

ထိုအချိန်တွင် ကိုဘုန်းနိုင်သည် မရင်မေ ဒုက္ခရောက်နေသည် ဆိုသဖြင့် မေမြို့သို့လိုက်သွားပြီး ရှာသည်။ မတွေ့။ ကျောက်ဆည်၊ ပျဉ်း မနား၊ တောင်ငူတို့မှတစ်ဆင့် ခပေါင်းချောင်းဘေး ကင်းဆိပ်ရွာလေး၌ မရင်မေတို့ တူအရီးကို တွေ့သည်။ မရင်မေတို့ကို ရှာဖွေကျွေးသည်။ ထို့နောက် ဂျပန်တော်လှန်ရေးအတွက် ထွက်သွားသည်။ တစ်လကြာလျှင် ပြန်လာသည်။ မရင်မေမှာ အားကိုးရာမဲ့နေသဖြင့် ကိုဘုန်းနိုင်ကို အားကိုးတကြီး မျှော်လင့်သည်။ ကိုဘုန်းနိုင်က စိတ်ကို ထိန်းကာ ရှောင်သည်။ ပြီးတော့ ဂျပန်ကို တော်လှန်ကြမည်။ ထို့ကြောင့် မရင်မေတို့ကို ဘေးကင်းရာ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ပင်းသီလာ ကရင်ရွာ ကလေးသို့ပို့ပြီး ထွက်သွားသည်။ အင်္ဂလိပ် ပြန်ဝင်လာပြီးနောက် ကိုမျိုးလွင်

သည် မေဂျာမျိုးလွင်အဖြစ် ပြန်ရောက်လာပြီး မရင်မေကို ရှာသည်။ ပင်းသီလာတွင် ပြန်တွေ့ကာ ကိုမျိုးလွင်က မရင်မေကို ခေါ်သွားသည်။ ဂျပန်တော်လှန်ရေးပြီးလျှင် ကိုဘုန်းနိုင်ပြန်လာပြီး မရင်မေကို ကိုမျိုးလွင် ရင်ခွင်၌ တွေ့ရသဖြင့် စိတ်ချရပြီဟု ကျေနပ်ဝမ်းသာသည်။

ဂျပန်ပြေးပြီး အင်္ဂလိပ် ပြန်ဝင်လာသည်။ လွတ်လပ်ရေးရအောင် အင်္ဂလိပ်ကို ဆက်လက်တော်လှန်ရမည်ဟု ကိုဘုန်းနိုင် ယုံကြည်လျက် ရှိလေသည်။

ဤသည်မှာ ကိုဘုန်းနိုင်၏ဇာတ်လမ်း ဖြစ်လေသည်။

စစ်ပြီးခေတ်တွင် မဂ္ဂဇင်း အသစ်တွေ ထွက်လာသည်။ ဝတ္ထုစာအုပ် အသစ်တွေ ထွက်လာသည်။ အချစ်ဝတ္ထုများ တစ်အုပ်ပြီးတစ်အုပ် စာအုပ်ဆိုင်ပေါ် ရောက်လာသည်။ ဗန်းမော်တင်အောင်၏ **ဘုန်းမောင့်တစ်ယောက်ထဲရယ်** ထွက်လာသည့်အခါ ကျွန်တော်တို့ လူငယ်ကျောင်းသားများ အကြား တော်လှန်ရေးသမား ကိုဘုန်းနိုင်၏ဂယက်သည် အတော်ရိုက်ခတ်သည်။

ကိုဘုန်းနိုင်သည် တက္ကသိုလ် ပညာတတ်တစ်ယောက် ဖြစ်သည်။ ဘဝတစ်လျှောက်လုံး အလံမလှဲဘဲ တော်လှန်ရေးဘက်မှ ရပ်သည်။ ထိုအချိန်တွင် လွတ်လပ်ရေးကား မရသေး။ အင်္ဂလိပ်ကို လက်နက်ကိုင် တိုက်ခိုက်ရမည်ဟု သူ ယုံကြည်သည်။

ကျွန်တော်တို့သည် ဝတ္ထုထဲက ကိုဘုန်းနိုင်ကို အားကျသည်။ ဗန်းမော်တင်အောင် ဖောင်းပေး ဖော်ပြသောကာလမှာ လွတ်လပ်ရေး တိုက်ပွဲမပြီး ဆုံးသေးသည့်ကာလဖြစ်သည်။

ကျွန်တော်တို့သည် ကိုဘုန်းနိုင်လို ပညာတတ် ဖြစ်ချင်သည်။ လွတ်လပ်ရေးတိုက်ပွဲတွင် တစ်တပ်တစ်အား ပါဝင်ချင်သည်။ မရင်မေက ကိုဘုန်းနိုင်အား ဝိဇ္ဇာစာမေးပွဲ ဖြေစေချင်သလို ပင် ကျွန်တော်တို့ ချစ်သူရည်းစားများကလည်း စာမေးပွဲ ဖြေစေချင်သည်။ ကျွန်တော်တို့မှာ စာသင်ရင်း လွတ်လပ်ရေး တိုက်ပွဲအတွက် သံယောဇဉ် မကုန်။ ပါဝင်လှုပ်ရှားသည်။

ကိုဘုန်းနိုင်သည် မာ့က်စ်ဝါဒကို လေ့လာသည်။ မာ့က်စ် ၏ နိုင်ငံရေး ဘောဂဗေဒကို လေ့လာသည်။ အရင်းရှင်စနစ် ကျဆုံးမှ လောကကြီး တစ်ခုလုံးသည် သာယာဝပြောသော လောကသစ်သို့ ရောက်မည်ဟု ယုံကြည်သွား၏။ ကိုဘုန်းနိုင် ကို ကျွန်တော်တို့ ချစ်သည်။

ထိုအချိန်က ထွက်လာသော အချစ်ဝတ္ထုများနှင့် ကွဲပြား ခြားနား၍ လွတ်လပ်ရေးတိုက်ပွဲအတွက် စည်းရုံးသော၊ အားသစ်လောင်းပေးသောဝတ္ထုအဖြစ် ကျွန်တော်တို့ 'ဘုန်း မောင့်တစ်ယောက်တည်းရယ်' ကို ကြိုဆိုခဲ့ကြသည်။ စစ်ပြီး ခေတ်က ကျောင်းသားလူငယ် အများစုသည် ဘုန်းမောင့် တစ်ယောက်တည်းရယ်မှရသည့် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုး သားလွတ်မြောက်ရေးအသိတွင် ငြိတွယ်ခဲ့ကြသည်။

ရွှန်းမြမြ လရောင်အောက်တွင် တယောပြားကလေးကို တို့ကစားနေသည့် ကိုဘုန်းနိုင်ကို မြင်ယောင်လာသလို ထိုအချိန်က မယ်ဒလင်လေး ဒေါင်ဒေါင်ဒင်ဒင် ခေါက်ကာ ချစ်သူကို လွမ်းတတ်၊ တမ်းတတတ်သည့် ကျွန်တော်တို့ အတိတ်ကို ပြန်လည်မြင်ယောင်လာသည်။ ထိုသို့ လွမ်းရင်း၊ တမ်းတရင်းက လွတ်လပ်ရေးတိုက်ပွဲ စစ်မျက်နှာဆီသို့

ကျွန်တော်တို့ ကူးချည်သန်းချည် လုပ်ခဲ့သည်ကို အမှတ်ရလာသည်။ ကိုဘုန်းနိုင်သည် ကျွန်တော်တို့အားကျသည့် တော်လှန်ရေးသမားတစ်ယောက်ဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး မီးရှူးတန်ဆောင်ကို ဦးစွာထွန်းညှိခဲ့သူထဲတွင် ကိုဘုန်းနိုင်တစ်ယောက် ပါဝင်သည်ဟု ဆိုချင်ပါသတည်း။

**ကျော်အောင်**

**(စာပေဂျာနယ်–အတွဲ–၁၊ အမှတ်–၁၊ ၁၉၈၈ ဩဂုတ်လထုတ်မှ)**

# ပထမပိုင်း

## သူပုန်ကျောင်းသား

My head is bloody, but unbowed.

ငါ၏ ဦးခေါင်းသည် သွေးခြင်းခြင်းဖြင့် ရဲရဲနီခဲ့စဉ်ကလည်း

ငါသည် ... မညွတ်

ယူနီဗာစီတီကောလိပ်က စစ်တဲ့
စာမေးပွဲ အောင်လာတာနဲ့ပဲ
ခင်ဗျားလူဟာ ပညာတတ်ကောလားဗျာ။
ကျုပ် အကြံပေးချင်တာကတော့
ခင်ဗျားတို့ရဲ့ ယူနီဗာစီတီတွေ
အကုန်လုံးဖြိုချပြီး
အုတ်မြစ်ကို ဆားပက်ပေးနိုင်ရင်တော့
ကောင်းလိမ့်မယ်ထင်တာပဲ။ ။

ဘားနာဒ်ရှော

## "သူပုန်ကျောင်းသား"

"အပွေတ်... အပွေတ်... အပွေတ်"

ခေါက်ခုတင်ပေါ်မှ လူမမာသည် ငြိမ်သက်စွာ ပက်လက်ကလေး မှိန်းနေရာမှ အဆက်မပြတ် ချောင်းဆိုးလိုက်လေသည်။ သည်လို အဆက် မပြတ် ချောင်းဆိုးလိုက်ရသောကြောင့် လူမမာသည် အတော်ပဲ ပင်ပန်း သွားပုံရလေသည်။ ချောင်းက ရပ်သွားသည့်တိုင်အောင်လည်းပဲ သူ့မှာ အတော်ပဲ မောနေရှာသည်။

လူမမာ၏ ခုတင်ခေါင်းရင်းဘေး ပက်လက်ကုလားထိုင်ပေါ်ဝယ် အသက် ၂၃ နှစ်ခန့် သားသားနားနား လူရွယ်သည် လူမမာအား များစွာ စိတ်မချမ်းမသာသော အမူအရာဖြင့်ကြည့်ရင်း သူ၏ ဦးခေါင်းကို ဖြည်း လေးစွာ ခါနေသည်။ သူသည် လူမမာကို မသက်မသာကြည့်ရင်း သက် ပြင်းရှူလိုက်သည်။ အမှန်မှာတော့ သူသည် လူမမာကို စိတ်ပျက်လိုက် ခြင်းသာပဲ ဖြစ်လေသည်။

ရေကျော်ရပ်ကွက်၏ အစွန်ခပ်ကျကျ မီးရထားလမ်းဘေးရှိ အိမ်ပုကလေးတစ်လုံး၏ အခန်းတွင်းဝယ် ဖြစ်လေသည်။ အခန်းတွင်းဝယ် စာရွက်စာတမ်းနှင့် စာအုပ်များဖြင့် ပြန့်ကျဲလျက် ရှိလေသည်။ ဘယ်ဟာတစ်ခုမှ သေသေသပ်သပ်လည်း မရှိ၊ သူ့နေရာနှင့် သူ့နေရာလည်း မဟုတ်။ ခုတင်ဘေး ကြိုးတန်းတစ်လျှောက်ဝယ် လုံချည်၊ အင်္ကျီနှင့် မျက်နှာသုတ်ပဝါ အညစ်များမှာ တိုးလိုးတွဲလောင်းနှင့် အင်မတန်ပဲ စိတ်ပျက်စရာ ကောင်းလှသည်။ ခုတင်ဘေးအောက်ခြေဝယ် ၊Left Book Club ခေါ် လက်ဝဲစာအုပ်ကလပ်မှ ထုတ်ဝေသော စာအုပ် ဆယ့်လေးငါးအုပ်မှာ ဖုန်အလူးလူးနှင့် ဖရိုဖရဲ ဖြစ်နေသည်။

ခုတင်ခေါင်းရင်း နံရံဝယ် ခဲ့ညားသော ဓာတ်ပုံကြီးသုံးခုတော့ကာ ရှိသည်။ တစ်ပုံမှာ ခေါမရာဇဝင်နှင့် အကျုံးဝင်သော 'ဆိုကရေးတီး' ၏ပုံဖြစ်၍ ဒုတိယပုံမှာ ဗြာဟ္မဏ လူမျိုးတို့၏ အိုမင်းခဲ့ပြီဖြစ်သော အယူအဆများကို ခြားနားကာ မိမိယုံကြည်သော သံသရာမှ လွတ်မြောက်ရာ တရားစစ်ကို ရှာဖွေတွေ့ရှိခဲ့သော ဗုဒ္ဓဘုရား၏ ပုံတော်ဖြစ်လေသည်။ ကျန်တစ်ပုံကတော့ ဂျီးဆက်(ခ)ခရိုက်(စ်)၏ ပုံပဲဖြစ်လေသည်။ ခုတင်ခြေရင်းဝယ် နံရံ၌ ကပ်၍ချိတ်ထားသော တယောပြားကလေးမှာတော့ ကြိုးတွေက ပြတ်လို့။

"ကိုအုန်းကျော်"

လူမမာသည် အားနည်းသောလေသံဖြင့် ခေါ်လေသည်။

"ဗျာ... ကိုဘုန်းနိုင်၊ ခင်ဗျား တော်တော်ပဲ အခံရဆိုးသလား"

ကိုအုန်းကျော်သည် လူမမာအား ယုယစွာ မေးရှာသည်။

"ဆိုးတယ်ဗျ ကိုအုန်းကျော်၊ တော်တော်ကို ဆိုးတယ်"

လူမမာသည် မသက်မသာပြောနေလေသည်။

"ကျုပ်လည်း ဒေါက်တာဖေကျင်ဆီကို ရောက်ခဲ့သေးတယ်။ သူ့

ခများလည်း လက်ကို မလည်ရှာဘူးဗျာ"

"အဆုတ်နာဟာ တယ်ကြောက်ဖို့ ကောင်းသဗျာ ကိုအုန်းကျော်"

လှမမာသည် ညည်းညူနေသည်။ ကိုအုန်းကျော်ကတော့ လှမမာကိုသာ မသက်မသာကြည့်ရင်း ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်လေသည်။ ကိုဘုန်းနိုင်၏ ရောဂါဆိုးကြီးကို သူသိပါသည်။ အင်မတန်ရင်းနှီးသော မိတ်ဆွေချင်းမို့သာပဲ သူသည် ကိုဘုန်းနိုင်ကို ယခုကဲ့သို့ လာရောက်ကြည့်ရှုကာ အားပေးခြင်း ဖြစ်လေသည်။

ကိုဘုန်းနိုင်၏ချောင်းသည် ရိုးရိုးချောင်းတော့ မဟုတ်ချေ။ 'တူဘာတူလိုးစစ်' ခေါ် မိုင်ခရုပ်ပိုးကလေးများသည် သူ၏ အဆုတ်နှင့် သွေးသားအတွင်းဝယ် အင်အားကြီးမားကာ ထကြွသောင်းကျန်းနေသောကြောင့်ပဲ ဖြစ်လေသည်။

သူ့ရောဂါကိုလည်း ကိုဘုန်းနိုင်သည် ကောင်းစွာပဲ သိပါသည်။ သည်အဆုတ်ရောဂါသည် သူ့အား တဖြည်းဖြည်း လုံးပါးပါးစေမည့် ရောဂါပဲဖြစ်လေသည်။ သည်ရောဂါသာပဲ သူ့အား ရက်တိုတိုနှင့် သေခြင်း၏ မြစ်ကမ်းပါးသို့ ပို့ဆောင်မည်ကိုလည်း သူ သိပါပြီ။ သူသည် မကြောက်၊ ဝမ်းလည်းပဲ မနည်းလှ။ တစ်ခုတော့ရှိသည်။ သူ အံ့သြနေသည်။ သူ အံ့သြနေသည်မှာတော့ အခြား မဟုတ်ပါ။ အချိန်အနည်းငယ်မျှအတွင်း တိုက်တာအိမ်ခြေနှင့် လူပေါင်းမြောက်မြားစွာကို ဖျောက်ဖျက်ချေမှုန်းနိုင်သော ယမ်းဘီလူးများကိုတော့ မဖြစ်မနေ မရမက ရှာဖွေလုပ်ကိုင်နိုင်ခဲ့ကြသော လူယဉ်ကျေး လောကဓာတ်ဆရာကြီးများသည် လူသတ္တဝါကြီးများအတွက် အင်မတန်ပဲ ကြောက်စရာကောင်းလှသော အဆုတ်နာရောဂါများအား ဆေးမတွေ့နိုင်သေးခြင်းဘဲ ဖြစ်လေသည်။ သည်ဟာ တစ်ခုပါပဲ သူ အံ့သြနေသည်။ အင်မတန်ပဲ အံ့သြနေပါသည်။

သို့ရာတွင် သူ့အား အသက်တိုစေမည့် တူဘာတူလိုးစစ်ပိုးများထက်

သူ ခိုင်မြဲစွဲလမ်းစွာ ယုံကြည်ထားသော သူ၏ ပရင်စီပဲလ်ခေါ်မူကို ဆောင်ရွက်ရမှုက သာလွန်၍ အရေးကြီးသည်ဟု သူသည် ယူဆခဲ့သည်။ သဘောထားခဲ့သည်။

တစ်ရက်လျှင် ၂၄ နာရီရှိသည့်အနက် လူတစ်ယောက်အတွက် သူ အသက်ရှင်နိုင်ဖို့ရာ၌ အနည်းဆုံး ခုနစ်နာရီ အိပ်စက်ရပေလိမ့်မည်။ သို့ရာတွင် သူသည် အလုပ်နှင့် အကြံအစည်ဝယ်သာ သူ့အချိန်များကို ပေးထားခဲ့ရကား ၂၄ နာရီအတွင်းဝယ် သူသည် နှစ်နာရီ၊ သုံးနာရီထက် ပို၍ မေးခဲ့ခြင်း မရှိပေ။ နာရီပေါင်း ၂၀ ကျော် သူသည် ကိုယ်ခန္ဓာနှင့် ဦးနှောက်အလုပ်များကို လုပ်ခဲ့သည်။ အအိပ်ပျက်ခဲ့သည်။ လျော့ခဲ့သည်။ အအိပ်လျော့ခဲ့သဖြင့်၊ ပျက်ခဲ့သဖြင့် အစားလည်းပဲ လျော့ခဲ့သည်။ ပျက်ခဲ့ သည်။ အမှန်မှာ လူသည် အသက်ရှင်နိုင်အံ့သော အလို့ငှာ လုံလောက်စွာ အိပ်စက်ခြင်းနှင့် အစားအစာကို ရရှိစေရလေသည်။ သည်လို ရရှိစေနိုင်အံ့ သောငှာ လူတိုင်း သူတို့ဘာသာ မသိဘဲနှင့် လုပ်ကိုင်ရှာဖွေကြရသည်။ သည်လို လုပ်ကိုင်ရခြင်းသည် Law of Nature ခေါ် သဘာဝ၏ သဘောတရားအရပဲဖြစ်သည်။

သူသည် သဘာဝ၏ သဘောတရားကို ပုန်ကန်လိုက်လေသည်။ မှားလိုက်တဲ့ ကိုဘုန်းနိုင်၊ သည်လို သူပုန်ကန်လိုက်သဖြင့် သူ့မှာ အအိပ် အစား လျော့ပါးလာခဲ့သည်။ ထိုကဲ့သို့လျော့ပါးခဲ့သဖြင့် အစက အင်အား သေးငယ်နေသော တူဘာကူလိုးစစ်ပိုးကလေးများသည် သွေးသား အတွင်းဝယ် အိပ်ပျော်နေရာမှ ထကြွကာ သူ့အား နှိပ်စက်ကြလေသည်။ ထက်သန်တက်ကြွသော လူငယ်စိတ်ဓာတ်ဖြင့် သူ၏ ပရင်စီပဲလ်ကို စိတ် ရောကိုယ်ပါ လုပ်ကိုင်ခဲ့လေရာ သူ့အတွက် အင်မတန် အရေးကြီးသော ကျန်းမာရေးကို သူသည် သတိလစ်သွားခဲ့သည်။ သည်အထိပါပဲ လူငယ် တွေ အလုပ်လုပ်ခဲ့ကြပါသည်။

သို့ရာတွင် သီပေါ ပါသွားပြီးသည့်နောက် စစ်အုပ်ချုပ်ရေးမှစ၍ ဗျူရိုကရက်တစ်အုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေး စသော အုပ်ချုပ်ရေးများဝယ် 'ကုလားထိုင်နှင့် ရာထူး' ကို အရူးကြီးရူး၍ အမူးကြီးမူးလာခဲ့သော လူကြီးပိုင်းမှ မြန်မာ့နိုင်ငံရေး ခေါင်းဆောင်ကြီးများ၏ခုတုံးအဖြစ်ဖြင့်လည်းကောင်း၊ လက်ကိုင်တုတ်အဖြစ်ဖြင့်လည်းကောင်း –

သည်လောက် တော်လှန်ရေးစိတ်ဓာတ် ပြင်းပြစွာဖြင့် အလုပ်လုပ်ခဲ့ကြရှာသော လူငယ်များ အနင်းခံလိုက်ကြရရှာသည်။ အသုံးခံလိုက်ကြရရှာသည်။ အမှန်မှာလည်း လူငယ်တွေ သည်တုန်းက အတော်ပဲ ညံ့ပါသေးသည်။ ပျော့ပါသေးသည်။ လူငယ်တွေ လေ့လာမှုနည်းပါသေးသည်။ သည်ဟာကြောင့်လည်းပဲ သူတို့အမြင်မှာ ကျဉ်းမြောင်းလှသည်။ ကျောင်းသားခေါင်းဆောင်များ စေ့စပ်၍ သပိတ်လှန်လိုက်သောအခါ သူသည် စိတ်ချုံး လူချုံးဖြစ်ကာ ဗုန်းဗုန်းကြီး လဲကျသွားခြင်းပဲ ဖြစ်လေသည်။

ကိုဘုန်းနိုင်တစ်ယောက် အင်မတန် အဖိုးကြီးသော ရန်ကုန်တက္ကသိုလ်၌ ပညာသင်နေနိုင်သည်မှာ သူ၏ ဆင်းရဲသော မိဘများ၏ ခြိုးခြံမှုကြောင့်ပဲ ဖြစ်လေသည်။ သူသည် ဆင်းရဲသော မိဘများ၏ ဉာဏ်ကောင်းသော တစ်ယောက်တည်းသားဖြစ်သည်။ ၁၉၃၅ ခုနှစ်က သူသည် ဆယ်တန်းကို အင်္ဂလိပ်နှင့် မြန်မာစာများတွင် ထူးခြားသောအမှတ်ဖြင့် ကျော်လွှန်ခဲ့လေသည်။ သည်တုန်းကလည်း သူသည် ၁၈ နှစ်ပဲရှိသေးသည်။ သူသည် တက္ကသိုလ်ပညာကို အင်မတန်ပဲ အထင်ကြီးခဲ့သည်။ သူ အင်မတန် အထင်ကြီးလှသော တက္ကသိုလ်သို့ သူ သွားချင်လှပါသည်။ သို့ရာတွင် တက္ကသိုလ်သို့ ပညာသင် သွားရမှာတော့ မလွယ်ကြောင်းလည်းပဲ သူသိပါသည်။

သူ့အဖေသည် တစ်လ ၆၀ လောက်သာပဲ ရရှာသည်။ သူ

တက္ကသိုလ်တွင် လူတန်းစေ့ နေနိုင်ဖို့ရန် တစ်လ လေးငါးဆယ်ကို သည်လခ ကလေး ဖ၀ ထဲက ဖဲ့၍ပေးရပေလိမ့်မည်။ သည်လိုဆိုရင်တော့ သူ တက္ကသိုလ်ပညာကို သင်ယူနေသောအချိန်မှာ သူ့အဖေနှင့် သူ့အမေ သည် ငတ်နေရတော့မလို ဖြစ်နေသည်။ သူကလည်းပဲ တက္ကသိုလ်ကို သွားချင်လှပါဘိတောင်း။ သူ့အဖေသည် အဆုတ်နာသမားဖြစ်၍ ကြာ ရှည်စွာ အလုပ် လုပ်နိုင်တော့မည်မဟုတ်သည်ကိုလည်း သူ သိလေ သည်။ သူ တက္ကသိုလ်သို့ သွားဖို့ရန်မှာ အင်မတန်ပဲ ခဲယဉ်းနေလေ သည်။ သူ့အဖေနှင့် သူ့အမေကလည်း သည်လို ဉာဏ်ကောင်းသော ကလေးကို တက္ကသိုလ်၌ ပညာသင်စေချင်ရှာမှာပဲ ဖြစ်လေသည်။ ဒါပေမဲ့ တော့ကာ မြန်မာပြည်က တက္ကသိုလ်ကျောင်းစရိတ်သည် အင်မတန်ပဲ ဈေးကြီးလှပါဘိသည်။ ကိုဘုန်းနိုင်လို ဆင်းရဲနွမ်းပါးသော လူငယ် ကလေးများအတွက် တော်လျှင် တော်သလိုပဲ တက္ကသိုလ်ပညာရပ်များ ကို တက်ရောက်သင်ကြားခွင့်ပေးရန် မြန်မာပြည်အစိုးရသည် ထိုစဉ်က အတော်ပဲ ညံ့ပါသေးသည်။ အစိုးရသည် ပညာရေးဌာနအတွက် ငွေ သုံးညံ့တာကိုပဲ ဆိုလိုသည်။ ပညာရေးအတွက် သုံးသရွေ့ ငွေသည် တိုင်းပြည်နှင့် လူမျိုးအဆင့်အတန်း မြင့်လာနိုင်အောင် ရင်းလိုက်ခြင်းပဲ ဖြစ်လေသည်။ သည်လို ရင်းလိုက်သဖြင့် ရရှိလာသော အမြတ်ကိုတော့ ကာ ကျပ်ပဲပိုင်နှင့် တွက်၍မရနိုင်ပါ။ အဆင့်အတန်းမြင့်လာသော နိုင်ငံ တော်သူ၊ နိုင်ငံတော်သားများ ဖြစ်လာခြင်းသည် အမြတ်ပဲ မဟုတ်ပါ လား။

မြန်မာပြည်မှာ တက္ကသိုလ်ပညာရေးကား ဈေးကြီးလှပါသည်။ ဈေး ကြီးသော တက္ကသိုလ်သို့လည်း ကိုဘုန်းနိုင် သွားလိုလှပါသည်။ သွား သင့်ပါသည်။ ဒါပေမဲ့တော့ကာ သူ့အဖေသည် သူ့ကို မပို့နိုင်ရှာ။ သူသည် ငယ်ရွယ်သူဖြစ်သည့်အလျောက် မိဘများကို ဆူဆူပူပူလုပ်

လေသည်။ သူ့မိဘများကား သူ့အတွက် စိတ်မချမ်းမသာဖြစ်ခဲ့ကြရရှာသည်။ နောက်ဆုံး သူ့အမေသည် အိမ်စရိတ်ကို အောက်ဆုံးထစ်အထိလျှော့ကာ ချွေးရောင်း၍ သူအင်မတန်အထင်ကြီး၍ သွားချင်ရှာသော တက္ကသိုလ်သို့ သူ့ကို ပို့လိုက်လေသည်။ တက္ကသိုလ်သို့ ၁၉၃၅ ခုနှစ်၊ ဇွန်လတွင် ရောက်လာခဲ့လေသည်။

တက္ကသိုလ်ကျောင်းထွက်မှ လူတော်ဟူ၍ အထင်ကြီးကြသောခေတ်၊ တက္ကသိုလ်က ဒီဂရီတစ်ခုခု ဆွဲချိတ်လာမှပဲ ပညာတတ်သည်ဟု အသိအမှတ်ပြုကြသောခေတ်၊ သည်လိုခေတ်ထဲက လူငယ်တစ်ယောက်တက္ကသိုလ်သို့ သွားချင်ရှာမည်မှာ အပြစ်တင်စရာတော့ မဟုတ်ချေ။ အထူးသဖြင့် မစုံမလင်ရှိနေကြသေးသော လူငယ်လူရွယ်များသည် တစ်ဖက်သား အထင်အမြင်ကြီးမှုကို အင်မတန်ပဲ ခံယူလိုကြသည်။ မိမိမယုံကြည်ဘဲနှင့်၊ မသိပါဘဲနှင့် တစ်ဖက်သား အထင်ကြီးရန်အတွက် အထင်ကြီးစေမည့် ကိစ္စတစ်ခုခုကို လူငယ်များသည် ရမ်းရမ်းကားကား လုပ်တတ်ကြလေသည်။

ရန်ကုန်တက္ကသိုလ်မှာ အင်မတန်ပဲ ခံ့ညားထည်ဝါလှပါဘိသည်။ သည်လို ခံ့ညားထည်ဝါလှသော တက္ကသိုလ်သို့ ကိုဘုန်းနိုင်သည် မိဘများ၏ မြိုးခြံမှုဖြင့် ရောက်လာခဲ့သည်။ အမှန်ပါပဲ သူ တစ်ရံရောအခါက မျှော်မှန်းတမ်းတခဲ့ရသော တက္ကသိုလ်၊ သူ ရှေးသရောအခါက စိတ်ကူးသာပဲ ယဉ်၍ အထင်ကြီးထင်ခဲ့ရသော တက္ကသိုလ်သို့ သူ လက်တွေ့ရောက်လေပြီ။ အရှေ့ဘက်နိုင်ငံများအနက် အကောင်းဆုံး အဆောက်အအုံများဖြင့် အခံ့အညားဆုံးသော တက္ကသိုလ်ကျောင်းကို သူ တွေ့လေပြီ။ သူလည်းပဲ တက္ကသိုလ်၏ အလှအပဝယ် ယစ်မူးသွားလိုက်သည်။

မြန်မာလူမျိုးသည် မစူးမစမ်း မစဉ်းမစားဘဲနှင့် အလှအပမှန်သမျှ အင်မတန်ပဲ ကြိုက်တတ်သည်။ ရွှေခွက်နှင့် တိုက်လျှင် အဆိပ်ရည်ပင်

သောက်မည့်လူစားမျိုးဖြစ်သည်။ သည်ဟာကို ကောင်းကောင်းသိထားလိုက်သော နယ်ချဲ့သမားသည် လှပခံ့ညားသော တက္ကသိုလ်ကျောင်းတစ်ခုကို မြန်မာများ ငိုက်ကျလောက်အောင် ဖန်ဆင်းပေးလိုက်လေသည်။

မိုက်လိုက်တဲ့ မြန်မာတွေ ...

အတိတ်ကာလ၌ ပြာဖြစ်ကျန်ရစ်ခဲ့ပြီဖြစ်သော မြန်မာ့ရွှေနန်းရှင်လူပေါကြီးများ၏ မြို့တော်ဟောင်းများ၏ အမည်များဖြင့် စစ်ကိုင်းကျောင်းဆောင်၊ အင်းဝကျောင်းဆောင်၊ ပုဂံကျောင်းဆောင် စသည်ဖြင့် ကျောင်းသားများ နေထိုင်ရန် အဆောက်အအုံများကိုပင် မဟာဆန်ဆန် မြှောက်ထားပေးပြန်သည်။

ကိုဘုန်းနိုင်လို နယ်မှ ရောက်လာသော ကျောင်းသားအသစ်ကလေးများအတွက် ရန်ကုန်တက္ကသိုလ်သည် မူးလောက်စရာ၊ မက်လောက်စရာနှင့် မြောက်လောက်စရာပဲ ဖြစ်လေသည်။ မနေဖူးသော အနေ၊ မစားဖူးသော အစာများသည် ကိုဘုန်းနိုင်ကို စိတ်ထားတစ်မျိုး ပြောင်းလဲသွားစေသည်။ သည်လောက် ခံ့ညားထည်ဝါ၍ သည်လောက် အဆင့်အတန်းမြင့်သော တက္ကသိုလ်၏ပတ်ဝန်းကျင်အလှအပများဝယ် ကိုဘုန်းနိုင်သည် တစ်ခါတည်းပဲ ယစ်မူးသွားလေတော့သည်။

တယ်လည်း ဟုတ်လိုက်တဲ့ တက္ကသိုလ်

တယ်လည်း ဟုတ်လိုက်လေ ကိုဘုန်းနိုင်ရယ် ...

တက္ကသိုလ်ပတ်ဝန်းကျင် အလှမှာ သူ ယစ်မူးစဉ် ကိုဘုန်းနိုင်မှာ ရောဂါတစ်ခုကို ရရှိလိုက်လေသည်။ ထိုရောဂါမှာ SUPERIORITY COMPLEX ခေါ် အခြောက်တိုက် ဘဝင်မြင့်နေသော ရောဂါပဲဖြစ်သည်။ အမှန်မှာတော့ကာ သူ့မှာ စူးစမ်းဆင်ခြင်တတ်သော ဉာဏ် မရှိသေး၍သာပဲ အပေါ်ယံ ပကာသန၊ အလှအပကိုမက်မောပြီးလျှင် ရူးနေခြင်း၊ မူးနေခြင်းသာ ဖြစ်လေသည်။ အခြောက်တိုက် ဘဝင်မြင့်သော

ရောဂါသည် ကိုဘုန်းနိုင်အား တစ်နှစ်လောက်ပါပဲ ဖမ်းစားကာ တက္ကသိုလ်၏ပတ်ဝန်းကျင် ထည်ဝါခဲ့ညားမှု အလှအပမှာ ယစ်မူးတွေဝေစေခဲ့လေသည်။

**တက္ကသိုလ်ကျောင်းသားသမဂ္ဂ**
**သို့မဟုတ်**
**သူပုန်ကျောင်းသားများ**

သည် သူပုန်ကျောင်းသားများသည် ၁၉၃၆ ခု၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ဝယ် တက္ကသိုလ်၏ ဥပဒေများကို ချိုးဖျက်၍ တော်လှန်လိုက်ကြသည်။ သည်လို တော်လှန်လိုက်ခြင်းသည် တက္ကသိုလ်၏ပတ်ဝန်းကျင် အလှအပဝယ် ယစ်မူးနေသော ကျောင်းသားများနှင့် မြန်မာတစ်ပြည်လုံးကို တပ်လှန့်၍ နိူးလိုက်ခြင်းပဲ ဖြစ်လေသည်။

မြန်မာပြည်၏ နောင်ရာဇဝင်ကို ရေးမည်ကြံရွယ်သော ရာဇဝင်ဆရာတို့သည် ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်ကြီးကို အရေးအကြီးဆုံး အခန်းတစ်ခန်းမှာ ထားရှိရပေလိမ့်မည်။ သည်သပိတ်ကြီးသည် တိုက်ပွဲ၌ မအောင်မြင်ခဲ့သော်လည်း မြန်မာပြည်၏ အနာဂတ်ကာလအား သာယာဝပြောစွာ ဖန်တီးမည့် လက်ဝဲဂိုဏ်းသားများကို မွေးဖွားပေးလိုက်လေသည်။

အတုအပနှင့် အပေါ်ယံမျှသာဖြစ်သော ခံ့ညားထည်ဝါမှုနှင့် အလှအပများဝယ် ယစ်မူးနေခဲ့ရှာသော ကိုဘုန်းနိုင်တစ်ယောက်လည်းပဲ လန့်၍ နိုးခဲ့လေသည်။ သူသည် မျက်လုံးနှစ်လုံးကို ပွတ်သပ်၍ သူ့ဘဝနှင့် ပတ်ဝန်းကျင်ကို သေသေချာချာ ကြည့်တော့သည်။ သည်အခါ သူကြည့်ပုံမှာ သူ ယခင်က အကြည့်မျိုးနှင့် မတူတော့။ ယခင်အခါကများနှင့် တစ်ရံရောအခါက သူသည် သူ့ကိုယ်ကိုယ် လှည့်စားကာ အကြိုက်ကိုသာပဲ လိုက်၍ RATIONALISATION ခေါ် ဆင်ခြင်

ကြည့်ရှုခဲ့လေသည်။ ယခုတော့မူ သူသည် သူ့ကိုယ်ကိုယ်လည်း မလှည့်စား၊ အကြိုက်ကိုလည်းပဲ မလိုက်၊ REASONING ခေါ် ရိုးရိုး စဉ်းစားဆင်ခြင်၍ ကြည့်ရှုလေသည်။ သူ့ဘဝနှင့် ၎င်းပတ်ဝန်းကျင်အစစ်ကို သူမြင်လိုက်သည်။ သူမြင်လိုက်ရတာကတော့ မျောက်တစ်ကောင်နှင့် အုန်းသီးပဲဖြစ်လေသည်။ အင်မတန် ခံ့ညားထည်ဝါ၍ ကိရိယာတန်ဆာပြည့်စုံသော တက္ကသိုလ်တော့ မှန်ပါသည်။ သို့ရာတွင် သည်တက္ကသိုလ်သည် ခဲတံလုပ်တတ်အောင်ပင် သင်မပေးခဲ့ချေ။ တက္ကသိုလ်က ဒီဂရီ ရိုးရိုးတစ်ခု ရရုံမျှနှင့် လခစားအလုပ်ပင် ခပ်ကျပ်ကျပ်ဖြစ်နေသည်။ ဒီဂရီနောက်မှ အချိတ်အဆွယ်ကလေးပါမှသာပဲ လခစား ကျွန်အလုပ် ရတော့မလို ဖြစ်နေသေးတော့။ သည်မျှဆိုးဝါးသော တက္ကသိုလ်ပညာနှင့် ထွက်ရပ်လမ်းကို သူ ရှာဖွေကြည့်သည်။

သူ အစပထမတွေ့ရသော အရာမှာ သူ့ဘဝနှင့် ဆေးပတ်ဝန်းကျင်ပဲ ဖြစ်လေသည်။ သူ့ဘဝမှာ အုန်းသီးကိုရသော်လည်း မခွဲနိုင်သောမျောက်ဖြစ်၍ သူ့ပတ်ဝန်းကျင်မှာ နယ်ချဲ့သမား ဂျွန်ဘူး(လ်) ၏ ချုပ်နှောင်ထားသောကြိုး ဖြစ်လေသည်။ သူ၏ ဆိုးဝါးသောဘဝနှင့် ကြောက်စရာကောင်းလှသော ပတ်ဝန်းကျင်ကို သူသိလိုက်ပြီး အရင့် အရင်လူတွေဟာ သူ့လို မသိခဲ့ကြရှာသလားဟု သူတွေးသည်။ သူ ပြန်၍ လေ့လာကြည့်သည်။

အတိတ်ကာလ၌ လူများ ဘာတွေတွေးကြသည်၊ ဘာတွေလုပ်ခဲ့ကြသည်။ သည်လိုတွေးလို့၊ သည်လိုလုပ်ခဲ့လို့ ငါသည်ဘဝကို မျက်မှောက်ပြုကြရသည်။ သူသည် ရာဇဝင်ကို လေ့လာတတ်ရမှန်း သဘောပေါက်ခဲ့သည်။ အတိတ်ရာဇဝင်သည် ပစ္စုပ္ပန်ဘဝအား ဖန်တီးခဲ့ပြီဖြစ်၍ ပစ္စုပ္ပန်ကာလသည် အနာဂတ်ကာလအား ရှေ့တော်ပြေးလျက် ရှိလေသည်။

ပစ္စုပ္ပန်၏ ဆိုးဝါးသောဘဝမှ ထွက်မြောက်နိုင်ရန် သူသည် ရုန်းကန် တိုက်ခိုက်ရပေလိမ့်မည်။ သည်လို ထွက်ရပ်လမ်းအတွက် မတိုက်မီ အတိတ်ကာလ ရာဇဝင်ကို ညှိနှိုင်း၍ ပညာရှာဖွေရတော့ သူ့အဖို့ရာ အတော်ပဲ အထောက်အပံ့ ရပေလိမ့်မည်ဟု သူ ယုံကြည်မိလေသည်။

နယ်ချဲ့သမားသည် မြန်မာဘုရင်ကို ဖမ်းသွားပြီးသည့်နောက် ကျွန်ကောင်းကောင်းရရန် တစ်ခုတည်းသော ရည်ရွယ်ချက်ဖြင့် ရန်ကုန်တက္ကသိုလ်အား ကာလကတ္တားတက္ကသိုလ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် တည်ထောင်ဖန်ဆင်းပေးခဲ့လေသည်။ နယ်ချဲ့အချင်းချင်း စားကျက်လုကြသော ၁၉၁၄–၁၈ ခု ကမ္ဘာစစ်ကြီးသည်လည်းကောင်း၊ ၁၉၁၇ ခုနှစ် ရုရှားဆင်းရဲသားတို့ တော်လှန်အောင်မြင်ရေးသည်လည်းကောင်း ကမ္ဘာကြီးတစ်ခုလုံးတွင် နိုးကြားမှု၊ လှုပ်ရှားမှုများကို မွေးဖွားလိုက်လေသည်။ မြန်မာပြည်၏ နိုင်ငံရေးမှာ အိန္ဒိယ၏ လက်အောက်ခံပြည်နယ်တစ်ခု အဖြစ်ဖြင့်လည်းကောင်း၊ ဗျူရိုကရက်တစ် အုပ်ချုပ်ရေးအောက်ဝယ် လည်းကောင်း အင်မတန်ပဲ အောက်တန်းကျခဲ့သည်။ ဘာသာ၊ သာသနာကိုပဲ အဓိကထားသော ဝိုင်–အမ်–ဘီ–အေ နှင့် လူငယ်ပိုင်းမှ ဂျီ–စီ–ဘီ–အေ တို့ပင်လျှင် ပြောင်းလဲရေးများကို မြိန်ရေရှက်ရေနှင့် လက်ခံကြသောအချိန် ဖြစ်လေသည်။

၁၉၂၀ ခုနှစ် သပိတ်သည် ပေါ်ပေါက်လာခဲ့သည်။ ဒီသပိတ်မှာ ပညာရေးအတွက် သပိတ်သက်သက်ပဲဖြစ်လေသည်။ တစ်ခုတော့ရှိသည်။ အမျိုးသားတက္ကသိုလ်နှင့် ကျောင်းများ ပေါ်ပေါက်လာခဲ့လေသည်။

ကျောင်းသားခေါင်းဆောင်များကား အမြင်မကျယ်လှသေး။ ပျော့သေးသည်။ ညံ့သေးသည်။ မြန်မာ့လူနည်းစုအမြင်နှင့်တော့ကာ သည်သပိတ်ပင်လျှင် အမျိုးသားနေ့ကို မွေးဖွားနိုင်ခဲ့သေးတော့သည်။ အမှန်မှာ

ကျောင်းသားများ သည်အချိန်ကစ၍ နိုင်ငံရေးကို တွေ့လေသည်။ တွေ့သည်နှင့်သာ ဆိုရသည်။ သူတို့အတွေ့မှာ ဟန်အတွေ့သာပဲဖြစ်သည်။ တကယ့်နိုင်ငံရေးကို သူတို့မတွေ့ကြသေး။ သူတို့တွေ့သော နိုင်ငံရေးမှာ လူနည်းစု ကြေးရတတ်တို့၏ လွတ်လပ်ရေးသာပဲဖြစ်လေသည်။ ၁၉၂၂ ခုနှစ်က မြန်မာပြည်သို့ တိုးတက်၍ ပေးအပ်သော ဒိုင်အာခီ အုပ်ချုပ်ရေးမှာ မြန်မာကြေးရတတ် လူနည်းစုအား ဝေစုခွဲပေးလိုက်သော အုပ်ချုပ်ရေးပဲ ဖြစ်လေသည်။ အုပ်ချုပ်ရေးကို ရသည်မှာလည်း ကျောင်းသားများ၏ အထောက်အပံ့လည်းပဲ ပါလေသည်။ တစ်ခုတော့ကာ ရှိသည်။ ထိုခေတ်ကျောင်းသားများသည် နှောင်းခေတ်ကျောင်းသားများအတွက် သူပုန်စိတ်ကို သန္ဓေတည်ပေးခဲ့လေသည်။

အမျိုးသားကျောင်းများ ပေါ်ပေါက်လာသဖြင့် ကြီးလေးသော စာသင်စရိတ် လျော့လာကာ ဆင်းရဲသား သားသမီးများ ခေတ်ပညာကို သင်ကြားနိုင်ခွင့် တိုးတက်ရရှိလာခဲ့လေသည်။

## ၁၉၂၇ ခုနှစ်

သည်နှစ်မှာပဲ တက္ကသိုလ်သမဂ္ဂကို မွေးဖွားလိုက်သည်။ တက္ကသိုလ်သမဂ္ဂကို ကျောင်းသားများအလိုကျ တည်ထောင်ပေးသော တက္ကသိုလ်အာဏာပိုင်များ၏စိတ်တွင် သမဂ္ဂကို လွတ်တော်အငယ်စား အခြေမျိုးလောက်သာပဲ မှန်းထားကြလေသည်။ သူတို့၏သဘောတွင် သမဂ္ဂ၏ အဓိကတာဝန်မှာ အာကျယ်ကျယ် စွာတာတာနှင့် တိုင်းပြည်ကို ကောင်းကောင်း ညာတတ်လှိုင်းတတ်အောင် လေ့ကျင့်ပေးဖို့လောက်သာပဲ ရည်ရွယ်ခဲ့လေသည်။

မှားလိုက်တဲ့ တက္ကသိုလ်အာဏာပိုင်တွေ ...

'သမဂ္ဂ' သည် ကျောင်းသားများရှေ့က မားမားရပ်ကာ ကျောင်းသား

များ၏ အခွင့်အရေးကိုလည်းကောင်း၊ ဆင်းရဲသား ပစ္စည်းမဲ့များ၏ ထွက်ရပ်လမ်းကိုလည်းကောင်း သူတို့နှင့်ရော နယ်ချဲ့သမား အရင်းရှင်များနှင့်ရော နောင်လာအခါ အတိုက်အခံလုပ်လိမ့်မည်ကို သူတို့ကတော့ ထိုစဉ်က ရိပ်မိခဲ့ဟန်မတူ။

ပထမအစကတော့ သူတို့ထင်သည့်အတိုင်း သမဂ္ဂသည် လက်ယာဂိုဏ်းသားများ ကြီးစိုးကာ မငြင်းမဆန်ဘဲ ဆောင်ရွက်လာခဲ့လေ၏။

## အချိန်

၁၉၂၇ ခုနှစ်သည် တဖြည်းဖြည်း အိုမင်းရင့်ရော်ခဲ့လေသည်။ တက္ကသိုလ် သမဂ္ဂ၌တော့ လက်ယာဂိုဏ်းသားများပဲ ကြီးစိုးနေကြတုန်းဖြစ်သည်။ သည်ဟာကြောင့်ပဲ ၁၉၂၇ ခုနှစ်က အတော်လှုပ်ရှားသွားခဲ့သော မီးရထားအလုပ်သမားသပိတ်ကို ကူညီရမှန်း နားမလည်ခဲ့ချေ။

## ၁၉၂၉ ခုနှစ်

အမေရိကန်မှ အစပြုသော ကမ္ဘာ့စီးပွားရေး ကျပ်တည်းမှုကြီးတွင် မြန်မာပြည်သည် အလူးအလဲပဲ ခံလိုက်ရရှာလေသည်။ တိုးတက်များပြားလာသော အလုပ်လက်မဲ့များ၊ စပါးတစ်ရာလျှင် နှစ်ရာအထက်မှ လေးဆယ့်ငါးကျပ်၊ လေးဆယ်အထိ ဈေးကျခြင်း၊ အရောင်းအဝယ် ပျက်ပြားခြင်း၊ လယ်သမားများ လယ်လက်လွှတ်ဘဝသို့ ဆိုက်ရောက်ရခြင်း၊ ငတ်မွတ်သောဘဝသို့ အများအပြား ရောက်ရခြင်း။

အမှန်မှာတော့ ရောက်သမျှ ဘေးဒဏ်ကို ဆင်းရဲသား အလုပ်သမား၊ လယ်သမားများသာ ကျုံး၍၊ ကုန်း၍ ခံလိုက်ကြရရှာသည်။

ထမင်းဝဝ မစားရရှာကြသော အလုပ်သမားများ၏ တော်လှန်ပုန်ကန်လိုသည့် စိတ်ဓာတ်ကို နယ်ချဲ့သမားသည် ကုလား–မြန်မာ အဓိ

ကရုဏ်းဖြစ်အောင် ဖန်တီးလိုက်လေသည်။ ကုလားဆင်းရဲသားနှင့် မြန်မာဆင်းရဲသားများကား နယ်ချဲ့သမား၏ ပရိယာယ်တွင် ယစ်မူးကာ လူတစ်တန်းစားတည်းချင်း တိုက်ခိုက် သတ်ဖြတ်ခဲ့ကြလေသည်။

သာယာဝတီသူပုန်ကြီး သို့မဟုတ် လယ်သမားအရေးတော်ပုံ၊ သည်အရေးတော်ပုံကြီးမှာ ငတ်၍ မသေလိုဘဲ တိုက်ရင်းသေဖို့ စိတ်ဓာတ်ရှိသည့် လယ်သမား သူပုန်ကြီးပဲ ဖြစ်လေသည်။

ယဉ်ကျေးသည်ဟု သူတို့ကိုယ်ကိုယ် အယူရှိသော နယ်ချဲ့သမားသည် ငတ်၍ ပုန်ကန်ကြသော လယ်သမားများကို ရက်ရက်စက်စက်ကြီးပဲ သတ်ဖြတ်နှိပ်ကွပ်ပစ်လိုက်လေသည်။ သည်လို လယ်သမားတွေကို ရက်ရက်စက်စက်ကြီး နှိပ်ကွပ်လိုက်သဖြင့် အသွင်အပြင်အားဖြင့်တော့ ငြိမ်းချမ်းသွားပုံရသော်လည်း အတွင်းကတော့ မငြိမ်းတော့ချေ။ မြန်မာတွေ တော်လှန်ပြီဟူသော အသိတရားသည် လူတိုင်းစိတ်ဝယ်ကိန်းဝပ်ခဲ့ကြသည်။ သူပုန်ကြီးကြောင့်လည်းပဲ မြန်မာလူငယ်တွေ ထိထိရောက်ရောက် နိုးကြားလာခဲ့သည်။ လက်ဝဲဂိုဏ်းသားများကို မွေးထုတ်မည့် လူငယ်အသင်းများ တည်ထောင်ခဲ့ကြသည်။

သည်အချိန်လောက်မှာ တက္ကသိုလ်သမဂ္ဂ၌ လက်ဝဲဂိုဏ်းသားများကြီးစိုးစ ပြုလေပြီ။ သို့ရာတွင် လက်ဝဲဂိုဏ်းသားများကား သမဂ္ဂကို ခေါင်းဆောင်နိုင်လောက်အောင် အရည်အချင်းမရှိကြသေး။ အင်အားမရှိကြသေး။ သည်ခေတ်လောက်ဆီက တက္ကသိုလ်သမဂ္ဂမှ ကိုဗစိန်နှင့် ဂန္ထလောကမှ သူပုန်စာရေးဆရာ ကိုဘသောင်းတို့ 'တို့ဗမာအစည်းအရုံး' ကို မွေးဖွားလိုက်ကြလေသည်။ 'တို့ဗမာအစည်းအရုံး' ဆိုသည့်အတိုင်းပဲ ပြင်းထန်သော လူငယ်တစ်စု၏ မျိုးချစ်စိတ်ဓာတ်ဖြင့် လူကြီးပိုင်း နိုင်ငံရေးခေါင်းဆောင်များကို မကျေနပ်ကြ၍လည်းကောင်း၊ ကုလား– မြန်မာ အဓိကရုဏ်းနှင့် လယ်သမားသူပုန်ကြောင့်လည်းကောင်း မြန်မာ လူငယ်

ပညာတတ်ကလေးများသည် ထောင်ကျခံ၊ အဆင်းရဲ အပင်ပန်းခံကာ တော်လှန်မည့်အင်အားစု အဆောက်အအုံကို တည်ထောင်မိကြလေသည်။ အမှန်မှာ 'တို့ဗမာအစည်းအရုံး' သည် ပညာတတ် လူငယ်ပိုင်း နိုင်ငံရေးသမားများအား အရောင်တင်ပေးခဲ့သော အစည်းအရုံးပဲ ဖြစ်သည်။ လူကြီးများအား ပုန်ကန်ကာ တကယ့်နိုင်ငံရေးကို လုပ်ကိုင်ကြမည့် အနာဂတ်ခေါင်းဆောင်ကြီးများကို တို့ဗမာအစည်းအရုံးသည် သန္ဓေတည်ခဲ့လေသည်။

ကျောင်းသားများလည်းပဲ စီးပွားကျပ်တည်းမှု၊ တိုင်းပြည်မငြိမ်သက်မှုများကြောင့် သူတို့၏ဘဝနှင့် ပတ်ဝန်းကျင်ကို တွေးတောစဉ်းစားစပြုလေသည်။ ယခင်ကကဲ့သို့ မင်းသားဟန် စတိုင်နှင့် သုံးဖြုန်းကာလည်း မနေနိုင်ကြတော့ဘဲ ကျောင်းမှထွက်လျှင် ဆိုးဝါးလှသော အလုပ်လက်မဲ့ ဘဝကြီးသို့ ရှေးရှုရတော့မည်ကို မြင်လာကြလေသည်။ ယူနီဗာစီတီ ကောလိပ်ကျောင်း ဆိုသည်မှာ နယ်ချဲ့သမားက ခံ့ညားလှပစွာ ဆောက်လုပ်၍ထားကာ ဒီဂရီရရှိသူများအတွက် စာရေးအလုပ်လောက်ကိုသာပေး၍ ဒီဂရီထက်ပိုကာ ဂုဏ်ထူးယူနိုင်သောသူများအတွက် လောက်သာ 'ချိုထားဆပ်' ခေါ် သခင်ကလေး အလုပ်လောက်ကိုပေးဖို့ ရည်ရွယ်ထားမှန်း သူတို့ သိတတ်လာကြသည်။ သူတို့၏ ရှေ့ရေးကို တွေးတောပူပန်ရမှန်း သူတို့ သိတတ်လာကြသည်။ လူအဖြစ်ကို ရရှိသော်လည်းပဲ လူကဲ့သို့ စိတ်ချလက်ချမနေဘဲ အမြဲတစေ ပူပင်သောကရောက်နေရခြင်းမှာ အဆုံးမှာတော့ 'ကျွန်ဘဝ' နှင့် နေရလို့ပါကလားဟု နယ်ချဲ့စနစ်ဘေးအန္တရာယ်ကြီးကို သူတို့ တွေ့ကြသည်။ သည်အချိန်လောက်ဆီက ကျောင်းသားတွေ ပြင်းထန်သော မျိုးချစ်စိတ် ကိန်းအောင်းလာကြလေသည်။ သို့ရာတွင် နယ်ချဲ့စနစ် တိုက်ဖျက်ရေးအင် အားစုတွင် ဆင်းရဲသား အလုပ်သမားများနှင့် ပူးပေါင်းရမည်ကို မမြင်ခဲ့ကြသေးချေ။

## ၁၉၃၅-၃၆ ခုနှစ်နှင့် သမဂ္ဂ

သည်နှစ်မှာပဲ ကိုဘုန်းနိုင် တက္ကသိုလ်သို့ ရောက်လာသောအခါ တက္ကသိုလ်သမဂ္ဂဝယ် လက်ဝဲဂိုဏ်းသားများ ရှိလေပြီ။ သို့ရာတွင် လက်ဝဲဂိုဏ်းသား အင်အားကား နည်းပါးလှပါသေးသည်။ သည်လို နည်းပါးတာကြောင့်လည်းပဲ သူတို့ ကျောင်းသားများနှင့်သာ သက်ဆိုင်သော ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးလောက်မျှ တောင်းဆိုခဲ့ကြလေသည်။ အမှန်မှာ သည်လောက် တောင်းဆိုချက်ကလေးမျှနှင့်သာပဲ သူတို့ ရောင့်ရဲကြရသည်။ အကြောင်းရင်းကို စိစစ်ရှာဖွေလျှင် သည်သပိတ်ကို လက်ဝဲဂိုဏ်းသားများ ခေါင်းမဆောင်နိုင်ခြင်းကြောင့်ပဲ ဖြစ်လေသည်။ သပိတ်မှောက်စဉ်က ခေါင်းဆောင်မှာ ကိုနု ဖြစ်သော်လည်း သပိတ် လှန်ပြီးသောအခါ၌လည်းကောင်း၊ မှောက်ဆဲအခါ၌လည်းကောင်း ကိုနု သည် ခေါင်းဆောင် မဟုတ်တော့ချေ။

သည်သပိတ်ကြီးသည် တက္ကသိုလ်၏ အတုအပနှင့် အပေါ်ယံမျှ ဖြစ်သော အလှအပဝယ် ယစ်မူးနေခဲ့ရှာသော ကိုဘုန်းနိုင်အား တပ်လှန့် ၍ နှိုးခဲ့လေသည်။ သူ့ဘဝနှင့် ပတ်ဝန်းကျင်ကို ဖန်တီးခဲ့သော အတိတ် ကာလ ရာဇဝင်ကောင်ကို သူ တွေ့လေပြီ။ သည်ဘဝနှင့် ပတ်ဝန်းကျင်မှ ထွက်မြောက်ရာလမ်းကိုလည်းပဲ သူ တွေ့လေပြီ။

ကျဉ်းမြောင်းလှသော ပညာရေးပြုပြင်ပြောင်းလဲမှုလောက်ကိုသာပဲ တောင်းဆိုခဲ့ကြသော သပိတ်ခေါင်းဆောင်များသည် သပိတ်လှန်လိုက် ခဲ့ကြသည်။ အမှန်မှာတော့ သူတို့မှာ DEFEATIST MENTALITY ခေါ် အရှုံးပေးလိုသော စိတ်ဓာတ်က လွှမ်းမိုးနေလေသည်။ ခေါင်းဆောင် များကား မညှံ့၊ ပြုပြင်ရေးသမားများဖြစ်သည်။

သည်တုန်းက လက်ဝဲဂိုဏ်းသားများထဲမှ ခေါင်းဆောင်အစားမထိုး နိုင်ခဲ့သည်မှာ သူတို့ညံ့၍ပဲဖြစ်ကြသည်။ သူတို့ညံ့၍ ထိုသပိတ်ကို ပြုပြင်

ရေးသမားများ၊ လက်ယာဂိုဏ်းသားများ ကြီးစိုးကာ လှန်လိုက်ကြရသော် လည်း ထိုအရေးတော်ပုံသည် ကျောင်းသားများအတွက်သာမကဘဲ မြန်မာ တစ်ပြည်လုံးအတွက် ထူးခြားကာ ရာဇဝင်တွင်ရမည့် အခန်းဖြစ်လေ သည်။ ပထမအကြိမ် ကျောင်းသားများ စုရုံးမိကြသည်။ မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများသမဂ္ဂကို သည်သပိတ်ကြီးကပဲ မွေးဖွားပေး လိုက်သည်။

ဒုတိယအကြိမ်မြောက် မန္တလေးကွန်ဖရင့်မှစ၍ ကျောင်းသားများကို ကိုအောင်ဆန်း ခေါင်းဆောင်ခဲ့သည်။ ကျဉ်းမြောင်းလှသော ပညာရေး ပတ်ဝန်းကျင်မှ လူထုနှင့်သက်ဆိုင်သော ပတ်ဝန်းကျင်သို့ ကူးပြောင်းလာ ခဲ့ပေသည်။

အမှန်မှာတော့ကာ သမဂ္ဂသည် နယ်ချဲ့စနစ်တရားခံနှင့် အရင်းရှင် ရာဇဝတ်ကောင်ကို မျောက်အုန်းသီးရသလို ဘဝမှ တွေ့မြင်လိုက်ခြင်းဖြစ် လေသည်။ သူတို့၏ဘဝနှင့် ပတ်ဝန်းကျင်မှ ထွက်မြောက်ရာလမ်းကို သူတို့ စာကြည့်ခန်းအတွင်းမှ အပြင်ဘက်သို့ ကြည့်ရှုကြလေသည်။

အလုပ်သမား၊ လယ်သမား ဆင်းရဲသားများ။

သည်အင်အားစုကို သူတို့ တွေ့လိုက်ကြသည်။

သည်ဟာကြောင့်လည်းပဲ ၁၉၂၀ ခုနှစ် သပိတ်နှင့် ၁၉၃၆ ခု သပိတ် ကို ခြားနားသည်ဟု ဆိုရပေလိမ့်မည်။

သည်သပိတ်ကြီးသည် တက္ကသိုလ်၏ ခုံညားထည်ဝါမှု ပကာသန ဝယ် အမူးကြီးမူးရှာခဲ့သော ကိုဘုန်းနိုင်အား ဘဝသစ်သို့ ရှေးရှုပို့ဆောင် ခဲ့လေသည်။ အတုအပမျှသာ ဖြစ်တော့သော သည်တက္ကသိုလ်ကို သူ သည် အင်မတန်မှ စိတ်နာခဲ့ပါသည်။ ရွှေကျောင်းပြောင်း၍ ဝမ်းခေါင် လှပါဘိသော တက္ကသိုလ်၊ လူတန်းစား ခွဲခြားပစ်သော တက္ကသိုလ်၊ ဆင်းရဲသား သားသမီးများမှာ ဉာဏ်ကောင်းပါလျက်၊ လာချင်လျက်နှင့်

မောင်းထုတ်သော တက္ကသိုလ်၊ လူတစ်ဆုပ်စာအတွက် တက္ကသိုလ်၊ ကျွန်ပညာကိုသာပဲ ပေးသော သည်တက္ကသိုလ်ကြီးကို ယမ်းဘီလူးနှင့် အမြစ်ကပါ ဖြုချလိုက်ပြီး လူတိုင်းနေနိုင်မည့် တက္ကသိုလ်၊ တကယ့်ပညာကိုသာ ပေးနိုင်မည့် တက္ကသိုလ်ကိုသာပဲ တည်ထောင်လိုသော လူငယ်တစ်ဦး ဖြစ်လာသည်။ ပညာရေးပတ်ဝန်းကျင် တစ်ခုတည်း၌သာ မဟုတ်တော့ဘဲ လူသတ္တဝါများ၏ မညီမမျှဘဲ မအေးမချမ်းလှသော လူ့အဆောက်အအုံကြီးကိုပါ အမြစ်ကစ၍ ပြောင်းလဲပစ်လိုက်ချင်သော စိတ်ဓာတ်များသည် သူ၏အတွင်းစိတ်ဝယ် ကိန်းအောင်းစပြုခဲ့လေပြီ။

သူသည် အပြင်ဘက်လောကကို စောင်းငဲ့၍ ကြည့်ရှုလိုက်လေသည်။ ဒိုင်အာခီသက်တမ်းကုန်၍ ဇွာ ဌာနအုပ်ချုပ်ရေးဝယ် မင်းသားကြီးများသည် ခွက်စောင်းခုတ်နေကြလေသည်။ မြန်မာပြည်သည် အိန္ဒိယလက်အောက်မှ ခွဲထွက်ကာ သီးခြားကျွန်နိုင်ငံတစ်ခု ဖြစ်လာသည်။ အတုအပဖြစ်သော အထက်အောက် လွှတ်တော်နှစ်ခုကို ဖန်ဆင်းပေးလိုက်၍ မင်းသားကြီးတစ်စုကို တဒီးဒီးနှင့် တိုက်ပေးလိုက်သည်။ သည်လိုတိုက်ပေးပြီးသည်နောက် နယ်ချဲ့စနစ်၏ကိုယ်စားလှယ် ဘုရင်ခံသည် အာဏာတွေ တစ်ပုံကြီးကိုင်ကာ မင်းသားကြီးများကို လက်ခုပ်တီးပေးမည့် ဗြိတိသျှအရင်းရှင်ကြီးများနှင့် ဘေးလွတ်ရာ ခပ်လှမ်းလှမ်းမှ ထိုင်၍ကြည့်နေလေသည်။

သည်လို မင်းသားကြီးများ တဒီးဒီးနှင့်တိုက်နေကြ၍ နယ်ချဲ့သမားက ဘေးမှ ဓိမ်နှင့်ကြည့်နေစဉ် တစ်နှစ်လျှင် အမြတ်ငွေသန်းပေါင်း ၆၀ မှ ၁၀၀ အထိ အရယူနေသော ဘီ–အို–စီ သည် သူ၏ အလုပ်သမားများအား တစ်နှစ်လျှင် ခုနစ်သန်းမှ ၁၀ သန်းလောက်အထိသာ ဆင်းဆင်းရဲရဲ ငတ်ငတ်ပြတ်ပြတ်နှင့် ပေးထားလေသည်။ သည်လို နိုင်လိုမင်းထက်နှင့် အလုပ်သမား ဆင်းရဲသားများအား ရက်ရက်စက်စက် လုယူနေ

သော အရင်းရှင်ကြီးများအား အလုပ်သမားတို့သည် မခံမရပ်နိုင်အောင် ဖြစ်၍ လာတော့သည်။

လယ်သီးစားဥပဒေကြမ်းကို အတည်ဖြစ်စေရန် လယ်သမားများသည် ကြိုးစားလျက် ရှိကြလေသည်။

ဆိုးဝါးလှသော ကုလား-မြန်မာ အဓိကရုဏ်းကြီး ပြီးစအချိန်တွင် အလုပ်သမားနှင့် လယ်သမားများသည် မကျေမချမ်းနိုင်တော့ဘဲ လှုပ်လှုပ်ရွရွ ဖြစ်လာကုန်တော့သည်။

ကိုဘုန်းနိုင်သည် တိုးတက်နေသော အင်အားစုနှင့် ဖောက်ပြန်နေသော အင်အားစုနှစ်ခုကို တွေ့လေသည်။ သည်အင်အားစုနှစ်ခုသည် စောင်လျက်ရှိလေသည်။ ခေါင်းဆောင်မှုနှင့် အချိန်သာပဲ လိုတော့သည်။

ဥက္ကဋ္ဌ ကိုဗဟိန်းနှင့် အတွင်းရေးမှူး ကိုဗဆွေတို့သည် မကွေးမှ အလုပ်သမားများ ရန်ကုန်ဆီသို့ အမြန်ဆုံး ချီတက်လာနိုင်ရန် သွားရောက်ကူညီခေါင်းဆောင်ရာမှ ပုဒ်မ ၁၀၇ နှင့် နယ်ချဲ့အစိုးရသည် ဖမ်းလိုက်လေသည်။ သည်လို ဖမ်းလိုက်ခြင်းသည် နယ်ချဲ့သမားအဖို့ အမှားကြီး မှားလိုက်ခြင်း ဖြစ်လေသည်။ အမှန်မှာ သည်လို ဖမ်းလိုက်ခြင်းသည် ကျောင်းသားများကို ဆူပူရန် အခါပေးလိုက်သကဲ့သို့ ဖြစ်သွားလေသည်။ ပေါက်ကွဲတော့အံ့ဆဲဆဲ ယမ်းအိုးကြီးထဲသို့ မီးပွားချပေးလိုက်ခြင်းသာပဲဖြစ်လေသည်။ သူတို့နှစ်ယောက်ကို မဖမ်းစေကာမူ သည်အရေးတော်ပုံသည် အနေးနဲ့အမြန်ဆိုသလို ဖြစ်ပေါ်လာတော့မည်ကား မလွဲကေန်ပဲဖြစ်တော့သည်။

## သူပုန်-သူပုန်-ထ-ထ

ကိုဘုန်းနိုင်သည် တစ်ခုတည်းသော မူ၊ တစ်ခုတည်းသော သံမဏိယုံကြည်ချက်ဖြင့် ဆင်းရဲချို့ငဲ့စွာနှင့် ကျောင်းသို့ပို့ရရှာသော မိဘများ

ကိုသော်မှ မငဲ့ကွက်နိုင်တော့တဲ တက္ကသိုလ်ဥပဒေကို တော်လှန်၍ နယ်ချဲ့စနစ်ကို ပုန်ကန်ရန် ထွက်လာခဲ့လေသည်။ အဘယ်နိုင်ငံရေးပါတီကမှ စိတ်ကူးမထည့်ဝံ့ခဲ့သော ပြည်သူ့လွတ်လပ်မှုကို ချုပ်ချယ်ထားသည့် ဥပဒေပုဒ်မများကို ချိုးဖဲ့ကာ ကျောင်းသားများသာ တပ်ဦးမှ ရင်ကော့၍ ရှေ့ဆောင်ကာ အာဏာဖီဆန်ခဲ့ကြလေသည်။ ဖောက်ပြန်နေသော အင်အားစု၏ နှိပ်ကွပ်မှုကို ခံနေရရှာသော ပစ္စည်းမဲ့ ဆင်းရဲသား အလုပ်သမားများအား ခေါင်းဆောင်ရန် ကျောင်းသားများ နိုင်ငံရေးနယ်ထဲသို့ ခြေစုံပစ်၍ ဝင်လိုက်ကြသည်။

ဆင်းရဲသား အလုပ်သမား၊ လယ်သမားတို့၏ တိုးတက်နေသော အင်အားစုနှင့် သွေးစည်း၍ နယ်ချဲ့စနစ်ကို တိုက်ဖျက်ရန် မူချင်းတူနေသော ကျောင်းသားများသမဂ္ဂနှင့် တို့ဗမာအစည်းအရုံးသည် ပူးပေါင်းလိုက်ကြလေသည်။

## ၁၃၀၀ ပြည့် အရေးတော်ပုံ

ကျောင်းသားများနှင့် တို့ဗမာအစည်းအရုံးက ခေါင်းဆောင်ခဲ့ကြသည်။ လယ်သမားနှင့် အလုပ်သမားတို့၏ အရေးတော်ပုံကြီး ဖြစ်လေသည်။ ရာဇဝင်ပြုမည့် ကျမ်းဆရာများသည် သည်အရေးတော်ပုံကြီးကို အရေးပါသော အခန်းမှ ရေးသားရပေလိမ့်မည်။

သို့ရာတွင် ထိုအရေးတော်ပုံ၏ ခေါင်းဆောင်များကား ညံ့လှပါသည်။ ပျော့လှပါသည်။ နယ်ချဲ့စနစ်အား တိုက်စစ်ဆင်ရာ၌ ရန်သူ၏ အင်အားနှင့် ပရိယာယ်ကို မမြင်ကြ။ ဖောက်ပြန်တတ်သော လူလတ်တန်းစား အချောင်သမားများကို အရေးတော်ပုံ၏ ခေါင်းဆောင်များသည် တော်လှန်ရေးအင်အားစုထဲမှ မထုတ်ပစ်ခဲ့ချေ။ ခေါင်းဆောင်များ၏ ညံ့ဖျင်းမှုကို သိလျှင်သိချင်း နယ်ချဲ့သမား၏ ကိုယ်စားလှယ် ဘုရင်ခံ

သည် သူ့လက်ထဲတွင် တစ်ပုံတစ်ခေါင်းကြီးရှိနေသော အာဏာတွေကို အသုံးပြု၍ အရေးတော်ပုံကြီးအား အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားတော့အောင် ပြင်းပြင်းထန်ထန် နှိပ်ကွပ်လိုက်လေသည်။

အရေးပါ အရာရောက်သော ခေါင်းဆောင်များကို နွားကလေး၊ ဆိတ်ကလေး ဖမ်းသလို ဖမ်း၍ ချုပ်နှောင်ထားလိုက်လေသည်။ ထောင်ထဲတွင်သာပဲ သူတို့ခများများ ဆွေးနွေးကြ၊ စာဖတ်ကြ၊ စာရေးကြရရှာတော့သည်။ အပြင်တွင် ကျန်ရစ်ကြသေးသော ခေါင်းဆောင်များကား ဘာလုပ်ကြရမှန်းကိုပင် မသိတတ်ကြတော့ဘဲ ယောင်ချာချာ ဖြစ်နေကြလေသည်။

အင်မတန် ယဉ်ကျေးသော ဒီမိုကရေစီ။

စည်းကမ်းသေသပ်စွာနှင့် မိမိတို့၏ဆန္ဒကို ပြကြရှာသော ကျောင်းသားများအား မြင်းနှင့်တိုက်၍ တုတ်နှင့်လည်းပဲ ရိုက်လေပြီ။

သည်လိုရိုက်သဖြင့် ဂျပ်ဆင်မှ ကိုအောင်ကျော်တစ်ယောက်တော့ကာ ဒီမိုကရေစီ၏ ချိုမြိန်သောအရသာကို ဦးစိန်လှအောင်ဂူဘေးမှာ တွေ့သွားရှာလေခဲ့ပြီ။ စတုတ္ထနိုင်ငံတော်ဟု အဆိုရှိသော မိမိတို့၏ ထင်မြင်ချက်ကို လွတ်လပ်စွာပဲ ရေးနေကြသော သတင်းစာများအားလည်းပဲ အာမခံငွေ တောင်းလိုက်လေပြီ။ ပြည်သူတို့၏ ဆန္ဒအလျောက် စီတန်းလှည့်လည်၍ ကန့်သတ်ခွင့်ရှိသော အခွင့်အရေးကိုလည်းပဲ ပုဒ်ထီး ပုဒ်မများဖြင့် ပိတ်ဆို့လိုက်ပြန်ပြီ။ အရေးတကြီး လုံခြုံရေးဥပဒေဖြင့်လည်းပဲ လူတစ်ယောက်၏ လွတ်လပ်ခွင့်ကို ထင်သလို ချုပ်နှောင်လိုက်လေပြီ။ သူတို့ခများများ၏ နစ်နာချက်ကို တောင်းရှာကြသော အလုပ်သမား၊ လယ်သမားများအားလည်း မျက်ရည်ယိုဗုံးဖြင့် နှိပ်ကွပ်လိုက်လေပြီ။

သည်ဟာလားပဲ အင်မတန်ယဉ်ကျေးသော ဒီမိုကရေစီဆိုတာ။ အင်မတန် မြင့်မြတ်လှပါသည်၊ ယဉ်ကျေးလှပါသည် အဆိုရှိသော

ဗြိတိသျှလူမျိုးတို့၏ ဒီမိုကရေစီဝါဒကို ကိုဘုန်းနိုင်တော့ဖြင့် သေသေချာချာ မျက်ဝါးထင်ထင်ပဲ မြင်လိုက်ရလေသည်။ အရသာရှိရှိပဲ ခံစားလိုက်ရလေသည်။

အမှန်မှာ ကိုဘုန်းနိုင်သည် ပြန်လည်စေ့စပ်လိုသေးသောမှုဖြင့် သပိတ်မှောက်လာသော ကျောင်းသားတော့မဟုတ်။ တော်လှန်ရေး၊ အာဏာရယူရေး သူပုန်ကျောင်းသားသာပဲဖြစ်သည်။ သည်နှစ်ခုကိုသာပဲ ရှေးရှု၍ တော်လှန်သော ကျောင်းသားသည် သူ့လက်တွင်းသို့ လုံလောက်သော အာဏာကို အရယူပြီးမှပဲ အေးပေလိမ့်မည်။ ကျောင်းသားတွေ ပြင်းပြင်းထန်ထန် အလုပ်လုပ်ခဲ့ကြပေသည်။ အစာပင် အငတ်ခံခဲ့ကြပါသေးသည်။

ဒါပေမဲ့တော့ကာ ကျောင်းသားခေါင်းဆောင်များကား မူကို ပြောင်းပစ်လိုက်ကြလေသည်။ သူတို့သည် အချောင်သမားများကို ဗိုလ်ချုပ်ခန့်၍ အာဏာပိုင်များနှင့် စေ့စပ်ကြလေပြီ။ သူတို့ကပဲ အလံလှဲပေးလိုက်တော့မင့်ဟာ အလုပ်သမားနှင့် လယ်သမားများလည်းပဲ နယ်ချဲ့သမားအား ဒူးတုပ်ကာ လက်နက်ချလိုက်ရသည်။

ကျောင်းသားများ အညံ့ခံခဲ့ရလေပြီ။ ဆင်းရဲသားများ အရှုံးပေးလိုက်ရပေပြီ။

၁၃၀၀ ပြည့် အရေးတော်ပုံကြီးကား ပြိုကွဲသွားရှာတော့သည်။

နယ်ချဲ့သမားလည်း ပြုံးလေပြီ။

အမှန်မှာတော့ တိုင်းပြည်အတွက် ဘာတစ်ခုမှ ကောင်းမွန်တိုးတက်အောင် မလုပ်ပေးနိုင်သော ညွန့်ပေါင်းအစိုးရအား ဆွဲချကာ ဒိုင်းဝန်ထက်ကဲသော မင်းသားကြီးတစ်စုအား ကုန်းပိုး၍ တင်လိုက်ရခြင်းသာပဲ ဖြစ်လေသည်။ သူတို့သည် အမျိုးသားအစိုးရအဖွဲ့ကို အစားထိုးလို၍သာပဲ ညွန့်ပေါင်းကို ဆွဲချခဲ့ခြင်း ဖြစ်သော်လည်းပဲ သူတို့စိတ်ကူးခဲ့သော အမျိုး

သားအစိုးရကို မတင်နိုင်ခဲ့ချေ။ သည်လို ၃၅ ခုနှစ် အုပ်ချုပ်ရေးအောက်မှာ အမျိုးသားအစိုးရသည် ဘယ်နံရောအခါမျှ မဖြစ်ပေါ်နိုင်ချေ။ မှားလိုက်တဲ့ ကျောင်းသားတွေ၊ အကြောင်းမှုကား အောက်လွှတ်တော်ဟု ခေါ်ဝေါ်ခြင်းပြုနေကြသော မြန်မာပြည်ရုပ်သေးစင်၌ EUROPEAN BLOC ခေါ် အရင်းရှင်ကြီးများ၏ ၃၆ ပြား အရေအတွက်ရှိသော ခဲပြားများ သာလျှင် 'ကဲဘိနက်' ဟု အခေါ်အဝေါ် ရှိကြပြန်သော မင်းသားကြီး တစ်စုကို ဖန်ဆင်းနိုင်သော အနန္တတန်ခိုးနှင့် ပြည့်စုံသောကြောင့် ဖြစ်လေသည်။

သပိတ်လှန်လိုက်သောအခါ သုံးလနီးပါးမျှ လူရောစိတ်ပါ၊ နေ့ရောညပါ အလုပ်လုပ်ခဲ့ရှာသော ကိုဘုန်းနိုင်တစ်ယောက်တော့ စိတ်ချိုး၊ လူချိုးဖြစ်ကာ တစ်ခါတည်းပဲ ဗုန်းဗုန်းကြီး လဲကျသွားလေသည်။

ဒါပေမဲ့တော့ သူသည် တက္ကသိုလ်အာဏာပိုင်များနှင့် နယ်ချဲ့သမားတို့အား တခြားလူတွေက အရှုံးပေးလိုက်သည့်တိုင်အောင်လည်း သူသည် အရှုံးမပေး၊ သူသည် အနိုင်မခံ။ သူသည် ခေါင်းအောက်လျှို၍ ဒူးမထောက်ခဲ့။ သူ့ဝါဒ၊ သူ့မူ၊ သူ့ယုံကြည်ချက်များကို ဆန့်ကျင်၍ သူသည် ကျောင်းသို့မပြန်တော့ဘဲ သူ့ထိုက်နှင့် သူ့ကံသဘောနှင့် သူသည် လောကအား ရင်ဆိုင်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ခဲ့လေသည်။ သူယုံကြည်သော သူ၏မူကို သူသည် ကိုးကွယ်မှန်း သိသာလောက်ပါပြီ။

သူတစ်ယောက်တည်းသာပဲ ချောင်ကျကျ အိမ်ပုကလေးထဲမှာ ပြုမယ့်၊ စုမယ့်လူမရှိဘဲ အဆုတ်နာရောဂါကြီးနှင့် နယ်ချဲ့သမားကို အနိုင်မခံဘဲ ကြုံကြုံခံနေသည်။

'လာမယ့်ဘေး ပြေးတွေ့'

'လူမိုက် အလိုရှိသည်'

'သူပုန်... သူပုန် ထ... ထ'

'နယ်ချဲ့အစိုးရ ပျက်စီးပါစေ'

ဟု အာပေါက်အောင် အော်ဟစ်ကြွေးကြော်ခဲ့သော ရဲဘော်များကား စာမေးပွဲဖြေနေကြလေပြီ။

သူနှင့် အင်မတန်ရင်းနှီးသော ရဲဘော်များအနက် ကိုအုန်းကျော် တစ်ယောက်သာပဲ သူ့ကို လာရောက်ကြည့်ရှုနိုင်လေသည်။ ကိုအုန်းကျော်သည် ကိုဘုန်းနိုင်နှင့်အတူတူ ဝိဇ္ဇာအထက်တန်းမှာပဲ ဖြစ်လေသည်။ တစ်ယောက်နှင့်တစ်ယောက် ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် သဘောချင်းလည်း အခါခပ်သိမ်းလိုပဲ တိုက်ဆိုင်တူညီကြသော ရဲဘော်ချင်းလည်း ဖြစ်သည်။

သည်တစ်ခါတော့ သူတို့နှစ်ယောက် သဘောချင်း မတိုက်ဆိုင်။ ဒါပေမဲ့တော့ကာ ကိုအုန်းကျော်သည် ကိုဘုန်းနိုင်ဆီသို့လာနိုင်၍ ကိုဘုန်းနိုင်ကလည်းပဲ ကိုအုန်းကျော်လာသည့်အတွက် အားတက်မိလေသည်။

လူမမာသည် အံကြိတ်လိုက်လေသည်။

အတိတ်ကာလသည် ရေးရေးပဲ ကျန်ရစ်ခဲ့တော့သည်။

"လုပ်ရဲရင် ခံရဲရမှာပေါ့ဗျာ"

လူမမာသည် ကြုံးဝါးလိုက်လေသည်။

"လုပ်ချင်တာ လုပ်ရရင် ကျုပ်တော့ သေရမှာကိုလည်း မကြောက်ပါဘူး ကိုအုန်းကျော်"

လူမမာသည် ဆက်လက်၍ ပြောနေသည်။ ကိုအုန်းကျော်ကတော့ ငြိမ်သက်စွာပဲ နားထောင်နေလေသည်။

"ဘယ်လောကဓံနဲ့ ဘယ်ကံတရားကိုမှလည်း မကြောက်ပါဘူးဗျာ၊ ကျုပ်လုပ်ချင်တာသာ မလုပ်ရဘဲ သေသွားမှာပဲ ကျုပ်စိုးရိမ်တယ်"

ကိုဘုန်းနိုင်သည် ကံတရားနှင့် လောကဓံတရားကို မထီမဲ့မြင် ပြောလိုက်သည်။

“ဒီဟာတော့ ခင်ဗျားဥစ္စာက မပြင်းထန်ဘူးလား ကိုဘုန်းနိုင်”

ကိုအုန်းကျော်က မေးလိုက်လေသည်။

ကိုဘုန်းနိုင်သည် ရုတ်တရက် ပြန်မပြောလိုက်နိုင်ပေ။ သူ့မှာ EMOTION ခေါ် မွန်နေသည်။

“ကျုပ် ခင်ဗျားကို ဥပမာတစ်ခုတော့ ပေးချင်တယ်ဗျာ”

“ပေးတာပေါ့ ကိုအုန်းကျော်၊ နားထောင်ရတာပေါ့ဗျာ”

“ကောင်းပြီ၊ တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်မှာ နက္ခတ်တာရာ ကြည့်တတ်တဲ့ ပုဏ္ဏားတစ်ယောက် ရှိတယ်ဗျ။ တစ်နေ့ ညခင်းမှာ အဲဒီ ပုဏ္ဏားကြီးဟာ နက္ခတ်တာရာအနေအထားကို ကြည့်လိုက်တော့ကာ မကြာမီ တစ်တိုင်းတစ်ပြည်လုံး မိုးခါးကြီးရွာလိမ့်မယ်ဆိုတာကို တွေ့ရသတဲ့။ အဲဒီလို ရွာတဲ့မိုးခါးရေကို သောက်သုံးတဲ့ တိုင်းသူပြည်သားတွေ အားလုံးလည်း ရူးကုန်ကြတော့မယ်ဆိုတာကိုလည်း သိတော့ ပြည့်ရှင် မင်းကိုသာပဲ တိုးတိုးတိတ်တိတ် တိုင်ပင်လျှောက်ထားပြီး တိုင်းသူပြည် သားတွေကို အသိမပေးနိုင်ဘဲ ရေကောင်းရေသန့်တွေကို သိုလှောင် ထားကြသတဲ့ဗျ။ မကြာပါဘူး မိုးခါးကြီးလည်း ရွာချလိုက်ပါရောဗျာ။ ဘယ်လိုမှ မသိရှာတဲ့ တိုင်းသူပြည်သားတွေဟာလည်း မိုးခါးရေကို သောက်သုံးမိကြတော့ တစ်တိုင်းပြည်လုံးပဲ ရူးကုန်ကြသတဲ့။ မိုးခါးရေကို မသောက်မသုံးတဲ့ ပြည့်ရှင်မင်းနဲ့ ပုဏ္ဏားကြီးတော့ ဘယ်ရူးမလဲဗျ။ ဒါပေမဲ့တော့ကာ တကယ်ပဲ ရူးနေတဲ့ တိုင်းသူပြည်သားတွေက တို့ဘုရင် ကြီးနဲ့ ပုဏ္ဏားကြီးဟာ ရူးပြီလို့ဆိုပြီး အော်ကြသတဲ့။ ရှင်ဘုရင်နဲ့ ပုဏ္ဏား ကြီးကလည်း တစ်တိုင်းပြည်လုံး ရူးကုန်ပြီလို့ သူတို့အချင်းချင်း ပြောကြ တယ်”

ကိုအုန်းကျော်သည် ခေတ္တအနားယူကာ ကိုဘုန်းနိုင်ကို အကဲခတ် လိုက်သည်။

"ကိုဘုန်းနိုင်"

သူသည် ငြိမ်သက်စွာ နားထောင်နေသူကို လှုပ်လိုက်လေသည်။

"ဗျာ..."

"ခင်ဗျား အယူအဆနဲ့ဆိုရင် ဒီ လူနှစ်စုထဲက ဘယ်လူစုဟာ ရှုံးတယ်လို့ ပြောမလဲ"

"တိုင်းသူပြည်သားတွေ ရှုံးတာပေါ့ဗျ"

မဆိုင်းမတွဘဲ သူက ဖြေလိုက်သည်။

"ရှုံးတာကတော့ ထားပါဦး၊ ဒီကိစ္စမှာ ဘယ်သူဟာ ရှုံးတာလဲဗျ"

"ခက်ပါဘိတော့ဗျာ ကိုအုန်းကျော်၊ တိုင်းသူပြည်သားတွေပေါ့ဗျ"

"အင်း... အင်း... ခင်ဗျား အယူအဆ ဒီအတိုင်းသာသွားရင် ဆိုကရေးတီးရဲ့လမ်းကို လိုက်ရင်လိုက်၊ ဒီလိုမှ မလိုက်ချင်ရင်တော့ ခင်ဗျားဟာ လောကရဲ့ အပြင်ဘက်မှာ SOCIAL ISOLATION တစ်ယောက်တည်းနေရလိမ့်မှာပဲ ကိုဘုန်းနိုင်"

ကိုအုန်းကျော်သည် စိတ်ပျက်စွာ ခေါင်းခါလိုက်သည်။

"ကျုပ်မှန်တယ်လို့ ယုံကြည်တဲ့ ပရင်စီပဲလ်ကိုသာ လုပ်ရရင်တော့ ဒီလောကကြီးရဲ့ အပြင်ဘက်မှာ ကျုပ်တစ်ယောက်တည်းပဲ နေချင်နေရပါစေဗျာ"

"ခင်ဗျား နစ်နာမှာပေါ့ ကိုဘုန်းနိုင်"

"နစ်နာတာတော့ အဆန်းမှမဟုတ်တဲ့ ကိုအုန်းကျော်၊ ခုပဲကြည့်ပါလား။ ကျုပ်တို့ ယူနီယံကပဲ ခေါင်းဆောင်ပြီး ၁၃၀၀ ပြည့် အရေးတော်ပုံကြီးမှာ နယ်ချဲ့စနစ်ကို တိုက်ခိုက်ခဲ့တယ်။ ဓနရှင်တွေကို တိုက်ခဲ့တယ်။ ကျုပ်တို့ညံ့လို့ ရှုံးခဲ့တယ်။ ဒီရှုံးခဲ့တာကိုလည်း ကျုပ်တို့ အရှုံးခံပြီး ဘာပြုလို့ နယ်ချဲ့သမားနဲ့ ဓနရှင်တွေကို ဒူးထောက်လိုက်ကြတာတုံး။ ကျုပ်အဖို့တော့ ရှုံးပေမဲ့ အရှုံးမပေးဘူး။ ဒီလို အရှုံးမပေးတဲ့အတွက်

ကျုပ်ကိုယ်ကို ခင်ဗျားတို့အမြင် ကျုပ်ခံစားရတဲ့ ဘဝမျိုးနဲ့ဆိုတော့ နစ်နာတယ် ဆိုရမှာပေါ့ဗျာ။ ခင်ဗျားတို့တော့ EXAM အိပ်ဗမ်း ဖြေကြတော့မယ်၊ ဟန်ကျကြတော့မယ်၊ ကျုပ်တော့ ..."

သူ စကားရပ်သွားသည်။

"အောင်မယ်... ခင်ဗျား ချောင်းမဆိုးတော့ဘူး"

"အဟွတ်... အဟွတ်... အဟွတ်"

လူမမာသည် အဆက်မပြတ် ချောင်းဆိုးနေတော့သည်။ ချောင်းဆိုးလိုက်ရသောကြောင့် သူ အင်မတန်ပဲ ပင်ပန်းသွားပုံရလေသည်။

"စိတ်... စိတ်... စိတ်"

ကိုအုန်းကျော်သည် သည်လူမမာ ကိုဘုန်းနိုင်အား သုံးသပ်လိုက်လေသည်။

"စိတ်ကိုသာ အောင်ရင်တော့ သံသရာရဲ့အဆုံးကို အောင်တာပဲနော် ကိုအုန်းကျော်"

လူမမာသည် အသက်ကို အားယူ၍ရှူရင်း ပြောလေသည်။

"အင်း... ခင်ဗျားလည်းပဲ သိပ် အယူသီးနေတော့တာပဲ ကိုဘုန်းနိုင်"

"အယူသီးတယ် ဟုတ်လားဗျ ကိုအုန်းကျော်၊ ဒါကတော့ ခင်ဗျား အယူအဆနဲ့ ပြောတာကိုးဗျ"

"ကျုပ် အယူအဆနဲ့ ပြောနေတာ မဟုတ်ဘူးဗျ၊ ကမ္ဘာပေါ်ရှိ လူတစ်ယောက်အနေနဲ့ ပြောနေတာပါ ကိုဘုန်းနိုင်"

ချော့မော့ဖျောင်းဖျသောလေသံလေးဖြင့် ကိုအုန်းကျော်သည် သူ့ရဲဘော်အား ပြောနေရှာသည်။ အမှန်မှာတော့ ကိုဘုန်းနိုင်လို လူတစ်ယောက်အား ချော့မော့ပြောဖို့ရာ အရွယ်လည်း မဟုတ်ပါ။ သူသည် ၂၂ နှစ်ကျော် လူငယ်ဖြစ်သည်။

"ဒါဖြင့် 'ခင်ဗျားလည်းပဲ သိပ်အယူသီးနေတော့တာပဲ' ဆိုတဲ့ စကား

ကို ဆက်စမ်းပါဦးဗျ"

"ခင်ဗျားဟာ မိဘ ဆင်းဆင်းရဲရဲနဲ့ ကောလိပ်ကို လာရတဲ့လူ တစ်ယောက်နော် ကိုဘုန်းနိုင်"

"အင်း..."

"ပြီးတော့ ခင်ဗျားဟာ တက္ကသိုလ်ပညာကို အယုံအကြည်နည်းတဲ့ လူတစ်ယောက်လည်း ဖြစ်ခဲ့တယ်"

"ဟုတ်တယ်ဗျို့"

"ဒါကြောင့် သင်ရကျိုးနပ်အောင်နဲ့ လူကြားကောင်းအောင်လို့ ဒီဂရီ ရပြီးရင် ခင်ဗျားယုံကြည်တဲ့ နိုင်ငံရေးကို လုပ်မယ်လို့ ကြံရွယ်ထားခဲ့တယ်"

"အင်း..."

"ခင်ဗျားအဖေဟာ ရောဂါသည်၊ ခင်ဗျားအမေဟာ အိုခါမင်းခါမှ သားကို ကောလိပ် ပို့ချင်ရှာတာနဲ့ပဲ ဆင်းဆင်းရဲရဲ ဈေးရောင်းရရှာတယ်။ ဒီဆင်းရဲတဲ့ မိဘနှစ်ပါးကို ခင်ဗျားမှာ တာဝန်ကြီးလည်း ရှိနေတယ်။ ဒါပေမဲ့တော့ကော ခင်ဗျားက နိုင်ငံရေးလုပ်မယ် ကြံရွယ်ထားတယ်"

"အင်း"

"အခု ကျုပ်တို့ သပိတ်လှန်လိုက်ရတာကို ခင်ဗျား မကျေနပ်ဘူး။ ခင်ဗျားအယူအဆနဲ့ဆိုရင် ကျုပ်တို့ကို မှားတယ်လို့ ခင်ဗျားက ပြောတယ်။ ခင်ဗျား ပရင်စီပဲလ်ကို မပြောင်းဘူးဆိုပြီး ခင်ဗျား ကျောင်းကို လည်း မပြန်ဘူး၊ စာမေးပွဲလည်း မဖြေဘူး၊ ဟုတ်လား ကိုဘုန်းနိုင်"

"အင်း..."

"အခုလည်းပဲ ခင်ဗျားမှာ ရောဂါထပြီး ပြုစုမယ့်သူလည်း မရှိဘူး၊ တစ်ယောက်တည်း မမာနေရတယ်"

"ဒါပေမဲ့တော့ကော ကျုပ် ဝမ်းမနည်းဘူး ကိုအုန်းကျော်"

"ခင်ဗျား ဝမ်းမနည်းဘူးဆိုတာ ယုံပါတယ် ကိုဘုန်းနိုင်။ ဒါက

ခင်ဗျားရဲ့ လက်ရှိအခြေအနေကို ကျုပ်မြင်သလို ပြောပြတာပါပဲ"
"ခင်ဗျားပြောပြတာ မှန်ပါတယ် ကိုအုန်းကျော်"
"ပြီးတော့ မရင်မေရယ်"
"ဗျာ... ကိုအုန်းကျော်၊ ခင်ဗျား ဘာပြောတယ်"
"မရင်မေရယ်လေ"
"ဪ... အင်း"
လူမမာသည် အသာအယာပြုံးလေသည်။
"ခင်ဗျားနဲ့ မရင်မေဟာ သုံးနှစ်နီးပါး ချစ်ခဲ့ကြတယ်နော်"
"ခင်ဗျား ဒီဟာတော့ မှားသွားပြီ ကိုအုန်းကျော်၊ ခင်ဗျား ခုပြောတဲ့ အခြေအနေကိုလည်း ကျုပ်တို့ မရောက်ကြသေးပါဘူး။ တစ်ယောက်နဲ့ တစ်ယောက် ရိုးရိုးသားသား ခင်မင်ကြတာပါပဲဗျာ"
"ထားပါတော့လေ၊ ခင်ဗျားပြောတဲ့ အတိုင်းပါပဲ။ အမှန်မှာတော့ မရင်မေလို မိန်းကလေးတစ်ယောက်ကို ခင်ဗျား ဘယ်လိုစိတ်ကူးချော်ပြီး ရှောင်ခဲ့ရတာလဲဗျ"
"ကျုပ် မှန်တာကို ပြောပြမယ်ဗျနော် ကိုအုန်းကျော်၊ ကျုပ်ဟာ ဆင်းရဲသား သားသမီးဖြစ်ပြီး ဆင်းရဲသားစိတ် တကယ်ပဲ ရှိနေတာကို မရင်မေဟာ ကောင်းကောင်းသိပါတယ်။ မရင်မေကတော့ ဆွေကြီး မျိုးကြီးထဲက စက်ရှင် တရားသူကြီးတစ်ယောက်ရဲ့ သမီး၊ ပြီးတော့ကာ မင်းစိတ်စိုးစိတ်လည်း ရှိတယ်ဗျနော်။ အဲဒီ လူတန်းစားဆိုတဲ့ ရေပြင်ကျွေ့ ဟာ ကျုပ်နဲ့ မရင်မေနဲ့ အကြားမှာ ခြားနားနေခဲ့တယ်"
ကိုဘုန်းနိုင်သည် လေအေးအေးနှင့် ပြောနေရှာလေသည်။
သူသည် ခေတ္တမျှ အနားယူနေရသည်။
"အနုပညာ"
ဒီစကားကလေး လေးလုံးကို သူသည် သဘောကျစွာပဲ ရေရွတ်လိုက်

သည်။

"မရင်မေကို ကျုပ် သဘောကျတာနဲ့ ချီးမွမ်းဖို့ကောင်းတာက အင်္ဂလိပ်ရော၊ မြန်မာစာပေရော အင်မတန် ဝါသနာပါတယ်၊ လိုက်လည်း လိုက်စားတယ်။ ပြီးတော့ မရင်မေမှာ ချစ်စရာကောင်းတာ တစ်ခုက ရှိသေးတယ်၊ ဂီတဗျ။ မရင်မေဟာ အနုပညာ မိုးကောင်းကင်က စာပေနဲ့ ကဗျာဂီတဆိုတဲ့ တာရာနှစ်ပွင့်ကို မြတ်မြတ်နိုးနိုး ဆင်ယင်ထားတယ်။ ကျုပ်နဲ့ ဒီနေရာမှာ အင်မတန် စိတ်ချင်း၊ သဘောချင်းတော့ တူခဲ့တယ်"

သူသည် ခေတ္တ အနားယူရပြန်သည်။

ကိုအုန်းကျော်သည် ကဗျာဆန်သော သူ့အဖွဲ့အနွဲ့ အပြောကို ငြိမ်သက်စွာပဲ နားထောင်နေရှာသည်။

"အနုပညာ လောကမှာ လူတန်းစား မခွဲဘူးဗျ။ ဒီဟာကိုလည်း ခင်ဗျားယုံကြည်သားပဲ မဟုတ်လား"

ကိုအုန်းကျော်သည် သူ့ကို မော်ကြည့်ရင်း မေးလိုက်ပြန်သော ရဲဘော်ကို ပြုံး၍ ခေါင်းညိတ်ပြလေသည်။

"လူကုံထံ စက်ရှင် တရားသူကြီးတစ်ယောက်ရဲ့ သမီး မရင်မေနဲ့ ကျုပ်လို ဆင်းရဲသား သားသမီးရဲ့ လူတန်းစားခွဲခြားတဲ့ ရေပြင်ကွေ့ကို အနုပညာဆိုတဲ့ ပေါင်းကူးတံတားဟာ ဆက်စပ်ရင်းနှီးစေခဲ့တယ်"

ပြောရသူမှာတော့ လွမ်းစရာပဲ ကောင်းနေသည်။ နားထောင်ရသူကတော့ ပြုံးလို့။

"ကျုပ်တို့ ရင်းနှီးခဲ့ကြတယ်၊ ခင်မင်ခဲ့ကြတယ်။ အမှန်မှာတော့လည်း မရင်မေဟာ ကျုပ်ကို ချစ်ရှာမှာပါပဲ၊ ကျုပ်လည်းပဲ သိပါတယ်ဗျာ၊ ကျုပ်ကလည်းပဲ ဒီလိုချစ်စရာကောင်းနေတဲ့ မရင်မေကို ချစ်တော့ ချစ်တာပါပဲ။ တကယ်ပါပဲ ကိုအုန်းကျော်၊ မရင်မေကို ကျုပ် ချစ်ခဲ့မိပါတယ်"

သူသည် ဝမ်းနည်းပက်လက် ပြောနေရှာသည်။

"ဒါပေမဲ့တော့ကာ ကျုပ်လို ဆင်းရဲသား၊ အမြဲပဲ ဘိုင်ကျနေတဲ့ သတ္တဝါ၊ လက်ဝဲဂိုဏ်းသား နိုင်ငံရေးသမား ဖြစ်မယ့်လူ။ တစ်နေ့ရာရာမှာ ငတ်ရင်းပဲ သေမလား၊ ရင်ဝမှာ သေနတ်ဒဏ်ရာနဲ့ပဲ သေမလား မသိရတဲ့ လူမျိုးကို မရင်မေဟာ ခေတ်ပညာတတ်၊ မင်းစိုးရာဇာသမီး တစ်ယောက် အနေနဲ့ ဟက်ဟက်ပက်ပက် ချစ်ရှာဝံ့ပါ့မလားဆိုတာ ခင်ဗျား စဉ်းစား ကြည့်ဗျာ"

ကိုအုန်းကျော်သည် ဒီတစ်ခါတော့ သူ့ရဲဘော်ကို ကရုဏာဝေနေ သော မျက်လုံးများဖြင့် အငေးသား ကြည့်နေရှာသည်။

"နောက်ပြီးတော့ ရှေ့လျှောက် ခြေသလုံးအိမ်တိုင်ဘဝနဲ့ ကျုပ်စွဲလမ်း ယုံကြည်ချက်ကို လုပ်တော့မယ့် ကျုပ်ကလည်းပဲ မရင်မေလို အဆင့် အတန်းက မိန်းမသားတစ်ယောက်ကို ဘယ်လိုနည်းနဲ့ သွားပြီး ချစ်ဝံ့ ပါ့မလဲဗျာ"

"တယ်လွမ်းစရာကောင်းတဲ့ ဇာတ်လမ်းကလေးပဲဗျာ"

ကိုအုန်းကျော်သည် လွမ်းယောင်နှင့် သရော်လေသည်။

"လွမ်းမယ်ဆိုရင်တော့လည်း လွမ်းတတ်တဲ့ လူမျိုးအဖို့တော့ လွမ်း လောက်စရာပါပဲ။ ဒါပေမဲ့တော့ကာ ကျုပ်တော့ လွမ်းချင်ပေမဲ့ မလွမ်း နိုင်သေးပါဘူးဗျာ ကိုအုန်းကျော်"

"ဩော်... ကိုဘုန်းနိုင် ကိုဘုန်းနိုင်"

ကိုအုန်းကျော်သည် လေးအေးစွာ ညည်းညူလိုက်ရှာသည်။

အခန်းကလေးအတွင်းမှာ အတန်ကြာ ဆိတ်ငြိမ်၍နေသည်။

"ခင်ဗျား 'ကမ္ဘာပေါ်ရှိ လူတစ်ယောက်' အနေနဲ့ ကျုပ်ကိုပြောနေတဲ့ စကားကို ဆက်စမ်းပါဦးဗျာ ကိုအုန်းကျော်"

"မရင်မေဟာ ကျုပ်လည်းပဲ သိရတဲ့အတိုင်း ခေတ်ပညာတတ်တယ်၊ ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်းရှိတယ်၊ စက်ရှင်တရားသူကြီးတစ်

ယောက်ရဲ့သမီး။ ဆုံးသွားတဲ့ သူ့အမေဘက်က မြေဧက တစ်ထောင်ကျော်ခင်း၊ သူ့အဖေရဲ့အခြေက ငါးသောင်းခင်း။ ဒါတွေကို သူတစ်ယောက်တည်းပဲ ရမယ်"

"အင်း"

"ခင်ဗျား ဒီနှစ် ဒီဂရီရပြီးရင် 'လော' LAW တက်ချင်ရင်လည်း တက်၊ ဒီလိုမှ 'လော' မတက်ချင်လို့ရှိရင်လည်း ခင်ဗျား ဝါသနာပါတဲ့ 'ဂျာနယ်လစ်ဇင်း' လုပ်ချင်ရင်လည်းလုပ်ဖို့ ငွေသုံးထောင် ထုတ်ပေးရာတုန်းကလည်း ခင်ဗျား ဝေ့လည်လည် လုပ်ခဲ့တယ်။ ဒါတော့ ခင်ဗျား မှားတယ်လို့ ကျုပ် ယူဆတယ်ဗျာ"

"ဆိုစမ်းပါဦးဗျာ"

"ခင်ဗျား ဒီနှစ် ဒီဂရီရအောင်တော့ စာမေးပွဲဖြေဖို့ ကောင်းတယ်ဗျာ။ ဒီဂရီရပြီးတော့မှ ခင်ဗျား 'လော' မတက်ချင်လို့ရှိရင်လည်း ဂျာနယ်လစ်ဇင်း လုပ်ပြီးတော့မှ မရင်မေကို ခင်ဗျား ဖွတ်ယူသင့်တယ်။ သူ့အဖေ မကျေနပ်ရင် မသကာ တစ်နှစ် နှစ်နှစ်ပေါ့။ ဒီနောက်တော့ ခင်ဗျားလို အရည်အချင်းနဲ့ လူစားတစ်ယောက်ကို သဘောကျမှာပဲ"

"ဒီဟာပဲလားဗျ၊ ခင်ဗျား ကမ္ဘာပေါ်ရှိ လူတစ်ယောက်က"

"ပြီးတော့ ခင်ဗျားသားမယား၊ ယောက္ခမအခြေအနေနဲ့ ခင်ဗျား အရည်အချင်းပေါင်းပြီး ခင်ဗျား အင်မတန် ယုံကြည်နှစ်သက်ခဲ့တဲ့ ပရင်စီပဲလ်ကို လုပ်ရုံပေါ့ဗျ"

"အင်မတန်ကောင်းသားပဲဗျ ကိုအုန်းကျော်၊ ကျုပ်တစ်ယောက် အတွက်တော့"

ကိုဘုန်းနိုင်သည် ခနဲ့သောလေသံဖြင့် အေးအေးပဲ ပြောလေသည်။ ကိုအုန်းကျော်သည် ကိုဘုန်းနိုင်ကို နားမလည်နိုင်အောင်ဘဲ ဖြစ်သွားသည်။

သူ ကြောင်သွားလေသည်။ ဘာပြန်၍ပြောရမည်၊ မေးရမည်ကို ရုတ်တရက် စဉ်းစား၍မရနိုင်။

"ခင်ဗျားပြောတဲ့ စကားရဲ့အဓိပ္ပာယ်ကို ကျုပ်တော့ ကောင်းကောင်း နားမလည်လိုက်ဘူးဗျာ"

"ရှင်းသားပဲဗျ ကိုအုန်းကျော်၊ ကျုပ်ရဲ့ ပရင်စီပဲလ်ကို လုပ်နိုင်ဖို့နဲ့ လုပ်ဖို့ ကျုပ်လုပ်ရကိုင်ရမယ့်ဟာတွေကို ကျုပ်တစ်ယောက်အတွက် ခင်ဗျားက စည်းမျဉ်းဆွဲပေးနေတာကို ပြောတာပါပဲ ကိုအုန်းကျော်"

"ခင်ဗျားဟာ ကျုပ်နဲ့ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ဖြစ်တဲ့အတွက်..."

ကိုဘုန်းနိုင်သည် ကိုအုန်းကျော်ကို လက်ပြ၍ ရပ်ထားလိုက်လေသည်။

"ခင်ဗျားစကားဟာ အခြေခံပြောင်းသွားပြီ ကိုအုန်းကျော်"

"ဒါကတော့ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ရဲ့ အခက်အခဲကို ကျော်လွှန်နိုင်ပြီး လမ်းခရီးအဆုံးကို လွယ်လွယ်ကူကူနဲ့ ချောချောမောမော ရောက်လွယ်နိုင်ဖို့ကို ဆားက တတ်နိုင်သလောက် ညွှန်ကြားပြသဖို့ မိတ်ဆွေကောင်းတို့ရဲ့ ဝတ္တရားအတိုင်း ကျုပ်က ပြောပြရတာပါဗျာ"

"ကျုပ်ဆိုလိုတဲ့အဓိကအချက်ကို ခင်ဗျား ယူဆတာ လွဲနေပြီ ကိုအုန်းကျော်"

"ရှင်းပြစမ်းပါဦးဗျာ"

"ကမ္ဘာပေါ်ရှိ လူတစ်ယောက်ဟာ ကျုပ်မိတ်ဆွေမဟုတ်ဘူး၊ ဖြစ်လည်း မဖြစ်နိုင်ဘူး။ ဒီဟာကို ခင်ဗျား စေတနာကောင်းကောင်းနဲ့ပဲ သတိလစ်သွားတယ်။ ကမ္ဘာပေါ်ရှိ လူတစ်ယောက်အနေက ဒီဟာကြောင့်လည်းပဲ ကျုပ်မိတ်ဆွေတစ်ယောက်အနေကို ခင်ဗျား ပြောလိုက်ခဲ့တာ

ပေါ့”

“ဩော်... ကိုဘုန်းနိုင် ကိုဘုန်းနိုင်၊ ခင်ဗျားကို ဒီဟာကြောင့်လည်းပဲ ပြောကြတယ် ထင်ပါရဲ့ဗျာ”

“ဘာများ ဘယ်လို ပြောကြလို့ပါလိမ့်ခင်ဗျာ ကိုအုန်းကျော်”

“လူ့အပြင်ဘက်က လူပဲတဲ့”

လူမမာသည် ညင်သာစွာ ပြုံးလေသည်။

“ဩော်... ဩော်... လူ့အပြင်ဘက်က လူတဲ့”

သူသည် သူ့ကိုယ်သူ တိုးတိုးကလေးပဲ ပြောကြည့်လိုက်စမ်းသည်။ အမှန်မှာတော့ကား သူသည် သူ့ကို လူ့အပြင်ဘက်ကလူပဲဟု ပြောကြသော လူတွေနှင့် ကိုအုန်းကျော်ကိုပါ သရော်လိုက်ခြင်း ဖြစ်လေသည်။

“MAN IS A SOCIAL ANIMAL လူသည် ပေါင်းသင်းတတ်ရမည့် သတ္တဝါဆိုတာကို ခင်ဗျားငြင်းပယ်လိုက်တာပဲ ကိုဘုန်းနိုင်”

ကိုအုန်းကျော်သည် သူ့ထင်မြင်ချက်ကို ပြောလေသည်။

“မပေါင်းသင်းတတ်တာနဲ့ မပေါင်းသင်းချင်လို့ မပေါင်းတာဟာလည်း ရှိပါသေးတယ်ဗျာ”

“ကိုင်း... ဘာများ ဆိုစမ်းချင်သေးလဲဗျာ”

“မပေါင်းသင်းတတ်တဲ့ လူဟာတော့ လူ့အောက်ရောက်ပြီး လူ့အပြင်ဘက်ကလူ ဖြစ်မှာပါပဲ။ ဒီလူတွေကို သဘောမကျလို့၊ မပေါင်းချင်လို့ သူ့ဘာသာသူ လူ့အပြင်ဘက်မှာနေတဲ့ လူစားမျိုးကိုတော့ SUPERMEN အာဇာနည်ယောကျ်ားလို့ ခင်ဗျား အသိအမှတ်မပြုနိုင်ဘူးလားဗျ ကိုအုန်းကျော်”

ကိုအုန်းကျော်သည် သဘောကျစွာပဲ ပြုံးလေသည်။

“ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ လူဟာ အပေါင်းအသင်းနဲ့မှ မနေဘဲ သူ့ဘာသာ တစ်ယောက်တည်း အပြင်ဘက်မှာနေရင်တော့ ပျောက်ကွယ်

ပျက်စီး သွားမှာပဲဆိုတာ ခင်ဗျားလည်း ယုံကြည်သားပဲ မဟုတ်လားဗျ"

အမှန်မှာ ကိုအုန်းကျော်သည် အမှန်ကိုပဲ ပြောပြနေခြင်း ဖြစ်လေသည်။ လူဆိုသော သတ္တဝါသည် တစ်ဦးတည်း အထီးတည်းနေ၍ မဖြစ်နိုင်။ သားရဲတိရစ္ဆာန်၊ ပြင်းထန်သော ရာသီဥတုနှင့် မမျှတသော သဘာဝ၏ ဘေးအန္တရာယ်များကို ကာကွယ်တိုက်ခိုက်ရင်း အသက်ရှင်ရလေသည်။ သည်လို ကြီးမားသော ဘေးအန္တရာယ်များကို လူသည် မိမိတစ်ဦးတည်း မကာကွယ်နိုင်၊ မတိုက်ခိုက်နိုင်။ စုပေါင်းညီညွတ်မှသာလျှင် အသက်ရှင်နိုင်ပေလိမ့်မည်။ သည်လို အသက်ရှင်နိုင်အံ့သောငှာ လူသည် ပေါင်းသင်းတတ်ရသော သတ္တဝါမျိုး ဖြစ်ကြရလေသည်။

မိမိတို့၏အတွေး ကိုယ်စီကိုယ်ငများနှင့် ရှည်ကြာသော ငြိမ်သက်နေခြင်း။

"ခင်ဗျား ထင်မြင်ချက်နဲ့အယူအဆတွေကို ကျုပ်ကြားရပါပြီ ကိုအုန်းကျော်။ ဒီတစ်ခါတော့ ကျုပ်အယူအဆနဲ့ ထင်မြင်ချက်တွေကို ခင်ဗျား နားထောင်စေချင်တယ်ဗျာ"

"ဆိုစမ်းဗျာ၊ နားထောင်ရသေးတာပေါ့"

"မရင်မေဟာ ခင်ဗျားပြောသလို ခေတ်ပညာတတ်တယ်၊ ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း ရှိတယ်။ ဒါပေမဲ့တော့ကာ မရင်မေဟာ အခုရှိနေတဲ့ လူ့အဆောက်အအုံကြီးဟာ ကောင်းတယ်၊ မှန်တယ်လို့ ယူဆပြီး နှစ်ခြိုက်နေတယ်၊ သဘောလည်း ကျနေတယ်။ ကျုပ်ကတော့ လက်ရှိ လူ့စနစ်ကြီးကို တရားမျှတတယ်၊ ကောင်းတယ်လို့ နည်းနည်းကလေးမှ မယူဆဘူး၊ သဘောလည်းမကျဘူး။ သည်ဟာကြောင့်လည်း လူတွေစပြီးပေါ်လာကတည်းက မတရားမမျှတတဲ့၊ ဖြစ်ပေါ်ခဲ့တဲ့ လူ့အဆောက်အအုံကြီးကို ဖြိုဖျက်ပြီး လူ့ဘဝသစ်ကြီးကို ဖန်တီးချင်တဲ့ လူတစ်ယောက်၊ သဟာက အဓိက တစ် အချက်"

"အင်း..."

"မရင်မေဟာ သူကောင်းတယ်ထင်ပြီး သဘောကျနှစ်ခြိုက်နေတဲ့ လူ့အဆောက်အအုံကြီးထဲမှာ ကျုပ်ကို သူနဲ့အတူတူ ပျော်ပျော်ရွှင်ရွှင် နေစေချင်တယ်၊ အလုပ်တွေ အကိုင်တွေ လုပ်စေချင်တယ်။ ဒါပေမဲ့ တော့ကာ ကျုပ်ကတော့ ဒီလို မရင်မေရဲ့ သဘောအတိုင်း မလုပ်ချင်တဲ့ အပြင် ဒီအဆောက်အအုံကြီးကို အမြစ်ဖြုတ်ဖျက်ဖို့လုပ်မယ့် လူတစ်ယောက်၊ ဒီဟာက အဓိက နှစ် အချက်။ အဲဒီလို အင်မတန်အရေးကြီးတဲ့ ကျုပ်တို့နှစ်ဦးရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေဟာ ကွဲလွဲနေကြတယ်"

"အင်း..."

"ဒီလို DIFFERENCES (ကွဲလွဲချက်များ) တွေကြောင့်လည်းပဲ ကျုပ်နဲ့ မရင်မေဟာ တစ်ယောက်ကိုတစ်ယောက် ဝမ်းထဲမှာပဲ ချစ်ခဲ့ကြ တယ်။ တစ်ယောက်က တစ်ယောက်ကိုသနားပြီး တစ်ယောက်က တစ်ယောက်ကို ကျေးဇူးတင်ခဲ့ကြတယ်။ နုနယ်အားငယ်တဲ့ မရင်မေဟာ ကျုပ်ကို မိန်းမတန်မဲ့ တော်တော်ကိုပဲ လိုက်လျောခဲ့ရှာပါပေတယ်။ ဒါပေမဲ့ တော့ကာ ကျုပ်ဟာ ကျုပ်စိတ်ကို ဘယ်တော့မှ မလွှတ်ပေးခဲ့ဘူး။ ချိုးခြံခဲ့ တယ်၊ ရှောင်ခဲ့တယ်။ ဒီဟာဘာပြုလဲလို့ မေးရင်တော့ကာ ကျုပ်အနာဂတ် ကာလကို ကျုပ် မင်းလုပ်ချင်လို့ပဲဗျ ကိုအုန်းကျော်"

"ဩော်...ဩော်"

"နောက်ပြီး တစ်ခုရှိသေးတယ်၊ မရင်မေကို သူ့အဖေက မရင်မေနဲ့ မောင်နှမနှစ်ဝမ်းကွဲတော်တဲ့ ကိုမျိုးလွင်ဆိုတဲ့လူနဲ့ မှန်းထားတယ်။ ဒီလို မှန်းထားတာကိုလည်းပဲ မရင်မေရော၊ အဲဒီ ကိုမျိုးလွင်ရော အသိပေး ထားပြီးသားဗျ"

"အင်း..."

"ကိုမျိုးလွင်က B.F.S. CLASS II ဗျ။ ခုတော့ အထက်မှာ သစ်

တောဝန်ထောက် အလုပ်နဲ့လို့ သိရတယ်။ အဲဒီလူဟာလည်း ကျုပ်စုံစမ်းသိရသလောက် မရင်မေအဖို့ အဖိုးတန် လင်တစ်ယောက်ဗျ၊ ကျုပ်ထက်လည်း နေရာတကာ အပုံပဲသာတယ်ဗျ ကိုအုန်းကျော်"

"ဩော်... အင်း... အင်း"

"နောက်ဆုံးမှာတော့ဗျာ ခင်ဗျားလည်း ကျုပ်သဘောကိုသိပြီးသားမင့်ဟာ။ ကျုပ်တစ်ယောက်ရဲ့ လိုဘပြည့်ဖို့ရာအတွက်နဲ့တော့ အခြားလူတစ်ယောက်ဖြစ်ဖြစ် နစ်နာမှု၊ စိတ်မချမ်းသာမှုရယ်တော့ နည်းနည်းကလေးမှ မဖြစ်စေချင်ဘူးဗျာ။ ကျုပ်လိုဘသာ နောက်ဆုံး မပြည့်ရင်ရှိပါစေ"

"ဩော်... အင်း... အင်း"

"ဒီဟာတွေကို ဖယ်ထားပြီး မရင်မေနဲ့ ကျုပ်ဘဝတာရဲ့ ခရီးကိုအတူပဲသွားတော့မယ် ဆိုပါတော့ဗျာ။ ကျုပ်မှာ အင်မတန် ချို့ငဲ့နေတာဟာ ကျုပ်အဖေဆီက အမွေရလိုက်တဲ့ အဆုတ်နာပဲဗျ။ ကျုပ်လို အဆုတ်နာသမားကို အိမ်ထောင်ပြုမယ့် မရင်မေခမျာဟာ ဘယ်လိုနည်းနဲ့ အိမ်ထောင်ရေးရဲ့ သုခကို သွား ရဦးတော့မှာလဲဗျ။ ကျုပ်ဟာလည်း အသက်ရှည်နိုင်မယ့် လူစားလည်းမဟုတ်ဘူး။ ကျုပ်ကို အင်မတန်ပဲ ချစ်ရှာတဲ့ မရင်မေဟာ ကျုပ်ကို သူ့လင်လုပ်ရင် သူလည်း ဒီရောဂါ ရရှာလိမ့်ဦးမယ်။ နောက် အရေးကြီးဆုံးတစ်ခုက အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်ရှာမှာပဲ"

ကိုဘုန်းနိုင်သည် သူ့စကားကို နိဂုံးချုပ်ပြီးနောက် စိတ်အားလျော့လိုက်သဖြင့် မောနေပြန်လေသည်။ တစ်ဖက်သတ် ကြာရှည်စွာ ကိုဘုန်းနိုင်၏ အယူအဆနှင့် ထင်မြင်ချက်များကို နားထောင်နေရသော ကိုအုန်းကျော်မှာလည်း ထိုင်းမှိုင်းငြီးငွေ့၍ လာတော့သဖြင့် ထိုင်ရာမှထကာ ပြတင်းပေါက်ရှိရာသို့ လေးကန်စွာ လျှောက်၍ လာလေသည်။

ထိုအခိုက် ချောကလက်ရောင် အော်စတင်ကားကလေးတစ်စီးသည် အိမ်ပုကလေးရှေ့ဝယ် ညင်သာစွာ ထိုး၍ရပ်သွားကာ ဒရိုင်ဘာသည် ကားပေါ်မှ ဦးစွာ ဆင်းလာပြီးနောက် နောက်ခန်းမှ ကားတံခါးကို ဖွင့်ပေးလိုက်လေသည်။

အရပ် ငါးပေ သုံးလက်မခန့် အသားလတ်လတ်၊ လုံးကြီးပေါက်လှ အသက် ၂၁ နှစ်ခန့် မိန်းမပျိုသည် ကားထဲမှ ထွက်လာသည်။ ပြာသော ထဘီနှင့် ဖြူဆွတ်သော အင်္ကျီမှာ လတ်ဆတ်ပြည့်ဖြိုး၍ လုံးကြီးပေါက်လှ မိန်းမပျို၏ အသားအရေနှင့်သော် အင်မတန်ပဲ ကျက်သရေရှိနေလေသည်။

"မောင်သော်ရေ၊ ဟိုခြင်းကို အိမ်ပေါ် ယူလာခဲ့နော်"

မိန်းမပျိုသည် ဒရိုင်ဘာအား ချိုသာစွာ မှာကြားပြီးနောက် အိမ်ပုကလေးပေါ်သို့ တက်ခဲ့လေသည်။

"ဩော်... မရင်မေပါလား"

ပေါ့ပါးဖျတ်လတ်စွာ တက်လာသော မိန်းမပျိုအား ပြတင်းပေါက်မှနေ၍ ကိုအုန်းကျော်သည် နှုတ်ဆက်လိုက်လေသည်။ ကိုအုန်းကျော်သည် မရင်မေကို အံ့ဩသွားသည်။ 'ရဲလိုက်တဲ့ မရင်မေ' ဟု သူ တွေးလိုက်သည်။

"ဩော်... ကိုအုန်းကျော်လည်း ရောက်နေမှကိုး"

မရင်မေက ညင်သာစွာပြုံးရင်း ပြောကာ အခန်းတွင်းသို့ ဝင်လာခဲ့လေသည်။ မောင်သော်လည်း ကတိုက်ကရိုက် ခြင်းတောင်းကို လာပို့ပြီးနောက် ပြန်ဆင်းသွားလေသည်။

မရင်မေ အခန်းတွင်းဝယ် ပထမဦးဆုံး ကြည့်လိုက်တာကတော့ လူမမာ။

"ကိုဘုန်းနိုင်"

ကြည်လင်၍ ငြိမ်းအေးသော မရင်မေ အသံ။ လှမမာသည် မှေးထား သော မျက်လုံးကို ဖွင့်လိုက်လေသည်။ သူ့အဖို့ ကျက်သရေရှိလှသော မရင်မေကို မြင်လိုက်ရသည်မှာ စိတ်ချမ်းမြေ့စရာပါပဲ။

"ဩော်... မရင်မေ"

သူ ခပ်တိုးတိုးပဲ ပြောနိုင်ရှာသည်။

"ရှင် ဘယ်လိုနေသေးသလဲဟင် ကိုဘုန်းနိုင်၊ သက်သာရဲ့လား"

မရင်မေသည် လှမမာ၏ လက်ကလေးများကို ခုတင်ဘေးမှရပ်ကာ ညင်သာစွာကိုင်ရင်း မေးလေသည်။

လှမမာ ဘာမျှ ပြန်မပြော။ သူ့ကို ယုယစွာ မေးရှာသော လှဧကရီ၏ ကြင်နာမှုပင်လယ်ဗွေဝယ် တငြိမ့်ငြိမ့် မျောနေလေသည်။

"ကျွန်မလည်း စာမေးပွဲအတွက် စာတွေကို အလုအယက် ကျက်နေရတဲ့အထဲ အိမ်မှာ ဧည့်သည်တွေကလည်း ရောက်နေလို့ မရောက်နိုင်တာ ငါးရက်တောင် ရှိသွားပြီနော်"

"အင်း...ကျွန်တော့်အတွက်နဲ့တော့ မရင်မေမှာလည်း ဒုက္ခကြီးတစ်ခုပဲနော်"

လှမမာသည် အားနာစွာနှင့် ညည်းညူလိုက်သည်။

"ရှင်လည်း ကျွန်မ လာတိုင်းပဲ ဒုက္ခစကားကို အင်မတန် ပြောလှပါကလား"

ကရုဏာဒေါသောနှင့် မရင်မေက ပြောလေသည်။

"မပြောတော့ပါဘူး မရင်မေရယ်၊ နောက်ကို ကျွန်တော် မပြောတော့ပါဘူးဗျာ။ အဟွတ်... အဟွတ်... အဟွတ်"

စကားပြောရင်းက ချောင်းဖောက်လာပြန်သဖြင့် ကိုဘုန်းနိုင်မှာ မောနေရှာပြန်သည်။ ယခုကဲ့သို့ လှမမာ ပင်ပန်းနေသည်ကို တွေ့ရ၊ မြင်ရပြန်သောအခါ၌လည်း လှမမာအား စိတ်ဆိုးရမည့်ထက် သနား၍

သာ လာမိတော့ကာ မရင်မေမှာ ကိုဘုန်းနိုင်အား ကရုဏာမိုး ရွာတော့မည့် မျက်လုံးဝိုင်းကြီးများဖြင့် အငေးသား ကြည့်နေမိလေသည်။

“ရှင့်အတွက် ဟောလစ်ရယ်၊ ဂလူးကို့(စ်)ရယ်၊ ငါးကြီးဆီရယ် ယူလာခဲ့တယ်။ ကြက်ဥ လတ်လတ်ဆတ်ဆတ် အလုံးငါးဆယ်လည်း ပါလာသေးတယ်။ ဩော်… ဒါထက် ရှင်နဲ့အတူတူနေတဲ့ အယ်ဒီတာ ကိုတင်မောင် တစ်ယောက်ကော ပြန်မလာသေးဘူးလား”

“ကိုတင်မောင်လား၊ ညပြန်ချင်တဲ့အခါမှ ပြန်လာရတယ် မရင်မေ၊ သူတို့ သတင်းစာဆရာတွေဟာ တစ်ခါတစ်ခါလည်း သူတို့စားပွဲပေါ်မှာပဲ အိပ်ချင်ရင် အိပ်ရတာမျိုးပဲ”

“ဩော်… ဩော်… ပြီးတော့ ရှင့်ကိုပြောဦးမယ် ကိုဘုန်းနိုင်၊ ရှင့်ရောဂါကို မိတ္ထီလာမှာ သွားပြီး သေသေချာချာ ကုနိုင်အောင်လို့ မိတ္ထီလာက ဖေဖေ့သူငယ်ချင်း ဆရာဝန်ကြီး အိမ်မှာလာတည်းလို့ ကျွန်မ ရှင့်ရောဂါအကြောင်း ပြောပြခဲ့တယ်။ ရှင် လာကုမယ်ဆိုရင် သူကိုယ်တိုင် ဂရုစိုက်ပြီး ကြပ်မတ်ကုပေးမယ်လို့ အာမခံသွားသေးတယ်”

“ဒီလိုဆိုရင်တော့ သိပ်ကောင်းတာပေါ့ မရင်မေ၊ ဒီကိစ္စမှာ ကျွန်တော်သာ ဘယ်လိုဝင်ပြီး ကူညီလုပ်ကိုင်ပေးရမယ် ဆိုတာကိုပဲ သိပါရစေ”

ကိုအုန်းကျော်သည် အားတက်သရောပဲ ဝင်၍ ပြောလေသည်။

လူမမာသည် သူတို့နှစ်ယောက်ပြောသော စကားများကို မေးနေရာမှ နားထောင်နေလေသည်။

“နော်… ကိုဘုန်းနိုင်၊ ရှင့်ရောဂါကို မိတ္ထီလာမှာ သွားကုမှပဲ ပျောက်လွယ်နိုင်လိမ့်မယ်။ ရှင့်ရောဂါ မြန်မြန်ပျောက်မှပဲ ‘ဌာန် ဆမ္ဗလီမင်ထရီအိပ်ဇမ်း’ မှာ ကောင်းကောင်းဖြေနိုင်မှာပေါ့နော်။ ဟုတ်လား ကိုဘုန်းနိုင် သွားကုနော်၊ စာမေးပွဲလည်း ဖြေမယ် မဟုတ်လားဟင် ကိုဘုန်းနိုင်”

ဖျားနေသော သားငယ်အား ခါးသောဆေးကို နို့ချိုနှင့်တိုက်ရင်း

အမိသည် ငြင်းဆန်နေသော သားငယ်အား ချော့မော့တတ်လေသည်။ မရင်မေနှင့် ကိုဘုန်းနိုင်တို့မှာလည်း...။

လူမမာသည် ပြုံးလေသည်။ အမှန်မှာတော့ သူ့အပြုံးမှာ ကြေကွဲသောအပြုံးနှင့် မချိုပြုံး။

"သွားမှာပေါ့ မရင်မေရယ်၊ ကိုဘုန်းနိုင်လည်း နေရသလောက်တော့ လူတွေထဲမှာ နေချင်ပါသေးတယ်"

သူသည် မရှိတင်ကဲပဲ ပြောရရှာသည်။ သူ့အသံမှာ တုန်ယင်အက်ကွဲနေသည်။ အမှန်မှာလည်းပဲ သူသည် စိတ်ကူးယဉ်ယဉ်နှင့် လူ့ဘဝကို သူ့ဘာသာ လွမ်းလိုက်တာပဲ ဖြစ်လေသည်။

"ဩော်... ကိုဘုန်းနိုင် ကိုဘုန်းနိုင်"

ကိုအုန်းကျော်ရော မရင်မေပါ အိမ်ပုကလေးပေါ်မှ အသီးသီး ဆင်းလာကြစဉ် ဝမ်းထဲမှာပဲ ညည်းမိကြလေသည်။

ဒရိုင်ဘာသည် ကားတံခါးကိုဖွင့်ကာ ကြိုနှင့်သည်။

"ကိုအုန်းကျော် ဘယ်အထိ ပြန်ရမှာလဲ"

မရင်မေက စ၍ မေးလေသည်။

"ရွှေတောင်တန်းတင်ပါပဲ"

"ဒါဖြင့် ကျွန်မကားနဲ့ပဲ လိုက်ခဲ့ပေါ့နော်"

သူတို့နှစ်ယောက်စလုံး ကားထဲသို့ တက်ကြတော့မည်အပြု–

"ဟေး... ကိုအုန်းကျော်"

ခပ်လှမ်းလှမ်းမှ အသက်အစိတ်ခန့် လူရွယ်တစ်ယောက်သည် လှမ်း၍ခေါ်လိုက်လေသည်။

အသံလာရာဆီသို့ ကိုအုန်းကျော်ရော မရင်မေပါ လှည့်၍ ကြည့်လိုက်ကြသည်။

"ကိုတင်မောင်"

ဟုတ်ပါသည်။ ကိုတင်မောင်ပါပဲ။ သူသည် မြန်မာ့အလင်း ဦးချစ်မောင်၏ တပည့်၊ ကြယ်နီသတင်းစာ အယ်ဒီတာ ကိုတင်မောင် ဖြစ်လေသည်။ သူ အမြဲဝတ်နေကျ ပင်နီအကျႌနှင့် ယောလုံကွင်းကို ယခုလည်းပဲ ဝတ်ဆင်ထားပါသည်။ သူ့ကို ခပ်လှမ်းလှမ်းမှာ မြင်လိုက်ရလျှင် သူမှန်း သိသာပါသည်။ သူနှင့် ကိုဘုန်းနိုင်မှာ အင်မတန် ရင်းနှီးသော သူငယ်ချင်းများ ဖြစ်ကြလေသည်။

"တစ်နေ့ကျရင်ဗျာ မြန်မာပြည်မှာ နင်းပြားခံနေရတဲ့ ဆင်းရဲသားတွေရဲ့ အလင်းရောင်ကိုပေးနိုင်မယ့် သတင်းစာ ကိုယ်ပိုင်တစ်စောင်တော့ ကျုပ် ထုတ်နိုင်မှာပေါ့ဗျာ"

ကိုတင်မောင်သည် ၁၉၃၆ ခုနှစ်သပိတ် ကျောင်းမှထွက်သွားသော အခါ ကိုဘုန်းနိုင်ကို သည်လိုပဲ ပြောခဲ့လေသည်။ အမှန်မှာ ပြောခဲ့ရုံသာ ထင်ရသော်လည်း သူ့စိတ်ထဲတွင် ရှိသမျှကို ထုတ်ဖော်ကြုံးဝါးလိုက်ခြင်း ဖြစ်လေသည်။ ကိုဘုန်းနိုင်သည် ကိုတင်မောင်ကို ရွှန်းရွှန်းစားစားကြည့်ကာ ဖက်လိုက်သည်။

"မကြာပါဘူး ကိုတင်မောင်၊ ဆင်းရဲသား နင်းပြားတွေရဲ့ ခိုလှုံအားတက်စရာ MOUNTAIN EAGLE တောင်ပေါ် လင်းယုန်ကြီးဟာလည်း ပျံလာတော့မှာပါပဲ၊ ခင်ဗျား စောင့်သာနေပါ"

ကိုဘုန်းနိုင်သည် ကိုတင်မောင်ကို ဖက်ထားရာမှ တဖြည်းဖြည်း လွှတ်ရင်း ပြောခဲ့လေသည်။

သုံးနှစ်လောက်ကပေါ့၊ ကြာပါပြီ။

လင်းယုန်ကြီး သူ့ဆီသို့ ရောဂါကြီးတစ်ခွဲသားနှင့် နယ်ချဲ့သမားကို စစ်ရှုံးသဖြင့် တပ်ခေါက်၍ ဆုတ်လာခဲ့လေပြီ။ သူသည် အယ်ဒီတာတို့၏ ဆင်းရဲသောရေပြင်ကို ကူးခပ်ရင်း လင်းယုန်ကြီးကို မရှိမဲ့ ရှိမဲ့နှင့် ကျွေးမွေးပြုစုထားခဲ့ရလေသည်။ တစ်ခုတော့ သူသည် ကိုဘုန်းနိုင်ကို

အံ့ဩမိသေးသည်။ တောင်ပံပင် ကျိုးနေသော်လည်း အရှုံးမပေးသော၊ အနိုင်မခံသော လင်းယုန်ကြီးကို တွေ့နေရသောကြောင့်ပဲ ဖြစ်လေသည်။

"ဟေး... ကိုအုန်းကျော်၊ ခင်ဗျား ပြန်တော့မလို့လား"

ကိုတင်မောင်သည် ကားကလေးဆီသို့ အပြေးကလေး လာခဲ့လေသည်။

"ဩော်... မရင်မေရောပါလား"

သူသည် မရင်မေကို ရိုသေစွာ နှုတ်ဆက်လိုက်လေသည်။

"ဟုတ်ကဲ့၊ ကျွန်မလည်း မလာနိုင်တာ တော်တော်ကြာသွားပြီ ကိုတင်မောင်၊ အိမ်မှာလည်း ဧည့်သည်တွေကရောက်၊ စာတွေကျက်ရတာက လည်းများနဲ့"

"ဩော်... ဒါထက် မရင်မေတို့ရောက်နေတာ ကြာသွားပြီလားဗျာ"

"ဟုတ်ကဲ့..."

မရင်မေသည် သူ့ကို အဖြေပေးလိုက်လေသည်။

ကိုတင်မောင်သည် အတန်ကြာအောင် ဆိတ်ငြိမ်စွာနေပြီးခါမှ...

"ကိုဘုန်းနိုင်ရဲ့ ကြေးနန်းတစ်စောင် ကနေ့ ကျွန်တော်ရတယ် မရင်မေ။ ဖွင့်ကြည့်ဖို့ကလည်း မတော်လို့ ဘာမှန်းလည်းမသိရ၊ ဘယ်လို အကြောင်းကြီးငယ် ဖြစ်မယ်ဆိုတာလည်း ကျွန်တော် တွေးကြည့်လို့ မရဘူး"

"သူ စိတ်မချမ်းသာမယ့် ကိစ္စမျိုးကိုတော့ ကျွန်မ သဘောရိုးရိုးပဲ ပြောရရင် သူ မသိရင် ကောင်းလိမ့်မယ်တော့ ထင်တာပဲ ကိုတင်မောင်"

မရင်မေက သူမ၏ သဘောထားကို ပြောပြလိုက်လေသည်။

"ဟုတ်တယ် ကိုတင်မောင်၊ ကိုဘုန်းနိုင် ခုလို SERIOUS (အသည်းအသန်) ဖြစ်နေတဲ့အခါမျိုးမှာ ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် သူ စိတ်မချမ်းမသာဖြစ်မယ့် သတင်းမျိုးကိုတော့ ဖုံးဖိထားရင် မရင်မေ ပြော

သလိုပဲ ကျွန်တော်ဖြင့် ကောင်းလိမ့်မယ် ထင်တာပဲဗျာ”

ကိုအုန်းကျော်သည် မရင်မေလိုပဲ ထောက်ခံလိုက်လေသည်။

“ကြေးနန်းစာအိတ် ကျွန်မ ကြည့်ပါရစေလား ကိုတင်မောင်”

သူ၏ ပင်နီအင်္ကျီ ဘေးအိတ်ထဲမှ ကြေးနန်းစာအိတ်ကို ထုတ်ယူကာ မရင်မေကို ပေးလိုက်လေသည်။

“ကျွန်မတော့ သူ့အမေဆီကပဲ ထင်တယ် ကိုတင်မောင်”

ကြေးနန်းစာအိတ်ကို ထောင်၍ကြည့်ရင်း မရင်မေက ပြောလေသည်။ လူရွယ်နှစ်ယောက်ကတော့ ငြိမ်သက်စွာပဲ နားထောင်နေကြသည်။

“နိုဝင်ဘာလလောက်က သူ့အဖေ တော်တော်ကလေး မမာလို့ အလုပ်ကခွင့်ယူပြီး ဆေးရုံတင်ထားရတယ်ဆိုတဲ့အကြောင်း သူ့အမေဆီက စာရတယ်လို့ ကိုဘုန်းနိုင် ကျွန်မကို ပြောခဲ့တာ မှတ်မိသေးတယ်”

“ဟုတ်တယ် မရင်မေ၊ ဒီကိစ္စကို ကျွန်တော့်ကိုလည်း သူ ကျောင်းလခပေးဖို့ နောက်ကျနေတဲ့ ကိစ္စနဲ့ပတ်သက်ပြီး မေးလို့ ပြောပြခဲ့တာ မှတ်မိပါသေးတယ်”

ကိုအုန်းကျော်ကလည်းပဲ ပြောပြလေသည်။

အတွေးကိုယ်စီနှင့် ရှည်လျားသော ငြိမ်သက်နေခြင်း။

“ဘာပဲဖြစ်ဖြစ် သူ့ကိုမပြခင် ကျွန်မတော့ ဖွင့်ကြည့်ချင်တာပဲ”

လူရွယ်နှစ်ယောက်သည် ဆိတ်ဆိတ်ပဲ ငြိမ်နေကြသည်။

“ကျွန်မ ဖွင့်ကြည့်တော့မယ်နော်”

သည်တစ်ခါတော့ ယောကျ်ားပျိုနှစ်ဦးသည် ခေါင်းကို အသီးသီး ခေါင်းညိတ်ပြလိုက်ကြလေသည်။ မရင်မေသည် ကြေးနန်းစာအိတ်ကို ဆုတ်၍ ဖွင့်လိုက်သည်။ စာအိတ်ထဲမှ စာရွက်ခေါက်ဝါဝါကလေး ထွက်၍လာလေသည်။

မရင်မေသည် စာရွက်ခေါက်ကလေးကို ဖြန့်၍ ကြည့်လိုက်သည်။ ဘေးမှ လူငယ်နှစ်ယောက်သည် စိတ်အားထက်သန်စွာနှင့် မရင်မေကို ကြည့်နေကြသည်။

မရင်မေတော့ တစ်ခါတည်း မျက်နှာပျက်သွားလေသည်။ လူရွယ်နှစ်ယောက်လည်း သည်ဟာကို ကောင်းကောင်းကြီးပဲ အကဲခတ်လိုက်မိကြသည်။

ကြေးနန်းစာရွက်ကို သူတို့နှစ်ယောက်အား လှမ်းပေးကာ မရင်မေသည် တစ်ဖက်သို့ မျက်နှာလွှဲသွားလေသည်။ သူတို့နှစ်ယောက် မသိအောင် မရင်မေသည် သက်မကို လေးလေးကြီးပဲ ရှူလိုက်ရရှာလေ သည်။

လူရွယ်နှစ်ယောက်သည် ကြေးနန်းကို အလုအယက် ဖတ်လိုက်ကြရလေသည်။

ကြေးနန်းမှာ ...

Father Died Come Soon.

'မင်းအဖေ ဆုံးပြီ၊ အမြန်လိုက်ခဲ့ပါ' တဲ့။

လူရွယ်နှစ်ယောက်လည်း တစ်ယောက်ကိုတစ်ယောက် ဘာမျှ မပြောနိုင်ရှာကြဘဲ ပါးစပ်အဟောင်းသားနှင့် ငေး၍ကြည့်နေမိကြသည်။

သူ့လင်၏ အလောင်းဘေးဝယ် ရှိုက်ကြီးတငင် ငိုကြွေးမြည်တမ်းရင်း သား ပြန်လာယောင်နိုးနှင့် မျှော်ကိုးနေရှာသော ကိုဘုန်းနိုင်၏ မိခင်အိုအဖြစ်ကို သူတို့သုံးယောက်စလုံးပဲ တွေးနေမိကြပေလိမ့်မည်။

အိမ်ပုကလေးထဲက ခေါက်ခုတင်ပေါ်မှာတော့ကာ အဆုတ်နာရောဂါနှင့် မမာနေရှာသော ကိုဘုန်းနိုင်မှာ တစ်ယောက်တည်းရယ်။ သူ့အဖေတစ်ယောက်လုံး ဆုံးနေတာတောင် မသိလိုက်ရရှာတဲ့ ကိုဘုန်းနိုင်။

ဒါပေမဲ့တော့ကာ သူသည် အရှုံးမပေး၊ အနိုင်မခံ။

ပြန်တွေးလိုက်တော့ ၁၉၃၉ ခုနှစ်၊ မတ်လ ဟိုဘာက်မှာတုန်းကပေါ့။

**"MY HEAD IS BLOODY BUT UNBOWED"**

"ငါ၏ ဦးခေါင်းသည် သွေးခြင်းခြင်းဖြင့် ရဲရဲနီခဲ့စဉ်ကလည်း ငါသည် မညွတ်"

❑

# ဒုတိယပိုင်း
# ဒီမိုး ဒီလေ ဒီလူတွေနဲ့

**The World is in a Tragic Mess;**
**Tragic to those who are sensitive,**
**Heartbreaking to those who feel.**

**J.NEHRU**

Today we stand between
two worlds; the self-destructive
chaos of Capitalism and the dawn
of a new era of hope and achievement
under socialism.

Oway 38

## ဒီမိုး ဒီလေ ဒီလူတွေနဲ့

ဘိုင်ကျလျှင် အင်မတန်ပဲ စိတ်ပျက်ဖို့ ကောင်းလှသည်။ အထူး သဖြင့် ရန်ကုန်မှာ သာ၍ စိတ်ပျက်စရာ ဖြစ်လေသည်။ ရန်ကုန်မှာ ဘိုင်ကျသဖြင့် စိတ်ပျက်စရာကောင်းလှသော အရသာကို ကိုဘုန်းနိုင် သည် သေသေချာချာပဲ ခံစားရလေသည်။ ပိုက်ဆံကလေးများ သုံးစရာ ဖွဲစရာ ရှိသောအခါ ဟိုသွား ဒီသွားနှင့် ရန်ကုန်မြို့ကြီးမှာ ပျော်စရာ ကောင်းသလောက် ဘိုင်ကျလာတော့မှဖြင့် အိမ်ထဲမှာသာပဲ ကုပ်ကာ စာအုပ်တွေ တစ်ပုံကြီးအကြားမှာပဲ ပျော်စရာကို ရှာရှာလေသည်။ စာအုပ်တွေအကြားထဲမှာ စာအုပ်ကို အဘယ်မျှ ချစ်သောသူ ဖြစ်စေ ကာမူ အစဉ်သဖြင့် မနေနိုင်ပေ။ လူသည် ပြောင်းလဲခြင်းမရှိသော အာရုံ ကို အမြဲပဲ မခံစားနိုင်ချေ။ သည်လို ခံစားနေရလျှင် MONOTONOUS ထိုင်းမှိုင်းခြင်း ဝေဒနာကို ရရှိတတ်လေသည်။

ဘိုင်ကျသဖြင့် စိတ်ပျက်ရသော အရသာနှင့်အတူ စာအုပ်တွေ

အကြားမှာ ထိုင်းမှိုင်းသောဝေဒနာကို ကိုဘုန်းနိုင်သည် ရန်ကုန်မြို့ ၁၂၄ လမ်းရှိ တိုက်ခန်းကလေးတစ်ခုအတွင်းဝယ် ပျင်းရိစွာ ခံစားနေရရှာသည်။

အပြင်ဘက်မှာ နေသည် ချစ်ချစ်တောက် ပူနေသည်။ တစ်ခါ တစ်ခါ ဝေါခနဲ ဝေါခနဲ ဖြတ်ပြေးသွားသော ကားသံများကို ကြားရသည်။ ကားသံများ ပျောက်ကွယ်သွားပြီးနောက် ဖုန်များ လုံး၍ လုံး၍ တက်လာသည်။

ကိုတင်မောင်မှာ လခမထုတ်ရသေးသဖြင့် မနက်စာကို လမ်းဘေးက ကုလားဆိုင်မှာ ပဲဟင်းနှင့် သူတို့ ၁၀ နာရီလောက်က စားပြီးခဲ့ကြသည်။ ကိုတင်မောင် လခထုတ်ရန်မှာ လေးငါးရက်လိုပါသေးသည်။ မနေ့ညက မြန်မာ့အလင်း ဦးချစ်မောင်ဆီက သူ့မိန်းမ ဒေါ်တင်လှိုင် မသိအောင် ချေးပေးလိုက်ရှာသော ငွေနှစ်ကျပ်သည် နောက်ဆုံးချေး၍ ငှား၍ရသော ရပေါက်ပဲ ဖြစ်လေသည်။ ကိုတင်မောင်သည် ဦးချစ်မောင်က သူ့ကို ငွေချေးပေးလိုက်သော ရာဇဝင်ကို ကိုဘုန်းနိုင်အား ပြောပြခဲ့လေသည်။ ဦးချစ်မောင်ဆီက ချေး၍ ရလာသော ငွေကလေး နှစ်ကျပ်ကို သူတို့ နှစ်ယောက်သာ မကသေးဘဲ သခင်တင်ဦးနှင့်ပါ မနေ့ညက တရုတ်ခေါက်ဆွဲဆိုင်ဝယ် ညစာကို စားခဲ့ကြရသည်။ တရုတ်ဆိုင်မှ သူတို့ သုံးယောက် ထွက်လာခဲ့ကြသောအခါ ပိုက်ဆံခြောက်မူးနှင့် တစ်ပဲသာပဲ ကျန်တော့သည်။ သူတို့သုံးယောက်သည် လူပြတ်သော အမဲဈေးမှ ပုဇွန်တောင် ခုံးကျော်တံတားကြီးကို ဖြတ်ကာ ရေကျော်ဘက်ဆီသို့ လျှောက်လာကြလေသည်။ မနေ့ညက တရုတ်ဆိုင်ထဲတွင် သူတို့ ညစာ စားပြီးသောအခါ ချွေးများပင် ထွက်လေသည်။ သူတို့သည် အအေးဓာတ်ကို ရှာရင်း ရေကျော်ဘက်ဆီသို့ သုံးယောက်သား လျှောက်လာကြခြင်း ဖြစ်လေသည်။

ရေကျော် ညဈေးမှာ အင်မတန်ပဲ လူစည်လှသည်။ ဓာတ်မီးများသည် လင်းထိန်စွာ တောက်ပနေကြသည်။ လှပသော အပျိုကလေးများသည် မီးရောင်ဝယ် ကုလားကြီးများ၊ တရုတ်ကြီးများနှင့် စားစရာများကို မှာယူကာ မြိန်ရှက်စွာ စားသောက်နေကြလေသည်။ သုံးယောက်သား စကားမပြောနိုင်ကြဘဲ အတွေးကိုယ်စီနှင့် ရေကျော်ညဈေးတန်းဆီသို့ ရောက်လာကြလေသည်။

"ရှိုင်းလိုက်လေဗျာ၊ တောက်..."

သခင်တင်ဦးသည် ပထမဦးစွာ သူ၏ ပတ်ဝန်းကျင်နှင့် ပဋိပက္ခဖြစ်လိုက်သည်။ ကိုဘုန်းနိုင်နှင့် ကိုတင်မောင်သည် သခင်တင်ဦးအား အံ့ဩစွာ လှမ်း၍ ကြည့်လိုက်ကြလေသည်။

"ဘာများ ရှိုင်းနေလို့တုံးဗျ"

ကိုတင်မောင်က စ၍ မေးလေသည်။

"ကြည့်စမ်းပါဗျာ၊ ဟို ရေခဲသုပ်ဆိုင်ထဲမှာ"

သခင်တင်ဦးက သူ့ပတ်ဝန်းကျင်ကို ပြလိုက်သည်။ သူတို့ ရေခဲသုပ်ဆိုင်ထဲသို့ နှစ်ယောက်စလုံးပဲ ကြည့်လိုက်ကြသည်။

'ရှိုင်းလိုက်တာဗျာ' ဆိုတာ ဟုတ်သည်။ သခင်တင်ဦးပြောတာ ဟုတ်သည်။ သူတို့နှစ်ယောက်စလုံး သခင်တင်ဦးကို ထောက်ခံလိုက်ကြလေသည်။ သုံးဦးသား ရုတ်တရက် ရပ်တန့်ကာ ရေခဲသုပ်ဆိုင်အတွင်းသို့ ကြည့်နေကြသည်။

ရေခဲသုပ်ဆိုင်ထဲမှာ ဓာတ်မီးရောင်သည် ဝင်းလက်စွာ တောက်ပနေလေသည်။ တောက်ပသော မီးရောင်အောက်မှာ အသက် ၁၈ နှစ်ခန့် လှပချောမွေ့ ချစ်စဖွယ် မိန်းမပျိုကလေးသည် အသက်လေးဆယ်ခန့် အရုပ်ခပ်ဆိုးဆိုးနှင့် အသားက ခပ်မည်းမည်း နွားသတ် ခေါ်တော ကုလားနှင့် တူစုံတွဲ၍ ရယ်ကာမောကာ ရေခဲသုပ်ကို စားနေလေသည်။

မိန်းမပျိုသည် ပိုးဖဲတို့ဖြင့် လှပစွာ ဝတ်ဆင်ထားလေသည်။ ရွှေရှုံးသော လူမျိုးပီပီ ရွှေတွေကို ဝတ်ဆင်ထားသည်မှာလည်း အိလို့ ဝင်းလို့။ သူမသည် သည်လို လှပစွာ သူမကိုယ်ကိုယ် သထားပြီး လူတွေရှေ့မှာလည်း လင်တော်မောင် ကိုခေါ်တောအား မြှူရရှာသေးသည်။

"ရိုင်းပါပေ့ဗျာ ဒီလောကကြီးကိုကပဲ"

ကိုဘုန်းနိုင်သည် လောကကြီးအား အပြစ်တင်လိုက်လေသည်။ သူသည် မိန်းမပျိုအား အနည်းငယ်မျှ အပြစ်မတင်လို။ ခေါ်တောကုလားကြီးကိုလည်းပဲ အပြစ်မတင်မိ။ သူသည် လောကကြီးကိုသာပဲ အပြစ်တင်လိုက်လေသည်။ အမှန်မှာတော့ သူသည် လောကကြီးအား အပြစ်တင်သည်မဟုတ်။ သူသည် လောကကြီး၏ မတရား၊ မမျှတလွန်းသော လက်ရှိအခြေအနေနှင့် စနစ်ကိုသာပဲ အပြစ်တင်လိုက်ခြင်း ဖြစ်လေသည်။

"ဟုတ်ပါရဲ့ဗျာ၊ ကျုပ်ဖြင့် ဘယ်လိုမှ ကြည့်မရဘူး"

ကိုတင်မောင်ကတော့ သာမန်ပဲ အပြစ်တင်လေသည်။

သူတို့သည် ဆက်လက်၍ လျှောက်လာကြလေသည်။

ခံ့ညားသော မုန့်တိုက်တစ်ခုအတွင်းမှ ရေဒီယိုအသံသည် ငြိမ့်အေးစွာ ပျံ့လွင့်နေလေသည်။ ဖိလစ်ပိုင်ကျွန်း မနီလာမြို့တော်မှ အဆိုကျော်များ ဆိုနေသော ဖိလစ်ပိုင်တေးသံပဲ ဖြစ်လေသည်။ မုန့်တိုက်အတွင်းဝယ် လူတစ်စုသည် မုန့်ကို ဖိမ်နှင့်စားရင်း ဖိလစ်ပီနိုတေးသံကို အငြိမ့်သား နားထောင်နေလေသည်။

"ကောင်းလိုက်တဲ့ ဂီတသံဗျာ"

အနုပညာသမားတစ်ယောက်ဖြစ်သော ကိုဘုန်းနိုင်က ဖိလစ်ပီနို ဂီတသံကို ချီးမွမ်းလိုက်လေသည်။ သူကသာ ဂီတသံကို ချီးမွမ်းနေသည်။ ဟိုလူနှစ်ယောက်ကတော့ လမ်းဘေးက ရေခဲသုပ်အပေါ်စား

ဆိုင်ထဲသို့ ဝင်သွားနှင့်လေသည်။ သူသည် နောက်မှပဲ လိုက်လေသည်။

တစ်ခွက်လျှင် တစ်ပဲပေးရသော ရေခဲသုပ် အပေါစားသုံးခွက်ကို သူတို့သုံးယောက်သည် တမြည့်မြည့်သောက်ပြီးသောအခါ ရေခဲသုပ်ဖိုး သုံးပဲကို အမ်းပေးပြီးနောက် ထွက်လာခဲ့ကြလေသည်။

"ပိုက်ဆံတော့ ငါးမူးပဲ ရှိတော့တယ်"

ကိုတင်မောင်သည် ဘတ်ဂျက်စာရင်းကို တင်ပြလေသည်။ သူတို့နှစ်ယောက်ကတော့ အတိုက်အခံ အမတ်များလို မဝေဖန်ကြတော့ချေ။ ငြိမ်သက်စွာပဲ လျှောက်လာကြလေသည်။

ရေကျော်ညဈေးသည် ခပ်ဝေးဝေးမှာပဲ ကျန်ရစ်ခဲ့တော့သည်။ ရေကျော်ညဈေးနှင့်အတူတူ လှပသော မိန်းမပျိုနှင့် နွားသတ် ခေါ်တော ကုလားကြီးလည်း ကျန်ခဲ့သည်။ ငြိမ့်အေးသော ဖိလစ်ပီနို ဂီတသံလည်းပဲ ရေကျော်ညဈေးတန်းမှာ ကျန်ရစ်ခဲ့ရှာလေသည်။

ညသည် မှောင်မိုက်သော်လည်း လမ်းဘေးဓာတ်မီးများ ရှိသေးသဖြင့် အလင်းရောင်တော့ ရကြသေးသည်။ သူတို့သုံးယောက်သည် အစက လာခဲ့သည့် စက်ရုံကြီးလမ်းအတိုင်းပဲ လျှောက်လာကြလေသည်။ လမ်းမှာ လူအတော်ပဲ ပြတ်သည်။ တဖြည်းဖြည်း လျှောက်လာရင်း သူတို့ခုံးကျော်တံတားဆီသို့ ရောက်လာကြသည်။

ဒေါပုံချောင်းဘက်ဆီမှ ညလေသည် အေးမြစွာ တိုက်ခတ်၍ လာလေသည်။

"ဒီနေရာမှာ ခဏလောက် ထိုင်ကြမယ်ဗျာ၊ လေကောင်းလေသန့်လည်း ရတယ်"

ကိုတင်မောင်က ခုံးကျော်တံတားပေါ်တွင် ခေတ္တထိုင်ရန် ပြောပြလေသည်။

"ဒီနေရာဟာ လူလည်း တော်တော်ပြတ်တယ်။ လုလည်းပဲ လုတတ်

တယ်ဗျ။ ကိုတင်မောင်၊ တော်တော်ကြာ လေကောင်းလေသန့်ရတာ တော့ ဟုတ်ပါရဲ့၊ ရှိတဲ့ပိုက်ဆံ ငါးမူးကလေး လုသွားမှဖြင့် မနက်ဖြန် ငတ်နေဦးမယ်ဗျာ”

သခင်တင်ဦးက အတည်ပေါက်နှင့် သောလိုက်သည်။

“ဒီ ငါးမူးပဲ ချမ်းသာတဲ့လူကို လုရက်ရင်လည်း ပေးလိုက်ရုံပေါ့ဗျာ”

ကိုဘုန်းနိုင်က စကားကို အဆုံးသတ်လိုက်လေသည်။

သုံးယောက်သား အတွေးကိုယ်စီနှင့် ငြိမ်သက်စွာ တကွဲတပြားစီ ထိုင်နေကြလေသည်။ မှောင်မိုက်သောညာ၏ ဝေယံဝယ် ချစ်စဖွယ် ကြယ် တာရာကလေးများသည် တလက်လက် တောက်ပနေကြသည်။

“တို့ဗမာအစည်းအရုံးက ဓားမနဲ့ပေါင်းဖို့ ကြံနေတဲ့ကိစ္စတော့ ခင်ဗျား လည်း ကြားမိရော့မယ်ထင်တယ် သခင်တင်ဦး”

ကိုဘုန်းနိုင်သည် စကားပလ္လင်မှ မခံနိုင်တော့ဘဲ သူ့စိတ်ထဲရှိတာကို မေးလိုက်သည်။

“ဒါတော့ ခုမှ မဟုတ်ဘဲ၊ ခင်ဗျားတို့ ဆွဲချလို့ ညွန့်ပေါင်းအစိုးရ ပြုတ်သွားပြီး ဘာမှမကြာသေးဘူး၊ အဲဒီတုန်းကတည်းက COLLECTIVE ACTION သဘောမျိုးနဲ့ ပူးပေါင်းလုပ်ကိုင်ဖို့ စေ့စပ်ခဲ့ကြတာပဲဗျ”

“ဩော်... ဩော် ဒီလိုကိုး၊ ဒါထက် ကျုပ် မရှင်းတာကလေးတွေ မေးပါရစေဦးဗျာ သခင်တင်ဦး”

“ကျုပ် သိရသလောက်၊ နားလည်သလောက်တော့ ခင်ဗျားသိရမှာ ပေါ့ ကိုဘုန်းနိုင်”

“ဒီလို ပူးပေါင်းမယ့်ကိစ္စကို တို့ဗမာအစည်းအရုံးထဲက လက်ဝဲဂိုဏ်း သားတွေရဲ့ သဘောထားကရောဗျာ”

“ဒီဟာ ကျွန်တော် မသိဘူး။ ခင်ဗျားသိချင်ရင်တော့ သခင်နု၊ သခင် အောင်ဆန်းနဲ့ ကိုဗဟိန်းတို့ကို မေးကြည့်ပေါ့ဗျာ”

သခင်တင်ဦးကတော့ စိတ်ဝင်စားခြင်းမရှိဘဲ ပြောပြလေသည်။

"ဒီလို ဖောက်ပြန်နေတဲ့ အင်အားစုနဲ့ လက်ဝဲဂိုဏ်းသား ပေါင်းလိမ့်မယ်တော့ မထင်ပါဘူးဗျာ။ တို့ဗမာအစည်းအရုံးထဲက ဘယ်လောက်ပဲ လက်ယာသမားတွေက ပူးပေါင်းချင်ပေမဲ့ လက်ဝဲဂိုဏ်းသားတွေက အတိုက်အခံလုပ်ဖို့ ကောင်းတယ်ထင်တာပဲဗျာ သခင်တင်ဦး"

"ခင်ဗျားပြောသလို သိရင်တော့ တို့ဗမာအစည်းအရုံးဟာ နှစ်ခြမ်းမကဘဲ အစိတ်စိတ်ကွဲကုန်တော့မှာပေါ့ဗျ"

"အိန္ဒိယမှာတော့ ကွန်ဂရက်ကို အစိတ်စိတ်မကွဲအောင်လို့ ထိန်းထားပေးမယ့် နေရူးလို ခေါင်းဆောင်တစ်ယောက်ရှိတာ ကုသိုလ်ကောင်းတာပဲဗျာ"

သူ့အတွေးနှင့်သူ ကိုဘုန်းနိုင်က ပြောလိုက်သည်။

သူတို့သည် စကား ဆက်လက်မပြောကြတော့ဘဲ အသီးသီး တွေးတောနေကြသည်။ သူတို့ အတွေးကိုယ်စီနှင့် ငြိမ်သက်စွာ ထိုင်နေစဉ် လူတစ်ယောက်သည် လမ်းဘေးမှထွက်၍ သူတို့ဆီသို့ ခပ်ဖြည်းဖြည်း လျှောက်လာခဲ့လေသည်။

"ဟိုမှာ လူတစ်ယောက် လျှောက်လာတယ်ဗျ"

သခင်တင်ဦးက အရင်မြင်သဖြင့် လေသံနှင့် ပြောလိုက်ရာ သုံးဦးသား မိမိတို့ဆီသို့ လာနေသူအား ငြိမ်သက်စွာ အကဲခတ်ကြည့်နေကြလေသည်။

ထိုသူ အနီးသို့ ရောက်လာသည်။ သူ့ကိုကြည့်ရသည်မှာ တေလေလိုလို၊ ကြမ်းပိုးလိုလိုနှင့် ဖဲသမားနှင့်လည်းပဲ တူလေသည်။ ဖိနပ်ဖြူကို သူစီး၍ ဘောင်းဘီနက်အရှည်နှင့် အိုက်ရပူရသည့်အထဲ ဘလေဇာ အနက်ကို ဝတ်ဆင်ထားလေသည်။ ထိုသူသည် ကက်ဦးထုပ်အနက်ကိုပါ ဆောင်းထားလိုက်သေးသည်။ သူသည် အသက်သုံးဆယ်နီးပါးပဲ ရှိလိမ့်

ဦးမည်။

"ဆရာတို့ ထိုင်နေကြတာ တော်တော်ကလေး ကြာသွားပြီ မှတ်တယ်"

ထိုသူကပဲ စ၍ ပြောလေသည်။ သို့ရာတွင် သူတို့သုံးယောက်ကတော့ ထိုသူအား မည်သို့မျှ ပြန်မပြော။ အသာအယာပဲ ထိုသူ့အကဲကို ကြည့်နေကြသည်။

"ကျွန်တော်လည်း တစ်နေ့ကမှ တောက ပြန်ရောက်တယ်ဆရာ၊ ဆရာတို့နဲ့ အခန့်သင့်လို့ ခုလိုတွေ့ရတာပဲ"

ထိုသူသည် သူ့ရာဇဝင်နှင့်သူ၊ သူ့အစီပွာယ်နှင့်သူ ပြော၍ နေပြန်လေသည်။

သူတို့သုံးယောက်ကတော့ ငြိမ်သက်စွာပဲ နားထောင်နေကြသည်။

"ဆရာတို့တော့ ကံကောင်းတာပဲဗျာ၊ အသစ်မှ အသစ်စက်စက်ကလေးပါ ဆရာ၊ မနေ့ညက တစ်ညတည်းပဲ လွှတ်တော်အမတ်တစ်သိုက်ကို ပေးရသေးတယ်"

ထိုသူသည် ဖာခေါင်း ဖြစ်လေသည်။

"ဆရာတို့နဲ့ အခန့်သင့်လို့ တိုးနေတာ ဆရာရယ်၊ ဆရာတို့ သုံးယောက်စလုံး ယူကြမလို့ မဟုတ်လား"

ကိုဘုန်းနိုင်သည် စိတ်ဆိုးရမှာထက် ဖာခေါင်းအား သဘောကျ၍ လာမိလေသည်။

"ဟော့လူ ဒီမယ်... ခင်ဗျား ဖာခေါင်းထင်တယ်"

သူသည် ဘုခပ်ကျကျပဲ မေးလိုက်သည်။

ထိုသူသည် ရုတ်တရက် ကိုဘုန်းနိုင်၏ ဘုကျကျ အမေးကို မဖြေနိုင်ချေ။ အတန်ကြာမှ–

"ဆရာရယ်၊ ဒီလိုတော့ ရင့်ရင့်သီးသီး ပြောဖို့ရာ မတော်ဘူး ထင်ပါ

တယ်။ ကျွန်တော်တို့လည်း အခုလို ကျပ်တည်းနေတဲ့ ခေတ်ကြီးထဲမှာ ဘယ်လိုမှ လုပ်ကိုင်စားမဖြစ်လို့ လုပ်နေရတာပါ။ အမှန်တော့လည်း ဆရာတို့လို သားမယား မယူချင်သေးတဲ့လူတွေအတွက်လည်း ဖျော်ဖြေရတာပါပဲ ဆရာ"

ဖာခေါင်းသည် သူ၏ သနားစဖွယ် ရာဇဝင်နှင့် ဘဝကို စီးပွားရေးလောကအား ကျောထောက်နောက်ခံထား၍ ပြောပြနေလေသည်။ သူ့ရာဇဝင်မှာ လွမ်းစရာကောင်းပါသည်။ သူ့ဘဝမှာ သနားစရာလည်းကောင်းပါသေးသည်။ 'ဖာခေါင်း' ဖြစ်ရသော အကြောင်းရင်း တရားခံမှာတော့–

"ဘယ်လိုမှ လုပ်ကိုင်စား မဖြစ်တဲ့ ခေတ်ကျပ်ကြီးမို့ပါ ဆရာရယ်" ဖြစ်လေသည်။

"ရိုင်းပါပေ့ဗျာ၊ ဒီလောကကြီးကိုကပဲ"

ကိုဘုန်းနိုင်သည် သည်တစ်ခါတော့ သူ့ဝမ်းထဲကပဲ အပြစ်တင်မိလိုက်ပြန်သည်။ သူသည် သူ့အနီးတွင် ရပ်နေသော ဖာခေါင်းကို မေ့နေကာ တွေး၍ နေလေသည်။

"ဒီမယ် ကိုယ့်လူ၊ ကျုပ်တို့ကို ခင်ဗျား ခုလို အဆင်းရဲခံ၊ ခြေညောင်းခံပြီး လာခေါ်တာတော့ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျုပ်တို့ ဒီမှာ အိုက်လွန်းလို့ အေးတာနဲ့ ရိုးရိုးလာထိုင်တာပါ။ ခင်ဗျားပြောတဲ့ အသစ်ကလေးလည်း ကျုပ်တို့ ဝါသနာ မပါပါဘူးဗျာ"

ကိုတင်မောင်သည် 'ဖာခေါင်း' ကို ချော့မော့၍ ပြောပြရှာလေသည်။

'ဖာခေါင်း' သည် ချာခနဲလှည့်၍ သူလာသည့်လမ်းမအတိုင်း ပြန်ထွက်သွားလေသည်။

မနေ့ညက ညအတော်ကြီးနက်မှ သူတို့ ပြန်အိပ်ကြလေသည်။ အိပ်ရာသို့ အသီးသီးဝင်အိပ်ခဲ့ကြသည့်တိုင်အောင်လည်း ကိုဘုန်းနိုင်မှာ

အိပ်၍ မပျော်နိုင်ခဲ့ရှာ။ သူသည် ရွှေတွေအိပ်နေအောင် ဝတ်ဆင်ထားသော မိန်းမပျိုနှင့်၊ သူမ၏ လင်တော်မောင်ခေါ်တော ကုလားကြီးနှင့် တကွ ဖိလစ်ပီနိုဂီတသံ၊ ဖာခေါင်းတို့ကို အတန်ကြာ စဉ်းစားသုံးသပ်နေမိသေးသည်။

မနက် အိပ်ရာမှနိုးသောအခါ သခင်တင်ဦးကို မတွေ့ရတော့ချေ။ ရေချိုးပြီးခါစ အဝတ်လဲနေသော ကိုတင်မောင်ကိုပဲ တွေ့ရလေသည်။

"သခင်တင်ဦး လစ်သွားပြီလား ကိုတင်မောင်"

"ဟုတ်တယ်၊ သူ အင်းစိန်ကို အစည်းအရုံးကိစ္စအတွက်နဲ့ သွားစရာရှိတယ်ဆိုလို့ ကျုပ်တို့ ပိုက်ဆံကလေး ငါးမူးထဲက သုံးပဲ ချေးလိုက်ရသေးတယ်ဗျာ"

"ဪ... ဪ"

ကိုဘုန်းနိုင်သည် နိုင်ငံရေးသမားနှင့် သတင်းဆရာတို့၏ ဘဝကို သဘောကျကာ ပြုံးလိုက်မိလေသည်။ ထိုနေ့ နံနက်က ကိုတင်မောင်နှင့် ကိုဘုန်းနိုင်တို့ နှစ်ယောက်တည်း ကိုတင်မောင် သတင်းစာတိုက်သို့ သွားရန် လမ်းစရိတ်တစ်ပဲကို ဖယ်ထား၍ ပိုက်ဆံတစ်မတ်နှင့် မနက်စာကို ကုလားဆိုင်မှာ တွတ်ကြရလေသည်။ ဆီနှင့် အိစက်နေအောင် ချက်ပြုတ်ထားသော အမဲသားနှပ်၊ ဆိတ်ကလီစာနှင့် ကြက်သားများကို သူတို့သည် မြင်ရုံသာ မြင်ရ၍ ပဲဟင်းနှင့်သာပဲ ရှင်သီလဝန် တမလွန်ကို အခွန်ဆက်ကြရလေသည်။

ကိုတင်မောင် ထွက်သွားပြီးနောက် ကိုဘုန်းနိုင်သည် အခန်းကလေး အတွင်းဝယ် ပွ၍နေသော စာအုပ်ပုံကြားထဲတွင် အသာလှည့်ကာ စာဖတ်နေခြင်း ဖြစ်လေသည်။

သူသည် ဘိုင်ကျသော အရသာနှင့် ထိုင်းမှိုင်းသော ဝေဒနာကို ပျင်းရိစွာ ခံစားနေရသော ပတ်ဝန်းကျင်အာရုံကို ပြောင်းလဲပစ်လိုက်ရန်

လှဲနေရာမှ ထကာ သူ့ခေါက်ခုတင်ခြေရင်းဝယ် ချိတ်ထားသည့် သူ အင်မတန်နှစ်သက်လှသော တယောပြားကလေးကို သွား၍ယူခဲ့လေ သည်။

သူသည် ပြတင်းပေါက်အနီး ပက်လက်ကုလားထိုင်ပေါ်ဝယ် အသာ အယာ ထိုင်ပြီးနောက် တယောကြိုးကို ဘယ်နှဲ့ညာပြောင်းစမ်း ကြည့်နေ လေသည်။

သူသည် မြင်းစိုင်းသံကို လှည့်ကာ တေးကိုခံ၍ သုံးတော့သည်နှင့်...

"မုလေးရှုံတောအစ ဒေါနလမ်းမြေညီ...

လျှော့ကျစမ်း ရေသင်းကြည်တယ် ရွှေနှင်းဆီကန်ချောင်း"

ဦးပုည၏ နိဗ္ဗိန္ဒတေးထပ်ကို ခပ်လေးလေး၊ ခပ်အုပ်အုပ် သီဆိုနေ မိလေသည်။ သည်လို ခပ်လေးလေးနှင့် ခပ်အုပ်အုပ် အသံဘေးနားမှနေ ၍ ကြည်လင်နွဲ့အေးလှသော တယောသံကလေးကတော့ ပျင်းရိဖွယ် ရာ ပတ်ဝန်းကျင်အား မခိုးမခန့်နှင့် မလေးမစား သရော်နေလေသည်။

"လွမ်းစရာ စံကားဝါဂူမှာ နံ့သာဖြူ ဘုန်းမောင့်စံကျောင်း"

တေးထပ်၏ ပထမပိုဒ်ကို အဆုံးသတ်ကာ တီးကွက်ကို အဆိုမပါဘဲ ပြန်၍ ကျော့လေသည်။ ကြည်လင်ငြိမ့်အေးလှသော တယောသံကလေး သည် ဘယ်တို့ ညာထိနှင့် အခန်းကလေးအတွင်းမှာ နွဲ့နွဲ့အေး၍ နေလေ သည်။ သူ့စိတ်မှာလည်း တယောကို စထိုးရခါစနှင့် မတူတော့ဘဲ ကြည် လင်၍ လာလေသည်။ နောက်တစ်ပိုဒ်ကို သူဆက်ပြန်တော့သည်။

"ပင်ဇလပ် သရဖီချောင်မှာ ခွာညိုတောင် ခိုအောင်း

မွှေးနံ့သာစုပေါင်းတဲ့ နညောင်စောင်းထက်မှာ

ပဒုမ္မာကြာသကာန်း ခါဆင်မြန်း တောမွှေ့ပျော်ရာ"

အဆိုထက်ပဲ တယောကလေးက နွဲ့နေသည်။

"ရွှေသော်က တံတိုင်းကာသည် ဇီဇဝါ မုခ်ခြားလို့

တံခါးက ချရားကြိုင် သင်းတဲ့ဂနိုင်”

သော်ကကပဲ တံတိုင်းကာလို့ ဇီဇဝါမုခ်ခြားနေပြီး တံခါးမှာလည်း ချရားတွေက ကြိုင်လို့တဲ့...

ဩော်...ဦးပုည။

သည်လို သဘာဝမေ့ရဲ့ သက်မဲ့ ရုပ်ဝတ္ထုအလှကလေးတွေက အသက်ပဲ ရှိနေတော့သယောင်ယောင် ထင်မြင်လာအောင် ဂုဏ်မြောက်သည့် အဖွဲ့မျိုးကို ဦးပုညသည် ချစ်စဖွယ် မှုန်းတတ်လေသည်။ သူ့အဖွဲ့ကတော့ ကဗျာ၏ ကဗျာလို့ပဲ ခေါ်ရင်တော့ မှားနိုင်လိမ့်မည် မထင်ချေ။

“ယုဇနေ မဟာမြိုင်မှာ ကမ္ဘာတိုင် မှီးမယ်ပလေး...”

သူသည် တေးထပ်ကို အဆုံးသတ်လိုက်ပြီးနောက် တယောကို အသာအယာချထားလိုက်သည်။ သူသည် အတန်ကြာ ငြိမ်သက်စွာ ပက်လက်ကုလားထိုင်ကို မှီ၍ ထိုင်နေသည်။ ချိုအေးသော ဂီတ၏ ရမ္မက်ကို သူခံစားပြီးသဖြင့် စားမြုံ့ပြန်နေလေသည်။ သည်လိုခံစားပြီး စားမြုံ့ပြန်လိုက်သဖြင့် သူ့စိတ်သည် ထိုင်းမှိုင်းနေသော ရေပြင်မှ စိမ်းလဲ့ကြည်လင်သော ရေပြင်အေးသို့ ရောက်လာခဲ့လေသည်။

သည်လို ထိုင်းမှိုင်းသော ဝေဒနာကို သူသည် ချိုမြိန်အေးကြည်သော ဂီတသံ အမြိုက်ရေဖြင့် သူ့ကိုယ်ကိုယ်ပဲ တိုက်ကျွေးရလေသည်။ သည်ဟာ သူ့အလေ့အကျင့်ပဲ ဖြစ်သည်။ ဘိုင်ကျသောအခါဖြစ်စေ၊ စိတ်ရှုပ်သောအခါဖြစ်စေ သူသည် လူပြတ်သော၊ လူခြေတိတ်သော ချောင်တစ်ခုခုဝယ် တစ်ယောက်တည်းသွား၍ သူ၏ ချစ်ဖော် တယော ပြားကလေးဖြင့် သူ့စိတ်ထဲတွင် ပေါ်ပေါက်လာသော သီချင်းတစ်ပုဒ် ပုဒ်ကို ဆိုထိုးလေ့ ရှိလေသည်။

သည်လို လုပ်လိုက်ခြင်းဖြင့် သူသည် လန်းဆန်းကြည်လင်၍ လာ

တတ်လေသည်။ ယခုလည်းပဲ သူ၏ ထိုင်းမှိုင်းသော ဦးနှောက်အတွင်းရှိ တိမ်တိုက်များသည် ဂီတ၏ လေပူလေအေးဝယ် တငြိမ့်ငြိမ့် လွင့်ပါ၍ သွားကြလေသည်။

သူ၏ ဦးနှောက်မှာ ကြည်လင်ကာ တစ်ကိုယ်လုံးလည်းပဲ ဆန်းသစ်၍ လာလေသည်။

သူသည် ပြတင်းပေါက်မှ အပြင်ဘက်သို့ ကြည့်လိုက်သည်။ လူသတ္တဝါအများပဲ နေပူကြီးထဲမှာ အသက်ရှင်နိုင်အံ့ဖို့ အလို့ငှာ သွားလာလုပ်ကိုင်နေသည်ကို တွေ့ရလေသည်။ ပြတင်းပေါက်ကို သူ ဆွဲ၍ ဇော့လိုက်လေသည်။

သည်လို ပြတင်းတံခါးကို ဆွဲ၍ ပိတ်လိုက်စဉ် သူလည်းပဲ အသက်ရှင်နိုင်အံ့သောငှာ အလုပ်တစ်ခုကို လုပ်ကိုင်ဖို့ ဆုံးဖြတ်လိုက်သည်။ အမှန်မှာတော့ သူတစ်ယောက်တည်းသာ သည်လောကကြီးထဲမှာ ရှိတော့သည် မဟုတ်။ သူ့ကို ပခုံးလက်နှစ်သစ်၊ ဖဝါးလက်နှစ်လုံးအရွယ်မှစ၍ ကျွေးမွေးသုတ်သင်လာခဲ့ကာ သူ လူလားမြောက်သည့်တိုင်အောင်လည်းပဲ ဈေးရောင်း၍ ခေတ်မီ အထက်တန်းပညာရပ်များကို သင်ပေးခဲ့သော သူ၏ မုဆိုးမ မိခင်သည်လည်း ရှိသေးသည်။

သူ့အမိကတော့ လူ့ဝတ်ကြောင်ကို ခွာ၍ ပြည်၊ နိဗ္ဗာန်တောရတွင် ဖန်ရည်ဝတ်နှင့် သံသရာမှ လွတ်မြောက်ရာ တရားကို အားထုတ်လျက် ရှိနေသေးသည်။ သည် သီလရှင်အတွက် သူ့မှာ မလွတ်နိုင်သေး။ အမြိုက်တရားကို အားထုတ်ရှာဖွေနေသော သီလရှင်အား အချိုအချဉ်ကလေးမှအစ မှိုဝဲချင်တာကလေးများ မှိုဝဲနိုင်အောင် သူသည် ထောက်ပံ့ရပေလိမ့်မည်။ သည်ဟာ သူ၏ တာဝန်ဖြစ်သည်။ ဝတ္တရားဖြစ်သည်။ မိမိ၏ တာဝန်နှင့် ဝတ္တရားကို ဆောင်ရွက်ရခြင်းသည် သူ၏ မွန်မြတ်သော အလုပ်တစ်ခုပဲဖြစ်ပါသည်။

သူသည် ပြတင်းတံခါးကိုပိတ်ရင်း သူ့မိခင်အို သီလရှင်၏ သံယော ဇဉ်ကြိုးကို တင်းလိုက်ရှာသည်။ သူ မိတ္ထီလာဆေးရုံကြီးတွင် အတော် ကလေး သက်သာလာသောအခါ သူ့မိခင်အိုသည် လင်ကို သင်္ဂြိုဟ်၍ သူ့ဆီသို့ လိုက်လာခဲ့ရှာသည်။ မုဆိုးမ မိခင်အိုကြီး၏ ရှိုက်ကြီးတငင် ငိုကြွေးသံကို သူသည် မချိတရိ ကြားခဲ့ရသည်။

"အမေ ဘယ်သူ့ကိုသွားပြီး အားကိုးရတော့မှာလဲ သားရယ်"

ငိုသံနှင့် သူ့အမေက ဟိုစဉ်က မေးရှာသည်။ သူသည် ရုတ်တရက် သော် စာမေးပွဲကို ပြန်၍ ဖြေပြီးလျှင် ဒီဂရီကို ယူရန်ကို စိတ်ရှူးပေါက် မိသေးသည်။

"မင်းအဖေကလွဲရင် လူကလေးကိုသာပဲ အမေ အားကိုးစရာ ရှိပါ တယ် သားရယ်"

"အမေ စိတ်ချမ်းသာသလိုသာ နေပါ အမေရယ်၊ အမေ့ကို ကျွန် တော် ရှာကျွေးပါ့မယ်"

သူသည် သူ့အမေအား သူ ဝတ္တရားကို သိတတ်ကြောင်း ပြောခဲ့ လေသည်။

"အမေကတော့ နိဗ္ဗိန္ဒမှာပဲ အေးအေးချမ်းချမ်း တရားအားထုတ်နေ တော့မယ်လို့ အောက်မေ့တယ် သားရယ်"

သူ့အမေသည် လူ့ရပ်ကို ငြီးငွေ့သွားဟန်တူသည်။

"ကျွန်တော်တော့ ရန်ကုန်မှာပဲ သင့်သလိုနေမယ် အမေ၊ မကြာ မကြာလည်း ပြည်ကိုတော့ ကျွန်တော် လာခဲ့မှာပေါ့။ အမေ စိတ်ချမ်း ချမ်းသာသာပဲ အမေ ယုံကြည်တဲ့ တရားကို အားထုတ်နေတာပေါ့"

သူသည် သူ့အမေအား ပြည်၊ နိဗ္ဗိန္ဒသို့ အရောက်ပို့ခဲ့လေသည်။ သူ့အမေကို နိဗ္ဗိန္ဒမှာ ထားခဲ့၍ သူ ရန်ကုန်ကို ထွက်လာမည့် မနက်ခင်း က...

"မရင်မေဆိုတဲ့ သူငယ်မက လူကလေးရဲ့ မိတ်ဆွေလား"

သူ့အမေက မေးတော့ကာ –

သူသည် အသာအယာ ပြုံးလေသည်။

"ဘာပြုလို့ အမေ မေးတာလဲ အမေ၊ မရင်မေကို အမေ ဘယ်လို သိတာလဲ ဟင်"

"လူကိုတော့ အမေ မြင်လည်း မမြင်ဖူးပါဘူးကွယ်။ မင်းအဖေ ဆုံးတုန်းက ငွေတစ်ရာတိတိ ပို့လိုက်ရှာတယ်။ မင်း မမာလို့ မင်းကို မိတ္ထီလာမှာ ဆေးကုနေရတဲ့အကြောင်း စာရေးလိုက်တာလည်း အဲဒီ သူငယ်မပေါ့ သားရဲ့။ မင်းနဲ့ အင်မတန်ခင်လို့ အမေတို့ကို ခုလို စောင့် ရှောက်ဝံ့တာပဲ ထင်တယ်"

"ဟုတ်ပါတယ် အမေ၊ မရင်မေဟာ ကျွန်တော်နဲ့ တော်တော်ပဲ ခင်ပါ တယ်"

"ဩော်... ဩော်၊ သူငယ်မဟာ သဘောကောင်းရှာတယ်နော်၊ လူ ကလေးကိုလည်း တော်တော်ပဲ ခင်မင်ပုံရတယ်"

"အို... အမေကလည်း"

သူကပဲ ရှက်နေပြန်သေးတော့သည်။

သူ ရန်ကုန်သို့ ရောက်နေသည်မှာ သုံးလကျော်ခန့် ရှိလေပြီ။ ကိုတင် မောင်နှင့် အတူပဲနေကာ ရန်ကုန်၏ အခြေအနေကို သူ ကြည့်ရှုအကဲ ခတ်နေခြင်း ဖြစ်လေသည်။ ကိုတင်မောင်၏ လခကလေး လေးဆယ် နှင့် သူတို့နှစ်ယောက်မှာ တစ်လနှင့် တစ်လ အလျဉ်မမီနိုင်ကြချေ။ တစ်ခေါက်တစ်ခေါက် ခြေသလုံးအိမ်တိုင် နိုင်ငံရေးသမားများကိုလည်း ချေးရ၊ ငှားရသေးတော့သည်။ မြန်မာပြည်ဝယ် ထိုခေတ် ထိုအခါက တိုင်းပြည်နှင့် လူမျိုးအတွက် တကယ်ပဲ လုပ်ရှာသော တို့ဗမာအစည်း အရုံးမှ နိုင်ငံရေးသမားများခမျာတို့မှာ အဆင်းရဲ အငတ်ငတ်နှင့် နေခဲ့ကြ

ရလေသည်။ သခင်တစ်ရာလျှင် ကိုးဆယ်သည် ခြေသလုံးအိမ်တိုင်သမား များ ဖြစ်ကြသည်။ သူတို့သည် အမြဲပဲ ထမင်းဆာနေကြသည်။ သည်လို ခြေသလုံးအိမ်တိုင်ဘဝနှင့် အမြဲထမင်းဆာနေရရှာသော နိုင်ငံရေးသမား များသည် နောင်တစ်ခေတ်တွင် မြန်မာပြည်၏ တကယ့်ခေါင်းဆောင် များ ဖြစ်ဖို့ရန် သင်အံလေ့လာ လုပ်ကိုင်နေကြခြင်း ဖြစ်ကြလေသည်။

သူသည် နိုင်ငံရေးသမားကို ကြာရှည်စိတ်မပျက်ချေ။ အဝတ်အစား လဲပြီးနောက် အခန်းတံခါးကို ပိတ်ကာ ထွက်လာခဲ့လေသည်။ သူ့မှာ ရှိသော အကောင်းဆုံး ရွှေတောင်လုံကွင်း တစ်ပတ်နွမ်းနှင့် အယ်(လ်) ပါးကား အပေါ်အင်္ကျီကို ဝတ်ဆင်သည်။ လေယာဉ်ပျံဖိနပ်ကို စီးသော် လည်း ထီးနှင့် ဦးထုပ်ကား မပါ။ အမှန်မှာတော့ မရှိ၍ မပါခြင်းဖြစ်လေ သည်။ သည်ထက် အံ့ဩဖို့ ကောင်းတာက သူ့မှာ ပိုက်ဆံ တစ်ပြားမှ မပါ။ မပါဆိုရင်တော့ မူးလို့မှ ရှူဖို့ရန် ခပ်ကျပ်ကျပ်ပဲ ဖြစ်သည်။

ဦးအုန်းခိုင်လမ်းမှ သူသည် စတော့ဂိတ် ဘီလူးမဈေးဆီသို့ လျှောက် လာခဲ့လေသည်။ ကော်ရင်ဂျီကုလားများလည်းပဲ သူ့လို လျှောက်လာ ကြသည်။ သူတို့မှာ ဖိနပ်ပင်မပါကြ။ ဆေးပြင်းလိပ်ကို အားရပါးရ ခဲထားကြသည်။ တစ်ခုတော့ တွေ့ရသည်။ ကော်ရင်ဂျီကုလားများကား တော်တော့်ကို စကားပြောနိုင်ကြလွန်းသည်။ သူတို့မှာ ရည်ရွယ်ချက် ကြီးကြီးမားမား ရှိဟန်တော့မတူ။ တစ်နေကုန် နေပူမိုးရွာ ပင်ပန်းကြီး စွာ လုပ်ကိုင်ပြီးသည့် ညနေချမ်း၌ ဦးရည်နှင့်ထန်းရည် အမူးသောက် ကြမည်သာပဲ ဖြစ်လေသည်။

ဘီလူးမဈေးရှေ့ အုတ်ခုံပေါ်ဝယ် သူမတ်မတ် ရပ်လိုက်သည်။ နေက လည်းပဲ ချစ်ချစ်တောက်ပူနေသည်။ ဘတ်စ်ကားများသည် ဥဒဟိုပဲ ပြေးနေကြသည်။

"ကြည့်မြင်တိုင်ဈေးကြီး... ကြည့်မြင်တိုင်ဈေးကြီး"

ကားနောက်မြီးမှ စပယ်ယာကလေးများသည် တစာစာ အော်သွားကြလေသည်။ သူသည် ငေးကြည့်နေမိလေသည်။

သည်လို ငေးကြည့်နေစဉ် ဘတ်စ်ကားတစ်စီးသည် သူ့ဘေးနားတွင် ထိုး၍ ရပ်လိုက်လေသည်။ စပယ်ယာသည် ကားနောက်မြီးမှ လွှားခနဲ ခုန်ဆင်းကာ သူ့ဆီကို အူယားဖားယား ပြေးလာသဖြင့် ကိုဘုန်းနိုင်သည် နောက်တွန့်၍ သွားလေသည်။

"ဈေးကြီးလား ဆရာ၊ ကြည့်မြင်တိုင်လား ဆရာ"

စပယ်ယာသည် သူ့အား အတင်းအဓမ္မ ဆွဲလေတော့သည်။ သူသည် ဆုတ်ကန် ဆုတ်ကန်နှင့် အတန်ငယ် ပါသွားပြီးမှ...

"ကျုပ် မလိုက်ပါဘူးဗျာ၊ ကျုပ် မလိုက်ပါဘူး..."

ထိုအခိုက် နောက်မှ ဘတ်စ်ကားတစ်စီးသည် ကျော်တက်၍ သွားသဖြင့် စပယ်ယာသည် သူ့အား ဆောင့်တွန်းပစ်ခဲ့ပြီးလျှင် ကားနောက်မြီးပေါ်သို့ လွှားခနဲ ခုန်တက်ကာ –

"ခိုလိုး... ဆရာ... ခိုလိုး"

ဟု အော်ငင်ကာ ကားလည်း ထွက်သွားလေသည်။

ကိုဘုန်းနိုင်သည် ပြုံးလိုက်သည်။

"ဪ... ပိုက်ဆံ ပိုက်ဆံ၊ ဒီလောက်လည်း ရှားပါကလားနော်"

သူ ညည်းတွားလိုက်သည်။ သူလည်း ပိုက်ဆံရှားတာကို တစ်ရံရောအခါက လမ်းပေါ်က လူတစ်ယောက်အသိမျိုးနှင့်သာပဲ သိပါသည်။ ယခု ပိုက်ဆံ သည်လောက်တောင်ပဲ ရှားမှန်း သိရသည်။

"အစ်ကိုရယ် ပိုက်ဆံကလေး တစ်ပြားတစ်ချပ်လောက် သနားပါရှင်"

သူ့ကျောနောက်မှ အသံ...

သူ အမှတ်မဲ့ လှည့်ကြည့်လိုက်လေသည်။

ကယ်ပါ သူတောင်းစား၊ သို့မဟုတ် 'ခွက်'။

မရှိ၍ဘဲ တောင်းတာလော၊ တောင်း၍ စားရသဖြင့်ပဲ တောင်းတာပဲလော။ သူ ကြည့်နေမိသည်။

"မရှိလို့ တောင်းရတာပါ အစ်ကိုရယ်"

အသက် နှစ်ဆယ်ခန့် စုတ်ပြတ်ပြတ်နှင့် မိန်းမပျိုသည် သူမ အဆင်မပြေသော ဘဝကို ပြောနေရှာသည်။ သူသည် မိန်းမပျိုက သည်လိုပြောပြသောအခါ စာရေးဆရာကြီး ပီမိုးနင်းကို ပြေး၍ သတိရလေသည်။ ပီမိုးနင်းသည် တစ်ရံရောအခါက သူတောင်းစားများကို အားကျကာ အဆွဲ့အအယောင်ဆောင်ပြီးလျှင် လျှောက်၍ တောင်းဖူးပြီး ပိုက်ဆံ တစ်မတ်ကျော်ကျော်ကို သုံး၊ လေးလမ်းလောက်မျှ တောင်းရတာနှင့် ရခဲ့ဖူးလေသည်။ ဒါကြောင့်လည်းပဲ–

"ဆရာတို့ မြန်မာပြည်မှာ သူတောင်းစားတွေ ဒီလောက်ပေါများနေတာပေါ့ကွယ်"

ပီမိုးနင်းက ပြောပြခဲ့ဖူးလေသည်။

သို့ရာတွင် သူတောင်းစားမကလေးကိုတော့ သူ သနားမိသေးသည်။ အဆင်မပြေသော လူ့စနစ်ကြီး၏ မမျှတမှုကြောင့် ဤမိန်းမပျိုကား တောင်းစားနေရရှာလေသည်။

သည့်ထက် အရေးကြီးတာက သူတောင်းစားမကလေးကို သူက အဘယ်မျှပဲ သနားပြီး လူ့စနစ်ကြီးက အဘယ်မျှပဲ မမျှတစေကာမူ သူ့မှာလည်း ဘိုင်ကျနေသည်။

"အစ်ကို့မှာလည်း တစ်ပြားမှကို မပါပါဘူးကွယ်"

သူသည် မိန်းမပျိုအား ကရုဏာသက်စွာ ပြောပြနေရှာသည်။

မိန်းမပျိုသည် သူ့ကို ချက်ချင်းပဲ ကျောခိုင်းကာ နေပူကြီးထဲမှာ လျှောက်သွားသည်ကို သူသည် အငေးသားကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။ သူသည် ကြာရှည် သည်လိုပဲ ငေးမကြည့်နိုင်သေး။

စတော့ဂိတ်အတိုင်း သူ လျှောက်လာသည်။ သူသည် မောင်ဂိုမာရီလမ်းအတိုင်း အနောက်ဘက်သို့ ဆက်၍ လျှောက်လာခဲ့သည်။ သူသည် စပါတ်လမ်းကို ကျော်လာစဉ် ချစ်စရာကောင်းသော အင်္ဂလိပ်မြန်မာ ကပြားမလေးတစ်ယောက်နှင့် မြန်မာမကလေး တစ်ယောက်သည် သူ့ကို ကြည့်ကာ ပြုံးသွားကြသည်ကိုလည်း သူမြင်လိုက်ရသေးသည်။

သူသည် သွင်စီနီမာရှေ့၌ တရကြမ်းတိုးဝှေ့နေကြသော လူအုပ်ကြီးကို ခေတ္တမျှ ငေးကြည့်နေမိလေသည်။ သည်လို နေရာမျိုးများမှာတော့ မြန်မာလူမျိုးတွေ ဘယ်လို ပိုက်ဆံရှာရပါလိမ့်၊ သူ တွေးကြည့်မိသည်။ သူ အံ့ဩနေမိသည်။ သို့ရာတွင် လူအုပ်ကြီးကတော့ ကြိတ်ကြိတ်တိုးနေတုန်းပဲ ဖြစ်လေသည်။

သူသည် ဆက်၍ လျှောက်လာသည်။ ဆူးလေဘုရားလမ်းအတိုင်း ဘုရားဘက်ဆီသို့ သူ လျှောက်လာခဲ့ပြန်လေသည်။

"ဟေး... ကိုဘုန်းနိုင်... ဒီမှာ"

စဘွိုင်းမုန့်တိုက်အတွင်းမှ လူရွယ်တစ်ယောက်သည် သူ့ကို ခေါ်လိုက်သည်။ သူသည် ရပ်တန့်လိုက်ကာ မုန့်တိုက်အတွင်းသို့ လှမ်းကြည့်လိုက်သည်။

သူ့ဆီသို့ ပြေးထွက်လာသည်။ သူသည် ဇဝေဇဝါ ကြည့်နေမိသေးသည်။

"ကိုအုန်းကျော်"

ဟုတ်ပါသည်။ ကိုအုန်းကျော် အစစ်ပါပဲ။ သူ့ဆီသို့ လျှောက်လာကာ သူ့ကို အားရဝမ်းသာ ဖက်လိုက်လေသည်။

"ကိုအုန်းကျော်"

"ခင်ဗျား ဘယ်တုန်းက ရန်ကုန်ကို ရောက်နေတာလဲ ဟင်။ ကိုဘုန်းနိုင် လာဗျာ လာ၊ အထဲကျမှ အေးအေးဆေးဆေးပဲ စကားပြောကြရစို့

ဗျာ"

ကိုအုန်းကျော်သည် ကိုဘုန်းနိုင်အား မုန့်တိုက်အတွင်းသို့ ဆွဲခေါ်၍ သွားလေသည်။

ခံ့ညားသော မုန့်တိုက်အတွင်းဝယ် လှပစွာ ခင်းကျင်းထားလေသည်။ ကောင်းမွန်သော ကုလားထိုင်၊ စားပွဲ၊ မှန်ဗီရိုများအထက်မှ ပန်ကာသည် အအေးဓာတ်ကို ပေးနေလေသည်။

"ခင်ဗျား သိပ်ရှော်တဲ့လူဗျာ၊ ရန်ကုန်ရောက်နေတာတောင် ကျုပ်ဆီကို မလာဘူး"

"ကိုအုန်းကျော်၊ ခင်ဗျား အခုကော ဆက်တက်နေသလားဟင်"

သူသည် အေးချမ်းစွာ မေးလိုက်သည်။

"မတက်တော့ပါဘူးဗျာ၊ အိမ်က ဖားသားကြီးက ဆူတာနဲ့ ကျုပ်လည်း T.O အလုပ်လျှောက်ထားတယ်ဗျာ။ ဒါပေမဲ့ ထောင့်ငါးရာ၊ နှစ်ထောင်လောက် 'ပသ' နိုင်မှ ရသမို့ ခပ်ကျုပ်ကျုပ်ပဲ ဖြစ်နေသေးတယ်။ ခင်ဗျားကော ဘာများလုပ်ကိုင်ဖို့ ကြံစည်ထားသေးလဲ။ သခင်နာမည်ယူပြီး တို့ဗမာအစည်းအရုံးကိုပဲ ဝင်တော့မလို့လား"

"တို့ဗမာအစည်းအရုံးဆိုတာတော့ ကျုပ်လည်း သဘောကျသားပဲ။ ဒါပေမဲ့ ကျုပ် သခင်တော့ မဟုတ်ဘူး"

ကိုအုန်းကျော်သည် အသာအယာပဲ ပြုံးလိုက်သည်။

"ကျုပ် ခုတော့ ကိုတင်မောင်နဲ့ပဲ အတူတူနေရသေးတယ်။ ကိုအုန်းကျော်၊ သင့်တော်မယ့် အလုပ်ကလေးတွေ့ရင်လည်း လုပ်မလို့တော့ အောက်မေ့ထားတာပဲ။ ဒါပေမဲ့ ကိုတင်မောင် ပြောပြတာနဲ့ပဲ ကျုပ်တော့ အခုရှိနေတဲ့ သတင်းစာတိုက်တွေနဲ့ လုပ်လို့ ဖြစ်မယ်မထင်သေးလို့ အသာကြည့်နေသေးတာပဲဗျာ"

"မြန်မာ့အလင်း ဦးချစ်မောင်တစ်ယောက်နဲ့တော့ ခင်ဗျားလုပ်ဖို့

ကောင်းသားပဲဗျ"

"ဦးချစ်မောင်နဲ့တော့ ကောင်းသားပါပဲဗျာ။ ကျုပ်တောင် သူ့ဆီကို ခုသွားမလို့ပဲ။ သူ့မိန်းမက ဂျာနယ်တစ်စောင်ထုတ်မလို့ စီစဉ်နေတာ လည်း ကြားတယ်။ တကယ်လို့ ဦးချစ်မောင်သာ သူ့ကိုယ်ပိုင်သတင်း စာနဲ့ပဲဖြစ်ဖြစ်၊ ဂျာနယ်ပဲဖြစ်ဖြစ် ဟန်ကျသွားရင်တော့ ဦးချစ်မောင်နဲ့ ကျုပ် လုပ်ဖြစ်လိမ့်မယ် ထင်တာပဲ"

"ဒါထက် ဦးချစ်မောင် မိန်းမက တော်တော်ကို စည်းကမ်းကောင်းပြီး သေချာတယ်လို့ ကြားရတယ်ဗျ"

"ကျုပ်တော့ သေသေချာချာ မသိပါဘူးဗျာ၊ ဦးချစ်မောင်နဲ့ လောက် သာပဲ သိကြတယ်။ တစ်ခုတော့ရှိတယ်။ ဦးချစ်မောင် မိန်းမရတာ အဖက်ဖက်က တော်တာပဲလို့တော့ ပြောသံကြားရဖူးတယ်"

"ဦးချစ်မောင်လို လူမျိုးသာ သူ့သတင်းစာနဲ့ သူဆိုရင်တော့ မြန်မာ ပြည် ကုသိုလ်ကောင်းလာတော့မှာပဲဗျ"

"မြန်မာ့အလင်းနဲ့လည်း အရေးအသား ဝါဒထားတာတွေ သဘော ချင်း တယ်မတိုက်ဆိုင်လှဘူးဗျ"

"သူ့သတင်းစာနဲ့သူ မြန်မြန်လုပ်နိုင်လေ အခုလိုအချိန် တိုင်းပြည် အတွက် ကောင်းလေပေါ့ဗျာ"

"ကျုပ်တို့ လက်ဝဲဂိုဏ်းသားတွေကလည်း ဒီဟာပဲ မျှော်လင့်နေကြ တာပဲ"

မွန်ရည်သန့်ပြန့်သော မြန်မာလူမျိုး စားပွဲထိုးလူရွယ်သည် သူတို့အနီး တွင် ရိုသေစွာ ရပ်လာသည်။

"ခင်ဗျား ဘာသောက်မလဲ ကိုဘုန်းနိုင်၊ အပူလား အအေးလား" ကိုအုန်းကျော်က သူ့ကို မေးလေသည်။

"ကြိုက်တာသာ မှာဗျာ၊ ကျုပ်တော့ ခင်ဗျားကျွေးတာကိုပဲ စားရ

မှာ…"

"အမယ်လေးဗျာ ကိုဘုန်းနိုင်၊ ခင်ဗျားလည်း ဒါလောက်ပဲလား"

"အခု ခြေကျင်လျှောက်လာတာပဲ ကြည့်တော့ဗျာ၊ မရှိဆို အုန်းမှုတ်ခွက်ပါ မရှိတာ"

ကိုအုန်းကျော်သည် နို့အေးနှင့် စမူဆာများကို မှာယူလိုက်လေသည်။

"ဖြစ်မှဖြစ်ရပလေဗျာ ကိုဘုန်းနိုင်၊ ဒါထက် ခင်ဗျားမားသားအတွက်ကော ဘယ်လို စီစဉ်ထားသတုံး"

"ပြည်မှာ တောရ ခိုနေတယ်။ ဒီလိုပဲ ဖြစ်သလို ရှာဖွေပြီး ထောက်ပံ့ရမှာပေါ့ဗျာ"

"ခင်ဗျား မားသားကြီးကိုတော့ ကြပ်ကြပ်ဂရုစိုက်ပါဗျာ"

"အမေ့ကြောင့်ပေါ့ဗျာ၊ မဟုတ်ရင် ကျုပ်တော့ တရုတ်ပြည်ဘက်ကို ထွက်သွားတာ ကြာလှပြီ…"

"ဟိုး… ဆရာကြီး ဟိုး၊ မြန်မာပြည်မှာ လုပ်စရာတွေ ရှိပါသေးတယ်ဗျာ"

"ကျွန်တော် ဒီလူတွေ လုပ်နေတာ အားမရဘူး"

ထိုအခိုက် နို့အေးနှင့် စမူဆာများ လာ၍ချပေးသဖြင့် သည်လိုအစားကောင်း၊ အသောက်ကောင်းများကို ဝေးကွာနေသည်မှာ ကြာပြီဖြစ်သော ကိုဘုန်းနိုင်သည် အားရပါးရ မြိန်ရေရှက်ရေ စားသောက်နေလေသည်။

ကိုအုန်းကျော်သည် ကိုဘုန်းနိုင် ပလုတ်ပလောင်းနှင့် စားနေသည်ကို သနားကရုဏာဝေနေသော မျက်လုံးများဖြင့် အငေးသားကြည့်ရင်း သူ၏ဦးခေါင်းကို တဖြည်းဖြည်း ညိတ်နေရှာလေသတည်း။

* * *

ရန်ကုန်မြို့၏ အစွန်ကျသော ၁၂၆ လမ်း၏ အခန်းကလေးတစ်ခု အတွင်းဝယ် ဖြစ်လေသည်။ ကိုဘုန်းနိုင်သည် သူ၏ရှေ့တည့်တည့်ဝယ် လေးလံထိုင်းမှိုင်းစွာ ထိုင်နေသော လူကြီးတစ်ယောက်အား ကြည်ညို လေးစားစွာ ကြည့်နေမိသေးသည်။ ညှော်ခန်းအတွင်းဝယ် ဖုန်များ၊ သရိုက်များဖြင့် ညစ်ပေနေသည်။ မိန်းမအင်္ကျီ၊ ယောကျ်ားအင်္ကျီ၊ လုံချည်များမှာလည်း ပွလျက် ရှိနေလေသည်။

"ဆရာကြီး ခုလောက် စာအုပ်ကောင်းတွေ ရေးနေတာတောင် ဝတ္ထုတိုက်ပိုင်ရှင်၊ သတင်းစာတိုက်ပိုင်ရှင်တွေက ဒီလိုပဲ မကြည့်မရှု ထားသလားခင်ဗျာ"

ငတ်နေရှာသော ကျမ်းပြုဆရာကြီးနှင့် စာရေးဆရာကြီး၏ စုတ်ပြဲမွဲတေနေသော ဘဝမျက်မှောက်ကို သူပြုနေရသဖြင့် သူသည် ကရုဏာဒေါသောနှင့် မေးလိုက်မိလေသည်။

ဆရာကြီးအခေါ်ခံရသူ အသက် ၆၀ နီးပါးခန့် လူကြီးသည် အသာအယာ ပြုံးလိုက်သည်။ ဝမ်းနည်းခြင်းနှင့် ငတ်ပြတ်ခြင်း ပင်လယ်ပြင်အထက်ဝယ် ငွားငွားစွင့်နေသော ကြယ်ပြင်ကဲ့သို့သော သူ့အပြုံး၊ သူသည် ဘာမျှတော့ကာ ပြန်မပြော။

"ဆရာကြီး ခု မြန်မာ့အလင်းသတင်းစာမှာ ရေးနေတယ် မဟုတ်လား ဆရာကြီး..."

"ဟုတ်သားပဲ၊ မြန်မာ့အလင်းက ကြည့်ရှုထားလို့ ခုလို ရန်ကုန်မှာ နေနိုင်သေးတာပေါ့ မောင်ရင်"

"ဒီလိုဆိုရင် တော်ပါသေးတယ် ဆရာကြီး"

"အစက ဆရာလည်း သုံးဆယ်ကိုတောင် ပြန်တော့မလို့ အောက်မေ့ထားတယ်။ ဦးတင်နဲ့ ဦးချစ်မောင်တို့ကြောင့် ဆရာလည်း မပြန်ဖြစ်တာပဲ"

"ဩော်... ဩော် ဆရာကြီးလည်း စာရေးဆရာ၊ သတင်းစာဆရာ လုပ်မိတာ ဒုက္ခကြီးတစ်ခုပဲနော်"

ပီမိုးနင်းသည် ပြုံးလိုက်သည်။ မထိတရီအပြုံး၊ ဒုက္ခဆိုသော စကားမှာ သူ့အဖို့ အဆန်းမဟုတ်ချေ။ ရိုးနေဟန်တူလေသည်။ သူသည် ဘရင်ဂျီရဟန်းအဖြစ် လေ့လာခဲ့ဖူးသည်။ ထာဝရင်ရဲကို ကြောက်သဖြင့် (Tu es sacerdos, sacerdos in eternum) 'သင်သည် ရဟန်းဖြစ်၏။ ရဟန်းသည် ထာဝရ ရဟန်းဖြစ်၏' ဆိုသော လာတင်ကက်သလိပ်ပညတ်ကို ပုန်ကန်ထွက်ပြေးခဲ့ဖူးသည်။ လှပသော မိန်းမပျိုကလေးများကို ချစ်ခဲ့ဖူးသည်။ ပိုးခဲ့ဖူးသည်။ ရလည်း ရခဲ့ဖူးသည်။

လယ်တီဆရာတော်ဘုရားကြီးထံ၌ သူရဟန်းခံခဲ့သည်။ ကျောင်းမထိုင်ရဲသဖြင့် သိက္ခာချကာ လူဖြစ်ခဲ့ရပြန်သည်။ ငါးမျှား၊ ကဏန်းဖမ်း၊ လယ်ထွန် စသော အလုပ်များကို လုပ်ခဲ့ရရှာသည်။ 'ကယ်ပါ' အိမ်၌လည်း နေခဲ့ဖူးသည်။

သူသည် တစ်လသုံးဆယ်မျှသော ငွေကလေးနှင့် မြင်းခေါင်းမှာနေရ၍ စာရေးဆရာလောကသို့ ဝင်ခဲ့သည်။ သူသည် မွန်မြတ်သော ကျောင်းဆရာအလုပ်ကိုလုပ်ရင်း လူတစ်ယောက်ကို ရိုက်လှဲခဲ့ဖူးသည်။

စုံလိုက်တဲ့ ပီမိုးနင်း။

သူသည် စာရေးအလုပ်ကို ဝင်လုပ်ခဲ့ပြန်သည်။ သားမယားလည်း ရခဲ့သည်။ လှေစီးရင်း ဆော့သဖြင့် ရေနစ်၍ ကံကြီးသောကြောင့် မသေခဲ့။ အပျော်ကြီး ပျော်နေဖူးသဖြင့် ယောက္ခမလုပ်သူကပင် ချော့မော့၍ ခေါ်ခဲ့ရလေသည်။

၁၉၁၄ ခုနှစ်လောက်တွင် သူသည် မြန်မာပြည်သတင်းစာလောကထဲသို့ ဝင်ရောက်လာခဲ့သည်။ ယနေ့တိုင်ထင်ရှားနေသော မြန်မာ့အလင်းသတင်းစာကို ပီမိုးနင်းသည် သန္ဓေချပေးခဲ့သည်။

သူသည် စာပေလောကထဲ၌ ကြာမြင့်စွာ လုပ်ကိုင်ခဲ့သည်။ သူ့ကို မှီခို၍ ချမ်းသာသူများ၊ ကြီးပွားသူများကား များလေပြီ။ သူ့မှာတော့ ဆင်းရဲမွဲတေမြဲ မွဲနေတုန်းပဲ ဖြစ်သည်။

"တို့မြန်မာပြည်က စာရေးဆရာတွေဟာ တရုတ်ပြည်က စာရေးဆရာတွေရဲ့ အဆင့်အတန်းကိုတောင်မှ မမီနိုင်ဘဲကွယ်"

ဟု သူသည် ညည်းညူရှာသည်။ မှန်သည်၊ ပီမိုးနင်းပြောတာ အဟုတ်ပဲဖြစ်သည်။

မြန်မာပြည်က ပုံနှိပ်ထုတ်ဝေသူများသည် စာရေးသူ၏ စာမူကို တန်ရာတန်ဖိုးပေး၍ မရိုက်နှိပ်ချင်ကြသောအကျင့် ရှိကြသည်။ သူတို့သည် သက်သာ၍ ဈေးချိုသော အပေါစားစာများကိုသာပဲ ရှာတတ်ကြသည်။ စာကောင်း၊ ပေကောင်းများကို ရသောအခါ၌လည်း စာရေးသူအား သင့်ရာသင့်ကြောင်း မပေးချင်ကြ။ သည်လို မပေးသဖြင့် စာရေးသူမှာ မည်သို့လျှင် စာကောင်း၊ ပေကောင်းကို အပင်ပန်းခံကာ အချိန်ယူ၍ ရေးချင်ကြမည်နည်း။

*'စက်သံကလည်း တညံညံ။ မော်တော်ကားသံကလည်း ဆူညံမစဲ။ သရဲသဘက်ကဲ့သို့ အနားမှာ ကော်ပီကို တစာစာတောင်းနေသော စာစီသမားကလည်း နားပူနားဆာဖြင့် အိမ်က သားမယားအတွက် ထမင်းဝဝကလေး စားရအောင်ကလည်း စိတ်က မအေးရသေး။ အိမ်လခအကြွေးကလည်း တပူပူနဲ့ ခေါင်းရှုပ်လောက်အောင် ဆူနေသဖြင့် အဘယ်မှာလျှင် ရှေးကနှင့်တူကာ စာကောင်းမျိုးကို ထွက်နိုင်ပါတော့မည်နည်း'*

ဆရာကြီးသည် သူ၏ ကြုံတွေ့ရသောဘဝကို ရေးခဲ့ဖူးရှာသည်။ အမှန်မှာတော့ သူသည် သူ၏ဘဝနှင့် ပတ်ဝန်းကျင်ကို ညည်းညူလိုက်လေသည်။

ပီမိုးနင်းသည် အံ့သြဖို့လည်း ကောင်းပါသေးသည်။

တက်ဘုန်းကြီး ကိုသိန်းဖေပြောသလို သူ့စကားအတိုင်း သုံးရရင်တော့ကာ –

“ကျွန်တော့်စိတ်သည် ရွံ့ညွှန်ထဲမှ ပေါက်ကာနေသော ကြာပင်တွင် ထွားထွားဝေဝေ ပွင့်နေသော ကြာပန်းတွင်းသို့ ပြေးဝင်နားနေပါသည်” ပဲဖြစ်သည်။

ပီမိုးနင်းသည် ငရဲခန်းမှနေ၍ ဗေလုဝ နတ်စောင်းသံကို ရေးနိုင်ပါပေသည်။ သူ့စာသည် ပြောင်သည်။ ရှင်းသည်။ ဆန်းကြယ်သည်။ သည့်ထက် သူ့စာသည် နက်နဲလှသည်။

သိုးဆောင်းအဘိဓမ္မာနှင့် ဗုဒ္ဓအဘိဓမ္မာကို ကျေပွန်စွာ သင်အံ့လေ့လာခဲ့ဖူးသော ဆရာကြီး၏ အယူအဆများကို ထိုခေတ်အခါက စာကြည့်ပရိသတ်သည် လက်ခံနိုင်ခြင်း မရှိခဲ့ကြသေးချေ။ ‘ပိုက်ဆံကြီး’ အမည်ဖြင့် သူရေးခဲ့သော နေရီရီ ဝတ္ထုကိုတော့ကား ပီမိုးနင်း၏ စာကြည့် ပရိသတ်သည် ယနေ့တိုင် မေ့နိုင်ကြမည်တော့ မဟုတ်သေး။ ‘သဲမြည္ဘာ’ ကို အစွဲကြီး စွဲခဲ့ရကြလေသည်။ သည်လို ပီမိုးနင်း၏ ဝတ္ထုများသာ စွဲလမ်းဖတ်ရှုခဲ့ကြသော်လည်း ကမ္ဘာ့မင်တာ၊ စိတ်ပညာ၊ သားဂုဏ်ရည်၊ သခင်စိတ် စသောဆရာကြီး၏ ကျမ်းစာအုပ်များကိုကား လူတွေ လက်မခံနိုင်ကြသေးပေ။

သို့ရာတွင် ပီမိုးနင်းကား ငတ်လျက်၊ စုတ်လျက်နှင့်သာပဲ။

ကိုဘုန်းနိုင်သည် သူ့ရှေ့တည့်တည့်ဝယ် ထိုင်နေသော လူကြီးကို မြင်ရသည်။ သေသေချာချာပဲ သူ မြင်ရလေသည်။

သူသည် ငတ်နေသော်လည်း အပြုံးမပျက်၊ သူသည် မထီတရီပဲ ပြုံးလိုက်နိုင်သေးတော့သည်။

“ဒါထက် ဆရာကြီးရဲ့ ထင်မြင်ချက်တစ်ခုကို ကျွန်တော် မေးပါရစေ”

"မေးနိုင်ပါတယ် မောင်ရင်၊ ကျုပ်သိတန်သရွေ့တော့ ပြောပြရမှာ ပေါ့လေ"

"အခု မြန်မာပြည်မှာရှိနေတဲ့ လက်ရှိနိုင်ငံရေးခေါင်းဆောင်ကြီးတွေနဲ့ လက်ရှိအုပ်ချုပ်ရေးကို ဆရာကြီး ဘယ်လိုသဘောထားပါသလဲ ခင်ဗျာ..."

"ဩော်... မောင်ရင့်နှယ်၊ ဒီဟာမှ မေးတတ်ပလေတယ်"

ပီမိုးနင်းက ရယ်မောကာ ပြောလေသည်။

"ဆရာကြီးတို့လို အသိအမြင်များတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ ထင်မြင်ချက်ကို ကျွန်တော်တို့ လူငယ်တွေ အင်မတန်ပဲ ကြားချင်ပါတယ် ဆရာကြီး၊ အဖိုးလည်း တန်ပါတယ်"

"အင်း... လက်ရှိအုပ်ချုပ်ရေးကို ကျုပ်ထင်ထားတာပြောရရင် Greyhound ဂရေးဟောင်း ခွေးပြိုင်ပွဲကွင်းကြီးကို ဒိုင်အာခီသက်တမ်းကုန်လို့ ဘိလပ်ပါလီမန်က မြန်မာပြည်မှာ ကျင်းပတာပဲ မောင်ရင်"

ကိုဘုန်းနိုင်သည် အတော်ပဲ သဘောကျသွားလေသည်

"အဲဒီ ဂရေးဟောင်း ခွေးပြိုင်ပွဲကွင်းကြီးထဲမှာ အခုလက်ရှိ ပါတီခွေးတွေ ဝင်ပြီး အပြေးပြိုင်ကြတာပါပဲကွယ်။ ခုပဲ တစ်ပါတီနဲ့ တစ်ပါတီ ကိုက်ကြခဲကြနဲ့ ကြည့်ပါလား... မောင်ရင်"

"ဟုတ်တယ် ဆရာကြီး"

"အဲဒီ ဂရေးဟောင်းခွေးပြိုင်ပွဲဟာ နည်းနည်းကြာလို့ ရိုးသွားရင် နောက်တစ်မျိုး လာလိမ့်ဦးမယ်..."

"အခု... လူငယ်ပိုင်းက နိုင်ငံရေးခေါင်းဆောင်တွေကိုကော ဆရာကြီး"

"တို့ဗမာအစည်းအရုံးဟာ တော်တော်ကောင်းသားပဲ မောင်ရင်။ အဲဒီအထဲက လူငယ်ခေါင်းဆောင်တွေဟာ အခု သူတို့လုပ်နေကြသလို ဇွဲကောင်းကောင်းနဲ့ မှန်မှန်ကြီး လုပ်သွားနိုင်ရင်တော့ တကယ့်တိုင်းပြည်

ခေါင်းဆောင်တွေ ဖြစ်လာလိမ့်မယ်"

"မြန်မာပြည်လွတ်လပ်ရေးကို ဆရာကြီး ဘယ်လိုယုံကြည်ပါသလဲ"

"ဒီစကားဟာ မလွယ်ဘူး မောင်ရင်၊ တစ်ခုတော့ ပြောပြမယ်။ အခု လူကြီးပိုင်းက လုပ်နေကြတဲ့ လွတ်တော်နိုင်ငံရေးမှာ မြန်မာပြည်ရဲ့ လွတ်လပ်ရေးမရှိဘူး။ နောက်ဆုံး ဒိုမီနီယံပဲရှိတယ်။ တကယ့်လွတ်လပ်ရေးဆိုတာ အပြင်ကထွက်လာရတတ်တာမျိုးပဲ။ မောင်ရင်တို့ လူငယ်တွေ လက်ထဲမှာ ဗမာပြည်လွတ်လပ်ရေးရှိနေတယ်၊ အဲဒါကို ယူတတ်မှ လည်း ရတယ် မောင်ရင်၊ အရင်ကလိုပဲ မောင်တို့လူငယ်တွေ လွှတ်တော်ထဲ ပြန်ဝင်ကြရင် လွတ်လပ်ရေးလည်း ဆုံးဦးမှာပဲ"

"ဆရာကြီးပြောတာ ကျွန်တော်ဖြင့် သိပ်သဘောကျတာပဲ"

ထိုအခိုက် အသက်သုံးဆယ်ခန့် ပိန်ပိန်ပါးပါး မိန်းမတစ်ယောက် ဖျပ်လျှပ်ဖျပ်လျှပ်နှင့် ဝင်လာကာ–

"ဘယ့်နှယ်လဲ ဆရာကျော်၊ အိမ်လခ ခုထက်ထိ မရသေးဘူးလားတော်"

ရန်တွေ့လေတော့သည်။

ပီမိုးနင်းသည် သက်ပြင်းကို ရှုချလိုက်လေသည်။ သူသည် ဘာမျှ ပြန်မပြော။

ကိုဘုန်းနိုင်သည် သူ ကျောင်းတုန်းက သင်ခဲ့ရသော ဂိုးလ်စမစ်ကို သွားသတိရလေသည်။ ပီမိုးနင်းလည်းပဲ ဂိုးလ်စမစ်နဲ့ တူနေရှာသည်။ ဂိုးလ်စမစ်မှာ အိမ်လခ မပေးနိုင်ရှာသဖြင့် အိမ်ရှင်မက ဆူဆူပူပူနှင့် နှင်ချမည် လုပ်စဉ်က ဒေါက်တာဂျွန်ဆင်သည် ဂိုးလ်စမစ်ရေးထားသော "The Traveller" ခေါ် 'ခရီးသည်' ဝတ္ထုကို ဝတ္ထုတိုက်တစ်တိုက်သို့ ကတိုက်ကရိုက် သွားရောင်း၍ အိမ်လခ ပေးခဲ့ရဖူးလေသည်။

မြန်မာပြည်မှာတော့ကော ဒေါက်တာ ဂျွန်ဆင်လိုလူ တစ်ယောက်

တလေမျှ မရှိရှာသလား။

ကိုဘုန်းနိုင်သည် ၁၂၆ လမ်းအတိုင်း သိမ်ဖြူဘက်သို့ ထွက်လာခဲ့စဉ် ဂိုးလ်စမစ်၏ ကဗျာကလေးတစ်ပုဒ်ကို သွား၍ သတိရလိုက်လေသည်။

A cap for the night and stocking all the day.

ဂိုးလ်စမစ်မှာ ဘိုင်ကျရှာလွန်းသဖြင့် ညဆောင်းဖို့ရန် 'ကက်' ဦးထုပ်နှင့် နေ့ဖိနပ်စီးသောအခါ ခြေစွပ်ကို တစ်ခုစီ မဝယ်နိုင်ခဲ့ရှာချေ။ သူ ညဆောင်းသော 'ကက်' ဦးထုပ်နှင့် နေ့ခင်း ဖိနပ်စီးရသော ခြေစွပ်မှာ တစ်ခုတည်းသာပဲ ဖြစ်လေသည်။

အနှစ် ၂၀ ကျော်လုံးလုံး စာအုပ်ပေါင်းမြောက်မြားစွာကို ရေးခဲ့ရှာသော နာမည်ကျော် စာရေးဆရာကြီးမှာလည်း အိမ်လခကလေးပင် မှန်မှန်မပေးနိုင်ရှာ။

ဆင်းရဲရှာလိုက်တဲ့ ပီမိုးနင်း...။

* * *

သည်လို စိတ်ပျက်စရာလူတွေ လောကထဲမှာ ကိုဘုန်းနိုင်သည် ငတ်တစ်ခါ ပြတ်တစ်လှည့်နှင့် နေထိုင်ခဲ့ရလေသည်။ သူသည် တို့ဗမာအစည်းအရုံး လက်ဝဲဂိုဏ်းသားများနှင့် အစဉ်လိုပဲ သွားလာနေခဲ့လေသည်။ သူသည် ကျောင်းသားဘဝက အဘယ်မျှ ပြင်းထန်သောစိတ်ဓာတ် ရှိခဲ့စေကာမူ အပြင်ဘက်နိုင်ငံရေးလောက၌ ထိုစိတ်ဓာတ်ကို မထားရှိနိုင်ပေ။ မြန်မာပြည် လက်ဝဲဂိုဏ်းသားများကား ထိုစဉ်က ညံ့ပါသေးသည်။ သူတို့သည် မြန်မာပြည်ကို လွတ်လပ်စေချင်သော တစ်ခုတည်းဆန္ဒသာပဲ ရှိကြသည်။ မြန်မာပြည်သာ လွတ်လပ်မည်ဆိုလျှင် ဘာပဲလုပ်ရ၊ လုပ်ရ လုပ်ကြမည့်သူများ ဖြစ်လေသည်။ သည်စိတ်ဓာတ်

တစ်ခုတည်းနှင့်ပဲ သူတို့ထဲမှ အချို့သည် ဖောက်ပြန်နေသော အင်အားစုများနှင့် လက်တွဲကြသည်။

မှားလိုက်တဲ့ လူတွေ ...

သူတို့သည် ကမ္ဘာ့အရေးကို လေ့လာမှု နည်းပါးလှသည်။

ဖောက်ပြန်နေကြသော ဓနရှင် ဒီမိုကရေစီနှင့် ဓနရှင်ဖက်ဆစ် အင်အားစုကြီးနှစ်ခု ခြေလှမ်းကို ဆင်းရဲသား ဆိုဗီယက်နိုင်ငံက အဘယ်ကဲ့သို့ ကျားကွက်ဆင် ကစားသည်ကို သူတို့သည် သေသေချာချာ လေ့လာခဲ့ကြဟန် မတူချေ။

သည်ဟာကြောင့်လည်းပဲ သူတို့သည် ဖောက်ပြန်ရေးသမားများနှင့်အတူ ဖောက်ပြန်ရေး၏ ဖောက်ပြန်ရေးသမားများဖြစ်ကြသော ဖက်ဆစ်ဂျပန်နှင့်ပူးပေါင်း၍ အရင်းရှင် ဒီမိုကရက်တစ်အင်အားစု လက်အောက်မှ ရုန်းထွက်ရန် ကြံစည်ခဲ့ကြလေသည်။ သူတို့သည် ဆူဘတ်ချန်ဒရာဘို့(စ်)နောက် လိုက်ကြပုံရလေသည်။ အမှန်မှာတော့ သူတို့သည် သည့်အပြင် ဖောက်ပြန်ရေးသမားလို မိမိတစ်ဦး ကောင်းစားရေးအတွက် လုပ်ကြသည်တော့ မဟုတ်။ လွတ်လပ်ချင်ရှာကြသော ကျွန်နိုင်ငံသားများပီပီ လွတ်လပ်ရေးကို ရသည့်နည်းနှင့်ယူဖို့ လုပ်ကြခြင်းသာပဲ ဖြစ်လေသည်။ သူတို့မှာ သည်လို မှားယွင်းခဲ့ကြသဖြင့် အနည်းငယ်မျှ အပြစ်မရှိ။ အကြောင်းမူကား ဒီမိုကရေစီနည်းအရသာ ယဉ်ကျေးစွာ အုပ်ချုပ်ပါသည်ဟု လူကြားကောင်းအောင် ပြောနေကြသော အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် သူတို့၏ ကျွန်နိုင်ငံများကို အုပ်ချုပ်ရာ၌ ဖက်ဆစ်နှင့် ဘာမှ မခြားနားသောကြောင့် ဖြစ်လေသည်။

သည်ကမ္ဘာကြီး၌ အင်အားစုကြီး နှစ်ခုသာပဲ ရှိခဲ့လေသည်။ ဖောက်ပြန်နေသော အင်အားစုနှင့် တိုးတက်အံ့ကြွနေသော အင်အားစုကြီး ဖြစ်လေသည်။ ၁၉၁၄–၁၈ ခုနှစ် ပထမကမ္ဘာစစ်ကြီးသည် ဖောက်ပြန်နေ

သော အင်အားစုအချင်းချင်း တိုက်ခိုက်ကြသော စစ်ကြီးဖြစ်လေသည်။ ထိုစဉ်က ကမ္ဘာ့လက်ဝဲဂိုဏ်းသားများသည် Chauvinism ခေါ် မိမိတိုင်းပြည်အတွက်သာ ကောင်းစားရေးစိတ်ဓာတ်များတွင် ယစ်မူးကာ မိမိတို့၏ ဖောက်ပြန်နေသော အရင်းရှင်အသီးသီးကို အစွမ်းကုန် ကူညီခဲ့ကြလေသည်။ အမှန်မှာ သူတို့သည် Second International ကို သစ္စာဖောက်လိုက်ကြခြင်းပဲ ဖြစ်လေသည်။ သို့ရာတွင် ရုရှားပြည်တစ်ခုတည်း၌သာ တိုးတက်အုံကြွနေသော အင်အားစုကြီးကို ခေါင်းဆောင်သော လက်ဝဲဂိုဏ်းသားများသည် မိမိတို့၏ ဖောက်ပြန်နေသော အင်အားစုအစိုးရကို တော်လှန်ပုန်ကန်ခဲ့ကြလေသည်။ သည်လို ပုန်ကန်၍ အာဏာအရယူကြသော တိုးတက်နေသည့် အင်အားစုကို အရင်းရှင်ဖောက်ပြန်ရေးသမားများ တစ်စုသည် ဝိုင်း၍ နှိမ်ကြသေးသည်။ သို့ရာတွင် ဆိုဗီယက်ရုရှားဝယ် လက်ဝဲဂိုဏ်းသားများသာပဲ အာဏာရကာ သူတို့၏ လူ့လောက အဆောက်အအုံသစ်ကို အေးချမ်းမှုတစ္စာ ဆောက်လုပ်ကြလေသည်။ ဂျာမနီ–ဩစတြီးယား–ဟန်ဂေရီ နိုင်ငံများ၌ ဖောက်ပြန်ရေးသမားများသည် "hunger blockade" ခေါ် အငတ်ထားရေး လက်နက်နှင့် တော်လှန်ရေးအင်အားများကို ချိုးနှိမ်လိုက်ကြလေသည်။

သည်လိုသာ ရုရှားလက်ဝဲဂိုဏ်းသားများ အောင်မြင်ခဲ့သည့်အတွက် ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းကြီးနှင့် ကမ္ဘာ့အလုပ်သမားသမဂ္ဂကြီးသည် မွေးဖွားနိုင်ခဲ့ခြင်းပဲ ဖြစ်လေသည်။

အမှန်မှာတော့ ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းကြီးမှာ ဖောက်ပြန်နေသော အရင်းရှင်ကြီးများ၏ အကျိုးတစ်ခုတည်းကိုသာ ကြည့်ပြီး လျော့ရိလျော့ရဲ ဖွဲ့စည်းထားသော အဖွဲ့ကြီး ဖြစ်လေသည်။

ကမ္ဘာကြီးတစ်ခုလုံး ဆိုဗီယက်ရုရှားမှလွဲ၍ အရင်းရှင်စနစ်သည် ပြန်လည်၍ တည်မြဲလျက်ရှိလေသည်။ ဖောက်ပြန်နေသော အင်အားစု

အရင်းရှင်များသည် တိုးတက်နေသော အင်အားစု ဆင်းရဲသားများအပေါ် ဝယ် အနိုင်ကျင့်ကာ အသက်ဆက်နေကြလေသည်။

၁၉၂၉ ခုနှစ် ကမ္ဘာ့စီးပွားရေး အကျပ်အတည်း။

၁၉၃၁ ခုနှစ် စီးပွားရေးဇာတ်ရှုပ်ကြီး။

အရင်းရှင်စနစ်သည် ဖောက်ပြန်သည်ထက် ဖောက်ပြန်၍ လာလေသည်။ အထူးသဖြင့် ပြီးစီးခဲ့သော စစ်ကြီးတွင် ဝေစုမရလိုက်သော အီတလီ၊ ဂျပန်နှင့် စစ်ရှုံးသော ဂျာမနီပြည်များမှာ ဖြစ်လေသည်။

၁၉၃၁ ခုနှစ်တွင် ဂျပန်သည် မိမိ၏ ဖောက်ပြန်နေသောအတွင်း ဘီလူးကို ကြာရှည် လူယောင်မဆောင်နိုင်သဖြင့် မန်ချူးရီးယားကို တရုတ်ပြည်မှဖဲ့၍ အနိုင်ကျင့်လိုက်သည်။ 'စူ့ထက်စူ' လူစွမ်းကောင်း လုပ်ချင်လွန်းအားကြီးသော ဖောက်ပြန်ရေးသမား ချန်ကေရှိတ်သည် မန်ချူးရီးယားပေးရသည်ထက် တရုတ်ပြည်ကြီးအတွင်း တိုးတက်နေသော အင်အားစုကို နှိမ်နေရသည်က အရေးကြီးနေလေသည်။ နိုင်ငံကလေးများအတွက် စစ်တိုက်ကြသော အင်္ဂလိပ်၊ အမေရိကန်နှင့် ပြင်သစ်စသော ဒီမိုကရက်တစ် သူရဲကောင်းကြီးများကလည်း သဘောတူ မနောဖြူကာ လက်ပိုက်၍ပဲ ကြည့်နေခဲ့ကြလေသည်။ သူတို့သည် သူရဲကောင်းဂျပန်က အာရှတိုက်တွင် တိုးတက်နေသော အင်အားစုများကို နှိမ်နင်းနေပြီး သူတို့၏ အကျိုးစီးပွားကို မထိခိုက်သရွေ့ လက်လွှတ် ပေးထားကြမည် ဖြစ်သည်။ ဆိုဗီယက်ရုရှား၏ဩဇာ အာရှတိုက်တွင် လွှမ်းမိုးသွားမည်ကို ဖောက်ပြန်ရေး အရင်းရှင်များသည် ဖက်ဆစ်ဂျပန် ထက်ပဲ ကြောက်ကြလေသည်။

အီတလီလည်းပဲ အီတီရောပီးရင်းများကို ရက်ရက်စက်စက် ဗုံးကြဲ၊ စက်သေနတ်နှင့်ပစ်၍ အနိုင်ကျင့်လိုက်ပြန်သည်။ မူဆိုလိုနီသည် သူထင် ရာ သူလုပ်မည့်လေ မှတ်ခဲ့လေသည်။ နိုင်ငံပေါင်းချုပ်အသင်းကြီးကို

မလေးမခန့် ပြုခဲ့သေးသည်။ သည်လိုအထဲကပဲ အင်္ဂလိပ်သည် အီတလီနှင့် မဟာမိတ်ဖြစ်အောင် ကြိုးစားနေသေးသည်။

ဟစ်တလာသည် ၁၉၃၆ ခုတွင် ရိုင်းလင်းနယ်ကို စစ်တပ်များဖြင့် ချထား သိမ်းပိုက်လိုက်သည်။ အင်္ဂလိပ်နှင့် ပြင်သစ်တို့ကား တုတ်တုတ်မျှမလှုပ်။ သူတို့ အကျိုးစီးပွားကို တိုက်ရိုက်မထိခိုက်သေးဟန်တူသည်။

ဂျပန်သည် ၁၉၃၇ ခုနှစ်တွင် တရုတ်ပြည်ကို ကျူးကျော်တိုက်ခိုက်ပြန်လေသည်။ အင်္ဂလိပ်နှင့် အမေရိကန်တို့ကား အရေးမယူ။ နိုင်ငံကလေးများ၏ သူရဲကောင်းကြီးများကား ဖက်ဆစ်ဂျပန်ကို တစ်မျိုး၊ တရုတ်ကိုတစ်မျိုး လက်နက်များရောင်းကာ ပွနေကြသည်။ ဖက်ဆစ်၏ ဘေးအန္တရာယ်ကို သိမြင်လာသော တရုတ်လက်ဝဲဂိုဏ်းသားများသည် ဖောက်ပြန်နေသော တရုတ်အရင်းရှင်များနှင့် ပူးပေါင်း၍ ဖက်ဆစ်ရန်ကို ခုခံခဲ့ကြလေသည်။

၁၉၃၆ ခုနှစ်၊ ဇူလိုင်လလောက်တွင် ပီလီမန်ထရီစနစ်အရ တက်လာသော စပိန်ပြည် ဒီမိုကရက်တစ် အစိုးရကို ဖောက်ပြန်သော အင်အားစု၏ခေါင်းဆောင် ဖရန်ကိုသည် ဖက်ဆစ်အီတလီနှင့် ဂျာမနီ၏ အကူအညီဖြင့် သူပုန်ထခဲ့လေသည်။ ပြင်သစ်ပြည် လက်ဝဲဂိုဏ်းအစိုးရခေါင်းဆောင် ဘလန်းသည် စပိန်ဒီမိုကရက်တစ်အစိုးရကို လက်နက်များရောင်းဖို့ရန် ကတိရှိသော်လည်း၊ ကူညီချင်သော်လည်း ဗြိတိသျှ ဖောက်ပြန်ရေးသမား ချိန်ဘာလိန်၏ တားမြစ်မှုဖြင့် ဒီမိုကရက်တစ် စပိန်သည် ဖက်ဆစ်စပိန် ဖြစ်ခဲ့လေသည်။

အရင်းရှင် ဒီမိုကရေစီသည် ဖောက်ပြန်သည်ထက် ဖောက်ပြန်လာသောအခါ ဖက်ဆစ်ဖြစ်လာရလေသည်။ ဖက်ဆစ်ဆိုသည်မှာ အမှန်မှာတော့ ဖောက်ပြန်သော အရင်းရှင်မှ တော်လှန်သော အရင်းရှင် ဖြစ်လေသည်။ ဒီမိုကရေစီကို လှည့်စားနေရာမှ ဖျက်ဆီးနေသည်။ တိုးတက်နေ

သော အလုပ်သမားများအား လိမ်လည်ထားရာမှ နိုပ်ကွပ်နေသည်။ သည်ဟာများ အားလုံးကို ဖက်ဆစ်အရင်းရှင်ကြီးများသည် လုပ်ခဲ့ကြသည်။

အရင်းရှင်ဒီမိုကရေစီများ၌တော့ တိုးတက်နေသော အလုပ်သမားအင်အားစုကို မဲပေးနိုင်ခြင်း အခွင့်အရေးကို လှည့်စား၍ ပေးထားကာ အရင်းရှင်စနစ်ကို ဆက်လက်တည်မြဲနေစေဖို့ပဲ ဖြစ်လေသည်။

ဟစ်တလာသည် ၁၉၃၈ ခု၊ မတ်လ၌ ဩစတြီးယားကို အနောက်ဘက် ဒီမိုကရေစီများ ရှေ့ဝယ် မှဒိမ်းကျင့်လိုက်လေသည်။ ဥရောပအလယ်တွင်ရှိရှာသော ဒီမိုကရက်တစ် နိုင်ငံကလေးများအနက် ဩစတြီးယားသည် ပထမဦးဆုံး ဖက်ဆစ်တို့၏ မတရားသိမ်းပိုက်ခြင်းကို နိုင်ငံကလေးများ၏ သူရဲကောင်းကြီးများရှေ့ဝယ် ခံလိုက်ရရှာသော နိုင်ငံကလေးပဲဖြစ်လေသည်။ ဒုတိယသည် ချက်သမ္မတနိုင်ငံ ဖြစ်သည်။

အင်္ဂလိပ်၊ ပြင်သစ် ဖောက်ပြန်ရေးသမားများကား ဂျာမနီသည် အရှေ့ဥရောပသို့ လှည့်ကာ ဆိုဗီယက်ရုရှားကို ဂျပန်နှင့် အရှေ့မှ ညှပ်၍ တိုက်ခိုက်လိမ့်မည်ဟု မျှော်မှန်းခဲ့ကြသည်။ သည်လို တိုက်ခိုက်ဖြစ်အောင်လည်းပဲ သူတို့သည် ကျားကွက်ဆင်၍ နယ်တစ်ကောင်ပြီးတစ်ကောင် ကျွေးလေသည်။ သူတို့၏အကျိုးစီးပွားကို မထိခိုက်နိုင်ဟု ဖက်ဆစ်နိုင်ငံများ ယူဆ၍ ကြည့်နေခဲ့ကြလေသည်။

သည်လို ဒီမိုကရေစီ အရင်းရှင်နိုင်ငံကြီးများနှင့် ဖက်ဆစ်နိုင်ငံကြီးအတိုင်အဖောက်ညီညီနှင့် စခန်းသွားနေကြစဉ် ကျွန်နိုင်ငံမဟုတ်သော နိုင်ငံများမှ လက်ဝဲဂိုဏ်းသားများကတော့ မိမိတို့၏ အရင်းရှင် ဒီမိုကရက်တစ်အစိုးရများ ဖက်ဆစ်အစိုးရမဖြစ်အောင် ကြိုးစားကြရလေသည်။ စစ်ကြီးမဖြစ်နိုင်အောင် ကြိုးစားကြရလေသည်။ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများနှင့် ပူးပေါင်းညီညွတ်မှုကို ကြိုးစားကြရလေ

သည်။

ဖက်ဆစ်ကဲ့သို့ အုပ်ချုပ်နှိပ်ကွပ်ခြင်း ခံနေကြရသော ကျွန်နိုင်ငံများမှ လက်ဝဲဂိုဏ်းသားများအဖို့ကား ခပ်ကျပ်ကျပ် ဖြစ်လေသည်။ ထိုအတော အတွင်း ကမ္ဘာ့လက်ဝဲဂိုဏ်းသားများ၏ ကြေးမုံဖြစ်သော ဆိုဗီယက် ယူနီယံက ဖက်ဆစ်နိုင်ငံများနှင့် စစ်မဖြစ်ရေးစာချုပ်များကို ချုပ် ဆိုလိုက် သောအခါ အတွင်းကျကျ မသိရသော ကမ္ဘာ့လက်ဝဲဂိုဏ်းသားများသည် အယောင်ယောင်အမှားမှားနှင့် ဘာလုပ်ရမှန်း မသိနိုင်အောင်ဘဲ ဖြစ်သွား ကြလေသည်။ ကမ္ဘာ့လက်ဝဲဂိုဏ်းသားများ အင်အားနည်း၍ သွားလေ သည်။ အမှန်မှာတော့ ဆိုဗီယက်ယူနီယံသည် ဒီမိုကရက်တစ်အရင်းရှင် ကြီးများနှင့် ပူးပေါင်း၍ ဖက်ဆစ်များကို နှိမ်နင်းရန် အခါခါ လက်ကမ်းခဲ့ ရှာပါသည်။ အရင်းရှင်များ အကျိုးအတွက် ဖွဲ့စည်းထားသော 'ကမ္ဘာ့ နိုင်ငံပေါင်းချုပ်' အသင်းကြီးထဲသို့ပင် ဝင်ခဲ့ရှာပါသေးသည်။ သို့ရာတွင် တိုးတက်နေသော အင်အားစု၏ အောင်မြင်ရာ၊ ရုရှား ဆင်းရဲသား သမ္မတ နိုင်ငံစုကို ဖောက်ပြန်နေသော ဒီမိုကရက်တစ် အရင်းရှင်များသည် ဖက်ဆစ်နိုင်ငံများထက်ပင် ရွံ့ခဲ့သည်။ ကြောက်ခဲ့သည်။ သည်ဟာ ကြောင့်လည်းပဲ သူတို့သည် ဆိုဗီယက်ရုရှားကို ကျော်ခိုင်း၍ ဖက်ဆစ် နိုင်ငံများကိုသာ နယ်တစ်နယ်ပြီးတစ်နယ် ကျွေးခဲ့ခြင်း ဖြစ်လေသည်။

အဆိုးနှစ်ခုရှိသည့်အနက် သက်သာသောအဆိုးကို ဆိုဗီယက် ရုရှား သည် လက်ခံလိုက်ခြင်းဖြစ်သည်။ အချိန်သည် စတာလင့်လက်မှာပဲ ရှိခဲ့သည်။ ချိန်ဘာလိန်ကား ဘတ်စ်ကားကို မမီလိုက်တော့။

ဖက်ဆစ်များသည် အရင်းရှင် ဒီမိုကရက်များကို ပိုလန်စစ်မျက်နှာ မှစ၍ တိုက်လိုက်သဖြင့် ဒုတိယကမ္ဘာစစ်ကြီးသည် မလွှဲမရှောင်သာ တော့ဘဲ ဖြစ်ပွားလာရတော့သည်။

"Preserving peace without sacrificing principles" မှုကို

မစွန့်လွှတ်ရဘဲနှင့် ငြိမ်းချမ်းရေးကို ရအောင်လုပ်သည်ဟု အပြောကြီး ပြောလာခဲ့သော အင်္ဂလိပ်နိုင်ငံခြားရေးရုံးသည် တစ်ရံရောအခါက ဆေးဖော်ကြောဖက် မလုပ်ခဲ့သော ဆိုဗီယက်ယူနီယံသို့ စတက်ဖို့ကရစ်ကို အာဏာအပြည့်အစုံနှင့် လွှတ်ရချေတော့သည်။

မြန်မာပြည်ထက် ထိုစဥ်က အဆင့်အတန်း မြင့်နေသော အိန္ဒိယသို့ ကရစ်ကိုပဲ လွှတ်၍ ဤစစ်ကြီးပြီးလျှင် ဒိုမီနီယံအဆင့်အတန်းကို ပေးပါမည်ဟု စေ့စပ်လာသည်။

မြန်မာပြည်သို့ကား မလာ။ ဖက်ဆစ်ဆန်သော ဗြိတိသျှကိုလိုနီ အုပ်ချုပ်ရေးကြောင့် ဤစစ်ကြီးကို မကူညီနိုင်ဟု ဆုံးဖြတ်ကြသော ဗမာ လူငယ်ခေါင်းဆောင်များနှင့် လက်ဝဲဂိုဏ်းသားများကို ကာကွယ်ရေး ဥပဒေများဖြင့် ထောင်ချပြီးနောက် မြန်မာပြည်၏ မင်းသားကြီးတစ်ပါး သည် ဘုန်းတော်ကြီးတော်မူလှသော ဧကရာဇ် ဂျော့ဘုရင်မင်းမြတ်ထံ ဒိုမေနီယံ အုပ်ချုပ်ရေးကို သွား၍ တောင်းလေဘိသည်။

ထောင်ထဲ ရောက်နေရှာပြီဖြစ်သော ကိုတင်မောင်တစ်ယောက် မရှိ သည့်နောက် ကိုဘုန်းနိုင်တစ်ယောက်မှာ ခပ်ကျပ်ကျပ် ဖြစ်နေရှာလေ သည်။ သည့်ထက် ဆိုးလိုက်ပုံကတော့ ငတ်ဖော်ငတ်ဖက် လက်ဝဲဂိုဏ်း သားများ ထောင်ထဲရောက်နေခြင်းပဲ ဖြစ်လေသည်။

သူသည် ညည်းတွားလိုက်မိလေသည်။

"ဩော်... ဒီမိုး ဒီလေ ဒီလူတွေနဲ့၊ ဟင်း..."

အမှန်မှာတော့ သူသည် စိတ်ပျက်လိုက်ခြင်းပဲ ဖြစ်လေသည်။

❑

# တတိယပိုင်း

# အဆုံးစီရင်ပါပေါ့ကွယ်

## REST IN PEACE, THE STRIFE IS ENDED

## အဆုံးစီရင်ပါပေါ့ကွယ်

### သူတို့နှစ်ယောက်

ဆည်းဆာသည် ချစ်စဖွယ် တောက်ပနေလေသည်။

လူသူနှင့် အတော်ကလေးလှမ်းသော အင်းလျားကန်စောင်းမှာ ဆိတ်ဆိတ်ငြိမ်နေသည်။ စိမ်းစိမ်းစိုနေသော တောအုပ်ကို နောက်ခံထားကာ ငြိမ်သက် ငေးမောနေရှာသော ရေပြင်ဆီသို့ ရှည်လျားလျား ထိုးထွက်နေသည့် ကျွန်းဆွယ်ပေါ်ဝယ် သပ်ရပ်ခံ့ညားစွာ ခေတ်ဆန်ဆန် ဆောက်လုပ်ထားသော အဝါနုရောင် နှစ်ထပ်တိုက်ကြီးသည် ပြာလဲ့သော မိုးကောင်းကင်အောက်ဝယ် ရဲဝံ့သော အသွင်ကိုဆောင်လျက် ချစ်စဖွယ်ဆည်းဆာချမ်းမှာတော့ကာ ဆိတ်ငြိမ်စွာ ရပ်နေသည်။

တိုက်ကြီး၏ ရှေ့ပတ်လည်မှာတော့ကာ ရေတွေက ဝိုင်းလို့။

ဆင်ဝင်သုံးဖက်အောက်ခြေဝယ် ကြီးမားသော စံပယ်ရုံကြီးများကို အင်မတန်ပဲ ကြည့်ရှု၍ ကောင်းအောင် ယုယုယယနှင့် စိုက်ပျိုးပြုစုထား

လေသည်။ ပြတင်းပေါက်များမှ မြမြလွင်နေသော အစိမ်းရောင် ခန်းဆီး ကလေးများသည် တိုက်၏ အဝါနုရောင်နှင့် ပန်ရလှသည်။ အနီရောင် အုတ်ကြွပ်ခေါင်မိုး မီးခိုးခေါင်းတိုင်မှ ညိုမှိုင်းသော မီးခိုးများသည် ရှုမဆုံး မျှော်မဆုံးနိုင်သော လဟာပြင်ဆီသို့ တရေးရေးတရိပ်ရိပ် လွင့်ပါးနေ သည်။

လေညင်းနုသည် စိတ်ရှုးပေါက်ကာ စံပယ်ရုံများအကြားမှာ ခုန် ပေါက်ပြေးလွှားနေလေသည်။ စံပယ်ရုံဘေး စိမ်းစိုနေသော မြက်ခင်း ကလေးပေါ်မှာ မရင်မေသည် ငြိမ်သက်စွာ ရပ်နေသည်။ ဆော့နေသော လေညင်းနုနုဝယ် စံပယ်ဖြူတို့ နော့နေကြသည်။

"နော်... စံပယ်ဖြူဖြူကလေးတွေရယ်..."

မရင်မေသည် စံပယ်ဖြူကို အင်မတန်မှပဲ ချစ်တတ်ပါသည်။ အမှန် မှာလည်း စံပယ်သည် တကယ်ပဲ ချစ်စရာ အလှအပကလေးများနှင့် ကြူကြူသင်းနေတတ်ပါသည်။

အသက် ၅၀ ကျော်ခန့် ခံ့ညားသော လူကြီးတစ်ယောက်သည် အိမ်ထဲမှ တုတ်ကောက်နှင့် ထွက်လာကာ မရင်မေ ရပ်နေရာသို့ လျှောက် လာခဲ့လေသည်။ မရင်မေကတော့ကာ စံပယ်ဖြူ၏ အလှဝယ် အငြိမ် သား ငေးနေသည်။

"သမီး..."

အဘိုးကြီးသည် သူ့သမီးအား ကြင်နာယုယစွာ ခေါ်လိုက်လေ သည်။

"ဩော်... ဖေဖေ"

မရင်မေသည် သူမ၏ ဖခင်အား ရုတ်တရက် ပြန်ထူးလေသည်။

"သမီး... ဘာတွေများ စဉ်းစားနေလဲ"

မရင်မေသည် ပြန်မဖြေ၊ စံပယ်ဖြူကလေးများကိုသာပဲ အငေးသား

ကြည့်နေမိလေသည်။

"ဖေဖေ လမ်းလျှောက်သွားဦးမယ် သမီး၊ ဆွေဆွေတို့ အိမ်လည်း ဝင်ခဲ့မလို့၊ သမီး ဘာမှာလိုက်ဦးမလဲ"

"သမီး မနက်ဖြန် ၉ နာရီလောက် လာခဲ့ဦးမယ်လို့ ပြောပေးပါလား ဖေဖေ"

"အေး အေး ဖေဖေပြောလိုက်မယ် သမီး၊ ဪ...ပြီးတော့"

အဘိုးကြီးသည် သူ့စကားကို ဆက်မပြောရှာသေးဘဲ ခေတ္တရပ်တန့်ကာ သူ့သမီးအား အကဲခတ်ရင်း အတန်ကြာ ကြည့်နေသေးသည်။ သူမအား ယုယညှာတာသော မျက်လုံးကြီးများဖြင့် အငေးသားကြည့်နေရှာသော ဖခင်ကြီး၏ မျက်နှာကို မြင်ရလေသည်။

"ပြီးတော့..."

အဘိုးကြီးသည် သူ့စကားကို ကြိုးစား၍ ဆက်ပြောရပြန်သည်။

"မနက်က ဖေဖေ သမီးကိုပြောတဲ့ မောင်မျိုးလွင်ကိစ္စရော သမီး စဉ်းစားပြီး ကနေ့ညတော့ ဖေဖေ့ကို စကားပြန်စေချင်တယ် သမီးရယ်"

မရင်မေသည် ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

"သာဓု သာဓု သာဓုပါပဲ သမီးရယ်"

အဘိုးကြီးသည် စိတ်ချမ်းသာစွာပြောကာ ထွက်ခဲ့လေသည်။

မရင်မေသာပဲ တစ်ယောက်တည်း မြက်ခင်းကလေးပေါ်မှာ၊ လေညင်းနုနုဝယ် စံပယ်ဖြူကလေးတွေကတော့ နှော့နေကြတုန်းပဲ ဖြစ်လေသည်။

အသက်မရှိရှာကြသော စံပယ်ဖြူကလေးများကား လွတ်လပ်စွာ ပျော်နိုင်ကြရှာပါပေသည်။ သက်မဲ့ မာလာပွင့်ကလေးများ၏ ဘဝကို မရင်မေ သုံးသပ်မိလေသည်။

"မောင်မျိုးလွင် ကိစ္စကကော သမီး"

"ဖေဖေဟာ သူလိုချင်တာပဲ သိတာပဲ"

သူမ၏ ဖခင်ကို မရင်မေသည် အပြစ်တင်လိုက်ချင်သည်။

"ကိုဘုန်းနိုင် တစ်ယောက်တော့ကော ဖေဖေရယ်"

မရင်မေ သည်လို မေးလိုက်ချင်ပါသေးသည်။

သူတို့နှစ်ယောက်ရယ်...ကိုမျိုးလွင်နှင့် ကိုဘုန်းနိုင်။

သည်နှစ်ယောက်ကို မရင်မေ ယှဉ်ကြည့်မိလေသည်။ အရင်က လည်း ယှဉ်ကြည့်ခဲ့ဖူးပါသည်။ သူတို့နှစ်ယောက်အနက်မှ တစ်ယောက် သောသူအား တစ်သက်လျာ အဖော်ပြုသွားရန် လင်အဖြစ် မရင်မေမှာ ရွေးချယ်ရတော့မည်။ ဆုံးဖြတ်ရတော့မည်။ ယခုကဲ့သို့ လောလောဆယ် ဆယ် သူမ၏ အိမ်ထောင်ဖက် ရွေးချယ်ဖို့ရန် မရင်မေသည် အဘယ် အခါကမှ မမျှော်လင့်မိခဲ့ချေ။ သေသော နေ့ရက်တိုင်အောင်သို့ စား အတူ သွားအတူ၊ ဆိုးတူကောင်းဖက် နေထိုင်သွားရတော့မည့်အဖော်ကို မရင်မေသည် အချိန်ကောင်းကောင်းပဲယူ၍ စဉ်းစဉ်းစားစား ရွေးချယ်ယူ ဖို့ကို မျှော်မှန်းခဲ့လေသည်။ သို့ရာတွင် အစိုးမရသော အနာဂတ်ကာလ သည် မရင်မေ မျှော်မှန်းတွေးဆခဲ့သလို ဖြည်းဖြည်းအေးအေးနှင့် သာယာ ချမ်းမြေ့စွာ မလာ။ စစ်မှန်တိုင်းကို ဗိုလ်ချုပ်ခန့်၍ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် အပြေးအလွှား လာခဲ့လေသည်။

မရင်မေသည် ငယ်တော့သည့် မိန်းကလေးမဟုတ်၊ အသက် ၂၄ နှစ်ပဲ ပြည့်ခဲ့ပါပြီ။ ခေတ်ပညာကိုလည်း ဝိဇ္ဇာအောက်တန်းအထိ သင်ခဲ့ ဖူးလေသည်။ သို့ရာတွင် မရင်မေသည် နုနယ်၍ အားငယ်သော မိန်းမ သားတော့ကာ ဖြစ်လေသည်။ နုနယ်အားငယ်သော မိန်းမသားတို့သည် အရေးကိစ္စကြုံ၍ လာတတ်သောအခါ သာလွန်၍ အားငယ်တတ်လေ သည်။ သည်လို အားငယ်တတ်သောအခါ တိုင်ပင်ရမည့်သူ၊ အားပေး မည့်သူကို ရှာတတ်လေသည်။

မရင်မေမှာ အားပေးမည့်သူနှင့် တိုင်ပင်ရမည့်သူ အမေနှင့် ညီအစ်မ မရှိ။ မရင်မေ၏ မိခင်မှာ မရင်မေ ၁၀ နှစ်သမီးသာသာကပဲ ဆုံးရှာခဲ့သည်။ မရင်မေသည် အဖေ အုပ်ထိန်း၍ ကြီးပြင်းလာရသည်။ သူမ ကိုယ်ကိုယ်ပဲ မရင်မေသည် ထိန်းသိမ်း၍ လာခဲ့ရလေသည်။ အရေးရယ် အကြောင်းရယ်ဆိုရင်လည်းပဲ အားကိုးအားထားပြုရမည့် မောင်ဖွားမရှိ။ မုဆိုးဖို ဖခင်ကြီးမှာလည်း မကြာမီကလေးမှ ပင်စင်ယူခဲ့ပြီးသည့်နောက် ကောင်းစွာပဲ မာမာချာချာမရှိခဲ့။ အမှန်ပဲ မရင်မေမှာ အားကိုးရမည့်၊ တိုင်ပင်ရမည့်သူ မရှိ။ မရင်မေ တစ်ယောက်တည်းရယ်သာ။

မရင်မေသည် သူမ ဘာသာပဲ စဉ်းစားရရှာသည်။

သူတို့ နှစ်ယောက်အနက်မှာ တစ်ယောက်သောသူကိုတော့ မရင်မေ ရွေးချယ်ရပေတော့မည်။ ကိုမျိုးလွင် မဟုတ်လျှင်တော့ ကိုဘုန်းနိုင်။ ကိုဘုန်းနိုင်မှ မဟုတ်ပြန်တော့ကာ ကိုမျိုးလွင်။ သူတို့နှစ်ယောက်အနက်မှ တစ်ယောက်သောသူအား မရင်မေ အမှန်ပဲ ရွေးချယ်ရပေတော့မည်။ ဆုံးဖြတ်ရပေတော့မည်။

ဆုံးဖြတ်ရွေးချယ်လိုက်ပြန်တော့ကာလည်း –

"အို... ခက်လိုက်ပါဘိတော့"

မရင်မေသည် တစ်ယောက်တည်း တိုးတိုးကလေး ညည်းညူလိုက်မိရှာသည်။

တစ်ယောက်သောသူအား ပြုံးရွှင်မှုကို ပေးခဲ့သော် ကျန်လူတစ်ယောက်အား ဝမ်းနည်းကြေကွဲမှုကို ပေးမိရက်သားပဲ ဖြစ်တော့မည်။ တစ်ယောက်သောသူနှင့် ချစ်ဗိမာန်ဖဲမွေ့ရာဝယ် ကြည်နေသောအချိန်၌ ကျန်လူတစ်ယောက်မှာတော့ ဝမ်းနည်းခြင်းများ၏ အဆုံးအစမထင်သော လဟာပြင်လွင်တီးခေါင်ဝယ် တစ်ယောက်တည်းပဲ ချာချာလည်နေချေတော့မည်။ သို့ရာတွင် မရင်မေသည် တစ်ယောက်သောသူကို

သာပဲ ဆုံးဖြတ်ကာ ရွေးချယ်နိုင်ပေလိမ့်မည်။

သခင်နှစ်ဦး၏အစေကို အဘယ်ကျွန်မှ မခံနိုင်။ တစ်ဦးသော သခင်ကို ချစ်သော် တစ်ဦးသော သခင်ကို မုန်းရပေလိမ့်မည်။ မမုန်းချင် ၍လည်းပဲ မဖြစ်၊ မုန်းအောင်ပဲ ကြိုးစားရပေလိမ့်မည်။

တစ်ဆောင်းကြွေ၍ တစ်နွေသစ်လာပြန်သောအခါ ညောင်းရွက်ခများတို့ ကြွေလဲရှာကြရလေသည်။ အဘယ်မျှပင် ပင်မကို ခင်၍ ပင်မကလည်းပဲ မင်စေကာမူ ညောင်းရွက်တို့ကား ကြွေလဲကြရရှာသည်။ အမှန်မှာ သူတို့သည် ပင်မကို စွန့်ကြရခြင်းသာပဲဖြစ်သည်။ သူတို့ကမှ မစွန့်လျှင် ပင်မကပဲ သူတို့ကို လွှတ်ရပေလိမ့်မည်။ သည်လိုမှ ပင်မကလည်း မစွန့်နိုင်၊ ညောင်းရွက်တို့ကလည်း မလွှတ်နိုင်ခဲ့လို့ သံယောဇဉ်ကြိုးက ကြီးခဲ့ပြန်သော် နွေဦးသည် လေရူးကို ဖိတ်ခေါ်လိုက်လေသည်။

ညောင်းရွက်တို့ ကြွေရှာ လဲစင်းကြရသည်။ သည်တော့မှသာ လောင်းရွက်တို့ သစ်နိုင်ကြပေလိမ့်မည်။ နွေဦးရာသီမှာ လောင်းရွက်များ သစ်နိုင်ကြပါမှ တစ်နှစ်လျှာ မြရွက်တို့ စီနိုင်ကြပေတော့မည်။

မရင်မေလည်းပဲ သည်လို ရှိတော့မှာပေါ့။ ညောင်းရွက်စွန့်ရသော ဝေဒနာသည် ခံစားတော့ ခံစားရလိုက်ဦးမည်ဖြစ်သော်လည်း အချိန်တည်းဟူသော လိမ္မာသည့် ဆေးသမားသည် ပြောင်းလဲခြင်းအာရုံနှင့် ပတ်ဝန်းကျင်ဆေးအဖုံဖုံဖြင့် တဖြည်းဖြည်းတော့ ကုစားပေးပေလိမ့်မည်။

သူတို့နှစ်ယောက် တစ်ယောက်ယောက်ကိုတော့ကာ...။

ကိုမျိုးလွင်။

သူ့ကို ပထမထား၍ စဉ်းစားရပေလိမ့်မည်။ သူလည်း မရင်မေနှင့် မောင်နှမနှစ်ဝမ်းသာကွဲသည်။ လူကြီးချင်းကလည်းပဲ စကားရှိထားကြသည်။ မရင်မေ၏ ဖခင်ကလည်းပဲ မရင်မေကို တူသားနှင့် အင်မတန်ပဲ သဘောတူလေသည်။ ကိုမျိုးလွင်ကိုသာ မရင်မေ လက်ခံလိုက်ရင်

တော့ကာ မိဘဆွေမျိုးများနှင့် သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ပါးပါး အဘယ်မျှ ကောင်းလိမ့်မည်ကို မရင်မေ စဉ်းစားစရာပဲ ဖြစ်လေသည်။

ကိုမျိုးလွင်သည် ခေတ်ပညာလည်း တတ်ပါသည်။ ရန်ကုန်ယူနီဗာစီတီမှ သူသည် ဘီအက်စ်စီ ဖော်ရက်စတရီကို အောင်မြင်၍ B.F.S.2 ရသူတစ်ယောက်လည်းပဲ ဖြစ်သည်။ သူသည် လူကုံထံ မင်းစိုးရာဇာပိုင်းဝယ် သစ်တောဝန်ထောက်ကလေး ဦးမျိုးလွင်ပဲ ဖြစ်သည်။ သို့ရာတွင် အရှေ့တစ်လွှားတွင် စစ်ရိပ်စစ်ငွေ့များ ဆင်လာသောအခါ သူ့ကို စစ်ဦးစီးဌာနက အမြန်ခေါ်ယူကာ မေမြို့ဘားမားရိုင်ဖယ်လ်တပ်ရင်း တစ်ခုမှ တပ်ခွဲတစ်ခုကို အုပ်ချုပ်နေရသော လက်ဖတင်နင်ဗိုလ် ကလေးဖြစ်နေလေသည်။ ကိုမျိုးလွင်ကိုသာ မရင်မေ လက်ခံလိုက်ရင်တော့ မရင်မေသည် မင်းကတော်ဖြစ်လာပေလိမ့်မည်။ မမလို့ အခေါ်ခံ ရပေလိမ့်မည်။ သခင်မလို့လည်းပဲ အခေါ်ခံရပေဦးတော့မည်။ မရင်မေသည် ခေတ်ပညာသင်လာခဲ့ရသော မင်းစိုးရာဇာသမီးပဲ ဖြစ်သဖြင့် မင်းစိုးရာဇာပိုင်းမှာပဲ နေခဲ့ရသည်။ ပေါင်းခဲ့ရသည်။ သည်ဟာကြောင့်လည်းပဲ မင်းစိုးရာဇာပိုင်းကိုပဲ သဘောကျနှစ်ခြိုက်ခဲ့လေသည်။ ကိုမျိုးလွင်ကိုသာ လက်ခံလိုက်ရင်တော့ မရင်မေ သဘောကျ နှစ်ခြိုက်ခဲ့သောလူကုံထံ မင်းစိုးရာဇာပိုင်းမှာပဲ အခြေမပျက် ဆက်လက်၍ သွားလာဝင်ထွက် ပေါင်းသင်းနိုင်မည်ကိုလည်း မရင်မေ စဉ်းစားစရာပဲ ဖြစ်လေသည်။

ကိုမျိုးလွင်သည် အသက် ၂၇ နှစ်ခန့်ပဲ ရှိပါသေးသည်။ သူ့ရုပ်သွင်မှာ ကျက်သရေရှိသည်။ သူသည် ယောကျ်ားပီသသော ကိုယ်လုံးကိုယ်ပေါက်နှင့် ထွားထွားကျိုင်းကျိုင်း ထောင်ထောင်မောင်းမောင်း ဖြစ်သည်။ သူ့မှာ မွန်မြတ်သော အရည်အချင်းတစ်ခုရှိသေးသည်။ မူးယစ်စေတတ်သော အရက်ကို သူသည် လုံးဝရှောင်ကြဉ်သူတစ်ယောက်လည်းပဲ ဖြစ်သည်။ ဖဲလည်းပဲ မကစားတတ်။ လူကုံထံ မင်းစိုးရာဇာ

ပိုင်းမှာ အရက်မသောက်၊ ဖဲ မကစားတတ်သော လူမျိုးကား မရှိသလောက်ကို ရှားလှသည်။ သူသည် ဖာလည်းပဲ မလိုက်၊ သူ၏အကြောများ ဖြိုင်ဖြိုင်ထကာ တောင့်တင်းလှပသော ကိုယ်လုံးကိုယ်ပေါက်ကို ကိုယ်လုံးပေါ်မှန်ကြီးထဲမှာ ကြည့်နေရလျှင် တစိမ့်စိမ့် ပီတိဖြစ်နေတတ်သော လူမျိုးဖြစ်လေသည်။ သူ့ကိုသာ မရင်မေ လက်ခံရင်တော့ကာ ခြင်ထောင်ထဲမှာ ကျိတ်၍ငိုစရာလည်း မလိုပါ။ ဖာကျိုးရောဂါကူးမှာကိုလည်းပဲ ကြောက်စရာမရှိပါ။ သူမအား ကြင်နာယုယစွာ နှစ်သိမ့်ထွေးပိုက်ကာ စိတ်ရောကိုယ်ပါ ချမ်းသာအောင် ထားနိုင်ပေလိမ့်မည်။ သည်ယောကျ်ားစားမျိုးကို မိန်းမတိုင်း တောင့်တကြလေသည်။ မရင်မေလည်းပဲ တောင့်တပါသည်။ သည်လိုဘက်ကလည်း မရင်မေ စဉ်းစားစရာပဲ ဖြစ်လေသည်။

ကိုမျိုးလွင် နောက်တစ်ခု ရှိပါသေးသည်။ သူသည် လူတစ်ဖက်သားကို ကြင်နာတတ်လေသည်။ သူ့ထက် အားငယ်သော လူများနှင့် မိန်းမများအပေါ်ဝယ် ညှာတာသော နှလုံးသားပဲ ရှိသည်။ သူသည် အင်မတန်လည်းပဲ စိတ်ရှည်ပါသည်။ ကြင်နာညှာတာတတ်သူနှင့် စိတ်ရှည်သော ယောကျ်ားမျိုးကို မိန်းမများ အင်မတန်ပဲ တောင့်တတတ်ကြသည်။

ကိုမျိုးလွင်သည် မရင်မေအား တစ်ခါတစ်ခါ ရန်ကုန်သို့ အလည်အပတ် လာသောအခါ မိန်းမသားများ နှစ်သက်တတ်သော အလှအပများကို ဝယ်ပေးလေ့ရှိသည်။ မွှေးကြိုင်သော ပန်းကလေးများနှင့် လှသော အဝတ်အထည်များကို မရင်မေအတွက် ဝယ်ယူပေးရမည်မှာ မောသည် မရှိဘဲ ည လသာသာ လသာဆောင်တွင် အိုက်စခရင် အတူတူစားရင်း သူ သစ်တောဝန်ထောက်ဘဝနှင့် ရွှေဘို–ကသာနယ်များတွင် ကျားကြီး၊ ဆင်ရိုင်းကြီးများကို ပစ်ခတ်ခဲ့ဖူးသော အကြောင်းများကို ပြောပြလေ့ရှိသည်။ သည်လို ကိုမျိုးလွင်က ပြောပြ၍ မရင်မေက နားထောင်ရမည်မှာ

မရင်မေအတွက် အားရနှစ်ခြိုက်စရာပဲ ဖြစ်လေသည်။ အထူးသဖြင့် ဆင်ပေါက်ကလေးနီးပါး ကြီးမားလှသော ပြောင်ထီးသိုးကြီးတစ်ကောင် အား မိုးကလေးတစိမ့်စိမ့်ရွာနေသော နေ့တစ်နေ့က ကိုမျိုးလွင်သည် ၄၁၅ ဗို့အားရှိ ရိုင်ဖယ်လ်သေနတ်နှင့် ကိုးချက်တိတိ ပစ်ရသော အကြောင်းများကို နားထောင်ရသည်မှာ မရင်မေသည် စိတ်အဝင်စားဆုံး ပဲ ဖြစ်လေသည်။

ကိုမျိုးလွင်မှာ မရင်မေအတွက် ငြင်းစရာ ရှာမတွေ့နိုင်သော လင် ကောင်းတစ်ယောက် ဖြစ်လေသည်။ သို့ရာတွင် မရင်မေသည် ကိုမျိုး လွင်အား မောင်လို၊ အစ်ကိုလို အားကိုးခင်မင်ခြင်းမှလွဲ၍ လင်ယောကျ်ား အဖြစ် ချစ်လိုက်ရမှာ ရက်ရက်ရောရောတော့ကာ မဖြစ်နိုင်ချေ။ သည်လို လည်းပဲ ဖြစ်နိုင်မလား၊ ဖြစ်နိုင်ရင်လည်းပဲ ဖြစ်ပါစေတော့ဟူသော သဘောနှင့် အဖက်ဖက်မှလှည့်၍ မရင်မေသည် တွေးကြည့်ပါသည်။ ဒါပေမဲ့တော့ကာ တွေး၍မရ၊ အိမ်ထောင်ရေးတွင် စိတ်ကူးယဉ်သော အချစ်သည် 'ပင်မ' ဖြစ်လေသည်။

ယောကျ်ားပီသသော ကိုမျိုးလွင်လို လူတစ်ယောက်မှာ မက်မော စရာပဲဖြစ်သည်။

မှန်သည်။

ကိုမျိုးလွင်သည် မက်မောလောက်စရာ၊ မငြင်းပယ်နိုင်ရက်စရာ လင်အဖိုးတန်တစ်ယောက်တော့ ဖြစ်သည်ကား မှန်သည်။ သို့ရာတွင် လင်အဖိုးတန်တစ်ယောက် ဖြစ်တိုင်းလည်းပဲ စိတ်ကူးယဉ်သော အချစ် ပန်းမာလာသည် ထွားထွားဝေဝေ မပွင့်နိုင်။ Romantic Love ခေါ် စိတ်ကူးယဉ်သော အချစ်မှာ မျက်စိမရှိ။ ဂုဏ်ပကာသနကို မကြည့်တတ်၊ ကြည့်လည်းပဲ မကြည့်လို။ စိတ်ကူးယဉ်သောအချစ်နှင့် ကြုံကြိုက်၍ လာတော့မှဖြင့် ပဒုမ္မာဇာတ်တော်လာသည့်အတိုင်း မင်းသမီးပင် ဖြစ်လင့်

ကစား ပေါင်တိုကို ချစ်မိတော့ကာ လင်ဖြစ်သူ ပဒုမ မင်းသားအား သေကြောင်းပင် ကြံစည်ခဲ့လေသည်။

ကိုမျိုးလွင်ကို စိတ်ကူးယဉ်သော အချစ်နှင့်တော့ကာ မရင်မေဖြင့် မချစ်နိုင်။

သည်လိုဆိုရင်တော့–

ကိုဘုန်းနိုင်...

သူ့အလှည့်သို့ ရောက်လာရပေပြီ။ သည်လူတစ်ယောက်မှာ အမျိုးအမည်တော့ကာ မထင်မရှားဘဲ အညတရဆင်းရဲသား သားသမီးဖြစ်လေသည်။ လူတွေ အထင်ကြီးသော တက္ကသိုလ်ပညာကိုတော့ကာ သူ ရပါသေးသည်။ သို့ရာတွင် သူသည် ဒီဂရီတော့မရ။ သည်လို လူအတန်းအစားမျိုးကိုတော့ကာ မင်းစိုးရာဇာစိတ်ရှိနေသော မရင်မေ၏ ဖခင်သည် အဘယ်ပုံ၊ အဘယ်နည်းနှင့်မှ သဘောတူနိုင်မည်လည်း မဟုတ်ပေ။ သည်လို ဖခင်သဘောမတူသော လူကို ယူလိုက်ပြန်ရင်လည်း ဖခင်ကြီးအား စိတ်ဆင်းရဲစေရုံမျှမကသေးဘဲ ဆွေမျိုးသားချင်းများနှင့်လည်းပဲ သဘောချင်းကွဲ၊ လူချင်းလည်း ကွဲလွဲရပေတော့မည်။

သူသည် ကျောင်းမှ ထွက်သွားကတည်းက အလုပ်အကိုင် အတည်တကျလည်း လုပ်သည်ကို မတွေ့ရ။ သတင်းစာဆရာယောင်ယောင်၊ အယ်ဒီတာယောင်ယောင်နှင့် တစ်ခါ တစ်ခါ သခင်တွေနှင့်တွဲကာ သခင်ယောင်ယောင် လုပ်နေသူတစ်ယောက်လည်းဖြစ်သည်။ သူ့ကို အေးအေးဆေးဆေး တွေ့ဆုံဆွေးနွေးဖို့ မရင်မေ ရှာဖွေကြံစည်ခဲ့ဖူးသည်။ သူသည် အိုးခြေအိမ်ခြေ အတည်တကျရှိသူမဟုတ်။ သူသည် လေလွင့်နေသော လူဝင်စားတစ်ယောက် ဖြစ်လေသည်။ သူ့ကို တစ်ခါတစ်ရံ ခရီးချင်းဆုံသောအခါ စုတ်စုတ်ပြတ်ပြတ်နှင့်သာပဲ တွေ့ရလေသည်။ သူသည် အစဉ်လည်းပဲ အလုပ်များနေပုံရသည်။ ထီးနှင့် ဦးထုပ်မပါဘဲ ခုံဖိနပ်

စီးကာ နေပူကြီးချစ်ချစ်ထဲမှာ သူသည် လမ်းလျှောက်နိုင်ပါပေသည်။ သူ၏ ဆံပင်များသည် ရှည်၍နေသည်။ ခေါင်းကိုလည်း သပ်သပ်ရပ်ရပ် မဖြီးနိုင်။

"ပျာယီးပျာယာနဲ့ ဘယ်လဲ ဆရာကြီး၊ ဦးထုပ်လည်း မပါ၊ ထီးလည်း မပါနဲ့၊ တော်တော်ကလေး အလုပ်များနေတယ် ထင်တယ်"

မရင်မေသည် စကော့ဈေးမှ ဈေးဝယ်ပြီး၍ ကားနှင့်အပြန် သူ့ကို တွေ့ရသဖြင့် သူ့ဘေးတွင် ကားကို အသာရပ်ကာ မေးလိုက်ရာ...

"ဩော်... မရင်မေ"

သူသည် ပြုံးလေသည်။

"ရှင် ဒီလိုပဲ အေးအေးဆေးဆေး နေတော့မှာလား ကိုဘုန်းနိုင်"

ပြုံးနေသော သူ့မျက်နှာသည် ညှိုး၍သွားသည်။ ဘာမျှတော့ကာ သူသည် မပြော။

"ရှင့်ကို တစ်ခါတော့ အေးအေးဆေးဆေး စကားစမြည်ကလေးများ ပြောစမ်းပါရစေ ကိုဘုန်းနိုင်"

သူသည် ခေါင်းကိုသာပဲ ငုံ့နေသည်။ ဘာမျှတော့ကာ ပြန်မပြော။

"ရှင် ဒီလိုပဲ နေတော့မလို့လား၊ ဟင်–ကိုဘုန်းနိုင်၊ မိန်းမတန်မဲ့ ဣန္ဒြေမှ မငဲ့နိုင်ဘဲ လူလယ်ကောင်မှာ စကားပြောနေရတဲ့ မိန်းမသားကို ရှင် အားမနာတော့ဘူးလား"

"ကျွန်တော် ဘာပြောရမှာလဲ မရင်မေရယ်"

သူသည် သူ၏ခေါင်းကို ခါရင်း ဖြည်းလေးစွာ ပြောလိုက်သည်။

"ဩော်... ဩော်... ဘာပြောရမှန်း ရှင်မသိဘူးပေါ့။ အင်း... အင်း အင်း"

မရင်မေသည် သည်လောက်တောင်ပဲ အေးတိအေးစက်နိုင်လွန်းလှသော သူ့ကို စိတ်မရှည်နိုင်တော့ချေ။

"မောင်သော်ရေ မောင်းဟေ့"

မရင်မေသည် ဒရိုင်ဘာကို အမိန့်ပေးလိုက်သည်။

သူသည် မရင်မေကိုသာပဲ အငေးသားကြည့်နေရင်း ကားကလေးသည် ထွက်သွားလေသည်။ အိမ်သို့ ပြန်ရောက်သောအခါ၌ မရင်မေသည် သူ့ကို ကြာရှည်စိတ်မဆိုးနိုင်တော့ပေ။ သူခိုင်မြဲစွဲလမ်းစွာ ယုံကြည်ရူးစိုက်နေသော သူ့လုပ်ငန်းကို တစ်လောကလုံး၏ အစွန့်အပစ်ကိုပဲ ခံယူကာ အငတ်ငတ်အပြတ်ပြတ် လုပ်နေသည်ကို ယခုကဲ့သို့ တွေ့ရမြင်ရသောအခါ၌ သူလိုလားတောင့်တနေသော လုပ်ငန်းကို ချမ်းချမ်းသာသာ လုပ်နိုင်စေအံ့သောငှာ သူနဲ့သာပဲ သူ့ပါရမီကို ဖြည့်ရင်း အတူနေသွားဖို့ရန်ပင် စဉ်းစားမိပေသည်။

သူသည် အမြဲပဲ ဘိုင်ကျနေသော နိုင်ငံရေးသတ္တဝါ ဖြစ်လေသည်။ သူများလိုလည်းပဲ ထင်ထင်ပေါ်ပေါ်နှင့် နိုင်ငံရေးလုပ်နေသော လူမဟုတ်။ သူသည် သူ့ကိုယ်ကိုယ် မြုပ်နိုင်သမျှ မြုပ်ထားရသည်ကို နှစ်သက်ပုံရလေသည်။ သူ့ကိုယ်ကိုယ် ပေါ်လွင်မှာ တစ်ခုလည်း သူစိုးရိမ်ပုံရလေသည်။ သူသည် ကန်တော်ကလေးမှ ကိစ္စတစ်ခုအတွက်နှင့် ကြည့်မြင်တိုင်ကို သွားဖို့ရန်ရှိရာ မနက်စာလည်း မစားသေး၊ ပိုက်ဆံကလည်းပဲ တစ်ပြားမှ မရှိသော်လည်း မည်သူ့အားမှ မပြောဘဲ အူ အလိပ်ခံပြီးမှ ခြေကျင်သွားခဲ့ဖူးလေသည်။ ဤမျှ ပြင်းထန်သောစိတ် ဓာတ်ဖြင့် သူသည် သူ၏ ယုံကြည်ချက် အထမြောက်ရေးကို လုပ်ကိုင်နေသော နိုင်ငံရေးသတ္တဝါ ဖြစ်လေသည်။

တစ်ခုတော့ကား ရှိသည်။

သူသည် အနုပညာသမားတစ်ယောက် ဖြစ်လေသည်။ သူသည် ကဗျာဆန်သည်။ နွဲ့နှောင်းသည်။ ထာဝစဉ်ပဲ ပြုံးယောင်ယောင် မျက်နှာထားကို ရွေးရှုထားတတ်သည်။ ပေါင်းသင်းဆက်ဆံမှုတွင် သူသည်

အင်မတန်ပဲ ပြေပြေပြစ်ပြစ် ရှိလှသည်။ သို့ရာတွင် သူသည် သူ့ဘာသာ တစ်ယောက်တည်း အေးအေးဆေးဆေး နေရသည်ကို သာလွန်၍ နှစ်ခြိုက်ပုံပဲရသည်။ သူနှင့် စိတ်ချင်း၊ သဘောချင်းတူသော လူတစ်စုနှင့်သာပဲ သူသည် ပေါင်းလေ့ရှိသည်။ တကယ်လို့သာ လူချင်းလူ ပေါင်းရတော့ မည့်ကိစ္စမျိုး ကြုံကြိုက်လာပြန်ရင်တော့ ဘယ်လိုလူစားနှင့်မဆို သူ့ကို တစ်ခါတည်း စွဲသွားအောင်လည်းပဲ သူသည် ပေါင်းတတ်ပါသည်။ သည်လိုလူ၏ ယဉ်ကျေးပြေပြစ်မှုနှင့် ချစ်စရာကလေးများကို မရင်မေသည် တွေ့ခဲ့ရသည်။ သိခဲ့ရသည်။

သူသည် ဂီတသမားတစ်ယောက် ဖြစ်သည်။

တယောသည် သူ့အနှစ်သက်ဆုံးပစ္စည်းတစ်ခုပဲဖြစ်သည်။ ရှိစုမဲ့စုကလေးထဲမှ သူ၏ ဂျာမန်လုပ် တယောပြားကလေးကို သူသည် ကိုးဆယ့်ငါးကျပ်ပေး၍ 'မစ္စကွ' မှာ ဝယ်ယူခဲ့လေသည်။ သူ့တယောပြားကလေးကို သူသည် အင်မတန်ပဲ ရိုသေသည်။ သွားလေရာသို့ သူ့ချစ်ဖော် တယောပြားကလေးကို သူသည် ခေါ်ဆောင်သွားတတ်လေသည်။ စိတ်ပျက်ခြင်းနှင့် ဝမ်းနည်းခြင်းတို့၏ ကန္တာရများကို ကျော်ဖြတ်ရသော အလှည့်များ၌ တယောကလေးသည် သူ့အား နှစ်သိမ့်ချမ်းမြေ့ရာသာပဲ ဖြစ်ခဲ့လေသည်။ သူသေသော တစ်နေ့၌ သူ့တယောကိုပါ တစ်ပါတည်း သူနှင့်အတူ ထည့်လိုက်စေချင်ပုံ ရလေသည်။

သူသည် ရှေးသီချင်းကြီး သီချင်းခံများကိုတော့ အင်မတန်ပဲ မက်လှသည်။ အနောက်နှင့် အရှေ့ပြွမ်းသော ပေါ်ပင်ဂီတ၌လည်း သူသည် တစ်မျိုးတစ်ဖုံပဲ နှစ်သက်မိသေးသည်။

သူသည် စာပေနှင့် ကဗျာသမား တစ်ယောက်လည်း ဖြစ်ပါသေးသည်။

စာပေနှင့် ကဗျာကို သူ အင်မတန်ပဲ ချစ်သည်။ မြန်မာစာပေရော၊

အင်္ဂလိပ်စာပေရော နှစ်ခုစလုံးပဲ သူချစ်သည်၊ ခင်သည်။ စာအုပ်ကို သူ မြတ်နိုးသည်။ သူသည် စီးကရက်မသောက်၊ ဘိုင်စကုတ်လည်း မကြည့်။ အပျော်အပါးကိုလည်းပဲ မလိုက်စား။ စာအုပ်ကိုသာပဲ ဝယ်ဖတ်လေသည်။ စာဖတ်ရတော့မည်ဆိုရင်တော့ စာအုပ်ကို မပြီးမချင်း သူသည် လက်မှမချ။ စာအုပ်တစ်အုပ်လုံးကို သေသေချာချာ သဘောမပေါက် နားမလည်မချင်း လက်ကမလွှတ်။ အိမ်သာပေါ်တက်ထိုင်ရင်လည်းပဲ သူသည် စာအုပ်ကို မြိန်ရေရှက်ရေ ဖတ်သေးတော့သည်။ သူသည် မြန်မာ့ ဂန္ထဝင်၌လည်း နှံ့နှံ့စပ်စပ် လှည့်လည်ခဲ့ဖူးလေသည်။ လောကီရော၊ လောကုတ္တရာရော နှစ်ခုစလုံးပဲ သူလေ့လာခဲ့လေသည်။ လောကုတ္တရာ၏ ကျယ်ဝန်းနက်ရှိုင်းသော သုတ်ကျမ်းစာပေများနှင့် အဘိဓမ္မာခုနစ်ကျမ်းကို လည်း လေ့လာခဲ့ဖူးပါသည်။ နက်နဲ၍ သိမ်မွေ့သော ပါရမီခန်းပျို့ကို သူသည် ထက်ဝက်ခန့်နီးနီး အာဂုံဆောင်နိုင်ခဲ့သည်။ ကိုးခန်းပျို့၊ ဘူရိဒတ် လင်္ကာကြီး စသော အင်းဝကောင်းစားစဉ်က စာပေများနှင့် တောင်ငူ ခေတ်တစ်လျှောက်မှ ပေါ်ထွက်လာသော စာပေသူရဲကောင်းများ၏ စာပေ၊ ကဗျာများကို သူ ကျေပွန်ခဲ့သည်။ မြန်မာ့ဂန္ထဝင်မှာ စာကောင်း ပေကောင်းနှင့် ကဗျာကောင်းများရှိရာ သူသည် မလွတ်တမ်း ခုံခုံမင်မင် လေ့လာခဲ့သည်။ မြန်မာစာပေ၌သာလျှင် မဟုတ်သေး၊ သိုးဆောင်းဂန္ထဝင် ကိုလည်း သူသည် တော်တော်ပဲ နှံ့စပ်အောင် လေ့လာခဲ့ဖူးသေးသည်။ တော်(လ်)စတွိုင်၊ အရစ္စတိုတယ်လ်၊ ပလေတို၊ ရှူးစိုး၊ နီးရှေး စသော ဥရောပစာပေသူရဲကောင်းကြီးများ၏ စာအုပ်များကို ဖတ်ရှုခဲ့ဖူးသည်။ ရှိတ်စပီးယား၏ ခက်ခဲသောပြဇာတ်များကို တစ်ပိုဒ်စီ၊ တစ်ပိုဒ်စီ နားလည်အောင်လည်းပဲ လေ့လာခဲ့သေးသည်။ သူသည် စာပေနှင့်ကဗျာ ကို လေ့လာခြင်းများ၏ လောကမြေပြင်မှ အတတ်ပညာ၊ အသိအလိမ္မာ နှင့် ယဉ်ကျေးသိမ်မွေ့၍ သနားညှာတာတတ်ခြင်းများကို ဝေဝေဆာဆာ

ပေါက်ရောက်သီးပွင့်နိုင်စေလိမ့်မည် ဟု ယုံကြည်ခဲ့သည်။ ထိုစဉ်က လည်း သူသည် ငယ်ပါသေးသည်။

အနုပညာသည် ကျယ်ဝန်းချင်တိုင်း ကျယ်ဝန်းလှပါသည်။ မိုးကောင်းကင်၏ လဟာပြင်နှင့်လည်းပဲ တူလေသည်။ သည်လောက် ကျယ်ဝန်းသော အနုပညာ မိုးကောင်းကင်ဝယ် ဂီတနှင့် စာပေတာရာ နှစ်လုံးသည် ချစ်စဖွယ် တောက်ပနေလေသည်။

ကိုဘုန်းနိုင်သည် ငယ်စဉ်က သည်တာရာနှစ်ပွင့်၏ ချစ်စဖွယ် အလှမှာ ရွှင်ပြုံးခဲ့သည်။ ဂီတတာရာမှုးသည် ငယ်ရွယ်သော မရင်မေနှင့် ကိုဘုန်းနိုင်တို့အား နီးစပ်စေခဲ့သည်။

ရေ၊ မြေ၊ မြစ်၊ ချောင်း၊ သမုဒ္ဒရာ၊ အင်း၊ အိုင်တို့ဖြင့် လှပစွာ တန်ဆာဆင်ထားသော ဩကာသလောကသည် ပကတိ တိတ်ဆိတ်နေခဲ့ဖူးလေသည်။ တောတို့သည် မော၍၊ တောင်တို့သည် ပန်းနေပုံရသည်။ လူနှင့် သတ္တဝါများလည်း အိပ်ပျော်နေကြသည်။

ဆန်းစသော်တာ၏ ဘော်ငွေရောင်တော့ကာ ရွှန်းရွှန်းမြ တောက်ပ၍ နေပါသည်။

နှင်းတွေကလည်း မှုန်လို့ ...

မြောက်ပြန်လေအလောင်းမှာ နွဲ့နှောင်း သွယ်ပျောင်းလှဘိသော တယောသံကလေးသည် မရင်မေ၏ စက်ရာ ဆောင်ခန်းဆီသို့ ချမ်းမြေ့စွာ ဝင်၍လာသည်။ တယောသံရဲ့ နောက်ပါးက တနွဲ့အေးအေးနှင့် လိုက်ပါလာသော တေးသံသည် အုံးစက်ရာဝယ် သိမေ့၊ သိမေ့နှင့် မပျော်တပျော် ဖြစ်နေရှာသော မရင်မေကို ညို့ကစားလိုက်လေသည်။

ရင်ထဲမှာ လှပ်–လှပ်–လှပ်နှင့် ဖြစ်သွားရှာတဲ့ မရင်မေ။

ဘေးမှန်ပြတင်းပေါက်မှ လရောင်တော့ကာ အုံးစက်ရာတစ်ခုလုံးကို ငွေရည်ဖျန်းထားသလိုပဲ ထင်ရလေသည်။

"ရော်ရမ်းမပြင်နိုင်တယ်... မြောင်ဖီလာခြား... လွမ်းရနံ့ဖွယ်... မြူခိုးနှင့် တောင်စွယ်... ကမ်းနားရှစ်ခွင်... မင်းလွင်မှုန်ပြာ... ပတ်ဝန်းဘယ်ညာ... လေပြည်ညင်းလာ..."

လွမ်းလိုက်တဲ့ ဂီတရယ် ...

ညက်ညောတဲ့ တယောသံကလေးရဲ့ ဘေးနားမှ ငြိမ့်အေးသော ဆို တေးသံမှာ သဘာဝတောတောင်နှင့် မြစ်ချောင်းတို့၏ လွမ်းစကို ဖော်ပေး လိုက်လေသည်။ လွမ်းစဖော်ပေးနေသော ဂီတသံသည် မရင်မေကိုလည်း ပဲ ဖိတ်ခေါ်ဆွဲဆောင်နေသည်။

အုံးစက်ရာမှာနေ၍ မဖြစ်နိုင်တော့၊ မရင်မေ အုံးစက်ရာမှ ထလာကာ မှန်ပြတင်းပေါက်ဝမှာ ရပ်လာသည်။ ပြတင်းပေါက်ကို အသာဖွင့်ကာ မိုးကောင်းကင်ကို မော်ကြည့်လိုက်သည်။

ဂီတ တာရာမှုူးသည် အစွမ်းကုန် တောက်ပနေရှာသလား ထင်ရ သည်။

"သင်းသင်း ညင်းညင်း ဆင်းဝင်းရွှေဝါ စုံကန္တာတောနှင့် တောမြိုင် ရေသီတာအိုင် ကြာမျိုးငါးမည်လှိုင်"

ဩကာသလောက၏ သဘာဝအနေအထားနှင့် အလှအပများကို ရုပ်လုံးဖော်ပြနေလေသည်။

မှုန်းလည်း မှုန်းနိုင်သော ဂီတ၏ ပန်းချီ။

လဟာပြင်အထက်မှာ တောက်ပနေသော လေ့လခြမ်းသည် တငြိမ့် ငြိမ့် စွဲမျောကာ မရင်မေ ရပ်နေသော မှန်ပြတင်းဝဝယ် ဆိုက်ကပ်လာ လေသည်။ မရင်မေလည်း အမှတ်မဲ့ ငွေလှေ့လခြမ်းပေါ်တွင် တက်ထိုင် လိုက်သည်။

"ကြိုင်... ကြိုင်ငယ်... မြိုင်လုံးမွှေး... ခွေကာယိုင်... မှိုင်မိသေး" ညှုလိုက်တဲ့ ဂီတ...

ငွေလရောင်လခြမ်းသည် မရင်မေကို သယ်ဆောင်ကာ လဟာပြင်လိှုင်းကို စီး၍ ညုနေသော ဂီတတာရာမှုးဆီသို့ တငြိမ့်ငြိမ့်လွင့်ပါ၍ နေလေသည်။

ချစ်စဖွယ် ဂီတတာရာသည် အနုပညာကောင်းကင်ဝယ် အလှဆုံးပဲ တောက်ပနေလေသည်။

ကိုဘုန်းနိုင်သည် ငွေလအပေါ်မှ မရင်မေကို အသာအယာပဲ ပွေ့ယူလိုက်လေသည်။ မရင်မေကလည်း ပြုံးပါလို့ ...

မေကလည်း ပြုံး၍ မောင်လည်းပဲ ရွှင်နေသည်။

"ဘုန်းမောင်နဲ့သာ ဒီလိုအတူတူနေရရင်တော့ မေ ဘယ်လိုပဲ နေရ နေရပါစေ မောင်ရယ်"

မရင်မေ၏ စိတ်ကူးသည် ယဉ်ခဲ့လေသည်။

"တကယ်လား မေရယ်၊ တော်တော်ကြာ ဘုန်းမောင်လို ဆင်းရဲသား ပစ္စည်းမဲ့ကို ဟင် မေ"

ကိုဘုန်းနိုင်ကလည်းပဲ စိတ်ကူးယဉ်ခဲ့လေသည်။

သူတို့ နှစ်ယောက်စလုံးပါပဲ စိတ်ကူးယဉ်နေခဲ့ကြသည်။ ကိုဘုန်းနိုင်သည် နွဲ့နှောင်းသော မရင်မေ၏ ခါးကလေးကို ဖက်ထားလိုက်သည်။ မရင်မေကလည်းပဲ သူ့လည်ပင်းကို ဟီးလေးခိုလို့။

တစ်ယောက်ကိုတစ်ယောက် တောင့်တသော ဝေဒနာမျက်လုံးကြီးများဖြင့် ကြည့်နေမိကြသည်။

"မေ..."

"ဘာများလဲ ဘုန်းမောင်ရယ်..."

"မေ့ကို ဘုန်းမောင် မွှေးမွှေး မပေးသေးဘူးနော်..."

"သဘောပေါ့ ဘုန်းမောင်ရယ်..."

ကိုဘုန်းနိုင်သည် ညင်သာစွာ ပြုံးသည်။ မရင်မေက ချစ်စဖွယ် ပြုံးလိုက်သည်။

"ဘုန်းမောင်..."

"မေ..."

"မေ ရှိတ်စပီးယားတို့၊ ဒေါက်တာဂျွန်ဆင်တို့ဆီကို သွားလည်ချင်တယ်။ ပြီးတော့ ရှင်သီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့၊ ရာမရကန် ဦးတိုးတို့နဲ့လည်း တွေ့ချင်သေးလို့ လိုက်ပို့ပေးမှာလား ဘုန်းမောင်ရယ်..."

ကိုဘုန်းနိုင်သည် မရင်မေကို ပွေ့ယူ၍ ငွေလခြမ်းပေါ်သို့ တက်လေသည်။

စာပေနှင့် ကဗျာတာရာမှုုသည် ထွန်းလင်းစွာ တောက်ပနေလေသည်။ သူတို့နှစ်ယောက်သည် စာပေနှင့် ကဗျာတာရာမှုုး၏ ဗိမာန်ဝယ် တစ်ယောက်ခါးကို တစ်ယောက် ယုယစွာ တွယ်ဖက်ရင်း လှည့်လည်ကြလေသည်။ ရှိတ်စပီးယား၊ ဒေါက်တာဂျွန်ဆင်နှင့် ဂိုးလ်စမစ်တို့ကို သူတို့တွေ့ကြသည်။ အထူးသဖြင့် ကျောက်ပေါက်မာသက်သက်နှင့် ဆရာဝန်မဖြစ်ခဲ့ရှာသော ဂိုးလ်စမစ်ကလေးကို သူတို့နှစ်ယောက်စလုံးပဲ ချစ်ကြသည်။ ရယ်ချင်မိကြသည်။ သနားလည်း သနားမိကြသေးသည်။

ရာမရကန် ဦးတိုးဆီသို့ သူတို့ရောက်ကြသည်။ ဦးတိုး၏ရကန်ကို သူတို့သည် 'ကဗျာ့ ကဗျာ' လို့ခေါ်ရန် သဘောတူကြသည်။

မရင်မေသည် ဦးတိုးကို တော်တော်နှစ်သက်သည်။ ဦးတိုးနှင့် မရင်မေတို့ စကားကောင်းနေတုန်း ကိုဘုန်းနိုင်သည် မရင်မေကို ခွင့်တောင်းကာ အိန်ဂျယ်နှင့် မာ့က်စ် တို့ထံသို့ သွားလည်သည်။ မာ့က်စ်က သူ့ကို ပြောပြလိုက်သော 'ရာဇဝင်ကို ရုပ်သဘောဖြင့် ကြည့်ရှုလေ့လာခြင်း' (Material Conception of History) ကို ကိုဘုန်းနိုင် တော်တော်ပဲ သဘောကျ နှစ်ခြိုက်မိလေသည်။ လူတစ်တန်းစားနှင့် တစ်တန်းစား တိုက်ခိုက်ခြင်းများဖြင့် အမျိုးမျိုးအဖုံဖုံ ပြောင်းလဲဖောက်ပြန်ခဲ့သော လူ့ဆက်ဆံရေးကို သူနားလည်ခဲ့သည်။ သူသည် ဦးတိုးနှင့် ထားခဲ့သော

မရင်မေကို မေ့လျော့ကာ မှာက်စ်ပြောပြသော ဆင်းရဲသားတို့၏ ထာဝစဉ် ငြိမ်းချမ်းရေးလောကကြီး တည်ဆောက်ရေးကိုသာ စိတ်ဝင်စားနေမိသည်။

"ကိုဘုန်းနိုင်"

မရင်မေသည် သူ့ကို အဝေးမှ ခေါ်သဖြင့် သူသည် မှာက်စ်ကို ထားခဲ့ရကာ မရင်မေဆီသို့ ပြန်လာခဲ့လေသည်။

မရင်မေသည် ကြာရှည်စွာ သူ့ကို စောင့်နေသော်လည်းပဲ သူ့ကို စိတ်မဆိုးနိုင်ဘဲ ပြုံးနေရှာပါသည်။

တော်လိုက်တဲ့ မရင်မေ။

"စောင့်နေရတဲ့ လူများကိုတော့ သတိတောင်မှပဲ မရတော့ဘူး ထင်ပါရဲ့"

သူမသည် ချစ်စဖွယ် ပြောတတ်သည်။

သူသည် အငေးသားပဲ ကြည့်ရင်း မရင်မေကို အံ့ဩနေလေသည်။

"ဘုန်းမောင် သဘောကျတာလုပ်ဖို့ မေ မကန့်ကွက်ပါဘူး။ ဒါပေမဲ့ တော့ကာ မေ့ကို ဒီလိုပဲ တစ်ယောက်တည်း ပစ်ထားခဲ့လို့ မေ ဘယ်နေ တတ်မှာလဲ ဘုန်းမောင်ရယ်"

မရင်မေသည် သာယာချောင်စွာ၊ လိမ္မာစွာ ပြောလေသည်။

မရင်မေသည် ချစ်စရာကောင်းသဖြင့် သူသည် ချစ်လေသည်။ မက့်စ် ပြောသလို လူတိုင်း လူတိုင်း လုံလောက်စွာ စားသောက်နေထိုင်နိုင်သော လူချင်းလူ ချစ်ခင်ကြင်နာစွာ နေနိုင်မည့်ကမ္ဘာကြီးကိုလည်း သူသည် မြင်လိုသေးသည်။ တွေ့လိုသေးသည်။

သူသည် တွေဝေ၍ ငေးမောနေမိလေသည်။

မရင်မေသည် ဦးပုညဆီသို့ တစ်ယောက်တည်းပဲ သွားရှာသည်။ သူသည် စဉ်းစားမိလာသည်။ စဉ်းစားမိသော အဆုံး၌ သူသည် ဝမ်း

နည်းပက်လက် ဖြစ်မိရှာသည်။

မရင်မေကို သူ ကျောခိုင်းလိုက်သည်။ သူသည် ဆင်းရဲသားများဘက်သို့ မျက်နှာမူလိုက်လေသည်။ မရင်မေသည် တစ်ခါတစ်ခါ သူ့ကို လာ၍၊ လာ၍ ခေါ်ရှာသည်။

အမှန်မှာ မရင်မေ၏ စိတ်ကူးယဉ်သော အချစ်သည် ဘိုင်ကျနေသော နိုင်ငံရေးသတ္တဝါတစ်ယောက်ဖြစ်သော ကိုဘုန်းနိုင်ဆီမှာသာပဲ ဖြစ်လေသည်။ သို့ရာတွင် ကိုဘုန်းနိုင်လို လူတစ်ယောက်သည် မရင်မေအတွက် လင်ကောင်းတစ်ယောက်တော့ကာ မဖြစ်နိုင်ချေ။ သည်လို လူစားမျိုးကို လင်လုပ်မိခဲ့သော် မရင်မေသည် သူမ ခုံမင်နှစ်ခြိုက်ခဲ့သော ဘဝကိုလည်းပဲ စွန့်လွှတ်ရပေလိမ့်ဦးမည်။ အခိုင်းအစေ၊ အခြွေအရံ အသိုင်းအဝိုင်းလည်း မရှိ။ သူအင်မတန်နှစ်သက်သော အိုဗာတင်း၊ ချောကလက်များကို စွန့်လွှတ်ရပေလိမ့်မည်။ အင်မတန်ကောင်းမွန်သော အဝတ်အစားများကိုသာပဲ မရင်မေ ကြိုက်နှစ်သက်တတ်သော်လည်း ထိုကာလမျိုး၌ ဝေးကွာရပေတော့မည်။

ကိုဘုန်းနိုင်အား မရင်မေသည် ပြုပြင်၍ ယူရန် စိတ်ကူးခဲ့သည်။ သို့ရာတွင် သူသည် အပြုအပြင်ခံယူမည့်လူတော့ကာ မဟုတ်ချေ။ သူ ကိုးကွယ်သော 'ရုပ်တရား' ကိုသာပဲ အားထုတ်မည့်လူစားဖြစ်သည်။ သူသည် သူ၏ယုံကြည်ချက်အတွက်နှင့် အငတ်ငတ်အပြတ်ပြတ် ဖြစ်နေသည်ကို လွမ်းဆွေးနေသူ မဟုတ်။ သူသည် လွမ်းဆွေးပြီး စိတ်ကူးယဉ်နေသော လူစားလည်း မဟုတ်တော့။ ဒါပေမဲ့တော့ကာ တစ်ခါတစ်ခါ လရောင်ကလေး ဆန်းသစ်လာတော့မှဖြင့် သူသည် သူ့တယောပြားကလေးကို တို့ကစားနေတတ်လေသည်။

မရင်မေသည် သူမ၏ အိမ်ထောင်ဖက်ကို အချိန်ကောင်းကောင်း ယူ၍ စဉ်းစားရွေးချယ်ပြီးမှ ယူဖို့ အောက်မေ့လာခဲ့သည်။ သည်လောက်

အရေးကြီးလှသော ကိစ္စကို သူမသည် သေချာချင်ပါသည်။ အမှန်မှာ လည်း သည်လိုသေချာဖို့ အင်မတန်မှ လိုလေသည်။

အစိုးမရသော အနာဂတ်ကာလသည် မရင်မေ မျှော်လင့်ခဲ့သလို တော့ သာယာချမ်းမြေ့စွာနှင့် အေးအေးချမ်းချမ်းမလာ။ သူလာချင်သလို ပဲ ခုန်ပေါက်ကာ ကတိုက်ကရိုက်နှင့် အပြေးအလွှား လာခဲ့လေသည်။

"ဖေဖေလည်း ကောင်းကောင်းမမာဘူး သမီးရယ်။ ရှေ့လျှောက် စစ်များဘာများ ဖြစ်လာဦးမယ်ဆိုရင် ဖေဖေတို့မှာ အားကိုးအားထား ပြုဖို့လူ လိုနေတယ်ကွယ်"

ဖခင်ကြီးက အားကိုးအားထားပြုဖို့ လူလိုကြောင်း ပြောပြခဲ့လေ သည်။ မရင်မေသည် ငယ်တော့သည့်အရွယ်လည်း မဟုတ်၊ သူမဖခင်၏ စကားကို ကောင်းစွာပဲ နားလည်လိုက်ပါသည်။ အမှန်မှာလည်း မရင်မေ မှာ တကယ်အားကိုးရမည့်သူ လိုနေပါသည်။

ကိုမျိုးလွင်သည် ယောကျ်ားကောင်း ပီသ၍ တကယ်တမ်း အားကိုး ရမည့်သူ ဖြစ်လေသည်။ ကိုဘုန်းနိုင်တစ်ယောက်တော့ဖြင့်ကာ သူ့ဘာ သာသူ ဘာလုပ်၍ ဘာကိုင်ကာ ဘယ်ရောက်နေမှန်းလည်း မသိ။

သူတို့နှစ်ယောက် တစ်ယောက်ကိုတော့ကာ...

ကိုမျိုးလွင်နှင့် ကိုဘုန်းနိုင်၊ တစ်ယောက်မဟုတ်ရင် တစ်ယောက်။

သူတို့နှစ်ယောက်ကို မရင်မေသည် ယှဉ်ခဲ့ပြီ။ ကြည့်ခဲ့ပြီ။ 'တော တောင်တို့၏ ခြသေ့်မင်း' နှင့် 'မုန်တိုင်းထဲမှ ကဗျာ' ကို မရင်မေ မြင်ခဲ့ ရသည်။ ခြသေ့်မင်းသည် ရဲရင့်၍ ကဗျာကတော့ နုနေသည်။

စိမ်းစိမ်းစိုကာနေသော မြက်ခင်းပေါ်မှာ မရင်မေသည် ရပ်နေတုန်း ပဲဖြစ်သည်။ ရပ်၍သာ နေရသည်။ ဝေးလံသော ခရီးကန္တာရကို သွားလာ ခဲ့ရသူပမာ မရင်မေမှာ အတော်ကလေး ပင်ပန်းနေပုံရလေသည်။ သည်ဟာကြောင့် ကြည်နူးစရာ အလှအပကို သူမ ရှာလေသည်။

အလှအပတဲ့ ...

စံပယ်ဖြူကလေးများ မြရွက်ကလေးတွေအကြားမှာ ဝင့်ကြွားနေကြသည်။ ကြွားဝင့်နေသော စံပယ်ဖြူကလေးများကို လေညင်းသည် တနော့နော့ နွဲ့လေသည်။

"အို... ချစ်စရာ စံပယ်ဖြူဖြူကလေးတွေရယ်"

သူမသည် စံပယ်ဖြူပွင့်ကို ဆွတ်ယူကာ မွှေးကြူလိုက်လေသည်။

"သမီး မေ"

မရင်မေသည် သူမအနီးသို့ ရောက်ရှိနေသော ဖခင်ကြီးကို အလန့်တကြား မော်ကြည့်လိုက်မိလေသည်။

"ဟင်... သမီး အိမ်ပေါ်မတက်သေးဘူးလား"

ဖခင်ကြီး အံ့သြစွာပဲ မေးနေသည်။

"ဟုတ်ကဲ့ ဖေဖေ၊ သမီး စဉ်းစားနေပါတယ်"

"ဪ... သမီး စဉ်းစားနေတာလား၊ ဖေဖေ ပြောတာရော သမီး ဘယ်လိုစဉ်းစားပြီးပြီလဲ"

"စဉ်းစားပြီးပါပြီ ဖေဖေရယ်"

"မောင်မျိုးလွင်ကိုပဲ သမီးသဘောကျရဲ့ မဟုတ်လားကွယ်"

မရင်မေသည် စံပယ်ဖြူပွင့်ကို ပွတ်ခြေရင်း ငေးနေသည်။

သူမသည် ပြန်မပြော။ ခြေသလုံးအိမ်တိုင်ဘဝနှင့် ငေါ်နေသော လူရွယ်၏ အေးဆေးသောမျက်နှာသည် တရေးရေးပေါ်လာသည်။

"သမီး မေ"

"ဖေဖေ"

"ဖေဖေတို့မှာ အရေးရယ် အကြောင်းရယ်ဆိုရင် တကယ်အားကိုး အားထားရမယ့်လူ လိုနေတယ်နော်။ စစ်ကလည်းပဲ ဖြစ်တော့မယ်။ ပြီးတော့ ဖေဖေလည်း ကောင်းကောင်းမာတာမှလည်း မဟုတ်။ အဲဒီတော့

ကာ ဖေဖေ မျက်လုံးနှစ်လုံး မမှိတ်ခင်ကလေးအတွင်းမှာ သမီးအတွက် ဖေဖေ စိတ်ချသွားချင်လွန်းလို့ပါကွယ်"

သူ၏ သမီးကလေးအား စိတ်ချသွားချင်ရှာလွန်း၍၊ ကောင်းစားချမ်းသာစေချင်လွန်း၍ အဘိုးကြီးသည် သွားလေသူ ချစ်ဇနီး၏အစား တောင်းပန်နေလေသည်။

"သမီး လိမ္မာပါတယ် ဖေဖေရယ်"

မရင်မေသည် ဖြည်းလေးစွာပဲ ပြောလိုက်လေသည်။

"မောင်မျိုးလွင်ကိုပဲနော် သမီး"

မရင်မေသည် မျက်စိကိုမှိတ်ကာ ခေါင်းကိုပဲ ညိတ်ပြနိုင်လိုက်ရှာသည်။

"သာဓု...သာဓု...သမီးလည်း လိမ္မာသားပဲကွယ်"

အဘိုးကြီးသည် ကျေနပ်နှစ်သိမ့်စွာ ခေါင်းကို ညိတ်နေလေသည်။ သမီးမိန်းကလေးများ မွေးရသော ဒုက္ခကို အဘိုးကြီးလည်း ကောင်းစွာပဲ ဆင်ခြင်သုံးသပ်မိလိုက်ရလေသည်။ သူသည် အေးချမ်းသော နှလုံးဖြင့် မရင်မေ အနီးမှ ထွက်ခွာလာသည်။

"ဩော်...ထမင်းစားတဲ့အခါ သမီးကို ဖေဖေ ပြောစရာလေးရှိလို့"

မရင်မေသည် ခေါင်းကိုသာပဲ ညိတ်လိုက်သည်။

ဆည်းဆာတော့ကာ ချစ်စဖွယ် တောက်ပနေတုန်းပဲ ဖြစ်လေသည်။ ပတ်ဝန်းကျင်မှာလည်း ဆိတ်ဆိတ်ငြိမ်လို့...

မရင်မေတော့ တစ်ယောက်တည်းပဲ မြက်ခင်းကလေးပေါ်မှာ။ လေညင်းနုနုဝယ် စံပယ်ဖြူကလေးတွေကတော့ကာ နော့နေကြတုန်းပဲ ဖြစ်လေသည်။

* * *

## တစ်ယောက်သောသူ၏ ပြုံးရွှင်မှု

ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ မရင်မေ ရပ်နေသည်။

သူမကိုယ်ကိုယ် ခြေဆုံးခေါင်းဖျားကြည့်လိုက်၊ မှန်ထဲကိုကြည့်လိုက်နှင့် မရင်မေမှာ ထူးခြားနေလေသည်။ အမှန်မှာ သူမသည် မိမိကိုယ်ကိုယ် လှသည်ထက်လှ၍ နုသည်ထက် ယဉ်အောင် ပြုပြင်နေခြင်းပဲဖြစ်လေသည်။

နက်ပြာရောင် ကတ္တီပါခုံမြင့်ကို စီးထားသည်။ အပြာရင့်ရောင် ပိုးထဘီပိန်းကို တမင်တကာ ရွေးချယ်ကာ မရင်မေသည် ဝတ်ဆင်ထားသည်။ ပိုးအဝါနုရောင် အင်္ကျီမှာ စိုပြည်ဝါဝင်းသော မရင်မေ အသားအရေနှင့် အင်မတန်မှပဲ အဆင်ပြေနေသည်။ ဖြူဝင်းသော လည်တိုင်ဝယ် ချစ်စရာ ပုလဲပုတီးကလေးကလည်းပဲ ဣန္ဒြေရှိနေသေးတော့သည်။ သေးသွယ်နွဲ့ပျောင်းလှသော သူမ၏ ဘယ်ဘက် လက်သူကြွယ်မှာ အပါးဝိုင်းစိန်ကလေးများ စီခြယ်ထားသော မြလက်စွပ်ကလေးမှာ ချစ်စရာကောင်းလှသည်။

မရင်မေသည် ရွှေဝတ်ဆင်မှုကို များစွာ နှစ်ခြိုက်လှသော မိန်းကလေးမဟုတ်ချေ။ သို့ရာတွင် အင်မတန်အရည်အသွေးကောင်းမွန်သော ကျောက်မျက်ရတနာများကိုတော့ သူမ နှစ်သက်တတ်သည်။

နက်မှောင်သော ဆံပင်ကို တစ်ပတ်ကျော့ပဲ ထုံးထားလေသည်။ တစ်ပွင့်တည်း ပန်းနုရောင် နှင်းဆီပွင့်သည် ခေါင်းအထက်မှာ ငွားစွင့်ကာ ကြွားပွင့်နေသည်။ နှင်းဆီပွင့်သည် အဓိပ္ပာယ်ကိုလည်းပဲ ဆောင်နေသည်။

ကိုယ်လုံးပေါ် မှန်ကြီးထဲမှာ မရင်မေသည် ပြုံးလိုက်သည်။ ပြင်ဆင်မှုလည်းပဲ ပြီးစီးလေပြီ။ စားပွဲတင်နာရီကို သူမသည် လှမ်း၍ ကြည့်လိုက်သည်။ ငါးနာရီထိုးရန် ငါးမိနစ်ပဲ လိုတော့သည်။ ငါးနာရီမှာတော့

သူလာလိမ့်မည်။ သူလာချိန်နီးလေပြီ။ သူမလည်းပဲ ပြင်ဆင်၍ ပြီးနေပါပြီ။

"သူ့ကို ဆင်ဝင်ဝကပဲ သွားကြိုနှင့်ရ ကောင်းမလား မသိပါဘူး"

မရင်မေသည် တွေးနေသည်။

"အို... မျက်နှာထားရမှာ ခက်ပါဘိတော့၊ ဟင်... ရှက်လည်းပဲ ရှက်စရာကြီးကွယ်"

သူမသည် ဆက်၍ တွေးနေသည်။

အပြာရင့်ရောင် အိုပယ်(လ်) ကားကလေးတစ်စီးသည် ညင်သာစွာ ဟွန်းပေးကာ ဆင်ဝင်ဝအောက်ဝယ် ရပ်လိုက်သည်။

"ဟော... သူလာပြီ"

သူမ၏ စိတ်ထဲမှာ တစ်မျိုးပဲ ဖြစ်သွားသည်။ ဝမ်းသာရတော့မလိုလို၊ ဝမ်းနည်းရတော့မလိုလိုနှင့် မရင်မေမှာ ရှက်သလိုလိုပဲ ဖြစ်နေမိသေးသည်။ ကိုယ်လုံးပေါ်မှန်ကြီးထဲမှာ သူမကိုယ်ကိုယ် မရင်မေသည် ခြေဆုံးခေါင်းဆုံး ကြည့်ပြန်သည်။ ပြီးတော့ကာ မှန်ကြီးထဲကို စူးစိုက်ပြီး ကြည့်လိုက်လေသည်။

မှန်ကြီးထဲမှာ သူမ ပြုံးလိုက်သည်။ ဟက်ဟက်ပက်ပက်ကြီးပဲ ပြုံးလိုက်ပါသည်။ သည်လိုပြုံး၍ ဝတော့ခါမှ မှန်ကြီးကို သူမ ကျောခိုင်းလိုက်သည်။ မရင်မေသည် လေညင်းနုကဲ့သို့ ပေါ့ပါးစွာ အောက်ထပ်သို့ ဆင်းလာသည်။

အသက် ၂၇ နှစ်ခန့် စစ်ဝတ်စစ်စားနှင့် ခံ့ညား၍ ကျက်သရေရှိလှသော လူရွယ်သည် ကားထဲမှထွက်၍ ဆင်းလာသည်။ သူသည် တောတောင်ကို အစိုးရသော ခြင်္သေ့မင်း၏ အမူအရာကို ဆောင်နေသည်။ သို့ရာတွင် သူ့မှာ သူ့ရန်သူကိုပင် ညှာတာတတ်သော နှလုံးရှိကြောင်းကိုလည်း သူ့မျက်လုံးများက သက်သေခံနေကြသည်။ သူ့ရုပ်ရည်၊

သူ့အရပ်အမောင်းနှင့် စစ်ဝတ်စစ်စားမှာ သူ့အား ပိုမို၍ ပေါ်လွင်ထင်ရှား စေကာ တောက်ပြောင်နေစေသည်။ သူ့ပခုံးထက်မှာ ဂျော့ဘုရင်ထံမှ ရသော ကြယ်နှစ်ပွင့်စီမှာ လက်လက်ပြောင်နေကြသည်။

တံခါးဝမှာရပ်ရင်း ကိုမျိုးလွင်ကို မရင်မေသည် ကြည်နူးစွာ ကြည့်နေ မိလေသည်။

"မေ"

သူသည် မရင်မေကို 'မေ' လို့ပဲ ခေါ်တတ်သည်။ သူသည် ပြုံး လိုက်သည်။ ကြည်လင်အေးချမ်းသော အသံဖြင့် မရင်မေကို ခေါ်လိုက် သည်။

"ကိုကိုလွင်"

မရင်မေ၏ အသံမှာလည်းပဲ နှစ်သိမ့်ဖွယ်ရာ ကြည်အေးလှပါသည်။

လက်(ဖ)တင်နင် မျိုးလွင်သည် မရင်မေနှင့် တံခါးဝမှာ အတူယှဉ်၍ ရပ်လိုက်သည်။ တစ်ယောက်ကို တစ်ယောက် ပြုံးလို့ စကားလည်းပဲ မပြောနိုင်။ ငေးကြည့်နေကြသည်။ လေညင်းနုချိုချိုသည် စိုပြည်သော ချိုးကူသံကို စိမ်းစိုသော တောအုပ်ဆီမှ ယူဆောင်လာသည်။ ဧည့်ခန်း ဆောင်ကို သူတို့ ရှေးရှုလိုက်ကြသည်။

ချစ်စဖွယ်ဆည်းဆာ၏ ရွှေရောင်များသည် ဧည့်ခန်းဆောင်ဝယ် ကြော့ကြော့လွင့်နေကြသည်။ တဖိတ်ဖိတ်တောက်နေသော ပိတောက် သား ကြမ်းပြင်ပေါ်ဝယ် အပြာရင့်ရောင် ကတ္တီပါဆက်တီသည် ချမ်းမြေ့ ဖွယ်ရာအသွင်ကိုဆောင်ကာ သူတို့နှစ်ယောက်ကို ဖိတ်ခေါ်နေတော့ သယောင်ပဲ ထင်ရလေသည်။

နှစ်ယောက်သား ဘေးချင်းယှဉ်၍ ထိုင်လိုက်ကြလေသည်။ လေ ညင်းနုသည် အေးမြစွာ ပြတင်းတံခါးမှ ခုန်ပေါက်၍ ဝင်လာသည်။ သင်းပျံ့သော တောတောင်ရေမြေ၏ ရနံ့တို့ကို ယူဆောင်လာလေသည်။

လက်(ဖ)တင်နှင် မျိုးလွင်သည် မရင်မေကို တစိမ့်စိမ့်ပဲ ကြည့်နေလေသည်။ မရင်မေကတော့ ခေါင်းငုံ့လို့...

ဧည့်ခန်းတစ်ခုလုံးမှာတော့ကာ ဆိတ်ဆိတ်ငြိမ်နေပါသည်။

"မေ"

သူ့အသံမှာ ချော့မြူသံ ဖြစ်လေသည်။

မရင်မေသည် ခေါင်းငုံ့နေရာမှ သူ့ကို အသာအယာမော်၍ ကြည့်လေသည်။ သူ၏ ဝေဒနာဖက်နေသော မျက်လုံးကြီးများကို မရင်မေ မြင်ရလေသည်။ သူမသည် ခေါင်းကိုငုံ့လိုက်သည်။ မရင်မေတော့ကာ ရှက်နေပြန်သည်။

"ကိုကိုလွင် အိန္ဒိယက ပြန်လာတော့မှပဲ လက်ထပ်ကြရအောင်လို့နော် မေ"

သူသည် မရင်မေကို ချော့မော့နေသည်။

မရင်မေသည် သူမ ကိုကိုလွင်ကို ရုတ်တရက် မော်၍ကြည့်လေသည်။ သူမမျက်နှာသည် အိုစာညှိုးငယ်၍ သွားသည်။

"ကျွန်မကတော့ ကိုယ်ချစ်တဲ့သူနဲ့သာပဲ အတူတူနေချင်တယ် ကိုကိုလွင်ရယ်"

မရင်မေအသံမှာ တိမ်ဝင်၍ သွားသည်။

"ကြာမယ်လည်း မထင်ပါဘူး မေရယ်၊ ကိုကိုလွင်လည်းပဲ ဘယ်ခွဲနေချင်ပါ့မလဲကွယ်၊ စစ်အမိန့်နဲ့မို့သာ မသွားလည်း မဖြစ်လို့ပေါ့"

သူသည် အေးချမ်းစွာ ပြောလေသည်။ သို့ရာတွင် သူသည် ထိုင်းမှိုင်းနေသည်။

"ဂျပန်ကလည်း 'စကော်ပူ' ကို သိမ်းလိုက်ပြီ ကိုကိုလွင်၊ ရှေ့ကို ဘယ်လိုဖြစ်လို့ ဘယ်လိုနေကြ၊ ထိုင်ကြရဦးမလဲ မသိနိုင်သေးဘူး။ အဲဒီတော့ ခုလိုခေတ်ဆိုးခေတ်ကျပ်ကြီးထဲမှာ ကျွန်မသဘောပြောရရင် တစ်

ယောက်နဲ့တစ်ယောက် အတူတူနေချင်တာပဲ ကိုကိုလွင်ရယ်"

လက်(ဖ)တင်နှင် မျိုးလွင်သည် တွေဝေ၍ သွားသည်။

"ကျွန်မတို့မှာ အရေးရယ်၊ အကြောင်းရယ်ဆိုရင်တော့လည်း အားကိုးအားထားပြုရမယ့်လူ၊ မားမားမတ်မတ် ရပ်မယ့်လူလည်း မရှိဘူး ကိုကိုလွင်"

မရင်မေသည် သူမ ကိုကိုလွင်ကို အားထားပါသည်။ အားထားသည့်အတိုင်းလည်းပဲ သူမ၏ မွန်မြတ်သောအချစ်ကို ပေးအပ်ခဲ့သည်။ မွန်မြတ်သော အချစ်ကို ပေးအပ်ခဲ့ရသည့်တိုင်အောင် အားထားခဲ့ရသူအား မရင်မေ တောင်းပန်နေသည်။

ဒါပေမဲ့တော့ကာ စစ်အမိန့်...

အိန္ဒိယသို့ တစ်ပတ်အတွင်း သူသည် သွားရမည်။ စစ်အမိန့် စစ်ဝတ္တရားနှင့် သူသည် သွားရမည်။ စစ်အမိန့်သည် ဆင်ခြေလဲရသော အမိန့်မဟုတ်။ ဂျပန်တွေကို အင်္ဂလိပ်များ မြန်မာပြည်မှ ဆုတ်ပေးတော့ မည့်အကြောင်းကိုလည်းပဲ သူသည် ရိပ်မိနားလည်ပြီးဖြစ်သည်။ သို့ရာတွင် ၁၉၄၂ ခုနှစ် မိုးခြောက်လလောက်သာပဲ အိန္ဒိယ၌ ဆုတ်နေပြီး ဂျပန်စစ်ကြောင်း ပန်းသောအခါ မြန်မာပြည်ကို ပြန်၍ လွတ်မြောက်စေနိုင်လိမ့်မည်ဟု သူသည် အင်္ဂလိပ်စစ်ပရိယာယ်ကို အထင်ကြီးခဲ့မိလေသည်။

မှားလိုက်တဲ့ လက်(ဖ)တင်နှင် မျိုးလွင်...

ဒါပေမဲ့တော့ကာ စစ်အမိန့်၊ သူသည် တစ်ပတ်အတွင်း အိန္ဒိယသို့ သွားရမည်။

ကြီးပွားမှု၊ ထင်ပေါ်မှုနှင့် ဂုဏ်ရှိမှုအတွက် သူသည် စစ်အမိန့် အတိုင်းပဲ အိန္ဒိယကို သွားမည်လော...

သူတစ်ယောက်ကိုသာပဲ အားကိုးအားထားရာ ဖြစ်နေသော 'သူ့မေ'

နှင့်သာပဲ စစ်အမိန့်ကို သွေဖည်ကာ ဆိုးတူကောင်းဖက် မြန်မာပြည်မှာပဲ နေရစ်ခဲ့မည်လော…

သူသည် ခေတ်ပညာတတ် လူကုံထံတစ်ယောက်ဖြစ်သည်။ သူသည် ဘုရင့်အမှုထမ်း စစ်အရာရှိကြီးတစ်ဦးလည်းပဲ ဖြစ်ပါသည်။ သူသည် အိန္ဒိယမှ မြန်မာပြည်သို့ လွတ်မြောက်ရေး စစ်တပ်ကြီးများနှင့် ပြန်လာနိုင်သောအခါ ကြီးကျယ်သော ရာထူးကြီးနှင့် 'သူ့မေ' ကလေး ကို သူသည် ထွေးပိုက်နိုင်ပေလိမ့်မည်။ သည်အတွေးသာပဲ သူတွေးမိရသည်။ ရက်စက်သော ဖက်ဆစ်ဂျပန်များလက်အောက်ဝယ် သူ့မေနှင့်အတူ အေးအတူပူအမျှ နေရစ်ခဲ့ဖို့ရာတော့ သူသည် မတွေးမိခဲ့ချေ။

"ကိုကိုလွင်လည်းပဲ အတူတူနေချင်တာပေါ့ မေရယ်။ ဒါပေမဲ့ ရှေ့လျှောက် ကြီးပွားမှုရယ်၊ ဂုဏ်ရှိမှုရယ်ကြည့်ပြီး စစ်အမိန့်နဲ့ မသွားမဖြစ်တာကလည်း တစ်ကြောင်းမို့"

သူသည် မရင်မေအား ယုယစွာ ချော့မော့နှစ်သိမ့်နေလေသည်။

"ကိုကိုလွင်ကိုသာပဲ အားကိုးအားထားပြုနေရတာ၊ ကိုကိုလွင်သာ မရှိရင်တော့ ကျွန်မတို့ ဘယ်သူ့ကိုသွားပြီး အားကိုးနေရမှာလဲ ကိုကိုလွင်ရယ်"

မရင်မေသည် သူမ အားကိုးသော ကိုကိုလွင်ကို တောင်းပန်ရှာလေသည်။

"ဒါတွေကို ဒီလောက်လည်းပဲ တွေးပူပြီးတော့လည်း နေလို့ ဘယ်ဖြစ်မလဲ မေ။ ကိုကိုလွင်လည်း အိန္ဒိယမှာ မကြာပါဘူး။ မသကာ အလွန်ဆုံး ခြောက်လပေါ့။ ကိုကိုလွင် အိန္ဒိယသွားနေတုန်း မေတို့ နေရေးထိုင်ရေးအတွက် ဖေဖေနဲ့ မေနဲ့ရော တိုင်ပင်ပြီး စီမံထားခဲ့မှာပေါ့ကွယ် နော် မေ…"

သူသည် ဖျောင်းဖျနေလေသည်။

မရင်မေသည် သူမ ကိုကိုလွင်ကို မျက်ရည်ဝိုင်းနေသော မျက်လုံးကြီးများဖြင့် မော်၍ ကြည့်နေမိလေသည်။

"မေ..."

သူသည် ပြုံးလျက် ကြည်လင်ချမ်းမြေ့သော အသံဖြင့် သူ့မေကို ခေါ်လေသည်။

"ကိုကိုလွင်"

သူမ၏အသံမှာ တုန်ယင်၍ မကြည်လင်လှပါ။

မရင်မေ၏ ဘယ်ဘက်လက်ကလေးကို လက်(ဖ)တင်နင် မျိုးလွင်သည် ညင်သာစွာ ကိုင်တွယ်ကာ နူးညံ့စွာ ဆွဲယူလိုက်သည်။ မရင်မေကလည်းပဲ ငြိမ်နေပါသည်။ အင်မတန် အဖိုးတန်လှသော BRAVINGTONS LTD မှ ထုတ်ယူထားသည့် စိန်ကလေးသုံးလုံးမြုပ်၍ လုပခံ့ညားစွာ လုပ်ကိုင်ထားသော လက်ထပ်လက်စွပ်ကွင်းကလေးကို လက်(ဖ)တင်နင် မျိုးလွင်သည် မရင်မေ၏ ဘယ်လက်သူကြွယ်တွင် ဝတ်၍ပေးပြီးနောက် သူ့မေ၏ လက်ကလေးကို သူသည် ညင်ညင်သာသာကလေးပဲ မွှေးလိုက်သည်။

"ကိုကိုလွင်..."

သူမ ကိုမျိုးလွင်ကို ကိုကိုလွင် ခေါ်လေသည်။

"မေ..."

သူ့အသံမှာ အားမလို အားမရသံ ဖြစ်လာသည်။

"ကိုကိုလွင် ပြန်လာတဲ့တိုင်အောင် စောင့်နေရမှာပဲ နော်"

သူမ၏အသံမှာ မွတ်သိပ်တောင့်တသံပဲ ဖြစ်လေသည်။

"ကိုကိုလွင် ပြန်လာတော့မှပဲ နော် မေ၊ လက်ထပ်ပြီးတော့ ပျော်ပျော်ပါးပါး နေကြရအောင်"

အစိုးမရနိုင်သော အနာဂတ်ကာလအား သူ၏ စိတ်ကူးထဲ၌ မင်း

လုပ်လိုက်လေသည်။

သူသည် သူ့မေကို မော်၍ ကြည့်လိုက်သည်။

"မေ... မေ... မေ..."

မျက်လုံးအိမ်မှာလည်း မျက်ရည်တွေက ဝိုင်းလို့ ...

"နော်... မေ၊ ကိုကိုလွင် ပြန်လာတော့မှပဲ လက်ထပ်ပြီး ပျော်ပျော်ပါးပါး နေကြရအောင်လို့"

သူမသည် ခေါင်းကိုသာပဲ ညိတ်၍ ပြနိုင်ရှာတော့သည်။

"မေ... မေ... မေ..."

လက်(ဖ)တင်နင် မျိုးလွင်သည် သည်တစ်ခါတော့ ရဲရင့်သော စစ်ဗိုလ်ကြီးအသွင်ဖြင့် သူ့မေကလေးရဲ့ ပါးကလေးကို စိတ်ရှိလက်ရှိ မွှေးမွှေးပေးနေလေတော့သည်။

* * *

**ကျန်လူတစ်ယောက်မှာ**

ရန်ကုန်မြို့မှာ ခြောက်ကပ်၍ ထိတ်လန့်ဖွယ်ရာ ကောင်းနေသည်။

အင်မတန်ပဲ အထက်တန်းကျလှသည်ဆိုသော အင်္ဂလိပ်နှင့် ဂျပန်တို့၏ အကောင်းဆုံး ယူနီဗာစီတီများမှ သင်ပေးလိုက်သော ပညာများနှင့် ယဉ်ကျေးခြင်းများကြောင့် ရန်ကုန်မြို့၏ တိုက်ကြိုတိုက်ကြားများတွင် မသိမ်းဆည်းနိုင်သော လူသေကောင်အလောင်းနံ့များမှာ စိတ် မချမ်းမသာစရာ ဖြစ်နေတော့သည်။ ပြေးသူပြေး၊ ပုန်းသူပုန်းနှင့် ရန်ကုန်မြို့ကြီးမှာ ကျီးနှင့်ဖုတ်ဖုတ် ဖြစ်နေသည်။

အသက် ၂၅ နှစ်ခန့် အသားလတ်လတ် ပိန်ပိန်ပါးပါး လူရွယ်တစ်ယောက်သည် အလံပြဘုရားလမ်းအတိုင်း လျှောက်လာခဲ့လေသည်။ သူ့မှာ ထီးနှင့် ဦးထုပ်လည်းမပါ။ နေကလည်းပဲ ချစ်ချစ်တောက် ပူနေ

သည်။

သူ့မျက်နှာမှာ ဆာလောင်မွတ်သိပ်၍ ပင်ပန်းနေပုံရသည်။ သူ့အဝတ်အစားမှာလည်း ညှိုးနွမ်း၍ အရောင်အဆင်းပင် ကောင်းစွာ မမြင်ရတော့။ သူသည် သူ့ပတ်ဝန်းကျင်ကို လုံးဝသတိထားပုံမရ။ သူ့အတွေးနှင့်သူ၊ သူ့လမ်းနှင့်သူ၊ သူသည် သွားနေသည်။ သူသည် မနေ့က ညစာကို ပါတာနီ သုံးပြားဖိုးသာ ရေနှင့်ပဲ တင်းတိမ်ရောင့်ရဲခဲ့လေသည်။ မနက် အိပ်ရာမှထသောအခါ သူ့အူမအတွင်းရှိ 'ပရားဆိုက်' ခေါ် ပိုးကလေးများသည် သူ့အား ကြီးစွာသော ဒုက္ခကို ပေးကြလေပြီ။

သူသည် ပိုက်ဆံကလည်း တစ်ပြားမှမရှိ၊ ထမင်းကလည်းပဲ ဆာနေသဖြင့် ရေကျော်ဘက် ဂျာနယ်ကျော်တိုက်ကို သွားခဲ့လေသည်။ ဂျာနယ်ကျော်လည်းပဲ ဂျပန်ကို ကြောက်ရာသဖြင့် ကျိုက္ကစံသို့ ပြေးသွားခဲ့လေပြီ။

သူ တစ်ခါတည်း မောသွားသည်။

သူသည် ကျိုက္ကစံသို့ ကုန်းကြောင်းမလျှောက်နိုင်တော့၊ ဘတ်စ်ကားလည်း မရှိ။ ပိုက်ဆံလည်းပဲ မရှိ။

သူသည် အလံပြဘုရားလမ်းအတိုင်း နွမ်းနယ်ကာ လျှောက်လာသည်။ သူသည် ရည်ရွယ်ချက်မရှိ၊ ခရီးလမ်းဆုံးလည်းပဲ မရှိ။ သူ့ကို ယခုလို ထမင်းဆာသောအခါ ကျွေးမွေးတတ်သော လက်ဝဲဂိုဏ်းသားသခင်များလည်း တစ်ယောက်တလေမျှ မရှိတော့။ ထောင်ထဲတွင် ရောက်နေသူ၊ အိန္ဒိယသို့ပြေးသူ၊ ပုန်းနေသူ၊ တရုတ်ပြည်သို့သွားရင်း ဂျပန်လက်ထဲသို့ ဖောက်ပြန်ရေးသမားများကြောင့် ကျရောက်သွားသူများလည်း ဘယ်လိုဖြစ်နေကြတော့သည် မသိ။

သူသည် အင်္ဂလိပ်အစိုးရကို အပြစ်တင်မိလေသည်။

ဖက်ဆစ်ဂျပန်ကို တကယ်တိုက်ခိုက်ကြမည့် လက်နက်အင်အားစုကို အဘယ်ကြောင့် ယခုကဲ့သို့ နှိမ်နင်းထားရသနည်း။ သူ နားလည် လိုက်

သည်။ ဂျပန်ထက် လက်ဝဲအင်အားစုကို သူတို့ရွံ့သည်။ တရုတ်ပြည် တယင်စင်မှာ ဂျပန်က သူတို့အင်္ဂလိပ်တွေကို အဝတ်ချွတ်၍ ရှာဖွေခဲ့ပုံကို သူတို့ မေ့သွားဟန်တူသည်။ 'ခူးရား' ဆိုပြီး အင်္ဂလိပ်လူမျိုးမြင့်များကို ဂျပန်က ပါးချလိုက်တာကိုတော့ကော သူတို့ မရွံ့။ သည်ဟာကြောင့် ဂျပန်ကို တိုက်ခိုက်မည့် မြန်မာ့လက်ဝဲစုအင်အားကို အင်္ဂလိပ်တို့ ထောင်ထဲမှာထည့်ကာ ဂျပန်ကို မြန်မာပြည်သို့ အလွယ်တကူနှင့် ဖိတ်ခေါ်လိုက်သည်။

သူသည် စုတ်ပဲ့သော အင်္ဂလိပ်နယ်ချဲ့အစိုးရကို အပြစ်တင်လိုက်သည်။ တစ်ရံရောအခါက စပိန်ပြည်၏ လက်ဝဲအစိုးရအား ဖက်ဆစ်အီတလီနှင့် ဂျာမနီတို့ကို မျက်စပစ်၍ မျိုးဖျက်ခဲ့ဖူးသော အင်္ဂလိပ် နယ်ချဲ့အစိုးရ၏ နိုင်ငံခြားရေးဝါဒကို သူသည် ပြန်လည်၍ သတိတရားရမိလေသည်။

ထိုအခိုက် သူ့အနောက်မှ အော်စတင်ကားကလေးတစ်စီးသည် သူ့ဘေးတွင် ဖြတ်၍တက်သွားရင်း ကားကလေးထဲမှ 'ကိုဘုန်းနိုင်' ဟူသော သူ့နာမည်ခေါ်သံကို သူသည် ကြားလိုက်ရလေသည်။ သူနှင့် ရှေ့တည့်တည့် ကိုက် ၅၀ ခန့်တွင် ကျွဲခနဲ မြည်ကာ ထိုးရပ်သွားသည်ကို သူသည် ရပ်နေရာမှ အကြောင်သားပဲ ငေးကြည့်နေမိလေသည်။

ကားပေါ်မှ ဆင်းလာသည်။

ထဘီပြာပြာ၊ အင်္ကျီပြာပြာ၊ နေကာမျက်မှန်ကို တပ်ထားသည်။

ဟုတ်ပါသည် မလွဲဘူး။

"မရင်မေ"

မရင်မေပါပဲ၊ သူ့ဆီသို့ ရောက်လာသည်။

"ကိုဘုန်းနိုင်၊ ရှင် ဘယ်လဲ"

သူမသည် မောသံနှင့် မေးသည်။

"မသိသေးဘူး"

သူသည် တိုးတိုးပဲ ပြောလိုက်သည်။

"ဩော်... မသိသေးဘူးတဲ့၊ ဖြစ်မှဖြစ်ရလေ ကိုဘုန်းနိုင်ရယ်"

သူမသည် အံ့ဩသွားသည်။

"ကိုဘုန်းနိုင်"

ကားထဲမှ ခေါ်သံကြားရသဖြင့် ကားထဲသို့ ကိုဘုန်းနိုင် ကြည့်လိုက်သည်။

"ဩော်... ဆွေဆွေ"

သူသည် ယဉ်ကျေးစွာ နှုတ်ဆက်လိုက်လေသည်။

"ကိုဘုန်းနိုင်၊ ရှင် ကျွန်မနဲ့အတူတူ အိမ်ကို မလိုက်နိုင်ဘူးလား ဟင်"

မရင်မေသည် သူ့ကိုမေးသည်။

သူသည် ငေးနေလေသည်။

"ဘာများ ငေးနေရပြန်တာလဲ ကိုဘုန်းနိုင်၊ ရှင့်ကို ပြောစရာတစ်ခု ရှိလို့ပါ"

"ကျွန်တော် လိုက်လို့ တော်ပါ့မလား မရင်မေရယ်"

"ကဲ... ကဲ ကားပေါ်သာတက် ကိုဘုန်းနိုင်၊ ရှင် ကြေးမများနေနဲ့ တော့"

ကိုဘုန်းနိုင်သည် ရှေ့ခန်းဝယ် ဒရိုင်ဘာနှင့်အတူ တက်၍ ထိုင် လိုက်ရလေသည်။

မကြာမီ ကားကလေးသည် အရှိန်နှင့် ပြေးလွှားနေလေသည်။ ကား ကလေး၏ နောက်ခန်းဝယ် လိုက်ပါလာကြသော မရင်မေနှင့် ဆွေဆွေ တို့သည် မိမိတို့ရှေ့တွင် စကားမပြော။ ငြိမ်သက်စွာ၊ ငေးမောကာ လိုက်ပါ လာသော နိုင်ငံရေးသတ္တဝါအား အကဲခတ်ကြည့်နေကြလေသည်။ တစ်ရံ

ရောအခါက စတိုင်ကောင်းကောင်း၊ ဂိုက်ကောင်းကောင်းနှင့် ကောလိပ်ကျောင်းသားတစ်ယောက်သည် ယခုအခါဝယ် အရောင်အဝါ ညှိုးနွမ်းနေတော့ကာ စုတ်ပြတ်မွဲတေ၍ နေလေသည်။ သူသည် ဤလောကမှ လူယဉ်ကျေး၊ လူကုံထံတွေကို များစွာ အရေးထားလှသူတစ်ယောက် မဟုတ်မှန်း သိသာလေသည်။ သူ့ကို ကြည့်ရသည်မှာ ဆင်းရဲသားတစ်ယောက်နှင့်ပဲ တူသည်။ အမှန်မှာလည်း သူသည် အိုးမဲ့၊ အိမ်မဲ့၊ ပစ္စည်းမဲ့ တစ်ယောက်ပဲ ဖြစ်လေသည်။ သို့ရာတွင် သူ့မျက်နှာသည် သူ့ဦးနှောက်၏ အလေးချိန်ကို ကြိုတင်၍ ပြောနှင့်သည်။

"ဆွေဆွေဖြင့် မေကသာ မပြောရင် ကိုဘုန်းနိုင်မှန်းတောင် မှတ်မိမယ် မဟုတ်ပါဘူး"

ဆွေဆွေက စတင်၍ သူမ၏ ထင်မြင်ချက်ကို ပြောလိုက်လေသည်။

"အို... ဒါတင် ဘာဟုတ်သေးလဲ ဆွေဆွေ၊ ကိုဘုန်းနိုင်အကြောင်းများ ပြောရရင် တစ်ခါက ကျွန်မတို့ ဂလုပ်မှာ ဘိုင်စကုတ်သွားကြည့်တုန်းကပေါ့။ တစ်မတ်တန်းရှေ့ဆုံးက ခုံမှာ တစ်ယောက်တည်း စွပ်ကျယ်လက်တို၊ ဗိုလ်ကေစုတ်ဖွားနဲ့ ကြည့်နေတာ တွေ့ခဲ့တယ်"

"ဩော်... ဩော်"

ဆွေဆွေသည် အတော်ပဲ အံ့ဩသွားလေသည်။

ကိုဘုန်းနိုင်သည် သူ့အတင်းပြောနေသဖြင့် နောက်သို့ လှည့်ကြည့်ကာ ...

"သူများ လက်မှတ်အလကားပေးလို့ပါဗျာ။ နောက်ပြီး ပစ်ချားကလည်း သီချင်းဆိုခန်းတွေ တော်တော်ကလေးကောင်းလို့"

"ဩော်... ဩော်၊ ရှင် တော်တော်ပိုက်ဆံကုန်ခဲ့သပေါ့"

မရင်မေသည် သူ့ကို သရော်လိုက်လေသည်။

သူသည် ညင်သာစွာ ပြုံးလေသည်။

"ဦးအောင်မြင်၊ ပင်စင်ရ စက်ရှင်တရားသူကြီး"

ကြေးဝါဆိုင်းဘုတ်ကလေး...

ကားကလေးသည် ခြံကြီးတစ်ခု၏ ဝင်းဝဝယ် ရပ်လိုက်သည်။

"ကဲ... ဆွေဆွေ ကျန်ရစ်ခဲ့တော့မယ်နော်"

ဆွေဆွေသည် ကားပေါ်မှ ဆင်းလေသည်။

"မနက်တော့ ဆွေဆွေ လာခဲ့ဦးနော်"

"အိုး... ရက်စ်၊ လာခဲ့မှာပေါ့ မေ"

ကားကလေးသည် တဖြည်းဖြည်း လိမ့်ထွက်စပြုလေသည်။

"ကိုဘုန်းနိုင် အက်စ်ကျူးမီးနော်"

ဆွေဆွေသည် မရင်မေ၏ ညှိသည်အား တောင်းပန်လေသည်။

သူကတော့ စကားပြန်မပြော၊ ပြုံးလိုက်သည်။ သူ့အပြုံးမှာ ယဉ်ကျေးမှုများနှင့် ဝေဆာနေပါသည်။

ကားကလေးသည် အင်းလျားစောင်း အဝါနုရောင်တိုက်အိမ်၏ ဆင်ဝင်အောက်ဝယ် ရပ်သွားလေသည်။ မရင်မေသည် ကားပေါ်မှ အရင်ဆင်းလေသည်။

"ဆင်းလေ ကိုဘုန်းနိုင်"

သူမသည် ကိုဘုန်းနိုင်အား အမိန့်ပေးလေသည်။ ကိုဘုန်းနိုင်သည် ကားတံခါးကို ဖွင့်ကာ ဆင်းလာသည်။

"မောင်သော်ရေ၊ ထမင်းချက် ဦးဘာစံကို မမက ခဏလောက် တွေ့ချင်လို့ကွယ်"

သူမသည် ဒရိုင်ဘာအား မှာလိုက်သေးသည်။

"ငေးမနေနဲ့ ဆရာကြီး၊ အိမ်ထဲကိုလည်း ဝင်ပါဦး"

မရင်မေက ရှေ့မှ၊ သူက နောက်မှ။ သူသည် မရင်မေ၏ အချိုးအဆက်ပြေပြစ်သော ကိုယ်လုံး၏ နောက်ပိုင်းကို အမှတ်မဲ့ ကြည့်လေ

သည်။ ပွင့်ပွင့်ကား၍ စက်စက်အိနေသော တင်ပါးဆုံကြီးမှာ မက်မော စရာကြီးပဲ ဖြစ်လေသည်။

ဧည့်ခန်းဆောင်မှာ ဆိတ်ငြိမ်နေသည်။

"ထိုင်ဦးနော် ကိုဘုန်းနိုင်၊ ကျွန်မ အဝတ်လဲလိုက်ဦးမယ်"

မရင်မေက သူ့ကို ဧည့်ခန်းဆောင်ဝယ် အထိုင်ခိုင်းလေသည်။ သူသည် ဒီလို ခံ့ညားထည်ဝါသော ဧည့်ခန်းဆောင်မှာ ထိုင်လည်းပဲ မထိုင်ချင်ပါ။ သူ့ကိုယ်ကလည်းပဲ မွေးမှိန်နေသည်။ သူသည် ထိုင်ရမည်ဆိုရင်လည်း အားနာနေပါသေးသည်။ သူသည် ရပ်ငေးနေမိလေသည်။ အမှန်မှာ သူကြောင်နေသည်။

"ထိုင်လေ ကိုဘုန်းနိုင်၊ ဘာများ ငေးနေရပြန်လဲ"

သူမအသံမှာ အမိန့်ဆန်ပါသည်။

သူလည်းပဲ ထိုင်လိုက်သည်။

"ခဏကလေးပဲနော်၊ ကျွန်မ အဝတ်အစားလဲလိုက်ချင်လို့"

သူမသည် အပေါ်ထပ်သို့ တက်သွားလေသည်။

ခံ့ညားဝင့်ကြွားသော ဧည့်ခန်းဆောင်မှာ မွေးမှိန်သော လူတစ်ယောက် ထိုင်နေသည်။ သူ ပထမ သတိထားကြည့်မိလိုက်တာကတော့ ဂျပန်လုပ် ပီယာနိုကြီးပဲ ဖြစ်လေသည်။ မရင်မေမှာ အင်မတန် ပီယာနိုအတီးကောင်းလှသည်။ မှတ်မိသေးတော့သည်။ ကိုထင်ကြီးနှင့် မမြမေတို့ မင်္ဂလာဆောင်တုန်းက ပရိသတ်က ပွဲတောင်းသဖြင့် မရင်မေက ပီယာနို၊ သူက တယောနှင့် 'တေဇဂုဏ်' သီချင်းကို တွဲ၍ ဖျော်ဖြေခဲ့ရ သေးသည်။ ပရိသတ်သည် သူတို့အတွဲကို ထိုစဉ်က အတော်ပဲ စွဲသွားပုံရလေသည်။

ဒုတိယ...

အင်မတန် ခံ့ညားသော ဗီရိုနှင့်အပြည့် စာအုပ်တွေဖြစ်လေသည်။ BRITANNICA ENCYCLOPEDIA မှာ ဝင့်ကြွားနေသည်။

ဗြာဟ္မဏတိုင်း၏ အိုမင်းသော အတိတ်ရာဇဝင် မဟာဘာရတနှင့် ရာမာယဏတို့သည် ခံ့ညားလှပါသည်။ အဖိုးတန် စာကောင်းပေကောင်းများသည် ဧည့်ခန်းဆောင်၏အလှကို ကျက်သရေဆောင်နေကြသည်။

သူသည် ထိုင်ရာမှ ပေါ့ပါးစွာထလိုက်ကာ စာအုပ်ဗီရိုဆီသို့ လျှောက်သွားလေသည်။ ဗီရိုသည် သော့မခတ်ထား၊ သွေးဆောင်မှုကို သူသည် မရုန်းကန်နိုင်၊ ဗီရိုကို ဖွင့်လိုက်သည်။

နောက်မှ ခြေသံကြားရသဖြင့် သူလှည့်ကြည့်လိုက်လေသည်။ အခိုင်းအစေနှင့်တူသော အဘိုးကြီးတစ်ယောက် သူ့ကို အထူးအဆန်းသဖွယ် ကြည့်ကာကြည့်ကာနှင့် အပေါ်ထပ်သို့ တက်သွားလေသည်။

သူသည် စာအုပ်တစ်အုပ်ကို အသာအယာ ဆွဲယူလိုက်လေသည်။

"RIGHTS OF MAN" by Thomas Paine

သူသည် စာအုပ်ကို ယုယစွာ ကိုင်တွယ်ရင်း ဗီရိုကို အသာအယာ ပိတ်လိုက်သည်။ သူပြန်လာခဲ့သည်။ သူသည် ဆက်တီပေါ်မှာ ထိုင်ရင်း စာအုပ်ကို ဖွင့်လေသည်။

ပြင်သစ်ပြည် ဆင်းရဲသား ပစ္စည်းမဲ့တို့၏ တော်လှန်မှုကြီးကို နှိမ်နင်းပြောဆိုသော ဗြိတိသျှဖောက်ပြန်ရေးသမား ဘတ်ခ် [BURKE] အား ပစ္စည်းမဲ့များဘက်မှ ခုခံချေပထားသော စာအုပ်ဖြစ်လေသည်။

သူသည် စာအုပ်ထဲတွင် တစ်ခါတည်း နစ်မြုပ်သွားသည်။ အဘယ်မျှကြာသည်ကို မသိလိုက်။

"ကိုဘုန်းနိုင်၊ ရှင့်စာအုပ်ကို ခဏကလေး ထားလိုက်ပါဦးလား။ ရှင် ထမင်းစားဖို့ ပြင်ပြီးပြီ"

မရင်မေသည် သူ့ဘေးမှာ ရပ်ရင်း ပြောနေသည်။ သည်တော့မှပဲ သူ မော့ကြည့်မိလိုက်သည်။

မရင်မေသည် လှပစွာ ပြုံး၍ သူ့ကို ဖိတ်ခေါ်နေသည်။

"ထမင်းစားရမယ့် အချိန်လည်း မဟုတ်ပါလား မရင်မေ"

သူက မေးလေသည်။

စားပွဲတင်နာရီသည် ညနေ သုံးနာရီကို ပြနေသည်။

"ရှက်မနေပါနဲ့တော့ ကိုဘုန်းနိုင်ရယ်၊ ရှင် ထမင်းမစားရတာ နှစ်နပ်ထက်တော့ မနည်းပါဘူး"

သူသည် မရင်မေကို အံ့အားသင့်စွာနှင့် မော်ကြည့်နေလေသည်။

"ရှင် အံ့ဩနေသလားဟင် ကိုဘုန်းနိုင်၊ ရှင့်မျက်နှာကတော့ ပြောနေပါတယ်"

သူမ အသံမှာ မကြည်လင်လှ။

သူတော့ကာ ခေါင်းငုံ့သွားလေသည်။

"ရှင့်ကို ကျွန်မ တွေ့ကတည်းက တစ်ခါတည်းသိတယ်။ ရှင် ဘယ်လိုပဲ ဖုံးဖုံး၊ ရှင့်မျက်နှာကတော့ ကျွန်မကို ပြောနေတာပဲ ကိုဘုန်းနိုင်။ ထ ထ ကိုဘုန်းနိုင်၊ ရှင် ရှက်မနေပါနဲ့၊ ကျွန်မ စိတ်မကောင်းလွန်း လို့"

သူမ အသံမှာ အက်ကွဲ၍ လာတော့သည်။

သူသည် ဝမ်းနည်းပက်လက်နှင့် မရင်မေကို မော်ကြည့်ပြန်သည်။ သူ့မျက်လုံးကြီးများမှာ ဝိုင်းလည်နေသည်။

"ထမင်းစားရအောင် ထ ကိုဘုန်းနိုင် ထ။ ရှင့်ကိုလည်း ထမင်းစားပြီးတော့မှပဲ ပြောပြစရာတွေ ရှိသေးတယ်"

အမိသည် သားငယ်အား ချော့မော့သလို သူ့ကို မရင်မေက ချော့မော့နေရှာသည်။

သူသည် ထိုင်ရာမှထကာ မရင်မေနောက်မှ ထမင်းစားခန်းသို့ လိုက်ခဲ့သည်။ ထမင်းစားပွဲပေါ်ဝယ် ခဲ့ညားမျိုးစုံစွာ ပြင်ဆင်ထားနှင့်လေသည်။ သူ မမြင်ရတာ ကြာပြီဖြစ်သော အခင်းအကျင်းနှင့် ထမင်းဟင်းများကို တွေ့မြင်ရလေသည်။ သည်လို ထမင်းဟင်းမျိုးများကို သူ မြင်

လိုက်ရသောအခါ သူသည် တုန်၍ သွားလေသည်။

သူလည်း စားပွဲဘေးမှာ ထိုင်လိုက်သည်။ ပြီးတော့မှ မရင်မေကို မော်၍ သူ ကြည့်လေသည်။

"လက်ဆေးရေလေ၊ ဆေးလေ ကိုဘုန်းနိုင်"

မရင်မေသည် ငါးဆုပ်ကြော်များကို သူ့ထမင်းပန်းကန်ထဲသို့ ထည့်ပေးလေသည်။ သူသည် ငါးဆုပ်ကြော်နှင့် ထမင်းကို မျိုလိုက်ရာ လည်ချောင်းထဲတွင် တစ်နေသဖြင့် မျက်လုံးပြူးနေလေသည်။ အမှန်မှာ သူ့လည်ချောင်းသည် ထမင်းနှင့် ဝေးနေသည်မှာ တော်တော်ကလေးကြာနေပြီ ဖြစ်သဖြင့် ကျဉ်းမြောင်းနေကာ ထမင်းတစ်လုတ်ကို လွယ်လွယ်ကူကူနှင့် မျို၍မကျနိုင်ခြင်း ဖြစ်လေသည်။

"ရေသောက်လိုက်ဦး ကိုဘုန်းနိုင်"

သူမက ရေခွက်ကို လှမ်း၍ပေးသဖြင့် သူသည် ကတိုက်ကရိုက်လှမ်းယူကာ ကသောကမျော သောက်ချလိုက်သဖြင့် သီး၍ သွားပြန်လေသည်။

သူကတော့ ရှက်သွားသည်။ မရင်မေကတော့ သူ့အတွက် စိတ်မကောင်း...

"ဝအောင်စားနော် ကိုဘုန်းနိုင်။ ကျွန်မရှိတာနဲ့ပဲ ရှင်တော့ ရှက်နေတယ်ထင်တယ်။ ကျွန်မ အပြင်ဧည့်ခန်းက စောင့်နေမယ်နော်၊ ကိုဘုန်းနိုင် ဝအောင်သာ စားနော်"

သူမသည် ဧည့်ခန်းဆောင်သို့ ထွက်သွားလေသည်။

သူသည် ငတ်ငတ်နှင့် အားပါးတရ စားသောက်ရင်း သူ့ဘဝကို ဝမ်းနည်းပက်လက် ဖြစ်နေမိသည်။

သာယာလိုက်တဲ့အသံ။

ပီယာနို ခလုတ်ကလေးများပေါ်ဝယ် သေးသွယ်သော လက်ချောင်း

ကလေးများ ပြေးလွှားလှုပ်ကစားနေသည်။ ချိုမြိန်ဖွယ်ရာ ဂီတသံသည် သင်းထုံနေသည်။

သူသည် ဂီတ၏ရမ္မက်ကိုလည်းပဲ ဖြည့်တင်းလိုက်ရသဖြင့် သူ ဝသွားပြီ။

သူသည် ဧည့်ခန်းဆောင်သို့ ထွက်လာခဲ့သည်။ ပီယာနိုခုံပေါ်မှာ မရင်မေရယ်။

ဂီတသံရပ်သွားသည်။ မရင်မေ သူ့ဆီသို့ လာသည်။

"ဝပြီလား ကိုဘုန်းနိုင်"

ပြုံး၍ သူမက မေးလေသည်။

သူသည် ခေါင်းကိုပဲ ညိတ်ပြကာ ထိုင်လိုက်လေသည်။ မရင်မေလည်းပဲ သူ့အနီးဝယ် ထိုင်လေသည်။

"ရှင့်အမေတစ်ယောက်ကော ပြည်မှာပဲလား ကိုဘုန်းနိုင်"

"ဪ... အမေရယ်..."

သူ့စကားသည် မဆုံး၊ ရပ်သွားသည်။

"မာမာချာချာပဲလား"

"အမေလား... ကောင်းကောင်း မမာချင်ဘူး မရင်မေ"

"ရှင့်အမေကို ရှင် ကြည့်နိုင်တယ်တော့ မဟုတ်လား ဟင် ကိုဘုန်းနိုင်"

သူသည် ရုတ်တရက် မဖြေနိုင်၊ အတန်ကြာအောင် သူသည် ငေးနေသည်။

"ဒီလိုပဲ တတ်နိုင်တဲ့အခါလည်း ထောက်ပံ့ရတာပဲ မရင်မေ။ ကျွန်တော်ကိုယ်တိုင်က ခုလို ခြေသလုံးအိမ်တိုင်ဘဝနဲ့ နေရပြီး အငတ်ငတ် အပြတ်ပြတ်ဖြစ်နေတော့ အမေလည်း ဆွမ်းဆန်ခံပြီး စားရတဲ့အခါလည်း စားရတော့မှာပေါ့"

"ဟင်း..."

မရင်မေသည် သက်မကို ရှုလိုက်သည်။

ရှည်လျားသော ငြိမ်သက်ခြင်း။

"ကျွန်မတို့တော့ စစ်ကိုင်းချောင်ကိုပဲ ပြေးကြဖို့ စီစဉ်ပြီးပြီ ကိုဘုန်းနိုင်"

"ဩော်... ဩော် ကောင်းသားပဲ မရင်မေ။ ကိုဘုန်းနိုင် ဘယ်လို အကူအညီပေးနိုင်လဲဟင်"

"ခုတော့ မလိုတော့ပါဘူး။ ကျွန်မ ဟိုတုန်းက ကိုဘုန်းနိုင်ကို ပြောပြဖူးတဲ့ စက္ကင်းကာစင် ကိုမျိုးလွင် လာပြီးတော့ စီမံပေးခဲ့တယ်။ သူတော့ တစ်နေ့ကပဲ အိန္ဒိယကို လေယာဉ်ပျံနဲ့ သွားပြီ"

"ဩော်... ဩော်"

"ကျွန်မတို့ နောက်တစ်ပတ်အတွင်းမှာ သွားကြရမှာပဲ၊ ဆွေဆွေတို့လည်း လိုက်ကြလိမ့်မယ်"

"ဩော်... ဩော်"

အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြခြင်း။

"ကိုဘုန်းနိုင်"

သူမ၏ ပြတ်သောအသံ။

"ခင်ဗျာ"

သူ့အသံမှာ အေးချမ်းသည်။

"ရှင့်ကို ကျွန်မ ကနေ့ တွေ့ရတာ သိပ်ပြီးတော့ အခန့်သင့်တာပဲ"

"ဟုတ်ကဲ့"

"ရှင့်ကို ကျွန်မ တွေ့ချင်တုန်း တွေ့ရတာ ပြောစရာလေးတော့ ပြောပြလိုက်ရဦးမယ်"

"ပြောပြတာပေါ့ မရင်မေရယ်"

"ကျွန်မတို့မှာ သမီးတစ်ခု၊ ဖအေတစ်ခု ဆိုတာကိုလည်းပဲ ကိုဘုန်း

နိုင် သိတယ်နော်”

“သိပါတယ် မရင်မေ”

“အဲဒီတော့ ခုလို စစ်ဖြစ်နေတဲ့ အချိန်များမှာ အရေးရယ် အကြောင်းရယ်ဆိုရင် ကျွန်မတို့သားအဖမှာ မားမားမတ်မတ်နဲ့ ရှေ့ဆောင်ပြီး အားကိုးအားထားနိုင်ရမယ့် လူတစ်ယောက် လိုနေတယ်”

“ဟုတ်တာပေါ့ မရင်မေ”

“ဒီဟာကြောင့် ကျွန်မ အိမ်ထောင်ပြုဖို့ ဆုံးဖြတ်ကတိပေးလိုက်ပြီ”

“ဩော်... အင်း”

သူ့မျက်နှာသည် ညှိုး၍သွားလေသည်။ သူလည်းပဲ သိလိုက်သဖြင့် ကြိုးစား၍ သူ့မျက်နှာကို သူပြင်လေသည်။ သူသည် မရင်မေကို တမင်သက်သက် နောက်ဆုတ်ပြီး ရှောင်ခဲ့ဖူးသည်။ သူ့အတွက်နှင့် မရင်မေအား အကျယ်အကျယ် ဒုက္ခမများစေချင်။ သူ့ယုံကြည်ချက်ကိုလည်းပဲ သူသည် အကြောင့်ကြမဲ့ကင်းစွာ လုပ်ချင်သည်။ သည်ဟာကြောင့် သူသည် မရင်မေကို ရှောင်ခဲ့သည်။ မရင်မေသည် သူ့ကို အဘယ်မျှ မွန်မြတ်သော မေတ္တာ၊ စေတနာဖြင့် ချစ်ခင်ခဲ့မှန်း သူသိပါသည်။ သည်လိုသိရက်သားနဲ့လည်း သူရှောင်ခဲ့သည်။ ကြာသော် မရင်မေသည် သူ့လိုလူကို စိတ်ပျက်လာလိမ့်မည်။ တဖြည်းဖြည်း မေ့ပျောက်သွားနိုင်လိမ့်မည်ဟု သူ မှန်းဆခဲ့သည်။ တစ်နေ့သောအခါ မရင်မေသည် သူမဖခင်သဘောတူညီသော ကိုမျိုးလွင်လို လူကောင်းတစ်ယောက်ကို လင်အဖြစ်နှင့် ကျေနပ်နှစ်သိမ့်စွာ လက်ခံနိုင်လိမ့်မည်ဟု သူ ယုံကြည်ခဲ့လေသည်။ ယခုတော့ သူ မှန်းဆယုံကြည်ခဲ့သည့်အတိုင်းလည်းပဲ မရင်မေသည် သူမအိမ်ထောင်ပြုတော့မည့်အကြောင်းကို သူ့ အား ပြောပြလေပြီ။

အမှန်မှာတော့ သူ ဝမ်းနည်းသွားလေသည်။ မရင်မေကလည်းပဲ အကဲခတ်လိုက်မိပါသည်။

"ကိုမျိုးလွင်လို လူတစ်ယောက်ကို မရင်မေ လက်ခံလိုက်တာ ကျွန်တော် ဝမ်းသာပါတယ် မရင်မေရယ်"

သူက ဝမ်းသာသည်ဟု ပြောလေသည်။ သို့ရာတွင် သူ့အသံမှာ ထိုင်းမှိုင်း၍တော့ကာ နေသည်။ သူ့ဝမ်းထဲမှာ ဘာဖြစ်နေသည်ကိုလည်း မရင်မေ သိလိုက်ပါသည်။

မရင်မေသည် ပြုံးရှာသည်။

မုန်တိုင်းထဲမှ ကဗျာပြုံး ဖြစ်လေသည်။

"ကိုဘုန်းနိုင်ကို ကျွန်မ မျှော်လင့်ခဲ့တယ်။ ရှင့်စေတနာနဲ့ ရှင့်သဘောကို ကျွန်မ သိပါတယ်။ ဒါကြောင့် ကျွန်မ တစ်သက်မှာ ဒီကိစ္စကို တွေးမိတိုင်း ဘယ်တော့မှလည်း စိတ်ကောင်းနိုင်မယ်တော့ မဟုတ်ဘူး"

သူမ အသံမှာ တုန်နေသည်။

သူကတော့ မရင်မေကိုသာပဲ ငေးမော၍ ကြည့်နေရှာသည်။

"ရှင်ဟာ ကျွန်မကို စွန့်ပစ်နိုင်လောက်အောင် ရှင့်နိုင်ငံရေးကို ချစ်တဲ့ လူတစ်ယောက်ဖြစ်ပေမဲ့ ရှင့်ပါရမီကို ဘယ်လိုဖြည့်ရပါ့မလဲလို့ ကျွန်မ စဉ်းစားခဲ့ပါသေးတယ် ကိုဘုန်းနိုင်"

မရင်မေ အသံမှာ အက်ကွဲ၍ လာလေသည်။

"ရှင့်ကို ကျွန်မ သနားတာ တစ်ခုပဲရှိတော့တယ်၊ ကျွန်မ ရှင့်ကို မေ့လိုက်တော့မယ်"

ကိုဘုန်းနိုင်သည် နိုင်ငံရေးသတ္တဝါ ဖြစ်သော်လည်းပဲ သူ၏ကြေကွဲ စရာဘဝကိုတော့ ဝမ်းနည်းနေလေသည်။ ဤလောကသည် သူ့အား ပြုံးရွှင်စွာပဲ ဖိတ်ခေါ်ခဲ့ပါသည်။ သူကသာ...

သူသည် ထိုင်ရာမှ ထလိုက်သည်။ သူ စကားတစ်ခွန်းမျှ မပြော။ စကားပြောဖို့ရာ သူ မေ့သွားဟန်တူသည်။ သူသည် သူ့ကို ငေးမော ကြည့်နေရှာသော မရင်မေကို ကျောခိုင်းလိုက်လေသည်။ သူပြုံးတော့

သည်။ မချိုပြုံးမဟုတ်၊ ကြေကွဲသော အပြုံးလည်း မဟုတ်။ သူ့အပြုံးမှာ တစ်မျိုးပဲဖြစ်သည်။ အမှန်မှာ သူသည် သူ့အား လှောင်သရော်နေသော လောကဓံအား မခန့်ပြုံးပြုံးလိုက်ခြင်းသာဖြစ်သည်။ သူသည် ယောကျ်ားကောင်းတို့၏ ပြုံးခြင်းမျိုးကို ပြုံးနိုင်ပါပေသည်။

သူသည် လွမ်းဆွေး၍ မနေလို။ တစ်လှမ်းချင်း လေးကန်စွာ သူသည် ဧည့်ခန်းဆောင်မှ ထွက်၍လာသည်။ မရင်မေသည် ထိုင်နေရာမှ အမှတ်တမဲ့ထကာ သူ့နောက်မှ လိုက်လာမိလေသည်။ သူသည် ငိုက်စိုက်ချကာ လေးကန်စွာ သွားနေသည်။

ဆင်ဝင်အောက်မှာ သူရပ်လိုက်သည်။ နောက်သို့ လှည့်၍ သူ ကြည့်လိုက်ပြန်လေသည်။

မရင်မေတော့ကာ တံခါးဝမှာပဲ ရပ်လို့ သူ့ကိုပဲ အငေးသားကြည့်နေသည်။

"သွားတော့မယ် မရင်မေ၊ ကိုဘုန်းနိုင် သွားတော့မယ်နော်"

သူသည် ကဗျာဆန်ဆန်ပဲ နှုတ်ဆက်နေသည်။

မရင်မေတော့ကာ တံခါးဝမှာပဲရပ်လို့...

သူသည် မရင်မေကို ကျောခိုင်းလိုက်ကာ တစ်လှမ်းချင်း ထွက်သွားပြီ။

မရင်မေသာ တစ်ယောက်တည်းရယ်၊ တံခါးဝမှာပဲ ရပ်လို့။

"ဩော်... ကိုဘုန်းနိုင်... ကိုဘုန်းနိုင်"

ဆွေးပင်လယ်ဇွေမှာ လွမ်းလေပြည်သာပဲ တသုန်သုန် တိုက်ခတ်နေရစ်တော့သည်။

* * *

**လွတ်လပ်ရေးတဲ့၊ ဘယ်မှာလဲ**

အချုပ်အခြာအာဏာပိုင်သော လွတ်လပ်သည့် မြန်မာနိုင်ငံတော် တည်ထောင်ပါပြီ။

၁၉၄၃ ခု၊ ဩဂုတ်လ ၁ ရက်နေ့ ...

"ကမ္ဘာမှာလည်း အာဏာရှင်၊ တို့လည်း အာဏာရှင်"

ဂီတသံသည် တငြိမ့်ငြိမ့်။

ခေါင်းဆောင်ကြီးများသည် ဂီတသံ တငြိမ့်ငြိမ့်တွင် တစိမ့်စိမ့် ယစ်နေကြသည်။ သူတို့သာပဲ အချုပ်အခြာအာဏာပိုင်ကာ လွတ်လပ်ရေးရနေကြပုံ ရလေသည်။ သည်ဟာကြောင့်လည်းပဲ သူတို့မှာတော့ တစိမ့်စိမ့် ယစ်နေနိုင်ကြပါပေသည်။

"ခူးရား ဘတ်ကဲရိုး"

ငပုသည် ဘီရှုမာပါးကို တွယ်လိုက်သည်။ ဘီရှုမာမကို အတင်းအဓမ္မ မယားလုပ်လေသည်။ မယားလုပ်၍ ဝသောအခါ ဘီရှုမာကို ကူလီလုပ် ခိုင်းပြန်သည်။ ဘီရှုမာနွားကို ဆွဲလေသည်။ စပါးကို သိမ်းလေသည်။

တို့မြန်မာ ဆင်းရဲသား ခေါင်းဆောင်ကြီးများမှာတော့ကား အီနေကြသည်။ ယစ်နေကြသည်။

သူလည်း သခင်၊ ငါလည်း သခင်၊ အမွှနားကလည်းပဲ သခင် ဖြစ်နေသည်။ တိုင်းပြည်နှင့် အမျိုးကို ချစ်လှပါသည်ဆိုသော သခင်များ အတွင်းဝန်ရုံးမှာ စာတိုစာရှည်တွေနှင့် ရာထူးရှာနေကြသည်။ သူတို့သည် မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်ကို ဖိတ်ခေါ်ခဲ့ကြသည်။ လွတ်လပ်သည်၊ မလွတ်လပ်သည်ကို သူတို့ မေ့သွားကြသည်။

တစ်ခုတော့ ရှိလေသည်။

မြန်မာ့တပ်မတော်ကို သည်အချိန်လောက်ဆီကပဲ ဖွားမြင်လိုက်လေသည်။ သည်ဟာတော့ မြတ်လိုက်သည်။

အာရှလူငယ်များ အစည်းအရုံးသည် သည်အချိန်လောက်ဆီတွင် မြန်မာတစ်နိုင်ငံလုံးမှ တိုးတက်နေသော လူငယ်များကို စုရုံးမိနှင့်သည်။ လူငယ်လူရွယ်များကို မြန်မာ့လူကြီးများသည် အဘယ်ပုံ အဘယ်နည်း အရောင်တင်ပေးရမှန်းကို မသိခဲ့ကြ။ ရှော်လိုက်တဲ့ လူကြီးတွေ။ ဂျပန်သည် သူတို့ကြိုးဆွဲနိုင်မည့် အာရှလူငယ်များကို ပျိုးထောင်ခဲ့ကြသည်။

အချုပ်အခြာ အာဏာပိုင်သော မြန်မာ့နိုင်ငံတွင် လူငယ်များသည် အာရှလူငယ်များနှင့် မြန်မာ့တပ်မတော်ကို စုရုံးဖွဲ့စည်းနိုင်ခဲ့ကြသည်။ သည်လို အဖွဲ့အစည်းများကို လက်ဝဲဂိုဏ်းသားများသည် ခေါင်းဆောင်လိုက်ကြသည်။

ဖောက်ပြန်နေသော လူစုနှင့် တိုးတက်နေသော လူစုကို ဂျပန်အချိန်တွင် သေသေချာချာ တွေ့ရလေသည်။ နိုင်ငံကို ချစ်ပါသည်၊ လူမျိုးကို ချစ်ပါသည် ဟူ၍ ကုန်း–ကုန်းအော်ခဲ့ကြသော နိုင်ငံရေးသမားများ၏ ဇာတိနှင့် အတွင်းရုပ်ကို သည်တော့မှ တွေ့ကြရလေသည်။

ရန်ကုန်မြို့ ကန်တော်ကြီးမှာ လူတွေတော်တော်ပဲ စည်လှသည်။ အဝတ်အသစ်၊ ပိုးဖဲတို့ဖြင့် တောက်ပနေကြသည်။ လူတွေသည် တော်တော်ပဲ မြူးထူးနေပုံရလေသည်။ တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ခေါ်ပြောကာ လွတ်လပ်သော မြန်မာလူမျိုးများဘဝဖြင့် ဝမ်းသာနေပုံရလေသည်။ ဂီတသံသည်လည်း တငြိမ့်ငြိမ့်တီးမှုတ်ကာ ဖြေဖျော်နေသည်။

သည်လို လူထုကြီးလို ပျော်ရွှင်နိုင်ပုံမရကြသော အသက် ၂၆ နှစ်ခန့် လူရွယ်နှစ်ယောက်သည် လူထုကြီးနှင့် တော်တော်ကလေးလှမ်း သောရေစပ် သစ်ပင်ရိပ်အောက်ဝယ် ငြိမ်သက်စွာ ထိုင်နေကြလေသည်။ တစ်ယောက်ကိုတစ်ယောက် စကားမပြောနိုင်ကြဘဲ အတွေးကိုယ်စီနှင့် ရေပြင်ကို အငေးသား ကြည့်နေကြသည်။

"ဒီဟာလားဗျ လွတ်လပ်ရေး၊ ကိုဘုန်းနိုင်"

တစ်ယောက်သောလူရွယ်က စ၍ မေးလိုက်သည်။

ကိုဘုန်းနိုင်သည် မကျေမချမ်း မေးလိုက်သော လူရွယ်ကို လှမ်း၍ ကြည့်ကာ ပြုံးလေသည်။

"အေးဗျာ... လွတ်လပ်ရေးလို့တော့ ပြောနေကြတာပဲ။ ဘာတွေလွတ်လို့ ဘာတွေလပ်နေမှန်းတော့ ကျုပ်တို့မြို့မှာနေရတဲ့ လူတွေထက်တောက လယ်သမားတွေနဲ့ မိန်းကလေးတွေက ပိုပြီး သိကြတာပေါ့ဗျ ကိုဘကလေး"

သူသည် အေးအေးပဲ ပြောလိုက်သည်။

ကိုဘကလေးသည် သဘောကျသွားသလို ပြုံးလေသည်။ သူသည် ဂျပန်ဝင်စအချိန်က မြစ်ဝကျွန်းပေါ်မှာ ဖြစ်လေသည်။ တောရှိအခြေအနေကို မြင်ခဲ့ရသူတစ်ယောက်လည်းဖြစ်သည်။ ဂျပန်ကင်ပေ၏ အနှောင့်အယှက်မှ ဝေးရာဝေးကြောင်း သူ ရန်ကုန်သို့ ပြေးလာသည်။ သူသည် အာရှလူငယ်များ အစည်းအရုံးမှ အရေးပါသော အမှုဆောင်တစ်ယောက်လည်းဖြစ်သည်။

"ကျုပ်တို့တော့ ဂျပန်အဝယ်ခံလိုက်ရတာပဲဗျာ..."

ကိုဘကလေးသည် ညည်းတွားလိုက်သည်။

"ခင်ဗျာ့ ဒီမိုကရေစီ ဆရာကြီးကလည်း ရောင်းချင်ချင်ကိုးဗျ"

"ပြီးခဲ့တဲ့ အကြောင်းတွေကတော့ ဝမ်းနည်းစရာကြီးပဲ ကိုဘုန်းနိုင်"

"အတိတ်ကာလကို ဝမ်းနည်းပြီး စိတ်ပျက်နေလို့ အလကားပဲ ကိုဘကလေး၊ လေ့လာပြီး သင်ယူဖို့ကလွဲရင် ဟို... ဗြိတိသျှပါလီမန်မှာ အာသာဂရင်းဝတ် တစ်ခါတုန်းက ပြောသလို I do not propose to rake over the embers of days that are behind us လို့ ပြောရမှာပဲ။ ကျုပ်တို့ လွမ်းဆွေးပြီး စိတ်ပျက်နေလို့လည်း မဖြစ်သေးဘူး။ အနာဂတ်ကို ကျုပ်တို့ဘာသာ ကျုပ်တို့ မင်းလုပ်နိုင်ဖို့သာ ကျုပ်တို့အရေးဗျ"

သူသည် ကိုဘကလေးကို မကြည့်ဘဲ ပြောနေလေသည်။

"ကျုပ်တို့ ဒီမူတူးတွေကို ဆော်ချင်လှပြီဗျာ"

"ဟိုး... ဆရာ ဟိုး၊ ဆော်ချင်တာ၊ ဆော်ရတာတော့ မခက်ပါဘူး။ ဆော်နိုင်ဖို့၊ ဆော်ပိုင်ဖို့သာ လိုတာပဲ"

"ခင်ဗျားပြောတာ ဟုတ်တယ်ဗျို့ ကိုဘုန်းနိုင်၊ ကျုပ်တို့ ဆော်နိုင်ဖို့ အရေးကြီးတယ်ဗျ"

"အဲဒီလိုသိရင် ဆော်နိုင်ဖို့အင်အားနဲ့ အချိန်ကိုက် စီမံရွေးချယ်ရလိမ့်မယ် ကိုဘကလေး"

"ခုနေတော့ သင်းတို့တစ်တွေ မိုးကောင်းနေတုန်းပဲဗျ"

"မကြာပါဘူးဗျာ၊ ခင်ဗျားဖက်ဆစ်တွေ ခံစစ်ဘက်ကို ရောက်နေပါပြီ"

အတွေးကိုယ်စီနှင့် ဆိတ်ငြိမ်နေကြခြင်း။

သူတို့နှစ်ယောက် သည်လို အတွေးကိုယ်စီနှင့် ငြိမ်သက်ငေးမောနေကြစဉ် ဂျပန်စစ်ဗိုလ် ခပ်သန့်သန့်တစ်ယောက်နှင့် လှပသော မြန်မာမိန်းမပျိုတစ်ယောက်သည် သူတို့ကို သတိမထား မမြင်မိဟန်ဖြင့် သူတို့ဆီသို့ ရယ်ကာမောကာနှင့် စကားပြောရင်း လျှောက်လာကြသည်ကို ကိုဘုန်းနိုင်သည် မြင်ရလေသည်။

"ဟိုမှာဗျို့ မူတူးတစ်ယောက်နဲ့ ငနဲမတစ်ကောင် ကိုဘကလေး"

သူတို့သည် တိုးတိုးပြောလိုက်သည်။

ကိုဘကလေးသည် အမှတ်မဲ့လှမ်း၍ ကြည့်လိုက်လေသည်။

သူတို့စုံတွဲသည် အေးဆေးစွာပဲ လျှောက်လာကြသည်။ သူတို့နှစ်ယောက်သည် မမြင်ဟန်ပြုကာ ရေပြင်ကို ငေးမော၍ ကြည့်နေကြလေသည်။

"ကိုဘုန်းနိုင်"

မူတူးဘေးမှ မိန်းမပျိုသည် ဝမ်းသာအားရ ခေါ်လိုက်သည်။ သူတို့နှစ်ယောက်စလုံး ရုတ်တရက် မော်ကြည့်လိုက်လေသည်။

"ဆွေဆွေ"

မူတူးသည် များစွာ မနှစ်မြို့သော အမူအရာဖြင့် သူတို့နှစ်ယောက်ကို ရှုသိုးသိုးနှင့် ကြည့်နေလေသည်။

"ဪ... ဆွေဆွေ"

ကိုဘုန်းနိုင်သည် ဝမ်းသာစွာ ခေါ်လိုက်သည်။

ဆွေဆွေသည် မူတူးကို ဘာတွေ ရောလိုက်သည်တော့မသိ၊ မူတူးသည် အနည်းငယ် ပြုံးလာသည်။ ခေါင်းကိုညိတ်လိုက်သည်။ ဒါပေမဲ့ တော့ကာ ဟက်ဟက်ပက်ပက်တော့ မရှိလှ။

"ကိုဘုန်းနိုင် အခု ဘာလုပ်နေသေးလဲ"

ဆွေဆွေက မေးလေသည်။

"ဒီလိုပဲ ဆွေဆွေ"

သူသည် မဲ့ပြုံးပြုံးကာ ပြောလေသည်။

"အခုကော ရန်ကုန်မှာပဲ နေသလား"

သူသည် ခေါင်းညိတ်၍သာပဲ ပြလေသည်။ မရင်မေကို သွား၍ ဆွေးနေမိသည်။

"ဆွေဆွေတို့ ရန်ကုန်ကို ဘယ်တုန်းက ပြန်လာကြလဲ"

"မေလကပဲ ပြန်လာကြတယ် ကိုဘုန်းနိုင်၊ ဒါထက် မေ့အကြောင်း များ ကြားမိပြီလား"

"မရင်မေရယ်... ဟုတ်လား ဆွေဆွေ"

သူသည် ထိတ်လန့်တကြားပဲ မေးလိုက်မိလေသည်။

"ဟုတ်တယ် ကိုဘုန်းနိုင်၊ ပြေးကြတုန်းကတော့ ဆွေဆွေတို့နဲ့ အတူတူပဲ"

ဆွေဆွေသည် စကားကို ရပ်လိုက်သည်။

"အခုကော ဆွေဆွေ"

သူသည် အလောတကြီး မေးလိုက်လေသည်။

"အခုတော့ ဆွေဆွေလည်း သေသေချာချာတော့ မပြောနိုင်ဘူး ကိုဘုန်းနိုင်။ စစ်ကိုင်းမှာ တရုတ်စစ်သားတွေ ဝင်မွှေပြီး မီးတွေရှို့သွားတုန်းက မေ့ဖေဖေကို တရုတ်စစ်သားတွေ ဖမ်းသွားတယ်။ မေတို့လည်း ရှိသမျှ ကုန်တော့တာပဲ"

"ဩော်… ဩော် ဒါဖြင့် မရင်မေရယ် ဒုက္ခပေါ့ ဆွေဆွေ"

"ဒုက္ခတော့ မပြောပါနဲ့တော့။ ဒါနဲ့ ဂျပန်တွေ ဝင်လာတော့ မေလည်း ဆင်းဆင်းရဲရဲဖြစ်၊ မေမြို့ကို အလည်ဆိုပြီး ထွက်သွားလိုက်တာ နောက်ထပ် ဘာသတင်းမှ မကြားရတော့ဘူး"

"မေမြို့မှာ ဘယ်သူရှိလို့လဲ ဆွေဆွေ"

"သူ့အပြောကတော့ သူ့အမေဘက်က အဒေါ်တစ်ယောက်ရှိတယ်လို့ ပြောတာပဲ။ ဆွေဆွေတို့ကလည်း အတူတူပဲနေဖို့၊ ဘာမှလည်း အားမငယ်ဖို့၊ ဒါပေမဲ့လည်း မရဘူး ကိုဘုန်းနိုင်"

"သူ့အဒေါ်ကကော ဘာလုပ်ကိုင်တယ်လို့ ပြောဖူးသလဲ ဆွေဆွေ"

"သေသေချာချာတော့ မသိဘူး၊ သူ့အမေရဲ့ တစ်ဝမ်းကွဲညီမလို့ ပြောတာပဲ၊ အလုပ်ကတော့ ဆရာမတဲ့"

"ဩော်… ဩော်"

သူသည် များစွာပဲ စိတ်မကောင်းဘဲ ဖြစ်နေသည်။

"ဒါထက် ကိုမျိုးလွင်ရဲ့ အဖေ ဆိုတာကကော"

"မန္တလေးမှာ ဗုံးကြဲတုန်းက အဘိုးကြီး ပါသွားရှာတယ်"

"ဩော်… ဩော် ဒါထက် ဆွေဆွေတို့ ခု အရင်အိမ်မှာပဲ ပြန်နေရသလား"

"ဟုတ်တယ်၊ ဟောဒီ တိုင်းချို့ ကာတာရာမ ကျေးဇူးကြောင့် အိမ်ကို ပြန်ရတာပဲ ကိုဘုန်းနိုင်"

"ဩော်... ဒါဖြင့် တော်သေးတာပေါ့၊ ကျွန်တော်ကတော့ မရင်မေ အတွက် အများကြီးကိုပဲ စိတ်မကောင်းတော့ဘူး"

"ဆွေဆွေတို့လည်း ဒီလိုပါပဲ ကိုဘုန်းနိုင်၊ အေးအေးဆေးဆေးတော့ အိမ်ကို လာလည်စေချင်သေးတယ်နော်"

သူသည် ခေါင်းကိုပဲ ညိတ်ပြလေသည်။

"သွားမယ်နော် ကိုဘုန်းနိုင်၊ အိမ်ကိုတော့ လာဖြစ်အောင် လာလည် ရမယ်နော်"

ဆွေဆွေနှင့် မူတူး စကားတပြောပြောနှင့် ထွက်သွားကြလေသည်။

"ဘယ်ကလဲဗျ"

ကိုဘကလေးက မေးလေသည်။

"စက်ရှင်ဂျပ် (ဂျ) တစ်ယောက်ရဲ့ သမီးပဲဗျ၊ ဆွေဆွေတဲ့။ ကောလိပ် တုန်းက အင်တာစီနီယာမှာ ကျွန်တော်နဲ့ အတူတူပဲ။ ခုတော့ ဘယ်လို ဖြစ်ပြီး ခုလို မူတူးနဲ့ တွဲခုတ်လာတယ်တော့ မသိတော့ပါဘူးဗျာ"

"ဒီလို ခေတ်ပညာတတ်တွေကစပြီး ဒီလို ဖြစ်နေတော့ကာ တောက ဟာတွေတော့ ဘယ်ပြောကောင်းပါတော့မလဲဗျာ"

"MORAL CORRUPTION ဆိုတာ ခုလို အစစအရာရာ ရှားပါး ကျပ်တည်းပြီး စစ်ဖြစ်နေတဲ့အချိန်မှာ သာပြီးတော့ ဖြစ်တတ်တာပဲ။ ငတ်လာ၊ ကျပ်လာရင် ဘယ်ရှက်နေတော့မှာလဲဗျာ။ အရင် ပြီးခဲ့တဲ့ ကမ္ဘာစစ်ကြီးတုန်းက ကြည့်ပါလား။ ပြင်သစ်တို့၊ ပိုလန်တို့မှာဆိုရင် မိန်းကလေးတစ်ယောက်ကို စားစရာ တစ်ခါလောက် ကျွေးနိုင်ရင် မယား လုပ်နိုင်တာပဲ။ အမှန်မှာတော့ ဒီလို အင်ပီးရီးရဲလစ်နိုင်ငံတွေ ဈေးလု ကြတဲ့ စစ်ပွဲတွေမှာ ဒီလို မိုရဲ(လ်) ကော်ရပ်ရှင်းတွေ အများဆုံး ဖြစ်တာပဲ"

"ခင်ဗျားပြောတာ ဟုတ်တာပဲဗျာ"

"ဒီဟာကြောင့် လူတွေ ဒီလို အကျင့်စာရိတ္တ မပျက်ပြားရအောင်လို့ ကျုပ်တို့လူငယ်တွေဟာ ဒီလိုစစ်ပွဲတွေကို ခဏခဏ ဖန်တီးနေတဲ့ အင်ပီးရီးရဲလစ်တွေကို အမြစ်က ဖြုတ်ခဲ့ကြရတာပေါ့ဗျ"

"ခင်ဗျားလည်း ကွန်မြူနစ်လေသံတွေ တယ်ဟုတ်နေပါကလားဗျ"

"အမှန်ကို ပြောရင်ပဲ ကွန်မြူနစ်ဖြစ်ရော့လားဗျာ"

ကိုဘကလေးသည် ပြုံးလေသည်။

"ကွန်မြူနစ်၊ ဆိုရှယ်လစ် ဆိုတာတွေဟာ MARX ရဲ့ ကျောင်းသားတွေပါပဲဗျာ။ ဒါပေမဲ့ ဖေဘီယန် ဆိုရှယ်လစ်တွေကိုတော့ ကျုပ်မပြောလိုပါဘူး။ MARX ကျောင်းသားတွေဟာ သူတို့ ဆရာကြီးရဲ့ ဩဝါဒအတိုင်း သာယာငြိမ်းချမ်းပြီး ပျော်စရာလောကကြီးကို လူတိုင်းအဖို့ ဖန်တီးခေါင်းဆောင်မယ့် လူတွေပါပဲ။ ရွံစရာ ကြောက်စရာ လူတွေမဟုတ်ဘူး"

"အံမယ် ဘယ်သူကများ ရွံစရာ၊ ကြောက်စရာတွေလို့ ပြောနေလို့လဲ ကိုဘုန်းနိုင်"

"မပြောပါဘူး၊ ခင်ဗျားကို ပြောပြတာပါ၊ ကျုပ်တို့ မြန်မာပြည်က လူတွေဟာ ကွန်မြူနစ်နဲ့ ဆိုရှယ်လစ်ဆိုတဲ့ စကားလုံးတွေကို PREJUDICE (မသိဘဲနှင့် ကြိုတင်ဆုံးဖြတ်မှု) ဖြစ်နေကြတယ်။ ဒီဟာတစ်ခုလည်း ဝမ်းနည်းစရာပဲဗျာ"

"ကျုပ်တို့ မြန်မာပြည်ရဲ့ ပညာရေး အဆင့်အတန်းက နိမ့်နေသေးတာကိုး"

ကိုဘုန်းနိုင်သည် ဆက်လက် မပြောတော့ဘဲ ရေပြင်ကိုသာ ငေးမော၍ ကြည့်နေလေသည်။ မရင်မေအကြောင်းကို ပြန်၍ သတိရကာ စဉ်းစားနေမိသည်။ မရင်မေအတွက် စိတ်မချမ်းမသာ ဖြစ်နေမိသည်။

ဆွေဆွေကို နောက်တစ်နေ့သွား၍တွေ့ကာ မရင်မေသတင်းကို စုံစမ်းမေးမြန်းဖို့ စိတ်ကူးနေမိသည်။

လူထုကြီးသည် လွတ်လပ်ရေးအတွက်နှင့် ပျော်ရွှင်မြူးထူးနေပုံရသည်။ သူတို့သည် အမှန်ကိုမသိ၊ အတုအပမျှသာ ဖြစ်သော ဂီတသံတငြိမ့်ငြိမ့်တွင် တစိမ့်စိမ့် ယစ်နေကြသည်။

လူရွယ်နှစ်ယောက်တော့ကာ အတွေးကိုယ်စီနှင့် ကန်တော်ကြီး ရေပြင်ကို အငေးသား ကြည့်နေကြလေသည်။

* * *

ရန်ကုန်မြို့ စမ်းချောင်းရပ် ချောင်ခပ်ကျကျ အပိုင်းရှိ အိမ်ပုကလေးအတွင်းဝယ် လူရွယ်သုံးယောက်သည် မိမိတို့၏ သဘောထားများကို လွတ်လပ်စွာ ပြောဆိုဆွေးနွေးနေကြလေသည်။

အိမ်ပုကလေး၏ အပြင်ဘက်တွင်မူ အသက် ၂၀ ခန့် သန်မာထွားကျိုင်းပုံရသော အရာခံဗိုလ်ကလေးတစ်ဦးသည် ခြောက်လုံးပြူးကို ခါးတွင်ထိုးကာ ငြိမ်သက်စွာ ရပ်စောင့်နေလေသည်။

"လွတ်လပ်ရေးဆိုတာ ကျုပ် ရာဇဝင်တွေမှာ သေသေချာချာ လေ့လာခဲ့ဖူးပါပြီဗျာ။ အေးအေးဆေးဆေးနဲ့ ပေးလို့ရတဲ့ လွတ်လပ်ရေးဆိုတာကို တွေ့ပဲ မတွေ့ဖူးသေးပါဘူး"

ကိုဘုန်းနိုင်သည် သူ့အတွေ့အကြုံကို ပြောပြလိုက်သည်။

"မတွေ့ဆို မပေးလို့ ဖြစ်တော့မှာပေါ့ဗျ"

ကိုဘကလေးသည် သူ့ကို ထောက်ခံလေသည်။

ဤစစ်ဝတ်စစ်စားနှင့် လူရွယ်သည် လေးလေးနက်နက် စဉ်းစားနေပုံရလေသည်။

"ကျုပ်တို့ ငပုတွေကို တွယ်ထုတ်လိုက်ပြီ ဆိုပါတော့ဗျာ၊ အဖြူတွေ

ဝင်လာတော့ကော"

စစ်ဝတ်စစ်စားနှင့် လူရွယ်သည် သူ့စိတ်ထဲတွင်ရှိတာကို ကောက်၍ မေးလိုက်လေသည်။

ကိုဘုန်းနိုင်က ပြုံးလေသည်။

"အင်္ဂလိပ်တွေက ကျုပ်တို့လိုချင်တဲ့ လွတ်လပ်ရေးကို ပေးမယ်ကော ခင်ဗျား ထင်နေမိသေးသလား ဗိုလ်အောင်ကြီး"

သူသည် တိတိပဲ မေးလိုက်သည်။

ဗိုလ်အောင်ကြီးသည် တွေဝေ၍ စဉ်းစားနေလေသည်။

"ဥပမာ ချာချီတို့ပြုတ်ကျပြီး အင်္ဂလန်မှာ လက်ဝဲအစိုးရတက်လာ ရင်ကောဗျာ"

"ခင်ဗျားက အက်တလီတို့၊ လပ်စကီတို့ကို လက်ဝဲဂိုဏ်းသားဆို ပြီး အထင်များ ကြီးနေသေးသလားဗျာ"

"ကမ္ဘာကြီးနဲ့အဝန်းတောင် ဒီလောက်ဖြစ်နေတာ၊ သူတို့လည်း စိတ်ထားပြောင်းကြတော့မယ် ထင်ရတာပဲ"

"မထင်နဲ့ဗျို့၊ ခင်ဗျား အထင်ကြီးနေတဲ့ လက်ဝဲဂိုဏ်းသားတွေဟာ LABOUP IMPERIALIST တွေဗျ"

"ဒီလိုလည်း ဟုတ်တော့မယ် မထင်ပါဘူးဗျာ"

"ကျုပ်တို့ လွတ်လပ်ရေးစစ်စစ်ကို ရချင်ရင် အင်္ဂလိပ်ဆီက အသာ တကြည်နဲ့တော့ တောင်းမနေနဲ့၊ တောင်းနေရင်တော့ အရှုံးဖြစ်ပြီး ဆုံးမှာ ပဲ"

"ဒါဖြင့် ကျုပ်တို့ ဂျပန်ပြေးရင် အင်္ဂလိပ်ကို ထပ်ချရမှာပေါ့"

"အဲဒါ ချက်ကောင်းပဲ၊ ဒီဟာကိုမှ မသုံးတတ်လိုက်ရင်တော့"

"ကျုပ်တို့ နိုင်ပါ့မလား"

ဗိုလ်အောင်ကြီးသည် ပြုံး၍ မေးလိုက်သည်။

"ဒါတွေကို ကောင်တာရီဘော်လူးရှင်း လုပ်မှဖြစ်မယ်"

ကိုဘကလေးသည် ကြာရှည်ငြိမ်သက်စွာ နားထောင်နေရာမှ သူသည် သူ၏ ထင်မြင်ချက်ကို ပေးလေသည်။

"အိတ်ဇက်လီး (သေသေချာချာ) ယူအာ"

ကိုဘုန်းနိုင်သည် အားရပါးရ ပြောလိုက်သည်။

ဗိုလ်အောင်ကြီးသည် နားလည်ကာ သဘောပေါက်သွားပုံရလေသည်။ သူသည် ထိုင်ရာမှ ထလိုက်သည်။

"ပြန်လိုက်ရဦးမယ်ဗျာ၊ စကားပြောရတာတော့ ကောင်းပါရဲ့"

သူသည် ဘေးတွင်ချထားသော ဓားရှည်ကို ချိတ်လိုက်လေသည်။

"AMERICAN WAR OF INDEPENDENCE (အမေရိကန်တို့၏လွတ်လပ်ရေးစစ်ပွဲ) ကို ခင်ဗျားပြန်ပြီး ရီဗြူးလုပ်ဖို့ ကောင်းတယ်ဗျာ"

ကိုဘုန်းနိုင်သည် သူ့ရဲဘော်အား အကြံပေးလိုက်ပါသေးသည်။

ဗိုလ်အောင်ကြီးသည် အိမ်ပုကလေးထဲမှ ထွက်သွားလေသည်။ သူနှင့် အတူတူ စဉ်းစားစရာတွေလည်း ပါသွားသည်။

"ဒါထက် ခင်ဗျား မနက်က ဘယ်သွားနေတာလဲဗျ ကိုဘုန်းနိုင်"

ကိုဘကလေးက မေးနေပြန်သည်။

"ကျုပ် ဆွေဆွေတို့အိမ် ရောက်ခဲ့သေးတယ်ဗျာ၊ မရင်မေရဲ့ သတင်းကလေး ဘာကလေး မေးရင်းမြန်းရင်းပေါ့ဗျာ"

"ဘယ်လိုများ သတင်းထူးကြားလာရသေးလဲဗျ၊ ခင်ဗျာ့ မေ..."

သူကတော့ ခပ်သောသောကလေးပဲ မေးလေသည်။

"ကျုပ် မေမြို့ကိုသွားဖို့ စိတ်ကူးထားတယ်"

"မေ့ကို ခင်ဗျား လိုက်ရှာမလို့လားဟင် ကိုဘုန်းနိုင်"

"ဟုတ်တယ်၊ မရင်မေ ဘယ်လိုနေရတယ်၊ ဘာဖြစ်နေရှာတယ်

ဝင်လာတော့ကော"

စစ်ဝတ်စစ်စားနှင့် လူရွယ်သည် သူ့စိတ်ထဲတွင်ရှိတာကို ကောက်၍ မေးလိုက်လေသည်။

ကိုဘုန်းနိုင်က ပြုံးလေသည်။

"အင်္ဂလိပ်တွေက ကျုပ်တို့လိုချင်တဲ့ လွတ်လပ်ရေးကို ပေးမယ်ကော ခင်ဗျား ထင်နေမိသေးသလား ဗိုလ်အောင်ကြီး"

သူသည် တိတိပဲ မေးလိုက်သည်။

ဗိုလ်အောင်ကြီးသည် တွေဝေ၍ စဉ်းစားနေလေသည်။

"ဥပမာ ချာချီတို့ပြုတ်ကျပြီး အင်္ဂလန်မှာ လက်ဝဲအစိုးရတက်လာ ရင်ကောဗျာ"

"ခင်ဗျားက အက်တလီတို့၊ လပ်စကီတို့ကို လက်ဝဲဂိုဏ်းသားဆို ပြီး အထင်များ ကြီးနေသေးသလားဗျာ"

"ကမ္ဘာကြီးနဲ့အဝန်းတောင် ဒီလောက်ဖြစ်နေတာ၊ သူတို့လည်း စိတ်ထားပြောင်းကြတော့မယ် ထင်ရတာပဲ"

"မထင်နဲ့ဗျို့၊ ခင်ဗျား အထင်ကြီးနေတဲ့ လက်ဝဲဂိုဏ်းသားတွေဟာ LABOUP IMPERIALIST တွေဗျ"

"ဒီလိုလည်း ဟုတ်တော့မယ် မထင်ပါဘူးဗျာ"

"ကျုပ်တို့ လွတ်လပ်ရေးစစ်စစ်ကို ရချင်ရင် အင်္ဂလိပ်ဆီက အသာ တကြည်နဲ့တော့ တောင်းမနေနဲ့၊ တောင်းနေရင်တော့ အရှုံးဖြစ်ပြီး ဆုံးမှာ ပဲ"

"ဒါဖြင့် ကျုပ်တို့ ဂျပန်ပြေးရင် အင်္ဂလိပ်ကို ထပ်ချရမှာပေါ့"

"အဲဒါ ချက်ကောင်းပဲ၊ ဒီဟာကိုမှ မသုံးတတ်လိုက်ရင်တော့"

"ကျုပ်တို့ နိုင်ပါ့မလား"

ဗိုလ်အောင်ကြီးသည် ပြုံး၍ မေးလိုက်သည်။

"ဒါတွေကို ကောင်တာရီဘော်လူးရှင်း လုပ်မှဖြစ်မယ်"

ကိုဘကလေးသည် ကြာရှည်ငြိမ်သက်စွာ နားထောင်နေရာမှ သူသည် သူ၏ ထင်မြင်ချက်ကို ပေးလေသည်။

"အိတ်ဇက်လီး (သေသေချာချာ) ယူအာ"

ကိုဘုန်းနိုင်သည် အားရပါးရ ပြောလိုက်သည်။

ဗိုလ်အောင်ကြီးသည် နားလည်ကာ သဘောပေါက်သွားပုံရလေသည်။ သူသည် ထိုင်ရာမှ ထလိုက်သည်။

"ပြန်လိုက်ရဦးမယ်ဗျာ၊ စကားပြောရတာတော့ ကောင်းပါရဲ့"

သူသည် ဘေးတွင်ချထားသော ဓားရှည်ကို ချိတ်လိုက်လေသည်။

"AMERICAN WAR OF INDEPENDENCE (အမေရိကန်တို့၏လွတ်လပ်ရေးစစ်ပွဲ) ကို ခင်ဗျားပြန်ပြီး ရီဗြူးလုပ်ဖို့ ကောင်းတယ်ဗျာ"

ကိုဘုန်းနိုင်သည် သူ့ရဲဘော်အား အကြံပေးလိုက်ပါသေးသည်။

ဗိုလ်အောင်ကြီးသည် အိမ်ပုကလေးထဲမှ ထွက်သွားလေသည်။ သူနှင့် အတူတူ စဉ်းစားစရာတွေလည်း ပါသွားသည်။

"ဒါထက် ခင်ဗျား မနက်က ဘယ်သွားနေတာလဲဗျ ကိုဘုန်းနိုင်"

ကိုဘကလေးက မေးနေပြန်သည်။

"ကျုပ် ဆွေဆွေတို့အိမ် ရောက်ခဲ့သေးတယ်ဗျာ၊ မရင်မေရဲ့ သတင်းကလေး ဘာကလေး မေးရင်းမြန်းရင်းပေါ့ဗျာ"

"ဘယ်လိုများ သတင်းထူးကြားလာရသေးလဲဗျ၊ ခင်ဗျာ့ မေ..."

သူကတော့ ခပ်သောသောကလေးပဲ မေးလေသည်။

"ကျုပ် မေမြို့ကိုသွားဖို့ စိတ်ကူးထားတယ်"

"မေ့ကို ခင်ဗျား လိုက်ရှာမလို့လားဟင် ကိုဘုန်းနိုင်"

"ဟုတ်တယ်၊ မရင်မေ ဘယ်လိုနေရတယ်၊ ဘာဖြစ်နေရှာတယ်

ဆိုတာ ကျုပ် သိချင်လို့ဗျာ”

“လိုကော လိုသေးတယ်လို့ ခင်ဗျား ထင်နေသလား ကိုဘုန်းနိုင်”

“ခင်ဗျား ဒီလိုမေးတာ ကျုပ် ဝမ်းနည်းတယ်ဗျာ”

“အို… ခင်ဗျား အဓိပ္ပာယ် အယူအဆ မလွဲစေချင်ဘူးဗျာ ကိုဘုန်းနိုင်။ ကျုပ် ပြောပြတာက လူတစ်ဦးတစ်ယောက်ရဲ့ ကတိထားပြီးတဲ့ မယားကို ခင်ဗျား သွားတွေ့ဖို့ လိုသေးသလား ဆိုတာသာပါဗျာ”

“ကျုပ် မရင်မေကို သွားတွေ့ချင်တာက ကျုပ် ကျေးဇူးရှင်တစ်ယောက် ဒုက္ခများဖြစ်နေရင် ကျုပ် ဘယ်လို ကူညီစောင့်ရှောက်နိုင်ပါ့မလဲဆိုတဲ့ ရည်ရွယ်ချက်တစ်ခုပါပဲဗျာ”

“ဒီလိုဆိုရင်တော့ ခင်ဗျားသဘောပါပဲဗျာ”

ကိုဘကလေးသည် ကိုဘုန်းနိုင်ကို နှမြောနေလေသည်။

“ကျုပ်တော့ မနက်ဖြန် သန်ဘက်ဆိုရင်ပဲ ရန်ကုန်မြို့က ထွက်သွားချင်ပြီ ကိုဘကလေး”

“ခင်ဗျားမှာ ပိုက်ဆံကော ရှိသေးလား ကိုဘုန်းနိုင်”

“မုဆိုးမတွေတောင် ငွေတစ်ထောင်၊ ငါးရာ ကိုင်နေရသေးတာပဲဗျာ”

“ဒီလိုဆိုရင်တော့ တော်ပါသေးတယ်”

“မတော်နဲ့ ကိုယ့်လူ၊ ဂျပန်စက္ကူ သူများတွေမှာ ပေါနေပေမဲ့လည်း ကျုပ်မှာတော့ ငါးကျပ်ပြည့်အောင် မရှိဘူး”

“ဒါဖြင့် အစည်းအရုံးလိုက်ခဲ့ဗျာ၊ ကျုပ် ရှာပေးလိုက်မယ်”

သူတို့နှစ်ယောက် အိမ်ပုကလေးထဲမှ ထွက်လာခဲ့ကြသည်။ တစ်ယောက်ကိုတစ်ယောက် စကားမပြောနိုင်ကြ။

ခေါင်းကိုငုံ့၍ သူ့နောက်မှ လျှောက်လိုက်လာသော ကိုဘုန်းနိုင်ကို ကိုဘကလေးသည် ညှာတာသော မျက်လုံးကြီးများဖြင့် လှည့်ကြည့်

လိုက်မိသည်။

သူသည် နိုင်ငံရေးသတ္တဝါအပေါ်ဝယ် များစွာ ကရုဏာ သက်သွားမိလေသည်။

"ကျုပ်မှာတော့ ငါးကျပ်တောင် ပြည့်အောင် မရှိပါဘူး" တဲ့။

သူသည် ဝမ်းထဲက ပြန်၍ ရေရွတ်နေသည်။

အမှန်မှာလည်း သူသည် သူများပေးမှ၊ ကမ်းမှ စားရသောက်ရသော သတ္တဝါ ဖြစ်လေသည်။

ခေါင်းကို အတွင်းသာငုံ့၍ပဲ နောက်မှ သူ လိုက်လာသည်။ သူတွေးလာပုံရသည်။

ဩော်...ကိုဘုန်းနိုင် ကိုဘုန်းနိုင်။

ကိုဘကလေးသည် သူ့အတွက် ဝမ်းနည်းပက်လက် ဖြစ်နေရှာတော့သည်။

* * *

## တောလေတဲ့ ထံတျာရှင်

တစ်အိမ်ဝင် တစ်အိမ်ထွက်
တစ်ရက် တစ်နေကုန်တော့
တစ်မြို့မှာ တစ်ခါထောက်ပါလို့
တစ်ယောက်ဆွေ မခေါ်ဘု
တကြော်ကြော် ဖော်တယောရယ်နဲ့
တောလေတဲ့ ထံတျာရှင်

**ဝထ်**

ချမ်းမြေ့ဖွယ်ရာ လရောင်သည် တောင်ငူနယ် ခပေါင်းချောင်းကမ်းပါး 'ကင်းဆိပ်' ရွာကလေးပေါ်ဝယ် မှုန်ရီမှုန်ဝါး သက်ဆင်းကျရောက်

နေလေသည်။

၁၉၄၄ ခု၏ အေးမြသော ဆောင်းရတု၏ မြောက်ပြန်လေလည်း ညင်းခဲ့၍ ငွေနှင်းတွေပဲ ဝေလေပြီ။

ညချမ်းဦးသာဖြစ်သော်လည်း အေးမြသောဥတုသည် နေ့ခင်း နေ့လယ် အချိန်များ၌ ဖုံးဘေး၊ စက်သေနတ်ဘေးများ အကြားမှ ထမင်းကလေး တစ်လုတ်အတွက်နှင့် အသက်ကလေးတစ်ချောင်း ရှင်နိုင်အံ့သောငှာ စွန့်စွန့်စားစား ရှာကြံလုပ်ကိုင်ခဲ့ရသူများအားလည်းကောင်း၊ ဂျပန်ချွေးတပ်များတွင် ပင်ပန်းကြီးစွာ လုပ်ကိုင်ခဲ့ကြရရှာသော လွတ်လပ်သည့် ပြည်ကြီးတိုင်းကြီးသားများအားလည်းကောင်း ခပ်စောစော ကပင် အိပ်ရာသို့ ဝင်စေခဲ့လေသည်။

သရက်ပင်၊ မန်ကျည်းပင်များ ဆိုင်းထားကာ မြို့နှင့် အလှမ်းအနည်းငယ် ကွာဝေးသော 'ကင်းဆိပ်' ရွာကလေးသည် မှုန်မွှားသော လရောင်အောက်မှာ ချမ်းမြေ့သောအသွင်အပြင်ဖြင့် ဆိတ်ငြိမ်နေလေသည်။ အေးမြသော ဆောင်းဥတု၏ ညချမ်းမှာ နွမ်းနယ်စွာပဲ အိပ်ပျော်နေလေသည်။

စိမ့်ကြီး မြိုင်ကြီးလှသော ပဲခူးရိုးမအား စို၍ ကျောက်ဆောင်ကြို ကျောက်ဆောင်ကြားမှ မြူးထူးစွာ ခုန်ပေါက်ဆောင့်ဆင်းလာသော ခပေါင်းရေသည်လည်း ဆိတ်ငြိမ်ခြင်းကို ထွင်းဖောက်၍ ချိုကြည်သော တေးကို မသဲမကွဲ ဆိုမြည်လျက်နေလေသည်။ ပေါင်းလောင်းမြစ်ဆိပ်သို့ တပ်ဦးချီနေသည့် ကမ်းပါးတစ်လျှောက်ရှိ ချုံစပ်ကလေးများအတွင်းမှနေ၍ ညဥ့်ငှက်ကလေးများကလည်းပဲ ချမ်းမြေ့သာယာနေဘိသော ညချမ်း အလှမှာ သူတို့၏ နုယဉ်သော ချိုတေးဖြင့် တနွဲ့နွဲ့အေးနေကြသည်။

အိမ်ရှေ့ဝါးကွပ်ပျစ်ကလေးပေါ်မှာ အုပ်ဆိုင်းထားသော သရက်ပင်များ အကြိုအကြားမှ မှုန်ရီမှုန်ဝါး လရောင်သည် ပြောက်တိပြောက်ကျား ကျဆင်းလေသည့် ကွပ်ပျစ်ပေါ်မှာ သင်ဖျာကလေးခင်းလို့ မရင်မေ

တစ်ယောက်တည်းရယ်။

ငြိမ်းချမ်းသော ကာလဝယ် ဤအရပ်ဒေသသည် အဘယ်မျှ အေးချမ်းသာယာ၍ ပျော်စရာကောင်းလိမ့်မည်ကိုတော့ မရင်မေမှာ မှန်းမဲ့နေမိသည်။

စစ်ကိုင်းသို့ပြေးရာမှ တရုတ်စစ်သားများ၏ လက်ချက်ကြောင့် ရှိစုမဲ့စုကလေးများလည်းကုန်၊ ဖခင်ကြီးလည်းပဲ တရုတ်စစ်သားများ၏ လက်ချက်ဖြင့် သေဆုံးခဲ့ရနှင့် စိတ်အားငယ်စရာများကို တွေ့ကြုံခဲ့ရလေသည်။ ကျောင်းဆရာမ လုပ်ကိုင်နေရသော အဒေါ်ဝမ်းကွဲရှိရာ မေမြို့သို့ အလည်အပတ်သွားရာမှ အဒေါ်ဖြစ်သူမှာ လင်သေဆုံးကာ ကျောက်ဆည်သို့ ပြောင်းတော့မည့်ဆဲဆဲ ဖြစ်နေလေသည်။ မုဆိုးမ အဒေါ်တွင်လည်း သားသမီးတစ်ယောက်မှ မရှိ၊ တူအရီးနှစ်ယောက်လုပ်ကိုင် စားသောက်ဖို့ အဒေါ်ဖြစ်သူက အမျိုးမျိုးတောင်းပန်ခေါ်ရှာသဖြင့် အဒေါ်နှင့်သာပဲ ကျောက်ဆည်သို့ လိုက်လာခဲ့လေသည်။ ကျောက်ဆည်မှတစ်ဆင့် ပျဉ်းမနား၊ ပျဉ်းမနားမှတစ်ဖန် ယခု အဒေါ်နှင့်အတူ တောင်ငူသို့ ပြေးလာခဲ့လေရာ တောင်ငူမြို့တစ်ခုလုံးမှာ စိစိညက်ညက်ကြေကာ လူတွေလည်း မြို့၏ ဆင်ခြေဖုံးများတွင်သာပဲ ပြေးလွှားပုန်းလျှိုးနေကြသည်ကို တွေ့ရလေသည်။ အဒေါ်ဖြစ်သူက ဈေးရောင်း၊ မိမိက အိမ်တွင် ချက်ပြုတ်သိမ်းဆည်းကာ စားသောက်နေထိုင်ခဲ့ကြရာ မကြာမီက အဒေါ်ဖြစ်သူမှာ မမာမကျန်းဖြစ်လာ၍ အိပ်ရာထဲတွင် လဲနေတော့သဖြင့် ရှိစုမဲ့စုကလေးများကိုသာပဲ တဖြည်းဖြည်း ဖဲ့စားနေကြရတော့ သည့်အဖြစ်သို့ ရောက်ရှိနေကြလေသည်။ အစစအရာရာ အင်မတန်ပဲ ဈေးကြီး၍ ရှားပါးလှသော ခေတ်ကြီးထဲ၌ နေရေးထိုင်ရေး၊ စားရေး သောက်ရေးများကို ရင်ဆိုင်နေရသော မရင်မေမှာ ဘယ်တုန်းကမျှ မလုပ်မကိုင် မပူပင်ခဲ့ရဖူးသူ ဖြစ်ရကား စိတ်အားငယ်မိလေသည်။ နုနယ်သော မိန်းမတို့သည် ယခုလို အရေး

ကိစ္စ ဒုက္ခကြီးငယ်များနှင့် နဖူးတွေ့ ဒူးတွေ့ ကြုံကြိုက်၍ လာတော့မှဖြင့် သာလွန်အားငယ်တတ် လေသည်။ သည်လို အားငယ်လာတော့မှဖြင့် အားကိုးအားထားရမည့် သူများကို သာပဲ သတိတရရ ဖြစ်နေလေတော့ သည်။

မရင်မေ အားကိုးခဲ့ရသော ကိုမျိုးလွင်...

သူတော့ အိန္ဒိယမှာပဲ ရှိလေသည်။ သူသည် မရင်မေ၏ ဘဝကို သိရှာမည်တော့ကာ မဟုတ်။

"ခုလို ခေတ်ဆိုးခေတ်ကျပ်ကြီးထဲမှာ တစ်ယောက်နဲ့တစ်ယောက် အတူတူနေချင်တာပဲ ကိုကိုလွင်ရယ်"

မရင်မေသည် ကိုမျိုးလွင်အား သူမနှင့် အတူတူနေရစ်ခဲ့စေချင်၍ တောင်းပန်ခဲ့လေသည်။

"အရေးရယ် အကြောင်းရယ် ဆိုရင်လည်းပဲ ရှေ့က မားမားမတ်မတ် ရပ်ပေးမယ့်လူ၊ အားကိုးရမယ့်လူလည်း မရှိပါဘူး ကိုကိုလွင်ရယ်"

သူမမှာ အားကိုးရာမဲ့နေကြောင်းဖြင့်လည်း အသနားခံခဲ့ပါသေး သည်။

"ကိုကိုလွင်ကိုသာပဲ အားကိုးအားထား ပြုနေရတာ၊ ကိုကိုလွင်မှ မရှိရင်တော့ ဘယ်သူ့ကို သွားအားကိုးနေရမှာလဲ ကိုကိုလွင်"

ကိုမျိုးလွင်အပြင် သူမမှာ အားကိုးအားထားပြုရမည့်သူ မရှိတော့ ကြောင်းလည်း မရင်မေ ပြောပြခဲ့လေသည်။

"ကိုကိုလွင်လည်းပဲ အတူတူနေချင်တာပေါ့ မေရယ်" တဲ့။

သူကလည်း တူတူပဲ နေချင်ရှာပါလိမ့်မည်။ သည်လိုပဲ သူကလည်း ပြောခဲ့ပါသည်။

"ဒါပေမဲ့လည်း ရှေ့လျှောက် ကြီးပွားမှုရယ်၊ ဂုဏ်ရှိမှုရယ် ကြည့်ပြီး စစ်လည်း စစ်မိန့်မို့ မသွားမဖြစ်လို့ပါ မေရယ်" တဲ့။

သူက သည်လို ပြောခဲ့ပါသည်။ မရင်မေအတွက် ဂုဏ်ရှိမှု၊ ကြီးပွားချမ်းသာမှုအတွက် သူ့ခမျာ တစ်တိုင်းပြည်သို့ မသွားလည်းပဲ မဖြစ်တော့သည်နှင့် သွားရခြင်းတော့ဖြစ်သည်။ သူလည်းပဲ သူ့မေကိုတော့ ဘယ်ခွဲသွားချင်ပါ့မတုံး။

မရင်မေသည် သူမ၏ ဘယ်လက်သူကြွယ်မှ စိန်ကလေးသုံးလုံးစီမြှုပ်ကွင်းထားသော လက်စွပ်ကလေးကို ငုံ့၍ကြည့်လိုက်မိလေသည်။ မရင်မေတော့သာ တစ်ယောက်တည်း။ သူကတော့ အိန္ဒိယမှာ...။

မရင်မေ သနားခဲ့ရသော ကိုဘုန်းနိုင်။

သူ့ကိုတော့ မရင်မေ မေ့ဖျောက်ပစ်ခဲ့သည်။ တိတ်ဆိတ်သာယာသော ညချမ်းအလှကလေးများတွင် ချစ်စဖွယ် ဂီတသံကလေးများကို ကြားရတတ်သောအခါများမှာတော့ သူ့ကို အောက်မေ့ပါသေးသည်။ လွမ်းမိပါသေးသည်။ သူသည် မရင်မေအဖို့တော့ ချစ်စရာကဗျာကလေးတစ်ပုဒ်နှင့် တူလေသည်။ သူ့မှာ ချစ်စရာအလှအပကလေးတွေ များစွာပဲ ရှိပါသည်။ ခက်လိုက်ပုံက သူ့ချစ်စရာကလေးများကို သူသည် လျှို့ဝှက်ထားတာပဲ ဖြစ်သည်။

သူ့ကို ငြင်းပယ်လိုက်သည့် အချိန်မှစ၍ နောက်ထပ် သူ့ကို မတွေ့ရတော့။ အမှန်မှာလည်း မရင်မေသည် သူ့ကို တွေ့လည်းပဲ မတွေ့ချင်တော့ပါ။ သူ့သတင်းကိုလည်း မကြားရ၊ ကြားလည်း မကြားခဲ့ချင်ပါ။ သူ့ထိုက်နှင့် သူ့ကံ၊ သုခတွေ့ရင်လည်း သူ့ဘာသာ သူစံ၊ ဒုက္ခတွေ့ရင်လည်း သူ့ဘာသာ သူခံရပေလိမ့်မည်။ မရင်မေသည် သူ့အပေါ်ဝယ် အကောင်းဆုံး မျှော်လင့်ခဲ့ပါသေးသည်။

သူသည် ငတ်ပြတ် မွဲတေနေချင်သော နိုင်ငံရေးသတ္တဝါတစ်ယောက်ဖြစ်လေသည်။ သူသည် ရန်ကုန်မြို့လယ်ကောင်မှာ ထီးမပါ၊ ဦးထုပ်မပါဘဲ နေကြီးချစ်ချစ်တောက်ပူနေသည့်အထဲတွင် လမ်းလျှောက်နေ

နိုင်သော သတ္တဝါတစ်ယောက် ဖြစ်လေသည်။ သူသည် ပြင်းပြင်းထန်ထန်ပဲ သူ့ယုံကြည်ချက်ကို လုပ်နေခဲ့သူတစ်ယောက် ဖြစ်သည်။ သူ့မှာ မရင်မေ မျှော်လင့်ချက် ဆုံးခဲ့ပြီ။

ဒါပေမဲ့ သူ့ကို နောက်ဆုံး ငြင်းပယ်ခဲ့စဉ်က သူသည် ပြုံးပါသေးသည်။ အမှန်မှာတော့ မချိပြုံး...

သူသည် မရင်မေ ပြောသမျှကို ငြိမ်သက်စွာပဲ နားထောင်နေခဲ့ရှာသည်။ သူ ရပ်လိုက်သည်။ ကျောခိုင်းလိုက်သည်။

သူသည် ပြုံးလိုက်ပြန်သေးသည်။ သည်တစ်ခါတော့ သည်အရှုံးကို မခန့်ပြုံး ပြုံးလိုက်တာနဲ့ပဲ တူလေသည်။

"သွားတော့မယ် မရင်မေ၊ ကိုဘုန်းနိုင် သွားတော့မယ်နော်"

တဲ့။ သူသည် ကဗျာဆန်လိုက်နိုင်သေးသည်။

ခါတိုင်း စကားပြောသော အခါများမှာတော့ ကျွန်တော် ကျွန်တော်နှင့် ပြောလေ့ရှိသော်လည်းပဲ သည်တစ်ခေါက်တော့ ကိုဘုန်းနိုင်တဲ့။

"ဪ... ကိုဘုန်းနိုင် ကိုဘုန်းနိုင်"

သူ့ကိုလည်းပဲ သတိရမိနေရှာသည်။ ဒါပေမဲ့တော့ကာ သူ့ကို မျှော်လင့်စရာမရှိ။ သူသည် ဘယ်ချောင်မှာ ဂျပန်ကင်ပေသတ်၍ သေနေပြီလည်း မသိရ။ သို့မဟုတ်ရင် ဂျပန်ခေတ်ထဲမှာတောင် ငတ်ပြတ်နေမည့် သူတစ်ယောက်ပဲ ဖြစ်လေသည်။

သူ့ကို မရင်မေ မျှော်လင့်စရာ မလို၊ ရှိလည်း မရှိ။ သူသည် ပြုံးရွှင်စွာ ဖိတ်ခေါ်နေသော ဤလောကအား ကျောခိုင်းခဲ့ဖူးသူဖြစ်ရာငိုယိုကာ ခေါ်နေသော အလှည့်၌ အဘယ်ပုံ လာပေတော့မည်နည်း။

မရင်မေသာ ကွပ်ပျစ်ပေါ်မှာ တစ်ယောက်တည်းရယ်။ အစိုးမရသော အနာဂတ်ကာလသည်လည်း တွေဝေနေပါသေးသည်။

ဝင်းတံခါးသည် ပွင့်လာ၏။

သားရေသေတ္တာတစ်လုံးကို ဆွဲ၍ လွယ်အိတ်တစ်လုံးကိုလွယ်ကာ ဝင်းတံခါးဝတွင် ရပ်နေသော ပိန်ပိန်ပါးပါး လူရွယ်တစ်ယောက်ကို မှုန်မွှားသော လရောင်ဝယ် မရင်မေသည် ပါးစပ်အဟောင်းသားနှင့်ပဲ ငေးကာ ကြည့်နေမိလေသည်။

သူသည် ရပ်နေသည်။ မရင်မေလည်းပဲ ငေးကြည့်နေသည်။

"ဆရာမကြီး ဒေါ်မြရင်အိမ်ဆိုတာ ဒီအိမ်ပါပဲလားခင်ဗျာ"

ဝင်းတံခါးမှာ ရပ်နေသူက မေးလေသည်။

ထိုသူသည် တစ်ရပ်တစ်ရွာမှလာသော ဧည့်သည်ဖြစ်ကြောင်း မရင်မေ သိလိုက်သည်။ မရင်မေ၏ အဒေါ်မှာ ဒေါ်မြရင်ဖြစ်လေသည်။ ဧကန္တ ထိုသူသည် မေမြို့မှ အဒေါ်ကိုသိဖူးသော ဧည့်သည်တစ်ယောက် သာပဲ ဖြစ်ရပေလိမ့်မည်။

"ဟုတ်ပါတယ်ရှင်၊ ဘယ်လိုကိစ္စ ရှိပါလို့လဲ"

မရင်မေသည် မေးလိုက်လေသည်။ ထိုသူသည် စကားပြန်၍ မပြော။ ဝေးလံသောခရီးကို ပင်ပန်းကြီးစွာ သွားလာခဲ့ရသူပမာ သူ၏ သားရေ သေတ္တာကို အနိုင်နိုင်ဆွဲကာ ခနော်ခနဲ့ လျှောက်လေသည်။

ဝါးကွပ်ပျစ်အနီးသို့ ထိုလူရောက်လာသည်။

"ဪ... မရင်မေ"

ထိုသူက စ၍ အားတက်သရော ခေါ်လိုက်သည်။

သူ့အသံကို မရင်မေ မမှတ်မိတော့ပါ။ သူ့ကိုလည်းပဲ ထင်ရှားစွာ မမြင်ရသဖြင့် မသိနိုင်ပါ။ မရင်မေသည် နေရာပြင်လိုက်ပြန်သည်။

"ဘယ်ကလဲဟင်၊ ရှင် ဘယ်သူလဲ"

အလန့်လန့်အဖျပ်ဖျပ် မရင်မေ မေးလိုက်မိလေသည်။

ထိုသူသည် ဘာမျှ ပြန်မပြော။ သူ့သားရေသေတ္တာကိုသာပဲ ပထမ ဦးစွာ ဝါးကွပ်ပျစ်ပေါ်သို့ လွှဲ၍ ပစ်တင်လိုက်လေသည်။ သူ့ခေါင်းမှ

ဝါးဦးထုပ်ကို သူသည် ချွတ်၍ သေတ္တာပေါ်တွင် တင်လိုက်လေသည်။ သူသည် လွယ်ထားသော အိတ်ကိုလည်းပဲ ဖြုတ်၍ တင်ထားလိုက်ပြန်သေးသည်။ အလုပ်ရှုပ်နေသော ထိုသူကို မရင်မေသည် အငေးသား ကြည့်နေမိရာမှ ...

"ရှင်က ဘယ်ကလဲ"

မရင်မေသည် မေးလိုက်ပြန်သေးသည်။

ထိုသူသည် စိတ်အေးလက်အေးပဲ ဝါးကွပ်ပျစ်မှာ ထိုင်လိုက်လေသည်။ မရင်မေသည် ထပ်၍ နေရာပြင်ပြန်သည်။

"ဘယ်ကလဲ၊ ဒီမယ် ရှင်က"

မရင်မေသည် မေးနေတုန်းပဲ ဖြစ်သည်။

"ဘုန်းနိုင်ရယ်လေ မရင်မေ၊ သူ့ကို တကယ်ပဲ မေ့နေပြီလား"

သူသည် အေးဆေးစွာပဲ ပြောလိုက်လေသည်။

"ကိုဘုန်းနိုင်၊ ဟင်... ကိုဘုန်းနိုင်၊ ရှင် ရှင် ဘယ့်နှယ် ကျွန်မတို့ဆီ ရောက်လာတာတုံး"

မရင်မေအသံမှာ တုန်ယင်၍ မူမမှန်၊ ဝမ်းသာရမလိုနှင့် တစ်မျိုးကြီးပဲ ဖြစ်နေသည်။ အမှန်မှာတော့ သူ့ကို မထင်မှတ် မမျှော်လင့်ဘူး။ ခုဖြုန်းခနဲ တွေ့လိုက်ရတာ ပြာနေသော မိုးကောင်းကင်မှ ပစ်လိုက်သော မိုးကြိုးနှင့် တူနေသည်။ သည်တော့မှပဲ သူ့ကို သေသေချာချာ ကြည့်မိလေသည်။ နေပူထဲ၌ ဝေးလံကြာမြင့်စွာ ခရီးသွားလာခဲ့ရသူပမာ ကိုဘုန်းနိုင် အသားအရေမှာ ညိုစို၍နေလေသည်။

"ကျွန်မတို့ ဒီမယ်ရှိတယ်ဆိုတာကို ဘယ်သူက ပြောလိုက်လို့လဲ ဟင်... ကိုဘုန်းနိုင်"

မရင်မေသည် အားရဝမ်းသာ မေးလိုက်ပြန်လေသည်။ မရင်မေမှာ အင်မတန်ပဲ ဝမ်းသာနေမိတော့သည်။

"ဒီလိုပေါ့ မရင်မေ၊ မေးမြန်းရှာဖွေပြီး လာခဲ့ရတာပေါ့"

သူကတော့ ခပ်အေးအေးပဲ ပြောတတ်လေသည်။

"ဘယ်သူက ပြောလိုက်လို့လဲဟင် ကိုဘုန်းနိုင်၊ ရှင့်ကို ကျွန်မတို့ တောင်ငူမှာဆိုတာ"

သူမကတော့ လောနေသည်။

"မရင်မေတို့ကို ကျွန်တော် လိုက်ရှာပြီး စုံစမ်းနေတာ ခြောက်လ ကျော်သွားပြီ"

"အို... ခြောက်လကျော်သွားပြီ ဟုတ်လား ကိုဘုန်းနိုင်။ ကျွန်မတို့ကို လိုက်ရှာနေတာ... ဟင်"

"ဆွေဆွေနဲ့ မနှစ်က ရန်ကုန်မှာတွေ့တုန်းက မရင်မေ မေမြို့က အဒေါ်တစ်ယောက်ဆီမှာ သွားနေတာကို ကြားရတယ်"

"သြော်... ဆွေဆွေနဲ့ တွေ့တယ်ကိုးနော်"

"မေမြို့ကို လိုက်သွားပြီး ဟိုမေး၊ ဒီမေးနဲ့ ရှာလိုက်ရတာ၊ နောက်တော့မှ ကျောက်ဆည်ကို ပြေးကြပြန်တယ်ဆိုလို့..."

"အို... မေမြို့မှာ လိုက်ရှာရသေးတယ် ဟုတ်လားဟင် ကိုဘုန်းနိုင်"

"ဒါနဲ့ ကျောက်ဆည်ကို လိုက်ခဲ့ရပြန်တယ်။ ကျောက်ဆည်ကျတော့လည်း ဘယ်ကမှ သတင်းမရဘူး။ ဒါနဲ့ စိတ်ညစ်ညစ်နဲ့ ကျောက်ဆည်မှာ ဟိုရှာ၊ ဒီရှာနဲ့ တစ်လလောက် ကြာခဲ့သေးတယ်"

"ဟင်... ကျောက်ဆည်မှာလည်း တစ်လလောက် ရှာခဲ့ရသေးတယ် နော်"

"နောက်ဆုံး ပျဉ်းမနားမှာဆိုလို့ ပျဉ်းမနား လိုက်ခဲ့ရပြန်တော့လည်း မတွေ့။ ဒီလို မတွေ့လို့ စိတ်ညစ်နေရတဲ့အထဲ သံဖြူဇရပ် ချေးတပ်ထဲကို အတင်းဆွဲလို့ ဂါတ်တဲလိုက်ပြီး တစ်ညတောင် အိပ်ခဲ့ရသေးတယ်"

"သြော်... သြော်"

"ဒါနဲ့ ဌာနာအုပ်ကို အကျိုးအကြောင်း ပြောပြလို့ လွတ်လာတော့ ပျဉ်းမနားမှာ မနေရဲတော့တာနဲ့ တောင်ငူကို ပြေးလာခဲ့ရတယ်။ တောင်ငူ ကို မရောက်ခင်ကလေး ရေတာရှည်မှာ ကျွန်တော်တို့စီးလာတဲ့ကားကို ရန်သူလေယာဉ်ပျံက စစ်သေနတ်ပစ်တာနဲ့ ဆင်းပြေးခဲ့ရသေးတယ်။ ရေတာရှည်က ညနေအထွက် ကားပေါ်မှာ ကျွန်တော်နဲ့က ဘတ်ချလာ ဂျူနီယာကလပ်(စ)တုန်းက အတူတူနေခဲ့ရတဲ့ တောင်ငူ ကိုကိုလေးနဲ့ တွေ့တော့မှ မရင်မေကို ကင်းဆိပ်မှာ သူမြင်ခဲ့ရတဲ့အကြောင်းပြောလို့ လိုက်လာခဲ့ရတာပါပဲဗျာ"

သူသည် ရှာပုံတော်ကြီးကို အဆုံးသတ်လိုက်လေသည်။

"ဩော်... ဩော်... ဩော်"

မရင်မေမှာ သူ့ကို တစိမ့်စိမ့် သနားကြည်ညိုမိနေလေသည်။

သူသည် သာယာသောလရောင်ကို ငေးကြည့်နေမိလေသည်။

"ဖေဖေ့ကို တရုတ်စစ်သားတွေ ဖမ်းသွားတာရော ကြားရောပေါ့နော်"

"ကြားပါတယ်၊ မရင်မေမှာလည်း ရှိသမျှ ဆုံးသွားရတာရော ဆွေဆွေပြောပြလို့ ကြားရပါပြီ။ ဒီလိုကြားရကတည်းက မရင်မေတော့ ဘယ်ဆီဘယ်စခန်းရောက်နေပြီး ဘယ်ချောင်မှာ ဒုက္ခတော့ဖြစ်နေပြီလဲ ဆိုတာကို အမြဲစဉ်းစားမိပါတယ်။ ဒီလို ဒုက္ခဖြစ်မှဖြင့် မလုပ်တတ် မကိုင်တတ်နဲ့ စိတ်ဆင်းရဲနေရှာမယ်ဆိုတာကို တွေးမိလို့ ကိုဘုန်းနိုင် လိုက်ရှာခဲ့တာပဲ"

"ဩော်... ဩော်"

မရင်မေမှာ ဝမ်းသာအံ့ဩနေမိလေသည်။ မရင်မေသည် သူ့အပေါ် သည်မျှလောက် မထင်စားမိခဲ့။ ဒါပေမဲ့တော့ကာ သူသည် ဘေး အန္တရာယ် ကန္တာရများကို ကျော်ဖြတ်၍ သူမကို လိုက်ရှာခဲ့ပါသည်။

"မရင်မေရဲ့အဒေါ် ဒေါ်မြရင် ဆိုတာကောဟင်"

သူက မေးလေသည်။

"ရှိပါတယ် ကိုဘုန်းနိုင်၊ အဒေါ်လည်း ကောင်းကောင်းကို မမာလှဘူး"

"ဩော်... ဩော် ဒါဖြင့် မရင်မေတို့ ဘယ်လိုများ လုပ်ကိုင်စား သောက်နေကြရသလဲဟင်"

သူသည် ကြင်နာစွာပဲ မေးလေသည်။

မရင်မေတော့ ဝမ်းနည်းပြုံး ပြုံးလိုက်လေသည်။ သူ့အမေးကိုတော့ ကာ ပြန်၍ မဖြေလိုက်ချေ။

"ရှက်စရာ ဝမ်းနည်းစရာတွေလည်း မဟုတ်တော့ပါဘူး မရင်မေ၊ ကျွန်တော့်လို လူတစ်ယောက်ကို"

အမှန်မှာတော့ မရင်မေ ရှက်နေသည်။ သည်ဟာကြောင့် ဘာပြန် ပြောရမည်ကို မေ့နေသည်။ ခေါင်းကိုသာပဲ ငုံ့လို့။

"မရင်မေ"

သူသည် တည်ကြည်ရဲတင်းစွာပဲ ခေါ်လိုက်လေသည်။

မရင်မေသည် သူ့ကို မော်၍ကြည့်ရုံပဲ ကြည့်နေသည်။ ထူးတော့ ကား မထူး။ မျက်ရည်တွေကတော့ ဝိုင်းလို့...

"ကျွန်တော် မရင်မေကသာ လက်ခံမယ်ဆိုရင်တော့ ကူညီစောင့် ရှောက်ဖို့ လာခဲ့တာပဲ။ ဘယ်လိုမျှော်လင့်ချက်နဲ့မှ မလာဘူးဆိုတာကို လည်း မရင်မေ ယုံကြည်စိတ်ချစေချင်တယ်။ ပြီးတော့ ယုံကြည်စိတ်ချ မယ်လို့လည်းပဲ ကျွန်တော် ယုံကြည်တယ်"

သူသည် ရွှန်းမြသောလရောင်ကို မော်ကြည့်ရင်းပဲ ပြောနေလေ သည်။

မရင်မေသည် ခေါင်းကိုသာပဲ ညိတ်ပြလိုက်နိုင်သည်။

"ကျွန်တော့်မှာ ခင်တွယ်စရာ သံယောဇဉ်လည်းမရှိဘူး မရင်မေ။ အမေလည်း ဂျပန်တက်ခါစကပဲ ဆုံးသွားရှာပြီ။ တစ်လောကလုံးမှာ

လည်း ကျွန်တော် ခံမင်ငြိတွယ်နေစရာ ဘာမှမရှိတော့ဘူး မရင်မေ။ ဘုန်းနိုင်တစ်ယောက်တည်းရယ်"

သူ့ကို ကရုဏာဝေနေသော မျက်လုံးကြီးများဖြင့် မရင်မေသည် ရွှန်းရွှန်းစားစားပဲ ကြည့်နေမိတော့သည်။

မိမိတို့၏ အတွေးကိုယ်စီနှင့် စကားမပြောနိုင်ဘဲ ရှိနေကြသည်။

ခပေါင်းရေသည် ချိုကြည်သောတေးကိုတော့ ဆိုမြည်လျက်။

"ကိုဘုန်းနိုင်"

လှိုက်လှိုက်လှဲလှဲကြီးပဲ မရင်မေမှာ သူ့ကို ခေါ်မိရက်သား ဖြစ်နေသည်။

"ဗျာ"

သူ့အသံမှာ ပကတိ ကြည်လင်လှပါသည်။

"ခုလို ကျွန်မတို့ တူအရီး မိန်းမသားနှစ်ယောက် ဒုက္ခဖြစ်နေရတဲ့ အချိန်အခါမျိုးမှာ ကိုဘုန်းနိုင် ခုလို လာပြီး စောင့်ရှောက်ပေးမယ်ဆိုရင်တော့ အဒေါ်ဖြင့် ဘယ်လောက်များ ဝမ်းသာမလဲ မဆိုနိုင်ဘူး"

ကိုဘုန်းနိုင်သည် မသိမသာပဲ ပြုံးလိုက်ရရှာသည်။

"ကျွန်မတော့ ဘယ်လို ကျေးဇူးတင်ရမှန်းလည်းပဲ မသိတော့ပါဘူး ကိုဘုန်းနိုင်"

"မလိုပါဘူး မရင်မေ၊ ကျွန်တော် မရင်မေကို ခုလိုအခါမှာ စောင့်ရှောက်ရမှာကတော့ ကျွန်တော့်ဝတ္တရားပါပဲ"

"ဘယ်လို ဝတ္တရားများလဲ ကိုဘုန်းနိုင်"

"အို... ကျွန်တော် စုတ်ပြတ်ပြီး ငတ်နေတုန်းက ကျွေးမွေးခဲ့ဖူးတဲ့ ဝတ္တရားတွေပေါ့"

မရင်မေသည် သက်မကို ဖြည်းဖြည်းပဲ ချလိုက်မိလေသည်။

တစ်ယောက်ကို တစ်ယောက်လည်းပဲ စကားမပြောနိုင်ကြတော့။

ညချမ်းအလှသည် ဆန်းသစ်နေလေသည်။

"ဩော်... ဒါထက် ရှင့်တယောကလေးကော ရှိသေးရဲ့လားဟင် ကိုဘုန်းနိုင်"

မရင်မေသည် လွန်လေပြီးသော အတိတ်ကာလ၏ ချစ်စရာအချိန်ကလေးများကို ပြန်လည်သတိရကာ မေးလိုက်လေသည်။

"ဘာပြုလို့လဲ မရင်မေ"

"အို... ရှင့်တယောကို ရှင် အင်မတန်ချစ်တတ်လွန်းလို့ မေးတာပါ။ ဒီတော့ ခုလိုသာယာတဲ့ ညချမ်းကလေးများမှာ ရှင်နဲ့ ကျွန်မနဲ့ ကြော့ကြော့တို့အိမ်က ဘုရားကိုးဆူကပ်တုန်းက စံပယ်ရုံဘေးမှာ ရှင်ဆိုပြခဲ့ဖူးတဲ့ ကောင်းခြောက်ဆယ့်လေးရပ်တေးထပ်ကိုလည်း သွားပြီး သတိရလို့"

အတိတ်ကို မရင်မေသည် ပြန်လည်ဆန်းသစ်လိုက်လေသည်။

"ကျွန်တော့်တယောကို သွားလေရာ ယူခဲ့တာပဲ မရင်မေ၊ ဘယ်တော့မှလည်း မခွဲနိုင်ဘူး။ တစ်လောကလုံးမှာ သူဟာ ကျွန်တော့်ရဲ့ အရင်းနှီးဆုံး ဆွေမျိုးပါပဲ။ ခုလည်း သေတ္တာထဲမှာ ပါသားပဲ"

"ဒီလိုညချမ်းမှာ ရှင့်တယောသံနဲ့ အဆိုဟာ လွမ်းစရာတော့ ကောင်းမှာပဲနော်"

သူသည် လွမ်းချင်ပုံရလေသည်။

"မရင်မေ နားထောင်ချင်လို့လားဟင်"

အသာအယာပဲ သူမသည် ခေါင်းကိုညိတ်လေသည်။

သူသည် တယောကို ညင်သာစွာ ထုတ်ယူလိုက်လေသည်။

ညချမ်းသည် လှပဆန်းသစ်၍ နေရှာသလားပဲ သူထင်လိုက်မိသည်။ မှုန်မွှားသော လရောင်တော့ကာ လှပသစ်ဆန်းနေသော ညချမ်းဝယ် အေးမြစွာပဲ ကျရောက်နေလေသည်။

## နွေဦးနဲ့မုန်တိုင်း

၁၉၄၅ ခုနှစ်၏ နွေဦးသည် ခါတိုင်းလို သာယာချမ်းမြေ့စွာနှင့် မလာ။ ဗုံးသံနှင့် စက်သေနတ်သံများသည် ဥဩပျို၏ ချစ်စဖွယ် ချိုတေး သံကို လွှမ်းမိုး၍ သွားကြလေသည်။ ညောင်းရွက်များနှင့်အတူ လေနတ် သားကလေးများသည် လေဟုန်တွင် ပျံ့ဝဲကာ နေကြလေသည်။ သည် ဟာကြောင့် နွေဦးသည် ခါတိုင်းလို မလာ။

သာယာအေးချမ်းသော ကာလများ၌ မရင်မေသည် နွေဦးကလေး များတွင် ပျော်ရွှင်ခဲ့ပါသည်။ သည်တစ်ခါ နွေဦးတော့ မရင်မေမှာ မပျော် ရွှင်နိုင်၊ ချစ်ကြည်၍လည်းပဲ စိတ်ကူးယဉ်မနေနိုင်။

အမေရိကန်နှင့် တရုတ်စစ်တပ်များသည် မြစ်ကြီးနား၊ ဗန်းမော်နှင့် လားရှိုးမြို့ကြီးများကို ဂျပန့်လက်အောက်မှ သိမ်းယူလိုက်ခဲ့လေပြီ။ အင်္ဂလိပ်နှင့် ကုလားစစ်တပ်များသည်လည်း ချင်းတွင်းမြစ်ကို ကျော်ဖြတ် ကာ ရွှေဘိုနှင့်ကသာနယ်များတွင် ဝင်ရောက်လျက်ရှိလေသည်။ တိုင်း ပြည်ကြီးမှာလည်း ယနေ့ နက်ဖြန်ပဲ ပျက်တော့မယောင်ယောင် သတင်း များကို နေ့စဉ်လိုလို ကြားနေရသော မရင်မေမှာ သာလွန်၍ အားငယ်နေ မိလေသည်။

သည်အထဲ ကိုဘုန်းနိုင် တစ်ယောက်ကလည်းပဲ ရန်ကုန်သို့ ထွက် သွားသည်မှာ တစ်လပင် ကျော်ခဲ့ပြီဖြစ်ရကား သူထွက်သွားစဉ်က ဆယ် ရက်လောက်သာပဲ အလွန်ဆုံး ကြာလိမ့်မည်ဟု အေးအေးဆေးဆေး ပြောသွားသဖြင့် သူ့အတွက်ပါ မရင်မေမှာ စိုးရိမ်မကင်း ဖြစ်နေရပြန်လေ သည်။ သူတစ်ယောက်သာ ရှိနေသေးလျှင်လည်း ဘယ်လိုမှ အားငယ် ပူပန်နေစရာတော့ လိုမည်မဟုတ်။ သူ့ဘာသာသူ ကြည့်ရှု၍ စီစဉ်လုပ် ကိုင်သွားနိုင်မည်သာ ဖြစ်လေသည်။ ယခုတော့ သူကလည်းပဲ မရှိပြန်၊ အဒေါ်ကလည်း ကောင်းကောင်းမမာ ဖြစ်နေပြန်သောအခါ မရင်မေမှာ

ဘာမှမလုပ်မကိုင်တတ်၊ မကြံစည်တတ်ဖြစ်ကာ သာလွန်၍ အားငယ်နေမိလေတော့သည်။

သူ ရောက်လာပြီးကတည်းက မရင်မေတို့ တူအရီး မိန်းမနှစ်ယောက်မှာ ဘာမျှ ပူပင်လုပ်ကိုင်ခြင်း မရှိခဲ့ရတော့။ သူ့ဘာသာသူပဲ ကြံစည်ရှာဖွေ၍ သွားလာရောင်းဝယ်ကာ လုပ်ကိုင်ကျွေးမွေးခဲ့ရှာသည်။ သူသည် အစုတ်စုတ်အပြတ်ပြတ် အမွဲမွဲအငတ်ငတ်နှင့် ထမင်းစားဖို့၊ လူဖြစ်ဖို့ ဘာမျှ ကျကျနန လုပ်ကိုင်ခဲ့သူ မဟုတ်ဘဲ နိုင်ငံရေးသတ္တဝါတစ်ယောက်ဖြစ်ခဲ့သည်ကို မရင်မေသည် အသိဆုံးပဲ ဖြစ်လေသည်။ သူ့အမေတစ်ယောက်လုံး ဆွမ်းဆန်ခံစားနေရသော ဘဝ၌ပင် သူသည် နိုင်ငံရေးသမား ဖြစ်နေခဲ့သေးသည်။ သည်လို လူတစ်ယောက်သည် သူမကို လိုက်လံရှာဖွေ၍ တွေ့အောင်ရှာပြီး စောင့်ရှောက်ရှာဖွေကျွေးမွေးခဲ့သည်ကို မရင်မေသည် အံ့ဩနေခဲ့ရလေသည်။ သူသည် မွန်မြတ်သော ရည်ရွယ်ချက်ဖြင့် သူမဆီသို့ လာခဲ့သည်ကိုတော့လည်း မရင်မေသည် သိပါသည်။

မန္တလေးသို့ တက်သည့်အခါ တက်သွား၍ ရန်ကုန်သို့ ဆင်းသည့်အခါလည်းပဲ ဆင်းသွားတတ်ကာ ဆယ့်ငါးရက်၊ အရက်နှစ်ဆယ်လောက်သာ အလွန်ဆုံး ကြာတတ်၍ သူ အိမ်သို့ ပြန်ရောက်လာတော့မှဖြင့် မရင်မေတို့ တူအရီးမှာ ဝမ်းသာ၍ မဆုံးနိုင်ဘဲ ရှိကြလေသည်။ သူကလည်းပဲ မရင်မေတို့ တူအရီးနှစ်ယောက်အတွက် အသုံးအဆောင်၊ အစားအသောက်များကို ဝယ်ခြမ်းယူခဲ့တတ်သဖြင့် မိန်းမသားနှစ်ယောက်မှာ သူ့အပေါ်ဝယ် သံယောဇဉ်များပင် ငြိတွယ်ခဲ့ကြလေတော့သည်။

သာယာသော ညချမ်းများတွင် လရောင်ကလေး ဆန်းသစ်လာတော့မှဖြင့် သူ့ဘာသာသူ တယောကလေးနှင့် ကွပ်ပျစ်ပေါ်မှာ တေးချိုကိုညည်း၍ နေတတ်သောအခါ တူအရီးနှစ်ယောက်မှာ အိပ်ရာအသီး

သီးမှ လဲလျောင်းကာ ငြိမ်သက်စွာ နားထောင်ကြရလေသည်။

သူ တစ်ခေါက် တစ်ခေါက် အိမ်က ထွက်သွားရပြန်သောအခါ၌ မိန်းမသား တူအရီးနှစ်ယောက်မှာ သူ့ကိုသာပဲ တအောက်မေ့မေ့နှင့် တမျှော်တည်း မျှော်နေခဲ့ကြရလေသည်။

"ဒီတစ်ခေါက် မောင်ဘုန်းနိုင်တစ်ယောက်လည်း ထွက်သွားတာ ဆယ့်ငါးရက်တောင် ကျော်ခဲ့ပြီနော် မိန်းကလေး"

ညဥ့်နက်၍ အိပ်ရာဝင် အဒေါ်ဖြစ်သူက သတိရကာ စလိုက်သော အခါများတွင်...

"ဟုတ်တယ် ဒေါ်ဒေါ်၊ သူ ပြန်လာဖို့တော့ နီးပြီထင်ပါရဲ့"

"အေးကွယ်၊ သူ့ခမျာ ဗုံးကြား၊ စက်သေနတ်ကြားထဲမှာ စွန့်စွန့် စားစား သွားလာပြီး တို့တူအရီးနှစ်ယောက်ကို လုပ်ကိုင်ကျွေးမွေးရာတဲ့ တကယ့် သူတော်ကောင်းကလေးပါကွယ်"

မရင်မေသည် အသာအယာပဲ ဝမ်းနည်းပက်လက် ပြုံးလိုက်မိရာ လေသည်။

"သူ့ကို အစိုးရက မြို့ပိုင်အလုပ်တော့ အပေးသားပဲတဲ့ ဒေါ်ဒေါ်၊ သူ့ကိုကမှ မလုပ်ချင်ဘဲကိုး"

"အင်း... အင်း... ဒီသူငယ်စိတ်က တစ်မျိုးပဲနော်။ အင်္ဂလိပ်လက် အောက်မှာလည်း မလုပ်ချင်၊ ဂျပန်ကိုလည်း ရွံ့နဲ့၊ သူ့ဟာက အခက်သားပဲ"

"သူ့လို လူတစ်ယောက်ကိုတော့ သူ့အပေါင်းအသင်းတိုင်းကလည်း ပဲ အံ့သြတာပဲ ဒေါ်ဒေါ်"

"သြော်... သြော် သူ့ကို ဒေါ်ဒေါ်တွေ့ရ၊ သိရသလောက်တော့ဖြင့် တယ်ယဥ်ကျေးသိမ်မွေ့တဲ့ လူငယ်တစ်ယောက်ပဲကွယ်"

မရင်မေသည် သူ့ဘာသာပဲ သူတွေးကာနေတော့သည်။ အိုမင်းခဲ့ပြီး

ဖြစ်သော အတိတ်ကာလအချိန်များကို တစိမ့်စိမ့် ပြန်လည်တွေးနေပြီး တော့ကာ ပြန်လည်သစ်ဆန်းနေလေသည်။ သူ့ကို လင်သားအဖြစ် အားကိုးအားထားပြုဖို့ မရင်မေသည် မစဉ်းစားနိုင်ခဲ့သော သူမ၏ လွန် လေပြီးအပြစ်များကို သတိရနေမိကာ သူ့ကို သနားမိရက်သား ဖြစ်နေ တော့သည်။

ယခုကဲ့သို့ တိုင်းပြည်ကြီးကလည်းပဲ မငြိမ်မသက်နှင့် ဖြစ်နေရသည့် အထဲက သူ ရန်ကုန်ဆင်းသွားသည်မှာ တစ်လကျော်ခဲ့၍ ပြန်ရောက်သင့် ပါနှင့်လည်းပဲ ပြန်၍မရောက်သောအခါတွင် ကောင်းစွာ မကျန်းမမာဖြစ် သော အဒေါ်က တစ်ဖက်နှင့် မရင်မေမှာ သာလွန်၍ အားငယ်နေမိရှာ လေသည်။ အနီးအနားမှ လူများလည်း တစ်စတစ်စနှင့် ပြောင်းရွှေ့ ပြေးလွှား သွားလာနေကြပြီဖြစ်ရကား ကင်းဆိပ်ရွာကလေးမှာ သာလွန် ၍ ခြောက်သွေ့ထိုင်းမှိုင်းကာ ကျန်ရစ်ခဲ့လေသည်။ သူသာ ရှိနေခဲ့လျှင် သည်လောက်တောင် မရင်မေမှာ ပူပင်အားငယ်နေရတော့မည်လည်း မဟုတ်။

ညချမ်းအလှအပမှာ လရောင်ကလေး ဆန်းသစ်လာတော့မှဖြင့် မရင်မေမှာ သာလွန်၍ စိတ်မအေးဖြစ်ရပြန်လေသည်။ အိမ်ထဲတွင်လည်း မနေချင်၊ အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် သင်ဖျာကိုခင်း၍ ခေါင်းအုံးတစ်လုံး နှင့်သာပဲ ညဦးနက်သည့်တိုင်အောင်လည်း မအိပ်နိုင်အောင် ဖြစ်နေရ သည်။ သည်တော့မှပဲ သူ့အပေါ် ဘယ်အထိ အားကိုးခင်တွယ်နေမိ သော မိမိ၏အဖြစ်ကို မရင်မေ သတိထားမိလာလေသည်။

သူမက ငြင်းပယ်လိုက်သည့်တိုင်အောင်လည်းပဲ သူ့မှာတော့ အပြုံး လည်း မပျက်ပါ။ အားကိုးအားထားပြုရမည့် သူ့အတွက်နှင့်သာပဲ သူ့ကို ငြင်းပယ်လိုက်ရစဉ်ကလည်း မရင်မေသည် သူ့ကို မေ့ပျောက်၍ မရနိုင် ခဲ့။ သူ့မှာ ဘာတစ်ခုမှ မုန်းစရာနှင့် အရုပ်ဆိုးတာ မရင်မေ မတွေ့ခဲ့။

သူသည် သူ့လိုသူတစ်ယောက်ဖြစ်သည်။ သူစွဲလမ်းယုံကြည်နေသော သူ့အမှန်ကိုသာ သူသည် လုပ်နေခြင်းဖြစ်လေသည်။ တောင်တွေး မြောက်တွေးနှင့် လေနုအေးကလည်း တသွေးသွေးရှိနေပြန်သောကြောင့် မရင်မေမှာ သိမေ့သိမေ့နှင့် အိပ်ပျော်တော့မည်ကဲ့သို့ ရှိနေစဉ်...

"မရင်မေ"

မရင်မေသည် ဖျတ်ခနဲ လူး၍ ထိုင်လိုက်မိလေသည်။ ကွပ်ပျစ်ဘေးမှာ လူတစ်ယောက် ငြိမ်သက်စွာ ရပ်နေသည်။

ကိုဘုန်းနိုင်ရယ်၊ သူ့အသံမှာ တိုးတိုးအုပ်အုပ်ပဲ ဖြစ်လေသည်။

"ကိုဘုန်းနိုင်၊ ဟင်... ကိုဘုန်းနိုင်"

မရင်မေသည် သူ့လည်ပင်းကို ရုတ်တရက် ဖက်ထားလိုက်မိကာ သူမ မျက်နှာကိုလည်း သူ့ရင်ခွင်ထဲတွင် ကပ်ထားမိလေသည်။ သူက တော့ မလှုပ်ဘဲ ရပ်နေရှာသည်။

"ရှင် အခု ဘယ်ကလာတာလဲ ဟင် ကိုဘုန်းနိုင်။ ကျွန်မကတော့ ရှင့်ကိုမျှော်နေလိုက်ရတာ"

သူမသည် ငိုတော့သည်။

သူသည် သူမ၏ လက်နှစ်ဖက်ကို အသာအယာဖယ်ကာ လွတ်လပ်စွာပဲ ရပ်နေလေသည်။

"ဘာပြုလို့ ငိုနေရသေးသလဲ မရင်မေရယ်၊ ကျွန်တော်ရှိနေပြီဟာ"

သူသည် အေးချမ်းစွာပဲ တစ်လုံးချင်း ပြောလိုက်သည်။

ည၏ ဆိတ်ငြိမ်ခြင်းသည် ပတ်ဝန်းကျင်သဘာဝ၏ သာယာအေးချမ်းမှု တပ်ပေါင်းစုကို ခေါင်းဆောင်ကာ အဖိုနှင့် အမတို့၏ စိတ်ကူးယဉ်မှု အကြည်ဓာတ်ကို လှုပ်ကစား ဖေးမနေလေသည်။

"တိတ်ပါဗျာ၊ ဝမ်းနည်းစရာလည်း မရှိပါဘူး"

သူ သည်နေရာမှာတော့ ကဗျာမဆန်။

"ကျွန်မ ဘယ်လောက် အားငယ်နေရတယ်ဆိုတာကိုတော့ ရှင် သိမှ မသိဘဲကိုး"

ရှိုက်သံသည်တော့ မပျောက်သေး။

သူသည် မည်သို့မျှ ပြန်မပြော၊ ရပ်၍သာပဲ နေလေသည်။

"ရှင့်နှလုံးသားတွေဟာ သံတွေ ခဲတွေများပဲလား ကိုဘုန်းနိုင်ရယ်"

"ဒေါ်ဒေါ်တော့ အိပ်နေပြီလား မရင်မေ"

သူမေးချင်ရာကိုပဲ မေးလေသည်။

"ရှင် အခု ရန်ကုန်က လာတာပဲလား ကိုဘုန်းနိုင်"

မရင်မေကလည်း မေးချင်ရာကို မေးနေပြန်ပါသည်။

"မဟုတ်ဘူး မရင်မေ၊ ကျွဲပွဲက လာခဲ့တယ်၊ ကိုဘုန်းနိုင် ဖြူးရောက်နေတာ ဆယ်ရက်ရှိသွားပြီ၊ တောင်ငူကို လာလို့မဖြစ်လို့။ အခုတောင် ကျွဲပွဲ တောလမ်းက လာခဲ့ရတယ်"

သူသည် ခပ်ဖြည်းဖြည်းပဲ ပြောပြလေသည်။

မရင်မေသည် သူပြောသော စကားများကို အငေးသားပဲ စူးစိုက်နားထောင်နေသည်။

"မရင်မေ"

မိန်းမကိုင် ပစ္စတိုသေနတ်တိုကလေး တစ်လက်ကို ကိုဘုန်းနိုင်သည် သူ့ဘေးလွယ်အိတ်ထဲမှ ထုတ်ယူကာ မရင်မေကို ပေးနေလေသည်။

"ဟင် ကိုဘုန်းနိုင်"

မရင်မေသည် ပစ္စတိုနှင့် ကိုဘုန်းနိုင်ကို တစ်လှည့်စီပဲ အံ့သြစွာ ကြည့်နေမိလေသည်။

"ပစ္စတိုကိုတော့ မရင်မေ ကိုင်တတ်တယ် မဟုတ်လား"

သူမသည် အမှတ်မဲ့ ခေါင်းညိတ်ပြလိုက်လေသည်။

"အရေးရယ် အကြောင်းရယ်ဆိုရင် လိုလိုမည်မည်သုံးချင်ရင်လည်း

သုံးနိုင်အောင် သိမ်းထားနော် မရင်မေ"

သူ့စကားတွေ မရင်မေအဖို့ရာ အဆန်းဖြစ်နေလေသည်။ သူလှမ်းပေးနေသော သေနတ်ကိုလည်း အလိုလို လှမ်းယူနေမိရက်သား ဖြစ်နေသည်။

"ရှေ့ကို မရင်မေတို့ ဒီမှာနေလို့လည်း မဖြစ်တော့ဘူး၊ နောက်ပြီး ကျွန်တော့်ကိုလည်းပဲ ဂျပန်ကင်ပေတွေ လိုက်နေတယ်။ ဒီတော့ကာ မရင်မေနဲ့ ဒေါ်ဒေါ်အတွက် လုံလုံခြုံခြုံနဲ့ စိတ်ချလက်ချရတဲ့နေရာကို ပြောင်းထားဖို့ စီစဉ်ထားတယ်"

မရင်မေသည် အဆန်းတွေကိုသာပဲ ကြားနေရသလို ထင်နေသည်။

"ကျွန်တော် ဒီမှာ မိုးလင်းအောင်နေလို့ မဖြစ်ဘူး မရင်မေ၊ မလင်းခင် ပြန်ရမယ်။ အဲဒီတော့ မနက်ဖြန်ခါညမှာ မရင်မေတို့ရှိတဲ့ ပစ္စည်းတွေအားလုံး သိမ်းဆည်းထားစေချင်တယ်"

"ကျွန်မတို့ ဘယ်မှာ သွားနေရမှာလဲဟင် ကိုဘုန်းနိုင်"

မရင်မေသည် အံ့သြစွာပဲ မေးလိုက်သည်။

"ပင်းသီလာဆိုတဲ့ ရွာမှာပဲ မရင်မေ"

"အဲဒီရွာက ဘယ်မှာလဲဟင်"

"ရွာကတော့ ကရင်ရွာပဲ မရင်မေ၊ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းမှာ"

"ဟင်... ကရင်ရွာလား"

"ကရင်တွေဟာ အင်မတန်ရိုးပြီး စိတ်ကောင်းလည်း ရှိကြပါတယ် မရင်မေ။ ဟိုကျရင်လည်း မရင်မေ ဘာမှ စိတ်အားငယ်စရာ မလိုတော့ပါဘူး။ ကိုဘုန်းနိုင် ရဲဘော်တွေလည်း ရှိပါသေးတယ်"

"ကိုဘုန်းနိုင်လည်း အတူတူပဲ လိုက်မှာ မဟုတ်လားဟင်"

သူသည် ခေါင်းကို ဖြည်းညင်းစွာ ခါ၍ပဲ ပြုံးနိုင်လေသည်။ မရင်မေ

အုံ့ညြသွားသည်။ တော်တော်ပဲ အုံ့ညြသွားသည်။

"ဘာပြုလို့လဲဟင် ကိုဘုန်းနိုင်"

"သူပုန်ထတော့မလို့"

သူသည် အေးချမ်းသောအသွင်ဖြင့် ရေတစ်ခွက်တောင်းသလိုပဲ ပြောလေသည်။

"ဟင်… ဘယ့်နှယ် သူပုန်ထတော့မလို့လဲ"

"ဂျပန်ကို တော်လှန်ကြတော့မလို့ မရင်မေ"

"ဂျပန်ကို တော်လှန်ကြတော့မလို့၊ ဟင်…ဟုတ်လား ကိုဘုန်းနိုင်"

သူမသည် အုံ့ညြနေသည်။

သူသည် ဝင့်ကြွားသော နှလုံးဖြင့် ပြုံးကာ ခေါင်းကို ညိတ်လိုက်သည်။

"ဆူဆူပူပူ ဖြစ်လာရင် အဲဒီ ကရင်ရွာမှာ ကျွန်မတို့တူအရီး နှစ်ယောက်တည်းပေါ့ ဟင်… ကိုဘုန်းနိုင်"

"ဒီဟာတွေကို မရင်မေ မပူပင်ရအောင် အားလုံး စီစဉ်ထားခဲ့ပါတယ်"

"ကိုဘုန်းနိုင်မှ မရှိရင်တော့ ကျွန်မတို့ မနေရဲဘူး ကိုဘုန်းနိုင်"

"ဒါတွေကို အခုပြောနေလို့ ပြီးမှာကလည်း မဟုတ်သေးဘူး မရင်မေ။ ညဥ့်လည်းနက်လှပြီ။ အိပ်ဖို့လည်း တော်လောက်ပါပြီ။ ကျွန်တော်မှာထားတဲ့အတိုင်းသာ မနက်ဖြန် ညကို အပြီး စီစဉ်ထားစေချင်တာပဲ"

"ကိုဘုန်းနိုင် အခုည အိမ်မှာ မအိပ်တော့ဘူးလားဟင်"

သူမက မေးနေရှာတုန်းပဲ ဖြစ်လေသည်။

"ပြန်ရမယ် မရင်မေ၊ ကိုဘုန်းနိုင် ပြန်ရလိမ့်မယ်။ ဒေါ်ဒေါ့်ကိုသာပဲ အကျိုးအကြောင်းပြောပြပြီး ကိုဘုန်းနိုင် မှာထားခဲ့တဲ့အတိုင်း အားလုံး စီမံထားနော် မရင်မေ"

သူသည် ဦးခေါင်းကို ငိုက်စိုက်ချကာ ဝင်းတံခါးဆီသို့ ရှေးရှုလိုက်လေသည်။ မရင်မေတော့ကာ သူ့ကို ဝမ်းနည်းပက်လက် ကြည့်နေမိလေသည်။ သူသည် တစ်လှမ်းချင်း ခပ်နွဲ့နွဲ့ထွက်သွားပြီ။

"ဂျပန်ကို တော်လှန်ကြမလို့တဲ့"

ချမ်းမြေ့သော လရောင်အောက်ဝယ် ဖြည်းလေးစွာ လျှောက်သွားနေသော နိုင်ငံရေးသတ္တဝါအား မရင်မေသည် မကျေမချမ်းဖြစ်ကာပဲ ကျန်ရစ်ခဲ့နေရလေတော့သည်။

* * *

မတ်လ ၂၆ ရက်၊ ၁၉၄၅ ခု။

ပဲခူးရိုးမတောင်ထိပ်မှာ တွဲလဲခိုနေသော လခြမ်း ကွေးကွေးသည် ရေးရေးသာပဲ လင်းနေရှာသည်။ ပြေးသွားခဲ့သော ဆောင်းရက်၏ နှင်းကြွင်းကလေးများတော့ကာ နွေဦးမယ်၏ ညချမ်းအလှမှာ မှုန်ဝေနေကြသေးသည်။

ပင်းသီလာ၊ အေးချမ်းဆိတ်ငြိမ်လှဘိသော အထီးတည်း ကရင်ရွာ။ တောင်အောက်ခြေဝယ် ကရင်ချောင်းသည် ကျောက်ကြိုကျောက်ကြားများကို တိုးဝှေ့၍ စီးဆင်းကာနေလေသည်။ ဆိတ်ငြိမ်သော တောင်ထိပ်ပေါ်မှ တောင်အောက်ခြေသို့ ငုံ့ကြည့်လိုက်ရင်တော့ ရေးရေးသာပဲ မြင်ရလေသည်။

တောင်ကမ်းပါးယံထိပ် ဝါးရုံပင်ရိပ်ဝယ် ...

"တိတ်ပါ မရင်မေ၊ ဘာပြုလို့ ငိုရတာလဲဗျာ"

ဝါးရုံပင်ကို မှီကာ တရှုပ်ရှုပ်ငိုနေသော မရင်မေကို သူသည် မကြည့်ဘဲ ပြောလိုက်လေသည်။ သူသည် နက်ရှိုင်းသော တောင်အောက်ခြေကို အငေးသား ငုံ့ကြည့်နေသည်။

"ကျွန်မတို့ကို ဒီမှာ ဒီလိုပဲထားခဲ့ရတာ ကိုဘုန်းနိုင် စိတ်ချသပေါ့နော်"

သူမက မသက်မသာ မေးလေသည်။

"စိတ်ချတယ်တော့လည်း ဘယ်ဟုတ်မလဲ မရင်မေ။ ဒီနေရာဟာတော့ စိတ်အချရဆုံးလို့ ထင်တာပဲ"

သူကတော့ အေးအေးဆေးဆေးပဲ ပြောနေလေသည်။

"ကိုဘုန်းနိုင်ကိုလေ ကျွန်မကတော့ စိတ်မချနိုင်ဘူး။ ရှင် ကျွန်မကို နည်းနည်းကလေးမှ မသနားတော့ဘူးလား ကိုဘုန်းနိုင်"

သူသည် လခြမ်းကွေးကွေးကို ငေး၍ ကြည့်နေသည်။ အတိတ်ကာလ၏ ပျောင်းနွမ်းသွားခဲ့ပြီဖြစ်သော အလှအပကလေးများကို သူသည် ပြန်လည်ဆန်းသစ်၍ နေလေသည်။

နွေဦးရက်၏ ညလေသည် ပြေးလွှား၍ လာလေသည်။

"ဘာပြုလို့များ ဒီအမေးကို မေးလိုက်ရတာလဲ မရင်မေရယ်"

သူသည် မရင်မေကို လှည့်၍ ကြည့်လေသည်။

"ကျွန်တော် ယုံကြည်တဲ့အလုပ်ကို လုပ်ကိုင်ရင်း သေသွားရရင်တော့လည်း အေးတာပါပဲဗျာ မရင်မေ"

"ရှင်က သေရဲပေမဲ့ ရှင်သေမှာကိုတော့ ကျွန်မ မခံနိုင်ဘူး ကိုဘုန်းနိုင်"

"ကျွန်တော့်အသက်တစ်ချောင်းကို ဒီလိုနေရာမျိုးအတွက် သတ်မှတ်ထားပြီးသားပဲ မရင်မေ။ သေလည်းသေ၊ မသေလည်းရှင်ပေါ့"

သူသည် အေးချမ်းစွာပဲ ပြောနေသည်။

"ရှင် မသေရဘူး ကိုဘုန်းနိုင်၊ ရှင် မသေရဘူး"

သူကတော့ ငြိမ်သက်စွာ နားထောင်ကာ နေလေသည်။

"ကျွန်မစိတ်တွေဟာ မကောင်းနိုင်တော့ဘူး ကိုဘုန်းနိုင်၊ ဘယ်

နည်းနဲ့မှ ကောင်းနိုင်တော့မယ်လည်း မဟုတ်ဘူး"

"ကျွန်တော်လည်းပဲ ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ မရင်မေ။ ဒါပေမဲ့ စိတ်မကောင်းတာဟာလည်း ခဏပါပဲ။ ဂျပန်တွေ ပြေးသွားပြီးတဲ့အချိန်မှာ ကျွန်တော်ဟာ သေချင်လည်းသေမယ် သို့မဟုတ် မသေချင်ရင်လည်း ရှင်နေဦးမှာပဲ။ ကျွန်တော် မသေသေးလို့ အသက်ရှင်နေသရွေ့ ကာလပတ်လုံး မရင်မေအပေါ်မှာရှိတဲ့ ကျွန်တော့်ဝတ္တရားကို ကျွန်တော် ဘယ်တော့မှ မေ့လိမ့်မယ်တော့ မဟုတ်ဘူး။ ဒါပေမဲ့တော့ကာ အဲဒီအချိန်မှာဆိုရင်တော့ မရင်မေကို ကြင်ကြင်နာနာနဲ့ ယုယပြီး စောင့်ရှောက်သိမ်းပိုက်မယ့်လူဟာလည်း ရောက်လာတော့မှာပါပဲ"

သူသည် ပကတိ တည်ကြည်ရိုးသားသော လေသံဖြင့် ဖျောင်းဖျပြောဆိုနေလေသည်။

မရင်မေသည် သူ့ကို ယူကျုံးမရသော နှလုံးဖြင့် အငေးသားပဲ ကြည့်နေမိတော့သည်။

"မရင်မေဟာ တစ်လောကလုံးမှာ တစ်ခါတုန်းက ကျွန်တော်ရဲ့ သခင်မ ဖြစ်ခဲ့တယ်၊ ကျွန်တော် ကိုးကွယ်ခဲ့တယ်"

မရင်မေသည် ငေးလျက် သူ့ကိုသာပဲ ကြည့်နေရှာသည်။

"မရင်မေဟာ ကျွန်တော့်အတွက် တော်တော်ပဲ အနွံအတာခံပြီး မျှော်လင့်ခဲ့ရတာကိုလည်း ကျွန်တော် သိပါတယ်"

သူမသည် ငေးမြငေးလျက်...

"ဘာမှ မျှော်လင့်စရာမရှိတဲ့ ကျွန်တော့်လို လူတစ်ယောက်ကို မရင်မေမှာ ငြင်းပယ်ခဲ့ရတာကိုလည်း သိပါတယ်။ အမှန်မှာလည်း ကျွန်တော့်လို လူတစ်ယောက်ဟာ ဘယ်လိုမှကို ပြုပြင်လို့ မရနိုင်တော့ဘူးဆိုတာလည်း ကျွန်တော့်ဘာသာ ကျွန်တော် သိထားပါတယ်။ မရင်မေဟာ ကျွန်တော့်အပေါ်မှာ အင်မတန်ကြီးကို ငဲ့ညှာခဲ့ပါတယ်။ လိုသည်ထက်

ကို ပိုခဲ့ပါသေးတယ်”

သူသည် မရင်မေကို တစိမ့်စိမ့်ကြည့်ရင်းပဲ ပြောနေသည်။

“ဒီဟာကြောင့် မရင်မေအပေါ်မှာ ကျွန်တော် MORAL OBLIGATION တွေ ရှိနေခဲ့ပါတယ်။ မရင်မေ ဒုက္ခဖြစ်နေတယ်လို့ ကြားသိရတဲ့ အချိန်ကစပြီး ကျွန်တော်ဖြင့် စိတ်မချမ်းမသာ ဖြစ်ခဲ့ရတယ်။ မရင်မေကို ကျွန်တော် တတ်နိုင်သရွေ့လည်း စောင့်ရှောက်ခဲ့ပါပြီ”

သူသည် အနည်းငယ် ရပ်ထားလိုက်လေသည်။ မရင်မေသည် သူ့ကိုသာပဲ ငေးလို့ ကြည့်နေရှာသည်။

ညလေသည် ဝါးရုံပင်ကြားဝယ် မြူးထူးလှုပ်ကစားလိုက်သည်။

“ဒီလိုအခါမျိုးမှာ မရင်မေတို့ကို ကျွန်တော်နဲ့ ခွဲမထားခဲ့ချင်ပေမဲ့ ကျွန်တော်တော့ ခွဲထားခဲ့ရဦးတော့မယ့်အတွက် စိတ်မကောင်းနိုင်တော့ပါဘူးဗျာ၊ မကောင်းနိုင်တော့ပါဘူး”

သူ့အသံမှာ အက်ကွဲ၍ လာလေသည်။

“မနက်ဖြန်ခါ ဂျပန်ကို မြန်မာတွေ သူပုန်ထကြတော့မယ် မရင်မေ၊ ဒီဟာကြောင့် မိုးမလင်းခင် ကျွန်တော် တောင်ငူမြို့ကို ဖြတ်ပြီး ပဲခူးရိုးမတောင်ခြေကို သွားရလိမ့်မယ်”

သူ့အသံမှာ တုန်ယင်၍ လာတော့သည်။

“အေးချမ်းသွားတာနဲ့ တစ်ပြိုင်နက် ကျွန်တော် တစ်ခါတည်း မရင်မေတို့ကို လာခေါ်မှာပါပဲ”

“ကိုဘုန်းနိုင်”

လှိုက်လှိုက်လှဲလှဲကြီးပဲ မရင်မေက ခေါ်လိုက်လေသည်။

“ဗျာ”

“ကျွန်မနဲ့ အတူတူ မနေနိုင်တော့ဘူးပေါ့နော်”

သူမ၏ အသံမှာလည်း တုန်ယင်အက်ကွဲ၍ လာလေသည်။

သူသည် မရင်မေကို အငေးသားပဲ ကြည့်နေမိလေသည်။ ဘာမျှ တော့ကာ ပြန်မပြော။

"ကျွန်မတို့ တူအရီးနှစ်ယောက်တည်းပဲ နေရစ်ခဲ့ရတော့မှာပေါ့နော်"

ရှိုက်သံသည် တိုးတိုးပဲ ထွက်လာတော့သည်။

သူသည် ငေးလျက်...

မရင်မေသည် ဝါးရုံပင်ရိပ်မှ တစ်လှမ်းချင်းပဲ ထွက်သွားလေသည်။ တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားသည်ကို သူသည် အငေးသား ကြည့်လျက်။ ဝါးရုံပင်ရိပ်ဝယ် သူတစ်ယောက်တည်းရယ်။

မရင်မေတော့ကာ ထွက်သွားပါပြီ။

ညလေသည် ဝါးရုံပင်ကြားဝယ် မြူးထူးနေတုန်းပဲဖြစ်သည်။ လခြမ်း ကွေးကွေးလည်းပဲ ရေးရေးတော့ လင်းနေရှာသည်။

"ကျွန်မတို့ တူအရီးနှစ်ယောက်တည်းပဲ နေရစ်ခဲ့ရတော့မှာပေါ့နော်" တဲ့။

သူ့ဘာသာသူ တိုးတိုးပဲ လွမ်းမိပါသေးသည်။

နွေဦးမယ်၏ ညချမ်းအလှမှာ ငွေနှင်းတွေကတော့ ဝေနေကြတုန်း ပဲ ဖြစ်လေသည်။

* * *

**မှန်တိုင်းထဲကအပြုံး**

ပင်းသီလာ၌ ချစ်စဖွယ်နွေဦးသည် ဟောင်းနွမ်းသော အတိတ် ကာလ၏ အိပ်မက်ထဲ၌ ကျန်ရစ်ခဲ့လေသည်။ ဖက်ဆစ်ဂျပန်တို့လည်းပဲ လွန်ခဲ့ပြီးသော ရာဇဝင်၏ စာမျက်နှာ၌သာ ရှိတော့သည်။

မရင်မေတို့ တူအရီးနှစ်ယောက်မှာ ပင်းသီလာ ကရင်ရွာမှာပဲ အား ငယ်ငယ်နှင့် နေကြရရှာလေသည်။ ဘယ်ကိုသွား၍ ဘာကိုလုပ်ရမှန်း

လည်းပဲ မသိ၊ တိုင်ပင်အားကိုးရမည့်သူကလည်း မရှိတော့ သူစိမ်းတစ်ရံဆံ တောထဲတွင် သာလွန်၍ အားငယ်ကာ နေကြရာလေသည်။ ကိုဘုန်းနိုင်သာရှိခဲ့ပါမူ ဤကဲ့သို့ အားငယ်နေဖွယ်ရာ ရှိမည်တော့ မဟုတ်၊ သူထွက်သွားသည်မှာလည်း ခြောက်လနီးပါးခန့် ရှိခဲ့လေပြီ။

သူတို့ တော်လှန်ကြသော ဂျပန်များလည်းပဲ လက်နက်ချ၍ အညံ့ပင်ခံခဲ့ကြပြီဖြစ်ရကား သူပြန်ရောက်ဖို့လည်း တော်လောက်ပါပြီ။

မရင်မေမှာ သူ့အတွက် ရင်မအေးနိုင်။

"ကျွန်တော် သေရင်လည်းသေမယ်၊ မသေရင်လည်း ရှင်နေဦးမှာပဲ"

သူက သည်လိုပဲ ပြောခဲ့ဖူးသည်။ သူသည် သေပဲ သေနေပြီလော။ ဘယ်ဆီ ဘယ်လမ်းပဲ ရောက်နေသလော။ မရင်မေမှာ အမျိုးမျိုး သူ့အတွက် ပူပန်နေရတော့သည်။

"မောင်ဘုန်းနိုင်တစ်ယောက်လည်း ဘယ်လိုများဖြစ်လို့ မလာနိုင်ရှာတယ် မသိပါဘူးကွယ်"

ဟု တူအရီးနှစ်ယောက် အတွေးကိုယ်စီနှင့် နေကြရာက အဒေါ်ဖြစ်သူက သတိတရရနှင့် စိုးရိမ်ပူပန်၍ ပြောလိုက်သောအခါများတွင်–

"ဟုတ်တယ် ဒေါ်ဒေါ်၊ သူတစ်ယောက်လည်းပဲ ဘယ်လိုများ ဖြစ်နေရှာတယ်တော့ မသိပါဘူး"

"အေးကွယ် တို့တူအရီးနှစ်ယောက်လည်း သူ့ကိုမျှော်ရတာနဲ့ပဲ ဘယ်ကိုမှ မသွားမလာတတ်အောင် ရှိနေတော့တာပဲကွယ်"

"ကျွန်မတော့ သူပြန်လာဖို့ နီးပြီထင်တာပဲ ဒေါ်ဒေါ်"

"ဒေါ်ဒေါ်ကလည်း ဒီလိုပဲ အောက်မေ့နေတာပဲ မိန်းကလေးရယ်"

တစ်ယောက်က မင်၍ တစ်ယောက်က အောက်မေ့ကာပဲ နေကြလေသည်။ သူ့ကို မျှော်ရလွန်း၍ မောရသောအခါများ၌ မရင်မေသည်

သူသည် မရင်မေကို အငေးသားပဲ ကြည့်နေမိလေသည်။ ဘာမျှ တော့ကာ ပြန်မပြော။

“ကျွန်မတို့ တူအရီးနှစ်ယောက်တည်းပဲ နေရစ်ခဲ့ရတော့မှာပေါ့နော်”

ရှိုက်သံသည် တိုးတိုးပဲ ထွက်လာတော့သည်။

သူသည် ငေးလျက်...

မရင်မေသည် ဝါးရုံပင်ရိပ်မှ တစ်လှမ်းချင်းပဲ ထွက်သွားလေသည်။ တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားသည်ကို သူသည် ‘အငေးသား ကြည့်လျက်။ ဝါးရုံပင်ရိပ်ဝယ် သူတစ်ယောက်တည်းရယ်။

မရင်မေတော့ကာ ထွက်သွားပါပြီ။

ညလေသည် ဝါးရုံပင်ကြားဝယ် မြူးထူးနေတုန်းပဲဖြစ်သည်။ လခြမ်း ကွေးကွေးလည်းပဲ ရေးရေးတော့ လင်းနေရှာသည်။

“ကျွန်မတို့ တူအရီးနှစ်ယောက်တည်းပဲ နေရစ်ခဲ့ရတော့မှာပေါ့နော်” တဲ့။

သူ့ဘာသာသူ တိုးတိုးပဲ လွမ်းမိပါသေးသည်။

နွေဦးမယ်၏ ညချမ်းအလှမှာ ငွေနှင်းတွေကတော့ ဝေနေကြတုန်း ပဲ ဖြစ်လေသည်။

* * *

**မှန်တိုင်းထဲကအပြုံး**

ပင်းသီလာ၌ ချစ်စဖွယ်နွေဦးသည် ဟောင်းနွမ်းသော အတိတ် ကာလ၏ အိပ်မက်ထဲ၌ ကျန်ရစ်ခဲ့လေသည်။ ဖက်ဆစ်ဂျပန်တို့လည်းပဲ လွန်ခဲ့ပြီးသော ရာဇဝင်၏ စာမျက်နှာ၌သာ ရှိတော့သည်။

မရင်မေတို့ တူအရီးနှစ်ယောက်မှာ ပင်းသီလာ ကရင်ရွာမှာပဲ အား ငယ်ငယ်နှင့် နေကြရရှာလေသည်။ ဘယ်ကိုသွား၍ ဘာကိုလုပ်ရမှန်း

လည်းပဲ မသိ၊ တိုင်ပင်အားကိုးရမည့်သူကလည်း မရှိတော့ သူစိမ်းတစ်ရံဆံ တောထဲတွင် သာလွန်၍ အားငယ်ကာ နေကြရှာလေသည်။ ကိုဘုန်းနိုင်သာရှိခဲ့ပါမူ ဤကဲ့သို့ အားငယ်နေဖွယ်ရာ ရှိမည်တော့ မဟုတ်၊ သူထွက်သွားသည်မှာလည်း ခြောက်လနီးပါးခန့် ရှိခဲ့လေပြီ။

သူတို့ တော်လှန်ကြသော ဂျပန်များလည်းပဲ လက်နက်ချ၍ အညံ့ပင်ခံခဲ့ကြပြီဖြစ်ရကား သူပြန်ရောက်ဖို့လည်း တော်လောက်ပါပြီ။

မရင်မေမှာ သူ့အတွက် ရင်မအေးနိုင်။

"ကျွန်တော် သေရင်လည်းသေမယ်၊ မသေရင်လည်း ရှင်နေဦးမှာပဲ"

သူက သည်လိုပဲ ပြောခဲ့ဖူးသည်။ သူသည် သေပဲ သေနေပြီလော။ ဘယ်ဆီ ဘယ်လမ်းပဲ ရောက်နေသလော။ မရင်မေမှာ အမျိုးမျိုး သူ့အတွက် ပူပန်နေရတော့သည်။

"မောင်ဘုန်းနိုင်တစ်ယောက်လည်း ဘယ်လိုများဖြစ်လို့ မလာနိုင်ရှာတယ် မသိပါဘူးကွယ်"

ဟု တူအရီးနှစ်ယောက် အတွေးကိုယ်စီနှင့် နေကြရာက အဒေါ်ဖြစ်သူက သတိတရရနှင့် စိုးရိမ်ပူပန်၍ ပြောလိုက်သောအခါများတွင်-

"ဟုတ်တယ် ဒေါ်ဒေါ်၊ သူတစ်ယောက်လည်းပဲ ဘယ်လိုများ ဖြစ်နေရှာတယ်တော့ မသိပါဘူး"

"အေးကွယ် တို့တူအရီးနှစ်ယောက်လည်း သူ့ကိုမျှော်ရတာနဲ့ပဲ ဘယ်ကိုမှ မသွားမလာတတ်အောင် ရှိနေတော့တာပဲကွယ်"

"ကျွန်မတော့ သူပြန်လာဖို့ နီးပြီထင်တာပဲ ဒေါ်ဒေါ်"

"ဒေါ်ဒေါ်ကလည်း ဒီလိုပဲ အောက်မေ့နေတာပဲ မိန်းကလေးရယ်"

တစ်ယောက်က မင်၍ တစ်ယောက်က အောက်မေ့ကာပဲ နေကြလေသည်။ သူ့ကို မျှော်ရလွန်း၍ မောရသောအခါများ၌ မရင်မေသည်

ကိုမျိုးလွင်ကို သွား၍ သတိရလိုက်မိပြန်လေသည်။

အမှန်မှာတော့ ခိုကိုးရာမဲ့နေရှာသော နုနယ်သေးသွယ်သည့် မိန်းမသားတို့သည် အားကိုးရာမရှိ ဖြစ်သောအခါများ၌ အားကိုးမိရာကိုသာပဲ အားကိုးချင် အားကိုးတတ်ကြစမြဲ ဖြစ်လေသည်။

ကိုမျိုးလွင် အိန္ဒိယသို့ သွားသည်မှာလည်း သုံးနှစ်ပင် ကျော်ခဲ့လေပြီ။ အင်္ဂလိပ်စစ်တပ်များလည်း မြန်မာပြည်ဝယ် ယူနီယံဂျက်အလံကို လွှင့်ထူကာ အောင်မြေနင်းခဲ့ကြပါပြီ။ သူလည်းပဲ ပြန်ရောက်ဖို့ တော်လောက်ပြီ။

ခိုကိုးရာကမ်း ဘယ်မှာမှ မမြင်နိုင်သောအခါ ပထမမြင်ရသော ကမ်းကို ကူးစမြဲ ဖြစ်ကြလေသည်။ မရင်မေမှာလည်း သူတို့နှစ်ယောက်အနက် တစ်ယောက်ယောက်ကိုတော့ လာစေချင်ပါပြီ။

သည်လို မျှော်ရပြန်ရင်းနှင့်ပဲ နေ့ခင်းနေ့လယ် အဒေါ်ဖြစ်သူ အိပ်ပျော်နေတတ်သောအခါ ကိုဘုန်းနိုင် ထွက်သွားသော ညက ဝါးရုံပင်ရိပ်ဆီသို့ တစ်ယောက်တည်းသွား၍ ခြေပစ်လက်ပစ် ထိုင်နေမိလေသည်။

သည်လို တစ်ယောက်တည်းထိုင်ရင်း တောင်တွေးမြောက်တွေးနှင့် နေစဉ်...

"ဟေး... ပရောမှု"

စစ်ဝတ်စစ်စားနှင့် ကရင်စစ်သားတစ်ယောက်က နောက်မှ ခေါ်လိုက်သဖြင့်...

"ကျွန်မကို ခေါ်သလား"

"အေး... စစ်ဗိုလ်တစ်ယောက်က ခင်ဗျား တွေ့ချင်လို့တဲ့"

"ဟင်... ကျွန်မကို တွေ့ချင်လို့တဲ့လား"

မရင်မေသည် အံ့သြသွားလေသည်။

"အေး... ဟုတ်တယ်"

"ဘယ်က စစ်ဗိုလ်လဲ၊ ဟင်... ကျွန်မကို တွေ့ချင်တယ်ဆိုတာ"

"မြန်မာစစ်ဗိုလ်ပဲ၊ တို့ အင်္ဂလိပ်စစ်ဗိုလ်နဲ့ တောင်ငူက လာခဲ့တယ်၊ ခင်ဗျားကို တွေ့ချင်တယ်လို့ ပြောတယ်"

ကရင်စစ်သားသည် ပြန်၍ လှည့်ထွက်သွားလေသည်။

မရင်မေမှာ အံ့ဩကာ တွေးနေမိသည်။ ဘယ်လိုကိစ္စနှင့် ဘယ်သူ ဘယ်ဝါများဖြစ်မည်ကို တွေး၍မရနိုင်။ သွားတွေ့ရမှာကလည်း ကြောက်ရွံ့သလိုပဲ ဖြစ်နေလေသည်။

"မေ..."

အနောက်မှ ခေါ်လိုက်သူအား အလန့်တကြား လှည့်၍ကြည့်လိုက်သောအခါ မရင်မေမှာ ပါးစပ်အဟောင်းသားနှင့် ကြက်သေသေကာ နေမိလေသည်။ မရင်မေသည် သူမကိုယ်ကိုယ် ယုံရမှာ ခက်နေသည်။ ဝမ်းနည်းနေသလား၊ ဝမ်းသာနေသလား။ မရင်မေသည် သူမကိုယ်ကိုယ် မဝေခွဲလိုက်နိုင်။ ဝေဒနာတစ်ခုတော့ကာ မရင်မေ ခံစားနေရသည်။ သူ့ကို မျက်လုံးဝိုင်းကြီးများဖြင့် အငေးသား စိုက်ကြည့်နေမိသည်။

"မေ..."

သူသည် တောက်ပစွာ ပြုံးလိုက်ကာ ထပ်၍ ခေါ်ပြန်သည်။ သူ၏ စူးရှသော မျက်လုံးကြီးများသည် ကရုဏာတရားများဖြင့် ရွှန်းမြဝေဆာနေကြလေသည်။ သူသည် အမှတ်မထင်ဘဲ ရှေ့သို့ တစ်လှမ်းတိုးလာ၏။

"မေ..."

သူသည် အာသာငမ်းနေသော လေသံဖြင့် ထပ်၍ ခေါ်ပြန်သည်။

"ဟင်..."

မရင်မေသည် သူ့နာမည်ကို မခေါ်နိုင်။ သူ့နာမည် ခေါ်ရမည်ကို မရဲဝံ့ဝံ့ ဖြစ်နေသည်။ သူ့ကိုလည်း မမျှော်လင့်ဘဲနှင့် တွေ့ရသလို အောက်မေ့မိလေသည်။ အမှန်မှာ မရင်မေသည် သူ့ကို ကြောက်ရွံ့ကာ

နေမိလေသည်။

"မေ..."

သူသည် ကြောက်ရွံ့ရွံ့ဖြစ်နေသော မရင်မေကို ပြုံးလိုက်သည်။ သူသည် ဝင့်ကြွားစွာ ပြုံးနိုင်ပါပြီ။

သူသည် မေဂျာမျိုးလွင် ဖြစ်နေပြီ။ သူ့ကို စစ်သားများသည် PRESENT ARM နှင့် အလေးပြုကြရသည်။

သူသည် လက်(ဖ)တင်နင် မဟုတ်တော့၊ သူ့ပခုံးထက်ဝယ် ရွှေသရဖူသည် ကြွားဝင့်တောက်ပနေလေသည်။

မရင်မေသည် သူ့ကို အငေးသားပဲ ကြည့်နေမိလေသည်။ သူသည် ချင်းတွင်းမြစ်ဝှမ်းတွင် ဂျပန်များကို အနိုင်တိုက်ခဲ့သော စစ်ဗိုလ်ကြီးပီပီ ရဲဝံ့သော အမူအရာဖြင့် မရင်မေဘေးတွင် ရပ်လာသည်။

"မေ..."

သူသည် မရင်မေ၏ ဘယ်ဘက်လက်သူကြွယ်ကို နူးညံ့စွာ ဆုပ်ကိုင်၍ မွှေးလိုက်လေသည်။ ပြီးတော့ကာ မရင်မေကို သူသည် ချစ်ရည်လျှံနေသော မျက်လုံးကြီးများဖြင့် စိုက်ကြည့်နေမိလေသည်။

"ကိုကိုလွင်..."

မရင်မေသည် တရှုပ်ရှုပ် ငိုပစ်လိုက်သည်။ ဝမ်းနည်း၍ပဲ ငိုသ လော၊ ဝမ်းသာလွန်း၍ပဲ ငိုသလော၊ မရင်မေလည်းပဲ သေသေချာချာ မသိလိုက်ပါ။

"ဘာပြုလို့ ငိုရသေးလဲ မေ၊ ကိုကိုလွင်လည်းပဲ ပြန်ရောက်လာတော့ပြီဟာ၊ တိတ်ပါကွယ်"

သူသည် ကဗျာဆန်ဆန်ပဲ ချော့တတ်သည်။ မရင်မေ၏ နဖူးကလေးကို ယုယစွာ ပွတ်သပ်ပေးနေသည်။

"ကျွန်မတို့ ဘယ်လောက်ဒုက္ခဖြစ်ခဲ့ရတယ်၊ ဆင်းရဲခဲ့ရတယ်ဆိုတာ

တွေကို ကိုကိုလွင်တော့ သိမှာ မဟုတ်ဘူးနော်"

"ကိုကိုလွင် သိပါပြီကွယ်၊ မန္တလေးရောက်ကတည်းက မေတို့ အကြောင်းကို စုံစမ်းလာခဲ့ရတယ် မေ"

မရင်မေသည် မေဂျာမျိုးလွင် ပြောသမျှကို အငေးသားပဲ နားထောင်နေလေသည်။

"ကိုကိုလွင် တောင်ငူကိုရောက်တာ သုံးရက်ပဲရှိသေးတယ်။ ရောက်ရောက်ချင်း စုံစမ်းခဲ့ရတာ။ မနေ့ညကမှ ဟို (Force-136) ဖို့စ်ဝမ်းသရီးစစ်(ခ) ကရင်စစ်သားတစ်ယောက် ပြောပြလို့ ကနေ့မနက် ချက်ချင်း ဒီကို လာခဲ့ရတာပဲကွယ်"

"ကိုကိုလွင် သိပ်ပြီး ထားခဲ့ရက်နိုင်တာပဲ"

"ပြီးခဲ့တဲ့ စိတ်မကောင်းစရာတွေကို ပြောနေလို့ မကောင်းတော့ပါဘူး မေ"

သူ့ကိုပဲ မော်ကြည့်နေရာမှ မရင်မေသည် ခေါင်းငုံ့သွားသည်။

"ကိုကိုလွင်လည်းပဲလေ ခပ်မြန်မြန် ပြန်လာနိုင်ခဲ့မယ်မှတ်လို့ လိုက်သွားခဲ့မိတာပဲကွယ်။ မပြန်လာနိုင်တော့မှဘဲ ကိုယ့်အမှားကို သတိရပြီး မေ့အတွက် တစိမ့်စိမ့်ပဲ စိတ်မကောင်းဖြစ်နေခဲ့ရတယ်။ အမြဲပဲ သတိရပြီး အောက်မေ့နေတာပဲ မေ"

အလွမ်းကို သူသည် ကဗျာဆန်ပြလိုက်သည်။ မရင်မေကလည်းပဲ သူ့ကဗျာဆန်ဆန်အလွမ်းကို ငေးလို့။

"ရှေ့ကို ဘာမှ ပူစရာ မရှိတော့ပါဘူး မေရယ်။ ကိုကိုလွင်တို့ ပျော်ပျော်ကြီးကို နေသွားဖို့ ရှိတော့တာပဲကွယ်"

မရင်မေသည် ပြုံးမယောင်ယောင် ဖြစ်လာသည်။ မေဂျာမျိုးလွင်ကို စိတ်ဝင်စားလာသည်။ မရင်မေသည် သုံးနှစ်ကျော် မုန်တိုင်းအကြားမှ အပြုံးကို မြင်လိုက်လေသည်။

မေဂျာမျိုးလွင်၊ သူသည် မုန်တိုင်းအကြားမှ ကြာပွင့်လိုအပြုး...

"ကိုကိုလွင်ကို မကျေသေးဘူးလား မေရယ်"

သူသည် သူ့မေကို တောင်းပန်နေသည်။

မရင်မေတော့ကာ ပြုးယောင်ယောင်နှင့်သာပဲ သူ့ကို အငေးသား ကြည့်နေလေသည်။ ဆင်းရဲဒုက္ခများကို အမျိုးမျိုးခံခဲ့ရရှာသော သူ့မေကို အဘယ်ပုံ အဘယ်နည်း သူပြုစုရမည်၊ ယုယရတော့မည်ကို သူ သည် တွေးနေသည်။ သူ အင်မတန် ချစ်မြတ်နိုးခဲ့သော မေသည် သူ့အတွက် ကြောင့် သည်လိုဒုက္ခတွေကို ခံခဲ့ရလေခြင်း၊ သူသည် ယူကျုံးမရ ဖြစ်နေ မိသည်။

"ကိုကိုလွင်နဲ့ပဲ တစ်ခါတည်း အတူတူနေကြမယ် မဟုတ်လား မေ"

သူ့အသံမှာ နွဲ့လှသည်။

ကလေးသဖွယ် သူပြောသမျှကို မရင်မေသည် အငေးသားပဲ ငြိမ် သက်စွာ နားထောင်နေရှာသည်။

"နော် မေ၊ တစ်ခါတည်း အတူတူနေကြရအောင်လို့ကွယ်"

သူသည် မေကလေးကို ညုနေသည်။

မရင်မေသည် သူ့ကိုသာပဲ ငေးလို့၊ မျက်လုံးတွေမှာလည်း မျက်ရည် ဥကလေးတွေ ဝိုင်းနေကြသည်။

"အတူတူပဲ ပျော်ပျော်နေကြမယ်နော် မေ"

သူသည် မရင်မေ၏ ပခုံးနှစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက် လေသည်။ သူ့မျက်နှာကလည်းပဲ သူမမျက်နှာပေါ်ဝယ် ရစ်ဝဲနေတော့ သည်။

"တစ်ခါတည်း လိုက်ခဲ့တော့နော် မေ"

သူသည် ကြူနေသေးသည်။

မရင်မေသည် မျက်လုံးနှစ်လုံးကို မှိတ်လိုက်လေသည်။

"ဩော်... ကိုဘုန်းနိုင် ကိုဘုန်းနိုင်"

နှလုံးအသည်းကြားမှာသာပဲ သည်အသံကလေးများ ဖြစ်ပေါ်ကာ မြုပ်သွားသည်။

မေဂျာမျိုးလွင်သည် ဟိုဟိုသည်သည် လှမ်း၍ ကြည့်လိုက်သည်။ ပတ်ဝန်းကျင်သည် ရှင်းလင်းကာပဲ နေလေသည်။

သူသည် အာသာငမ်းနေသည်။ သူ့ရမ္မက်လှိုင်းများ ရင်တွင်းဝယ် မုန်တိုင်းထနေကြသည်။

"နော်... မေ၊ တစ်ခါတည်း လိုက်ခဲ့တော့မယ်နော်"

သူသည် သူ့မေ့ခါးကလေးကို ပွေ့ဖက်ကာ သူမ၏ ပါးပြင်ကလေး ပေါ်ဝယ် သောင်းကျန်းပစ်လိုက်မိလေသည်။

မျက်လုံးနှစ်လုံးကို အသာအယာဖွင့်ရင်း မရင်မေသည် ပြုံးလိုက် သည်။ ပြုံးခြင်းနှင့်အတူတူပဲ မရင်မေသည် မေဂျာမျိုးလွင်အား အဖြေ ကို ပေးလိုက်ခဲ့လေပြီ။

## ဘုန်းမောင့်တစ်ယောက်ထဲရယ်

မိုးသားတိမ်တိုက်များ ကင်းစင်နေသဖြင့် ကောင်းကင်မှာ ပြာနေ သည်။

ရွှန်းမြသော လရောင်သည် ပြာသောကောင်းကင်ဆီမှာ ထိန်လင်း စွာ သာယာနေသည်။ ချစ်စဖွယ်ကြယ်ကလေးများကလည်းပဲ ပြုံးရွှင် စွာ တောက်ပနေကြသည်။ သည်လို ညချမ်းအလှမှာ လရောင်၊ ကြယ် ရောင်များသည် မြေပြင်ဆီသို့ ချမ်းမြေ့ကြည်လင်သော အအေးဓာတ် အလှရောင်ခြည်ကို ဖြန့်ဖြူးနေရှာ့သလားပဲ ထင်နေရလေသည်။

စစ်တောင်းမြစ်သည် အေးမြသော လရောင်အောက်ဝယ် တငြိမ့်ငြိမ့် စီးဆင်းနေသည်။ အင်္ဂလိပ်တို့သည် ကြောက်ရွံ့ကာ ပြေးသွားခဲ့၏။

ဂျပန်တို့သည် ရဲဝံ့စွာ ဝင်လာကြ၏။ အင်္ဂလိပ်တို့သည် ပြန်လာခဲ့ကြပြန်၏။ ဂျပန်တို့လည်း ပြေးလွှားသွားကြပြန်၏။ လူတွေများပြားစွာ သေသွားခဲ့ကြ၏။ လူတွေ များပြားစွာ မွေးဖွားခဲ့ကြ၏။ စစ်တောင်းမြစ်တော့ကာ ဘာသိဘာသာပဲ တငြိမ့်ငြိမ့် စီးဆင်းနေလေသည်။

လူသူနှင့် အလှမ်းဝေးကွာသော စစ်တောင်းမြစ်ကမ်းပါး စိမ်းစိုသော တောအုပ်၏ အတက်ဝယ် မြစ်ဘက်သို့ မျက်နှာမူကာ ဆောက်ထားသော အိမ်ကြီးတစ်လုံးသည် ချမ်းမြေ့သော လရောင်အောက်မှာ ကြွားဝင့်နေသည်။

အိမ်ကြီးအတွင်းမှ လျှပ်စစ်မီးရောင်သည် ဝင့်ကြွားကာ ဝင်းထိန်နေသည်။ အိမ်ကြီး၏ ခြံအဝင်ဝတွင် အုပ်ဆိုင်းနေသော ကုက္ကိုပင်ကြီးသည် ချမ်းမြေ့သော ညချမ်းမှာ အထီးတည်း ငြိမ်သက်စွာ ရပ်နေသလားပဲ ထင်ရသည်။ ဝင်းတံခါးဝယ် –

"မေဂျာမျိုးလွင် B.F.S"

ကြေးဝါဆိုင်းဘုတ်ကလေး ချိတ်ဆွဲထားသည်။ မရင်မေသည် လသာဆောင်မှာ ရပ်နေသည်။ သူမသည် မရင်မေ မဟုတ်တော့၊ သစ်တောဝန်ကတော် မစ္စစ်မျိုးလွင် ဖြစ်ခဲ့လေပြီ။ ဦးမျိုးလွင်သည် အလုပ်ကိစ္စတစ်ခုအတွက်နှင့် အပြင်သို့ ထွက်သွားလေရာ ညဥ့်အတော်ကလေးနက်မှ ပြန်ရောက်မည်ဖြစ်သဖြင့် မရင်မေသည် တစ်ယောက်တည်း ပျင်းနေသည်။ သည်ဟာကြောင့် လသာဆောင်မှာ ထွက်နေမိသည်။ တငြိမ့်ငြိမ့် စီးဆင်းနေသော ရေပြင်ကို အငေးသားကြည့်နေမိသည်။

လှိုင်းခွက်ကလေးများအပေါ်ဝယ် ချမ်းမြေ့စွာ ကျရောက်နေသော လရောင်သည် သာယာသော အနုပညာလောက၏ အလှအပ အခန်းတစ်ခန်းကို မှန်းပြထားလေသည်။ ကမ်းစပ်တစ်လျှောက်ရှိ ချုံစပ်အတွင်းကလေးများမှ ညဥ့်ငှက်ယ်တို့၏ ချိုတေးသံသည် ညဥ့်ပန်းချီအလှအပ

ကို အသက်သွင်းနေကြသည်။ သည်လို အနုပညာရဲ့ အလှအပကလေး များကိုတော့ မရင်မေ အင်မတန်ပဲ ချစ်တတ်ပါသည်။ မြတ်နိုးပါသည်။ သည်လို အေးချမ်းသာယာသော ကာလများ၌ အနုပညာသည် ပိုမို၍ ချစ်စရာကောင်းနေရော့သလားပဲ ထင်ရတတ်လေသည်။ အမှန်မှာ အမှောင်မှ အလင်းသို့ ကူးပြောင်းရသော ကာလများ၌ အမှောင်ကြီးစဉ်က မြုပ်ကွယ်၍ မမြင်မတွေ့ခဲ့ရသော အလှအပများကို အလင်းရောင် ဆန်း သစ်လာသော ကာလများ၌သာ ဖြုန်းခနဲ တွေ့မိ၊ မြင်မိတတ်လေသည်။

တောက်ပနေသော ကြယ်ကလေးများနှင့် ဘော်ငွေသော်တာရောင် တို့သည် စစ်မှန်တိုင်းမှ လွတ်ကင်းငြိမ်းချမ်းသွားစ ပြုနေပြီဖြစ်သော မြေပြင်အထက်လဟာပြင် အပြာရောင်မှာ အနုကဗျာပဲ ဆန်နေကြသည်။ လသာဆောင်မှာ မရင်မေတစ်ယောက်တော့ကာ ညပန်းချီအနုကဗျာနှင့် မှိုင်းမှုန်ရီဝေနေသည်။ သူမ၏ ကိုကိုလွင်မရှိ၍လည်းမဟုတ်၊ မရင်မေ မှာ အလှအပကို ဟက်ဟက်ပက်ပက်လည်း မရှိလှချေ။ ရှိစရာလည်း မရင်မေမှာ မလိုတော့ပါ။

ဦးမျိုးလွင်... မေဂျာမျိုးလွင်... ဝန်မင်း။

သူမကို အင်မတန် ချစ်သောလင်၊ အဖိုးတန် လင်ကောင်းတစ် ယောက်ကို မရင်မေ ရထားပါပြီ။ ခံ့ညားသောအိမ်နှင့် အခိုင်းအစေများ ကိုလည်းပဲ လုံလောက်စွာပဲ ရှိနေပါပြီ။ လှပဆန်းသစ်သော အဝတ် အထည်၊ ခံ့ညားကောင်းမွန်သော အိမ်ထောင်ပရိဘောဂ၊ ရေဒီယို၊ ပီယာနို၊ ဖရစ်ဂျစ်ဒါနှင့် မော်တော်ကားလည်း ရှိပါပြီ။ သူမ အင်မတန် ထင်ပေါ် ချင်လှသော မင်းပိုင်း၊ စိုးပိုင်းနှင့် လူယဉ်ကျေးပိုင်းတွင်လည်း ခေါ်ချင် ပြောချင်၊ အသိလုပ်ချင်သူတွေ ပေါ်နေပါပြီ။ ဦးစားပေးချင်သူတွေက လည်း များလှပါသည်။

မရင်မေမှာ လိုလေသေးတော့မရှိ။

မရင်မေမှာ အိမ်ထောင်သည်ဘဝနှင့် ပြည့်စုံလုံလောက်ပါပြီ။

သူမ ကိုကိုလွင်သည် သားမယားကို ချစ်တတ်အောင် ပြုလုပ်တတ်ပါသည်။ လင်မယား ပေါင်းသင်းရာ၌ ရှိအပ်သော အတတ်ပညာနှင့် အပေးအယူသဘောကို သိတတ်ပါသည်။ ဂရုစိုက်ပါသည်။ သူသည် မရင်မေကို မကြာခဏပဲ ချီးမွမ်းရသည်။ သည်လို သားမယားကို ချီးမွမ်းရသည်မှာလည်း သူ့အဖို့ ဝတ္တရားတစ်ခုလိုပဲ ဖြစ်နေတော့သည်။

ကိုကိုလွင်ကို မရင်မေ ချစ်သည်။ သူသည် ချစ်စရာလည်းပဲ ကောင်းပါသည်။ သူမတစ်ယောက်တည်း သည်လို အလှအပကလေးများကို ကြည့်နေမိသောအခါ ဟောင်းအိုမင်းခဲ့ရာပြီဖြစ်သော အတိတ်ကာလသည် ညအမှောင်ဝယ် ခပ်ကွေးကွေးကလေး ဆန်းသစ်လာသော လရောင်ရေးရေးလိုပဲ ခပ်မှေးမှေးတော့ ထင်လာသည်။

တကယ်ဆိုရင်တော့လည်း မရင်မေဟာတော့ အတိတ်ကာလကိုလည်း တွေးမနေပါဘူး၊ လွမ်းလို့လည်း မနေချင်တော့ပါဘူး။

လသာဆောင်မှာ မရင်မေမှာ ငြိမ်သက်စွာရပ်ရင်း သဘာဝရဲ့ အလှအပကလေးများကို ကြည့်နေသည်။ အဒေါ်ဖြစ်သူကတော့ မီးဖိုချောင်ဝယ် အစေခံများနှင့် ညစာအတွက် ဖွယ်ဖွယ်ရာရာ စီမံနေသည်။

"မေ"

နောက်နားမှ ချိုသာစွာ ခေါ်လေသည်။ သူရောက်လာသည်။ မရင်မေသည် သူအနီးသို့ ရောက်ခါမှပဲ သိလေသည်။

သူမသည် လှည့်၍ ကြည့်လေသည်။ သူသည် အေးချမ်းသော အသွင်ဖြင့် ပြုံးနေလေသည်။

"ကိုကိုလွင်ကို စောင့်နေရတာနဲ့ ပျင်းနေပြီလား"

သူက ယုယစွာပဲ မေးရာသည်။

မရင်မေသည် သူယုယပုံကို မခို့တရို့ပဲ ကြည့်နေသည်။ ဘာမျှ

တော့ကာ ပြန်မပြော။

"မေ စောင့်နေရတာကြာလို့ ဆာပြီလားကွယ်"

"မဆာသေးပါဘူး ကိုကိုလွင်၊ ခေါင်းထဲက နည်းနည်းကလေး မူးနေလို့ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေတာနဲ့တူတယ်"

"ဒါဖြင့် လေကောင်းလေသန့်လည်းရအောင် ခြံထဲဆင်းပြီး လမ်းလျှောက်ကြမယ်ကွယ်၊ နော် ဟုတ်လား"

"ကောင်းသားပဲ ကိုကိုလွင်"

သူ့မေကလေးကို ကိုမျိုးလွင်က ယုယစွာဖက်ကာ လသာဆောင်မှ ထွက်လာသည်။ ဆပ်(ချ်)နက်ပြာရောင်သက္ကလတ် ဘောင်းဘီရှည်နှင့် တွီသားလက်ရှည် အင်္ကျီအဖြူကို ကိုမျိုးလွင် ဝတ်ဆင်ထားလေသည်။ မရင်မေကတော့ အပြာရင့်ရောင် ကတ္တီပါထဘီနှင့် အင်္ကျီဖြူကိုဝတ်လို့။

အိမ်အောက်သို့ သူတို့နှစ်ယောက် ဆင်းလာခဲ့ကြသည်။

"မေ့ဖို့ မြအရည်ကောင်းကောင်းတစ်လုံး မှာထားခဲ့တယ်။ ထောင့်နှစ်ရာလောက်တော့ ပေးရလိမ့်မယ်။ အဲဒါ နောက်အပတ်ဆိုရင်တော့ မေ မြင်ရပါပြီ"

ကျောက်စရစ်ဖြူဖြူ ခဲကလေးတွေ ခင်းထားသော လမ်းကလေး အတိုင်း လျှောက်လာရင်း ကိုမျိုးလွင်က မေ့အတွက် အင်မတန် ဝတ်စေချင်၍ မေကလည်းပဲ အင်မတန်နှစ်သက်သော မြအရည်ကောင်းကောင်း တစ်လုံးကို သူ မှာထားခဲ့ကြောင်း ပြောပြလေသည်။

"မြလား၊ ကိုကိုလွင် မေ့ဖို့ မှာထားခဲ့တယ်ဆိုတာ"

မရင်မေသည် 'ကျွန်မ' လို့ မပြော။ 'မေ' တဲ့ ...

"ဟုတ်တယ်"

သူတို့နှစ်ယောက် ဒေါနလမ်းကလေးအတိုင်း လရောင်အောက်မှာ လျှောက်လာကြသည်။

"အင်္ဂလိပ်တွေပြေးတုန်းက စစ်ကိုင်းမှာ တရုတ်စစ်သားတွေလက်ထဲပါသွားတဲ့ မြလက်စွပ်ကလေးတော့ နှမြောမိသေးတော့တယ် ကိုကိုလွင်"

"ဒီထက် ကောင်းတာ၊ အဖိုးတန်တာ ရမှာပေါ့ မေရယ်"

သူမ ကိုကိုလွင်ကို မရင်မေသည် မော်၍ကြည့်လေသည်။

"ဘာပြုလို့ မေ့ကို ဒါလောက်ပဲ အလိုလိုက်နေရတာလဲ ကိုကိုလွင်"

ကိုမျိုးလွင်ကတော့ ပြုံးလေသည်။

"ချစ်လို့"

ရွှေစံပယ်ရုံဘေးသို့ သူတို့နှစ်ယောက် ရောက်လာသည်။ မြရွက်ထွတ်ထွတ်ကလေးတွေအကြားမှာ ဆွတ်ဆွတ်ဖြူနေတဲ့ စံပယ်ပွင့်ကလေးများသည် ညချမ်းအလှ၏ လရောင်အောက်မှာ အို… တကယ်ကို အလှပန်းပွင့်နေကြသည်။ မရင်မေသည် စံပယ်ပွင့် အလှအပကလေးများကို ယုယစွာ ကိုင်ကြည့်နေသည်။

"နော် ကိုကိုလွင်၊ ချစ်စရာ စံပယ်ဖြူဖြူကလေးတွေရယ်…"

မရင်မေသည် ကန္တ့ကလျပဲ ပြောလိုက်သည်။

ကိုမျိုးလွင်ကတော့ ကြည်လင်ချမ်းမြေ့စွာ ပြုံးနေလေသည်။

သူ့အဖို့မှာတော့ကာ သူမျှော်လင့်ခဲ့သလို၊ အပင်ပန်းအဆင်းရဲခံခဲ့ရသလို မျှော်လင့်ခဲ့ရကျိုး၊ အပင်ပန်း အဆင်းရဲခံခဲ့ရကျိုး နပ်လှပါသည်။ သူချစ်သော သူ့မေကိုလည်း ယုယထွေးပိုက်နိုင်ခဲ့ပါပြီ။

စံပယ်ဖြူတစ်ပွင့်ကို ဆွတ်ယူကာ မရင်မေ မွှေးနေသည်။ သူကလည်း စံပယ်ဖြူတစ်ပွင့်ကို ဆွတ်ယူကာ မွှေးနေသည်။ ပတ်ဝန်းကျင် ညချမ်းသည် အလှအပဆုံးပဲ သာယာနေလေသည်။

"ဇီးကွက်… ဇီးကွက်…"

ငြိမ်သက် အုပ်ဆိုင်းနေသော အထီးတည်းကုက္ကိုပင်အထက်ဆီမှ ညဥ့်ငှက်သည် တစ်စုံတစ်ရာကို အချက်ပေးလိုက်သည့်ပမာ အော်မြည်ကာ

စစ်တောင်းမြစ်တစ်ဖက်ကမ်း တောအုပ်ဆီသို့ ထိုး၍ ပျံသွားလေသည်။

အလှအပကို ဖျက်ဆီးလိုက်တဲ့ ညှက်...

"လန့်လိုက်တာ ကိုကိုလွင်ရယ်"

မရင်မေတော့ကာ တကယ်ပဲ လန့်သွားပါသည်။

"ဒီးကွက်ပါ မေ၊ စပါးဈေးကောင်းမယ်လို့ ပြောသွားတာနဲ့ပဲ တူပါတယ်"

"ကိုကိုလွင်ကတော့ ပြောတတ်လိုက်တာ"

မရင်မေသည် နှစ်ခြိုက်စွာပဲ ပြုံးလိုက်သည်။

မရင်မေ၏ ခါးကလေးကို မေဂျာမျိုးလွင်သည် ဖက်၍ ပွေ့ထားလိုက်လေသည်။

ပတ်ဝန်းကျင် ညချမ်းသည် အင်မတန်ပဲ သာယာနေတော့သည်။

သူနှင့် မေ ရင်ချင်းအပ်၍ သွားလေသည်။

"ချစ်တယ်နော် မေ"

သူသည် အားမလိုအားမရ ဖြစ်နေသည်။

"ချစ်တာပေါ့ကွယ်"

မရင်မေကတော့ ညုသွားသည်။ သူတို့အနာဂတ်ကာလသည် ပြုံးစရာများဖြင့် ဝေဆာနေပါပြီ။

ညချမ်း၏ လေညင်းနုံ့သည် ဇော့ယမ်းကစားသွားသည်။

သူက မေ့ပါးကလေးကို မွှေးလိုက်လေသည်။

"ချစ်တယ်"

မရင်မေကတော့ ပြုံးလို့ ဖိုးလမင်းကြီးကို မော့ကြည့်နေလေသည်။

မေ့လိုပဲ ဖိုးလမင်းကြီးကလည်း ငုံ့ကြည့်နေလေသည်။

မရင်မေနှင့် ဖိုးလမင်းကြီးသာ မဟုတ်သေး။ ကြယ်ကလေးတွေကလည်းပဲ ပြုံးလို့။

မေဂျာမျိုးလွင်ကလည်း တစိမ့်စိမ့်ပြုံးလို့ပဲ နေသည်။

အို...တစ်လောကလုံးပဲ ထင်ပါရဲ့ ပြုံးနေကြပါပြီ။

ကုတ္တိုပြင်ရိပ်မှာ မထင်မရှား အမှတ်မထင်ရပ်နေသူတစ်ယောက် တော့ကာ ရှိပါသေးသည်။ သူကိုတော့ ပြုံးနေသော လောကကြီးသည် မေ့လျော့ထားခဲ့ပုံရသည်။ သူသည် အပြုံးများကို အေးသားပဲ ကြည့်နေ ရှာသည်။ သူ့ကို မေ့လျော့ချန်လှပ်ထားပစ်ခဲ့သော ပြုံးနေသည့် လောက ကြီးကိုတော့ မတုန်မလှုပ်ဘဲ ကြည့်နေပါသည်။

မရင်မေကလည်းပဲ အသာအယာပြုံးလေသည်။

ပြုံးနေသော လောကကြီးတစ်ခုလုံးမှာတော့ မင်းစိုးရာဇာ၊ သူဌေး သူကြွယ်၊ စစ်တပ်၊ ပုလိပ်၊ အာဏာဥပဒေနှင့် အကျဉ်းထောင်များဖြင့် သစ်သစ်လွင်ကာ ဝေဝေဆာနေသည်။ အလုပ်လုပ်သူများမှာတော့ ငတ် ပြတ်နေကာ မလုပ်သူများကတော့ အငြိမ့်သား စည်းစိမ်ယစ်နေကြသည်။ ပြုံးနေသော လောကကြီးမှာ သည်လူစုတွေသာ ယစ်မူးနေကြသည်။

မုန်းစရာကောင်းလိုက်တဲ့ လောကကြီးကိုက ...

သူ ထာဝစဉ် ပြုံးနိုင်မည့် လောကသစ်ကို သူရှာခဲ့သည်။ ကောင်း သောပြုံးနေသည့် လောကကြီးကလည်း သူ့ကို ဖိတ်ခေါ်ခဲ့စဉ်က သူသည် ကျောခိုင်းလိုက်သည်။ သူသည် လောကသစ်ကိုသာပဲ ရော် ရမ်း၍ ရှေးရှုခဲ့သည်။ နက်စွာသော ညအမှောင်နှင့် ပြင်းထန်သော ကန္တာရ များကို သူသည် ရဲဝံ့စွာ ဖြတ်ကျော်လာခဲ့ရသည်။ ဆာလောင်မွတ်သိပ် ခြင်းများကို သူခံစားခဲ့ရသည်။

သည်လို အသစ်သော လောကကို သူ ရှေးရှုလာခဲ့သည်။

သူသည် မတွေ့၊ အသစ်သော လောကကို မတွေ့။

သူ တွေ့ရတာကတော့ မုန်းစရာကောင်းသော လောကကြီး ပြုံး နေတာပဲ ဖြစ်လေသည်။ သူသည် အေးသားနှင့် မတုန်မလှုပ်ဘဲ ကြည့်

နေသည်။ သူသည် ယူကျုံးမရအောင်ဘဲ ဖြစ်နေမိသည်။

လောကကြီး တစ်ခုလုံးကတော့ ပြုံးလို့ သူ့ကို သရော်နေသည်။ သူ့ကို မလေးမခန့် လှောင်နေသည်။ ပြောင်နေသည်။

သည်တစ်ခေါက် ကမ္ဘာ့ 'အင်ပီးရီးရဲလစ်' နိုင်ငံကြီးများအချင်းချင်း အနိုင်လုကြသော စစ်ပွဲကြီးတစ်ခုဖြစ်လာရင်တော့ သည်လို ဆိုးဝါးလှတဲ့ "အင်ပီးရီးရဲလစ်စင်" ကို တစ်လောကလုံးမှာ လက်ဝဲဂိုဏ်းသားတွေက ခေါင်းဆောင် ပုန်ကန်ပြီး အင်မတန် သာယာငြိမ်းချမ်းသော လောကသစ်တစ်ခုကို မွေးဖွားတည်ဆောက်နိုင်ပေလိမ့်မည်ဟု သူ ယုံကြည်မျှော်လင့်ခဲ့သည်။ မြန်မာပြည်မှာလည်း အင်ပီးရီးရဲလစ်စင်ကို ဖက်ဆစ်ပုန်ကန်ပြီးသည့်နောက်မှာ အဆုံးတိုင် ပုန်ကန်ကြလိမ့်မည်ဟု သူ ယုံကြည်ခဲ့သည်။

ဂျပန်ကို လူငယ်တွေ ပုန်ကန်လိုက်ကြသည်။ အင်္ဂလိပ် ပြန်ဝင်လာသည်။ အင်္ဂလိပ် ပြန်ဝင်လာသည်နှင့် အတူတူ ငြိမ်းချမ်းစွာ ဖြစ်ပေါ်ရေးသဘောတရားသည် ပါလာသည်။

ဖက်ဆစ် ဂျပန်ကို တော်လှန်ပြီးသည့်နောက် ဒီမိုကရက်တစ် အင်ပီးရီးရဲလစ်စင်ကို ဆက်လက်ပုန်ကန်ရန် စိတ်ဓာတ်သည် အတက်ကြွဆုံးအချိန်ဖြစ်လေသည်။ ကျိုးကန်းငတ်ပြတ်နေသည့် အထဲက တော်လှန်ရေးစိတ်ဓာတ်သည် ရဲရဲတောက်နေသည်။

ငြိမ်းချမ်းသာယာစွာ ဖြစ်ပေါ်ရေးတဲ့၊ သူတို့ လက်ခံလိုက်ကြသည်။ ဘယ်လိုကြောင့်များပါလိမ့်။

မှားလိုက်တဲ့အဖြစ်...

အင်ပီးရီးရဲလစ်စင်ကတော့ နှုတ်ခမ်းမွေးပြင်နေပြီ။

လောကကြီးကလည်းပဲ ပြုံးနေပါပြီ။

သူသည် ဆုံးရှုံးသော မျှော်လင့်ခြင်းဖြင့် အသက်မသေသေးဘဲ ပြုံး

သော လောကကြီးအနီးသို့ ကပ်လာသည်။

ပင်းသီလာမှာပေါ့၊ မရင်မေရယ် သူ ထားပစ်ခဲ့ရသည်။

သည်ဟာကြောင့် သူ လာကြည့်ပါသည်။

မရင်မေရယ် ပြုံးနေသော လောကကြီးထဲမှာ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ပြုံးနေပါသည်။ သူမ၏ ချစ်လင်နှင့် ပျော်ရွှင်နေပြီဖြစ်သဖြင့် မရင်မေမှာတော့ ပြုံးနိုင်ပါပြီ။

မရင်မေအတွက်လည်း သူ ရင်အေးသွားရပါပြီ။

ဒါပေမဲ့တော့ကာ သူ သည်လို မြင်ရပြန်တော့လည်း ဝမ်းများနည်းလိုက်မိနေသလားဟု သူ့ကိုယ်ကိုယ် သူလည်း မသိလိုက်ပါ။ သည်ဟာကြောင့် ပြုံးနေသော လောကကြီးကို သူ ငေးကြည့်နေမိသည်။

ညချမ်းအလှ ရွှေစံပယ်ရုံဘေးမှာတော့ –

"ချစ်တယ်နော် ဟုတ်လား ကိုကိုလွင်"

မရင်မေသည် စိတ်ကူးယဉ်ကာ အမှတ်မဲ့ ပြောလိုက်လေသည်။

"အို… ချစ်တာပေါ့ မေရယ်"

မေဂျာမျိုးလွင်၏ အသံမှာ အေးချမ်းနေပါသည်။

မရင်မေက သူမ ကိုကိုလွင်ကို မော်ကြည့်ရင်း ပြုံးလို့…

မေဂျာမျိုးလွင်ကလည်းပဲ သူ့မေရဲ့ ခါးကလေးကို ဖက်ထားရင်းပေါ့၊ ပြုံးလို့။

လရောင်၊ ကြယ်ရောင်များနှင့် အို…တစ်လောကလုံးပါပဲ ပြုံးနေကြတော့မင့်ဟာ ကုက္ကိုပင်ရိပ်မှာတော့ကာသာ…

ဘုန်းနိုင်တော့ တစ်ယောက်တည်းပဲကွယ်…။ ။

**ဖန်းမော်တင်အောင်**

❑



ပထမပိုင်းက သူပုန်ကျောင်းသား၊
ဒုတိယပိုင်းက ဒီမိုး-ဒီလေ-ဒီလူတွေနဲ့၊
တတိယပိုင်းက အဆုံးစီရင်ပါတော့ကွယ် ...၊
အဲဒီသုံးခုထဲမှာ သူပုန်ကျောင်းသားဟာ လုံးဝတက္ကသိုလ်နောက်ခံပါပဲ၊
သူ့ဝတ္ထုကို တစ်ပိုင်းစီဖတ်လို့လည်းရတယ်၊ ခြုံဖတ်ချင်လည်း ရတယ်၊
သူပုန်ကျောင်းသားကိုတော့ ရန်ကုန်တက္ကသိုလ် ၃၆ ခုနှစ် လှုပ်ရှားမှုကို
အခြေခံပြီး ရေးပါတယ်၊ သိန်းဖေမြင့်ရဲ့ သပိတ်မှောက်ကျောင်းသားနဲ့
အရှေ့က နေဝန်းထွက်သည့်ပမာမှာ ပါတဲ့ ကာလဒေသတွေကို
ဒီမှာလည်း တွေ့ရပါတယ်၊ တိုတိုလေးနဲ့ ထိထိခိုက်ခိုက်ဖြစ်အောင်
ရေးထားလို့၊ ပြတ်ပြတ်သားသားနဲ့ ရဲရဲရင့်ရင့် ရေးထားလို့
ဖတ်တဲ့သူဟာ ဖတ်နေရင်း လက်သီးကို ဆုပ်မိမတတ်ပါပဲ၊
အဲဒီ သပိတ်လှန်တဲ့ကိစ္စနဲ့ပတ်သက်ပြီး သူဝေဖန်ပြတဲ့အချက်တွေကလည်း
ကြက်သီးထခမန်း စူးစူးရှရှ ရှိလှပါတယ်၊
ဒုတိယအခန်းနဲ့ နောက်ဆုံးအခန်းကတော့ ကိုဘုန်းနိုင်ရဲ့
အဆင်မပြေတဲ့ အချစ်ရေးကိစ္စပါ၊ စာဖတ်တဲ့သူရဲ့ ရင်ခေါင်းမှာ
အလုံးကြီးတစ်လုံး တင်လာအောင် ရေးပြလိုက်တဲ့
အရေးအသားတွေပါ၊ စာအုပ်ဆုံးတာနဲ့ ကျွန်တော်ကတော့
ဘုန်းမောင့်တစ်ယောက်ထဲရယ်ပါကွယ်.. လို့
ညည်းလိုက်မိတော့တာပါပဲ၊ ၊

အောင်ပြည့်

[ 'တက္ကသိုလ်နောက်ခံ မြန်မာဝတ္ထုများ'စာတမ်းမှ ]

# မန်းမော်တင်အောင်

## ဘုန်းမောင့်တစ်ယောက်ထဲရယ်

ISBN 9789997130990
BMT18
9 789997 130990
MMK 3,000.00